# ပထပုရလိကျမ်း

(ဠဠ္ဌဝံသမာလာ)

ဟံသာတမြို့အပိုင်၊ လက်ပန်ဇှ
ဗြဟ္မစာရီကုံး၌၊ သိတင်း
သုံးနေတော်မူသော
ဇောဓာရ
ဆရာတော်ဘုရား

# ဥက္ကံဝံသမာလာအရှင်သူမြတ်သည်၊

အသီးသီးသောပါဠိတော်
အဋ္ဌကထာတို့နှင့်
ကောင်းစွာ
ကိုးကား၍၊ ရေးသားဘောင်ပြတော်
မူလိုက်သော

# ပဆ့ပူရဏိကျမ်း။

၁၂၈၅ ခု၊ ဝါခေါင်လအတွင်း
ပုံနှိပ်ပြီးစီးပါသည်။

ပြည်မြို့၊ ပန်းထိမ်တန်းလမ်း၊
တီ-ကျီ-ဘခုးသာ၏ ဗုဒ္ဓဘာသာမြန်မာစာပုံနှိပ်တိုက်၊

1923.

# မာတိကာစဉ်။

အကြောင်းအရာ


ာသိသပုဗ္ဗကပထောမ်ကျမ်းပြုခြင်း။ .... ... ၁
ဂ ါးပါးကိုပြုခြင်း။ ... .... .... ၂
ဝဂ္ဂ-ဝိပ္ပတ္တိ-၂ ပါးကျပြုခြင်း။ .... .... ၃
ာဘဆဲ့နှစ်ပါးအကြောင်း။ .... .... ၆
အဘဗ္ဗကံလေးပါးအကြောင်း။ .... .... ၁၄
ဒိဋ္ဌခမ္မကံစသည်တို့၏အကြောင်း။ .... .... ၁၅
ဿာဒိဋ္ဌိအကြောင်း။ ... ... .... ၁၇
ဟာကတုဒိဋ္ဌိတို့၏သဘောအကြောင်း။ ... ၁၉
ဋ္ဌိဆရာကြီးခြောက်ယောက်တို့၏အကြောင်း။ ၂၃
ဋ္ဌိဘို့၏-အပ္ပသာဝဇ္ဇ-မဟာသာဝဇ္ဇ နှင့်တကွ။ကပ္ပါ
ကိုပိုင်းခြားခြင်း၏အကြောင်း။ ... .... ၂၄
ာဌာနန္တရိယကံတို့၏အကြောင်း။ .... .... ၂၄
နိယတိကဒိဋ္ဌိစသည်တို့၏အကြောင်း။ .... ... ၃၀
ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိတို့၏အကြောင်း။ .... ၃၆
ာဇ္ဈသုဿကံလေးပါးအကြောင်း။ .... .... ၅၄
ာက မရဏ၏အကြောင်း။ .... .... ၅၆
သချုပ်အထုပ္ပတ္တိအကြောင်း။ .... .... ၆၀
နှစ်ဆင့်သောရုပ်၏အကြောင်း။ .... .... ၆၅
ဗ္ဗဒါရုံ၏အကြောင်း။ .... .... ၆၉
နိုရောဓသမာပတ္တိအကြောင်း။ .... .... ၇၁
ပ ာဒါအာရမ္မဏဓိဿကအကြောင်း။ ၇၆
ပဒါ အာရမ္မဏ၏ အစွမ်းဖြင့်၊ ချာန်ပြားသော အ
ကြောင်း။ .... ... .... .... ၇၇
ဘိဘာယတနအကြောင်း။ .... .... ၉၀
ာက္ခသုံးပါး၏အကြောင်း။ .... .... ၉၃
ဘာကုဿရာစိတ်၌အထူးမှတ်ရန်အကြောင်း။ .... ၉၇

# မာတိကာစဉ်။


| အကြောင်းအရာ | | | မျက်နှာနံပါတ် |
|---|---|---|---|
| ဥပေက္ခာဆယ်ပါး၏အကြောင်း။ | .... | .... | ၁၁၃ |
| ရုဒ္ဒသပရိဒမန၏အကြောင်း။ | .... | .... | ၁၁၅ |
| ဣဒ္ဓိဆယ်ပါးအကြောင်း။ | .... | .... | ၁၁၈ |
| အရိယာပုဂ္ဂိုလ်တို့၏အကြောင်း။ | .... | .... | ၁၂၁ |
| ပဋိသမ္ဘိဒါလေးပါးအကြောင်း။ | ... | ..... | ၁၃၀ |
| ပဋိစ္စသမုပ္ပါဒ်၏အကြောင်း။ | .... | .... | ၁၄၁ |
| ပဋိသန္ဓေ-၂၄ ပါးအကြောင်း။ | .... | .... | ၁၄၄ |
| ကမ္မဘဝဥပပတ္တိဘဝအကြောင်း။ | .... | .... | ၁၄၆ |
| ဇရာစသည်တို့၏အကြောင်း။ | | .... | ၁၅၀ |
| သောကစသည်တို့၏တရားကိုယ်အကြောင်း။ | | .... | ၁၅၄ |
| အဝိဇ္ဇာစသည်တို့၏လက္ခဏာအကြောင်း။ | | .... | ၁၅၆ |


မာတိကာစဉ်ပြီး၏။

ဟင်္သာတမြို့

မြစ်ကျွန်းကျောင်းတိုက်

ဆရာတော်

**ဦးပညာဝံသ**

ကောင်းမှု။

*10-11-1937.*

# ပဌမပုရ်ဏိကျမ်း။

နမောတဿဘဂဝတောအရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ( ၁ ) အာသိသပုဇ္ဇကပဏာမကိုပြုခြင်း။

ရာ စေ ဟ သိ ဗျ အ ဝါ တေ။ ဘျမ္ဗိမေ ပထတဥ္စမေ။
ပူရေမိ မောင်ပျားတိဘွံ နေ၁။ ဥပါသကဿ သိနေ၁။ ။
ပဏာမဂါထာ။

အဟကံ။ ငါသည်။ ဝါ။ ငါတလုံးယုတ်။ ငါသမှုတ်သော ငါသည်။ ဝါ။ ငါနှလုံးဟူ။ ငါဟူမှုသော ငါသည်။ ဝါ။ ပညာတတ်နှင့်ငါ။ တစ်ငါပရမတ်။ ငါဟုမှတ်သော ငါသည်။ ဝါ။ ငါငါဟူမြဲ ငါတပဲသော ငါသည်။ ဌသိနေ၁။ ပညာရင်းနှီး။ ရှည်မှိုးလေ့ ရှိသော။ မောင်ပျားတိ ဥပါသကဿ။ မောင်ပျားမည်သော ဒါယကာ၏။ ဝါ။ ဒါယကာသည်။ ယံပထံ။ ခဲစစ် ခဲရပ်။ ပရမတ်ကို။ မှတ်သိလိုကြောင်း။ တောင်းအပ်သော အကြင်ဆုသည်။ အတ္ထိ။ ရှိ၏။ တံ။ ထိုဆုကို။ ပူရေမိ။ သဘောယာနုးညှိပြည့်စေအံ့။ ရာစေဟသိဗျအဝါတေ။ မင်း။ ခိုးသူ။ ဆင်။ ခြင်္သေ့။ ကျား။ မြွေ။ ရေ။ မီး-ဟုဆိုအပ်ကျန်သော။ ဆူမောဘျ။ ဥပဒ္ဒဝ။ ကျန်သော ဘေးတို့ကို။ မေ။ ငါ့။

ဘွဲ့၊ ဘုန်းတော်အသျှင်၊ ရှင်ဘုရားသည်၊ နေ၊ တားမြစ်တော်မူသော၊ ။ ဤကား ယောဇနာ။ ။ တောသုံးတောင်သျှင်၊ နတ်မင်းရှင်ဟူသကဲ့သို့ အစိုးရခြင်း အနက်ကို ဟောသော အသျှင် ဟူသောပုဒ်ကို၊ သယ ပင့်-ဟာ ခွဲနှင့်ရေး။

## ( ၂ ) သမင်္ဂီငါးပါးကိုပြခြင်း။

ပဉ္စဝိဓါ သမင်္ဂီတာ၊ အာယူဟန သမင်္ဂီတာ၊ စေတနာသမင်္ဂီတာ၊ ကမ္မသမင်္ဂီတာ၊ ဝိပါကသမင်္ဂီတာ၊ ဥပဋ္ဌာနသမင်္ဂီတာတိ။ ။ဤကား ဝိဘင်းအဋ္ဌကထာပါဠိ။ သမင်္ဂီတာ ငါးပါးကိုပြသည်။ ။သမင်္ဂီတာ၊ သမင်္ဂီ တို့သည်၊ အာယူဟန သမင်္ဂီတာ၊ ကုသိုလ် အကုသိုလ်ကံ တို့ကို အားထုတ်ခြင်းနှင့် ပြည့်စုံသောသူ၏ အဖြစ်ဟု ဆိုအပ်သော သန္နိဋ္ဌာပကစေတနာ၏ ရှေးအဘို့ဖြစ်သော ပုဗ္ဗဘာဂ စေတနာတည်းဟူသော အာယူဟန သမင်္ဂီတာရင်း၊ စေတနာသမင်္ဂီတာ၊ ထိုကံကို အားထုတ်သော အခါ၊ စေတနာနှင့်ပြည့်စုံသောသူ၏အဖြစ်ဟု ဆိုအပ်သော၊ သန္နိဋ္ဌာပကစေတနာတည်းဟူသော၊ စေတနာသမင်္ဂီတာရင်း၊ ကမ္မသမင်္ဂီတာ၊ အရဟတ္တမဂ်ကို တိုင်အောင် အကျိုးပေးခြင်းငှါ ထိုက်သော၊ ရှေး၌ ဆည်းပူး အပ်သော ကံနှင့်ပြည့်စုံသောသူ၏ အဖြစ်ဟု ဆိုအပ်သော ကံတည်း ဟူသော ကမ္မသမင်္ဂီတာရင်း၊ ဝိပါကသမင်္ဂီတာ၊ ကံ၏အကျိုးနှင့်ပြည့်စုံသောသူ၏အဖြစ်ဟု ဆိုအပ်သော အကျိုးဝိပါက်တည်းဟူသော၊ ဝိပါကသမင်္ဂီတာရင်း၊ ဥပဋ္ဌာနသမင်္ဂီတာ၊ ငရဲမီး လျှံ၊ ဘုံဗိမာန်အဆင်းဝမ်းရေစသည့် ထင်ခြင်းနှင့်ပြည့်စုံသောသူ၏ အဖြစ်ဟုဆိုအပ်သော ပုဗ္ဗနိမိတ်တည်းဟူသော ဥပဋ္ဌာနသမင်္ဂီတာရင်း၊ ဣတိ၊ ဤသို့၊ ပဉ္စဝိဓါ၊ ငါးပါး ပြားကုန်၏။ ။ဤကားယောဇနာ။ ။ ဤသမင်္ဂီတာ ငါးပါး တို့တွင်၊ ဥပဋ္ဌာနသမင်္ဂီတာ၌၊ ငရဲ၌ ဖြစ်ထိုက်ကုန်သော သတ္တဝါတို့အား၊ ငရဲမီး လျှံစသည် ထင်သော်၊ ဘုံဗိမာန် စသော နတ်ဥပဋ္ဌာန သမင်္ဂီတာလည်း ထင်၏၊ နတ်

ပြည့်၌ ဖြစ်ဆိုက်ကုန်သော သတ္တဝါတို့အား၊ ဘုံဗိမာန်ပဒေသာ ပင် စသည့် ထင်သော်။ ငရဲဥပဋ္ဌာန သမင်္ဂီတာလည်း ထင်၏။ လူ့ဘုံ၌ ဖြစ်ဆိုက်ကုန်သော သတ္တဝါတို့အား။ အမိဝမ်းရေ ထင်သော်။ တိရစ္ဆာန်တို့၏ တော-တောင် စသော ဥပဋ္ဌာန သမင်္ဂီတာသည်းထင်၏၊ တိရစ္ဆာန်ဘုံ၌ ဖြစ်ဆိုက် ကုန်သော သတ္တဝါတို့အား၊တိရစ္ဆာန်တို့၏ ဥပဋ္ဌာန သမင်္ဂီတာ ထင်သော်။ လူတို့၏ ဥပဋ္ဌာန သမင်္ဂီတာလည်းထင်၏၊ ဤသို့သမင်္ဂီတာ အရုံထင်ရာ၌၊ ရှေးသမင်္ဂီတာကားမမြဲ၊နောက်သမင်္ဂီတာသာမြဲ၏ သောဏ ဂိရိ မည်သော တောင်ခြေရင်း၌ ဘိတင်း သုံးနေသော သောဏ ထေရ်၏ အဘဖြစ်သော ခွေးမုဆိုးသည်၊ သားထင်၌ ရဟန်းပြု၍ သေခံအံ့သော အခါ၊ များစွာ ကုန်သော ခွေးတို့သည် ကိုက်ခဲသာကုန်သကဲ့သို့၊ ရှေးဦးစွာ ငရဲသမင်္ဂီတာသည် ထင်၏၊ ထိုအကြောင်းကို သားသောဏ ထေရ်သိ၍ အဘကို စေတီယင်ပြင်သို့ဆောင်ယူပြီးလျှင်၊ စေတီတော်ကို ပန်းတို့ဖြင့် ပူဇော်၍ အဘကိုကြည်ညိုစေ၏၊ ထိုအခါ ငရဲသမင်္ဂီတာ ပျောက်၍၊ နန္ဒဝန်ဥယျာဉ် စသော နတ်သမင်္ဂီတာ ထင်လာ၍ ရတေသော အခါနတ်ပြည်သို့ရောက်လေ၏၊ ဤဝတ္ထုကိုထောက်ရှု၍သမင်္ဂီတာ အရုံထင်ကြောင်း၊ နောက်သမင်္ဂီတာ သာမြဲကြောင်းများကိုသိသေ။ ။ဤဥပဋ္ဌာနသမင်္ဂီတာကား၊ကံ-ကမ္မနိမိတ်-ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင်၊ ဂတိနိမိတ်ပင်။ ကံ-ကမ္မနိမိတ်တို့ကား၊မွေ့ရှားပြောင်းလဲခြင်းမရှိဟုမှတ်။ ။ဤကားသမင်္ဂီတာ ငါးပါးသရုပ် အတ္ထုပ္ပါတ်မှတ်ဘွယ်။

## ( ၃ ) သမ္ပတ္တိ-ဝိပ္ပတ္တိ-၂ ပါးတို့ကိုပြဆိုခြင်း။

ဂတိသမ္ပတ္တိ သုသမ္ပန္နဂတိဒေဝလောကောစ၊ မနုဿ လောကောစ၊ဂတိဝိပ္ပတ္တိ ဝိပ္ပန္နဂတိ၊ စတ္တာရော အပါယာ၊ ဥပဓိသမ္ပတ္တိ၊ အတ္တဘာဝသမ္ပတ္တိ၊ ဥပဓိဝိပ္ပတ္တိ၊ ဟီနအတ္တဘာဝေါ၊ကာလသမ္ပတ္တိ၊ သုရာဇ-သုမနုဿကာလသင်္ခါတော-

သမ္ပန္နကာလသော။ကာလဝိပ္ပတ္တိတိ။ဒုရာဇ-ဒုမနုဿကာလသဉ်ါ
တော။ဝိပ္ပန္နကာလော။ ပယောဂသမ္ပတ္တိတိ။ သမ္မာပယောဂေါ။
ပယောဂ ဝိပ္ပတ္တိတိ။မိစ္ဆာပယောဂေါ။ ။ဤကား ယခင်အနွ
ကာသာပါဌ်။ကံတို့၏အကျိုးပေးရာ-မပေးရာသမ္ပတ္တိ-ဝိပ္ပတ္တိလေး
ပါး-ရှစ်ပါးကိုပြသည်။ ။ဂတိသမ္ပတ္တိတိ။ဂတိသမ္ပတ္တိ ဟူသည်
ကား။ဒေဝသောဒကာစ။နတ်ပြည်သည်ရင်း။မနုဿလောကော
စ။လူပြည်သည်ရင်း။ သမ္ပန္နဂတိ။ ပြည့်စုံသောဂတိ မည်၏။ဝါ။
ဂတိသမ္ပတ္တိ မည်၏။ဂတိဝိပ္ပတ္တိတိ။ ဟူသည်ကား။ စတ္တာရော။
လေးပါးကုန်သော။ အပါယာ။ အပါယ်တို့သည်။ ဝိပ္ပန္နဂတိ။
ဖောက်ပြန်သော ဂတိ မည်၏။ ဝါ။ ဂတိဝိပ္ပတ္တိ မည်၏။ ဥပဓိ
သမ္ပတ္တိတိ။ ဟူသည်ကား။ အတ္တဘာဝသမ္ပတ္တိ။ ကောင်းမြတ်
သော အသင်း သဏ္ဌာန် ကြန်သက္ခဏာနှင့် ပြည့်စုံခြင်း တည်း။
ဥပဓိဝိပ္ပတ္တိတိ။ဟူသည်ကား။ဟီနအတ္တဘာဝေါ။ ယုတ်ညံ့သော
အတ္တဘောတည်း။ကာလသမ္ပတ္တိတိ။ဟူသည်ကား။သုရာဇ-သု
မနုဿ-ကာလသဉ်ါတော။မင်းကောင်း လူကောင်း တို့၏သက်
ထက်ဟု ဆိုအပ်သော။ သမ္ပန္နကာလော။ ပြည့်စုံသော ကာလ
တည်း။ကာလဝိပ္ပတ္တိတိ။ ဟူသည်ကား။ဒုရာဇ-ဒုမနုဿ-ကာလ
သဉ်ါတော။မင်းဆိုး-လူဆိုးတို့၏ လက်ထက်ဟု ဆိုအပ်သော။
ဝိပန္နကာလော။ ဖောက်ပြန်သော ကာလ တည်း။ ပယောဂ
သမ္ပတ္တိတိ။ဟူသည်ကား။သမ္မာပယောဂေါ။ ကုသိုလ်တရားကို
ကောင်းစွာအားထုတ်ခြင်းတည်း။ပယောဂဝိပ္ပတ္တိတိ။ ဟူသည်
ကား။မိစ္ဆာပယောဂေါ။ဒုစရိုက်ကိုအားထုတ်ခြင်းတည်း။ ။
ဤကားယောဇနာ။ ။ဤရှစ်ပါးတို့တွင်။ ပုညဝန္တ ဒိဗ္ဗ-ဘူတဝါ
ဟနမင်း။ မာရ်နတ်မင်းတို့ ဝတ္ထုကိုထုတ်ဆောင်၍ ဂတိသမ္ပတ္တိ
ကိုသိ။သာမာဝတီ။ ဝါသဘခတ္တိယ မိဖုရားတို့ ဝတ္ထုကို ထုတ်
ဆောင်၍။ဥပဓိသမ္ပတ္တိကိုသိ။ကာလဝိပ္ပတ္တိအခါ။ သစ်မြစ်စီသီး၏
အညွန့်မျှကို သုံးဆောင်ရသည် ဖြစ်လျက်။ ကာလသမ္ပတ္တိ အခါ
ငါးရာ ကုန်သော ဆွမ်းသင်္ကန်း တို့ကို။ တနေ့ခြင်းဖြင့် ခံယူသုံး

ဆောင်ရသော မဟာသောဏ ထေရ်ဝတ္ထုကို ထုတ်ဆောင်၍၊ ကာလသမ္ပတ္တိကိုသိ၊ မာလိကာဒေဝီ၊ ကောသလဝတီတို့ ဝတ္ထုကို ထုတ်ဆောင်၍ပယောဂသမ္ပတ္တိကိုသိ၊ ငရဲသူတို့ကိုထုတ်ဆောင် ၍ ဂတိဝိပတ္တိကို သိ၊ ဒိပ္ပရာဇ်မင်း၏သား နာဂ ဒိပရာဇ်မင်း ဝတ္ထုကို ထုတ်ဆောင်၍ ဥပဓိဝိပတ္တိကိုသိ။ တော်မှတ်သောအား ကြောင့်၊ တောင်ချောက်ကြားတခု၌ ပရိနိဗ္ဗာန် ပြုရ ကုန်သော နှစ်သိန်း လေးသောင် ရဟန္တာမြတ်တို့ ဝတ္ထုကို ထုတ်ဆောင်၍ ကာလ ဝိပတ္တိကို သိ၊ မာဂဏ္ဍိမိဖုရား သုဝဏ္ဏသိမ်း ရေဝတီတို့ ဝတ္ထုကို ထုတ်ဆောင်၍ ပယောဂဝိပတ္တိကိုသိလေ။ ။ကောဏ္ဍ ကုသလသော ဝတြကာသောတိဣဒံ၊ ယဒိဒံကောစိကာယသုစရိ တာဒိပယောဂ သမ္ပတ္တိသံ ဌိတံ ဗာခေယျ၊ တံပနဗာခနံ ဗာဓ က သော ၁။ဣ သသာဒိ နိဒ္ဒေသနံ ဝိပရိတဂါဟောနဇာတံ၊သာပယော ဂသမ္ပတ္တိ သဘာဝတော။ သုခဒိပါကသောဝပစ္စယော။နဒုက္ခ ဝိ ပါကဿတ်ိ ဣမမတ္ထံ သန္ဓာယဝုတ္တံ၊ ။ဤကားမူလဋီကာပါဌ်။ ။ အကြင်သူဘယောက်သည်။ ပယောဂသမ္ပတ္တိ၌ တည်ပါလျက်၊ တယောက်သူ၏ နှိပ်စက် ညှဉ်းပန်းကို ခံရခြင်းသည်၊ နှိပ်စက် ညှဉ်းပန်းခြင်းသောသူ၏ ဣသာစသော အကြောင်းရှိသော ဝိပရိ တဂါဟကြောင့်ဖြစ်၏၊ ပယောဂသမ္ပတ္တိကား၊ စင်စစ်အားဖြင့် သုခဝိပါက်၏ အကြောင်းသာဖြစ်၏၊ ဒုက္ခဝိပါက်၏ အကြောင်း မဟုတ်။ဤအနက်ကိုရည်၍၊ကောဏ္ဍကုသလသော ဝတြကာသော ဟူသောစကားကို အဋ္ဌကထာ၌ မိန့်အပ်၏ဟုပြသည်၊ ။ဤ နည်းကိုမှီ၍ သုဒ္ဓဇနဋ္ဌ-တမ္ပဒါမိက-ဒါ ရု ဝိ ပဏ္ဍု သာဝတိ မင်းတို့ သည်၊ ပယောဂ သမ္ပတ္တိ၌ တည်ပါလျက် နှင်းဖွေ့ခတ်၍ သေရ ခြင်းများကိုထုတ်၍သိလေ။ ။ငိုကာသျှင်ကား၊ ဤဝိပရိတ ဂါဟ ရှိသောပစ္စာ မိတ္တကို၊ကာလဝိပ္ပတ္တိသို့သွင်းလိုရင်ရှိ၏၊ ။ ကောစိ၊ တပုံတယောက်သော သူသည်၊ ကာယသုစရိတာဒိပ ယောဂသမ္ပတ္တိသံ၊ ကာယသုစရိက် စသည်တို့၌ အားထုတ်ခြင်း ပယောဂသမ္ပတ္တိ၌၊ ဌိတံ။ တည်သောသူတယောက်ကို၊ ယဒိဒံ

ဗာဓေယျ။ အကယ်၍ နှိပ်စက်ညှဉ်းပန်း၏ရှင့်။ ပန။ ထိုသို့နှိပ်စက်ညှဉ်းပန်းသော်လည်း။ တံဗာဓနံ။ ထိုနှိပ်စက်ညှဉ်းပန်းခြင်းသည်။ ဗာဓကဿ။ နှိပ်စက်ညှဉ်းပန်းသော သူ၏သာလျှင်။ ဋသာဒိနိမိတ္တေန။ ညှိုးရှုခြင်းစသည်အကြောင်းရှိသော၊ ဝိပရိတဂါဟေန။ ဖောက်ပြန်သော အယူဝါဒကြောင့်။ ဇာတံ။ ဖြစ်၏။ သံပယောဂသမ္ပယုတ္တံ။ ထိုပယောဂ သမ္ပယုတ်သည်၊ သဘာဝတော။ သဘောအားဖြင့်။ သုခဝိပါကဿ။ သုခဝိပါက်၏သာလျှင်။ ပစ္စယော။ အကြောင်းဘည်း။ ဒုက္ခဝိပါကဿ။ ဒုက္ခဝိပါက်၏။ ပစ္စယော။ အကြောင်းသည်။ န။ မဟုတ်၊ ဣတိဣမံ အတ္ထံ။ ဤအနက်ကို။ သန္ဓာယ။ ရည်၍၊ (ဧကန္တကုသလဿဝိပါကာသော့တိဣမံ၊ ဧကန္တကုသလဿဝိပါကာသော) ဟူသော ဤစကားကို ဝုတ္တံ။ အမှကထာဝတ္ထုမိန့်အပ်၏။ ။ဤကားယောဇနာ။ ။ထိုရှစ်ပါးဖြင့် ကံနှစ်ပါးကို ခြားကြ်၍၊ ကံတဆဲ့ခြောက်ပါး ဖြစ်ဟန်ကိုလည်းသိ။ ။ဤကား—သဒ္ဓမ္မဝိပ္ပတ္တိ လေးပါး ရှစ်ပါး သရုပ် အဋ္ဌုပ္ပါတ်မှတ်ဘွယ်။

## ( ၄ ) ကံ-၁၂ ပါးကိုပြဆိုခြင်း။

အဟောသိကမ္မံအဟောသိကမ္မဝိပါကော၊ အဟောသိကမ္မံနာဟောသိကမ္မဝိပါကော။ အဟောသိကမ္မံအတ္ထိကမ္မဝိပါကော။ အဟောသိကမ္မံနတ္ထိကမ္မဝိပါကော။ အဟောသိကမ္မံဘဝိဿတိကမ္မဝိပါကော၊ အဟောသိကမ္မံ နဘဝိဿတိ ကမ္မဝိပါကော။ အတ္ထိကမ္မံ အတ္ထိကမ္မဝိပါကော။ အတ္ထိကမ္မံနတ္ထိကမ္မ ဝိပါကော။ အတ္ထိကမ္မံ ဘဝိဿတိ ကမ္မဝိပါကော။ အတ္ထိကမ္မံ နဘဝိဿတိကမ္မဝိပါကော၊ ဘဝိဿတိကမ္မံဘဝိဿတိကမ္မဝိပါကော။ ဘဝိဿတိကမ္မံနဘဝိဿတိ ကမ္မဝိပါကော။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။ ကံတဆဲ့နှစ်ပါးကို ပြတော်မူသည်။ ။အဟောသိကမ္မံ အဟောသိကမ္မဝိပါကော။ ကံသည်းဖြစ် အကျိုးလည်းဖြစ်သောကံ၊ အဟောသိကမ္မံ နာဟောသိ ကမ္မဝိပါကော။ ကံသာ

ဖြစ်၍ အကျိုးမဖြစ်သောကံ၊ အဟောသိကမ္မံ အတီတကမ္မဝိပါ
ကော၊ကံလည်းဖြစ် အကျိုးလည်း ရှိသောကံ၊ အဟောသိကမ္မံ
နတ္ထိကမ္မဝိပါကော၊ကံသာဖြစ်၍ အကျိုးမရှိသောကံ၊ အဟော
သိကမ္မံဘဝိဿတိကမ္မဝိပါကော။ ကံလည်းဖြစ် အကျိုးလည်း
ဖြစ်လတ္တံ့သောကံ၊အဟောသိကမ္မံနဘဝိဿတိကမ္မဝိပါကော။
ကံသာဖြစ်၍၊အကျိုး မဖြစ်လတ္တံ့သောကံ၊ အတီတကမ္မံအတ္ထိကမ္မ
ဝိပါကော၊ကံလည်းရှိ အကျိုးလည်း ရှိသောကံ။ အတီတကမ္မံနတ္ထိ
ကမ္မဝိပါကော၊ ကံသာရှိ၍ အကျိုးမရှိသောကံ၊ အတီတကမ္မံ ဘ
ဝိဿတိကမ္မဝိပါကော၊ကံလည်းရှိ၊အကျိုးလည်းဖြစ်လတ္တံ့သော
ကံ၊ အတီတကမ္မံနဘဝိဿတိ ကမ္မဝိပါကော၊ ကံသာရှိ၍ အကျိုး
မဖြစ်လတ္တံ့သောကံ၊ဘဝိဿတိကမ္မံဘဝိဿတိကမ္မဝိပါကော။
ကံလည်းဖြစ်လတ္တံ့အကျိုးလည်း ဖြစ်လတ္တံ့သောကံ၊ ဘဝိဿတိ
ကမ္မံနဘဝိဿတိကမ္မဝိပါကော၊ကံသာဖြစ်လတ္တံ့ဖြစ်၍ အကျိုး
မဖြစ်လတ္တံ့သောကံ။ ။ဤကားယောဇနာ။ ။ထို-၁၂ပါးတို့
တွင်၊ အဟောသိသဒ္ဒါဖြင့် ပြအပ်သော ကံ ခြောက်ပါးသည်။
အတိတ်ကံ။အတ္ထိသဒ္ဒါဖြင့် ပြအပ်သောကံလေးပါးသည်။ပစ္စုပ္ပန်
ကံ၊ ဘဝိဿတိသဒ္ဒါဖြင့် ပြအပ်သော နောက်ကံနှစ်ပါးသည်။
အနာဂတ်ကံ။ ။အတိတ်ကံခြောက်ပါးတို့၌၊အတိတ်အကျိုး
ရှိ-မရှိအားဖြင့်နှစ်ပါး၊ပစ္စုပ္ပန်အကျိုးရှိ-မရှိအားဖြင့်နှစ်ပါး၊အနာ
ဂတ်အကျိုးရှိ-မရှိအားဖြင့်နှစ်ပါး။ ဤသို့ကာလသုံးပါး အစွမ်း
ဖြင့်ပိုင်းခြား၍မှတ်။ ။ပစ္စုပ္ပန်ကံလေးပါးတို့၌လည်း၊ ပစ္စုပ္ပန်
အကျိုးရှိ-မရှိ အားဖြင့်နှစ်ပါး၊ အနာဂတ် အကျိုးရှိ-မရှိအားဖြင့်
နှစ်ပါး၊ဤသို့ကာလနှစ်ပါးအစွမ်းဖြင့် ပိုင်းခြား၍မှတ်။ ။အနာ
ဂတ်ကံနှစ်ပါး၌ အနာဂတ်ကာလ အစွမ်းဖြင့်သာ။ အနာဂတ်
အကျိုးရှိ–မရှိအားဖြင့် နှစ်ပါး ပြားသည်ကို မှတ်အပ်၏။ ။
အတိတ်ကံခြောက်ပါးတို့တွင်၊ အတိတ်ဘဝ၌ ပေးပြီးသော
အကျိုးရှိသော၊ဒိဋ္ဌဓမ္မဝေဒနီယ၊ဥပပဇ္ဇဝေဒနီယ၊ အပရာပရိယ
ဝေဒနီယ၊အတိတ်ကံသုံးပါးသည်၊ အဟောသိကမ္မံ အဟောသိ

ကမ္မဝိပါကကံ မည်၏။ ထိုကြောင့်ပဋိသန္ဓိဒါမဂ် အဋ္ဌကထာ စ
သည်တို့၌။ ။အတီတဘဝေသုကတဿကမ္မဿ အတီတ ဘ
ဝေ သုယောဝ။ဝိပက္ကဝိပါကံ ဂဟေတွာအဟောသိကမ္မံ အဟော
သိကမ္မဝိပါကောဘိဂတ္တံ။ ။ဟူ၍ဘွင့်အင်၏။ ။အတီတ
ဘဝေသု။အတိတ်ဘဝတို့၌။ကတဿ။ပြုအပ်ပြီးသော၊ကမ္မဿ။
ဒိဋ္ဌဓမ္မဝေဒနီယ စသောကံ၏။အတီတဘဝေသုယေဝ။ အတိတ်
ဘဝ တို့၌သာလျှင်။ ဝိပက္ကဝိပါကံ။ ပေးပြန်သော အကျိုးကို။
ဂဟေတွာ။ယူ၍။ အဟောသိကမ္မံ အဟောသိ ကမ္မဝိပါကော
တိ၊အဟောသိကမ္မံ အဟောသိကမ္မဝိပါကကံဟူ၍။ဝုတ္တံ။ဟော
တော်မူအပ်၏။ ။ဤကားယောဇနာ။ ။အတိတ်ဘဝတို့၌။
အကြောင်းချို့သဖြင့်။အကျိုးကိုမပေးနိုင်သော၊ဒိဋ္ဌဓမ္မဝေဒနီယ။
ဥပပဇ္ဇဝေဒနီယကံနှစ်ပါးသည်ရင်း။အတိတ်ဘဝ၌ပင် ပရိနိဗ္ဗာန်
ပြုသောပုဂ္ဂိုလ်၏အကျိုးမပေးသော။ဒိဋ္ဌဓမ္မဝေဒနီယ စသောကံ
သုံးပါးသည်ရင်း။အဟောသိကမ္မံနာဟောသိကမ္မဝိပါကကံ မည်
၏၊ထို့ကြောင့် ယခင်အဋ္ဌကထာ စသည်တို့၌။ ။တဿေဝ
အတီဘ သကမ္မဿ။ဒိဋ္ဌဓမ္မဝေဒနီယ သ။ဥပပဇ္ဇဝေဒနီယဿ
စ။ပစ္စယဝေကလ္လေန အတီတဘဝေသုယေဝ။အဝိပက္ကဝိပါက ဥ။
အတီတေယေဝ ပရိနိဗ္ဗုတဿစ။ ဒိဋ္ဌဓမ္မဝေဒနီယ။ဥပပဇ္ဇဝေဒ
နီယ။ အပရာပရိယ ဝေဒနီယဿ ကမ္မဿ။ အဝိပက္ကဝိပါကဥ။
ဂဟေတွာအဟောသိ ကမ္မံနာဟောသိ ကမ္မဝိပါကောတိဝုတ္တံ၊
ဟူ၍ဘွင့်အင်၏။ ။အတီတဿ။ အတိတ်ဖြစ်သော၊ ဒိဋ္ဌဓမ္မဝေ
ဒနီယဿ၊ဒိဋ္ဌဓမ္မဝေဒနီယဖြစ်သော၊ တဿေဝကမ္မဿစ။ထို
ကံ၏ရင်း။ ဥပပဇ္ဇဝေဒနီယဿ။ ဥပပဇ္ဇဝေဒနီယ ဖြစ်သော။ တ
ဿေဝကမ္မဿစ။ ထိုကံ၏ရင်း။ ပစ္စယဝေကလ္လေန။ အကြောင်း
ချို့သဖြင့်။အတီတဘဝေသုယေဝ။ အတိတ်ဘဝတို့၌သာလျှင်။
အဝိပါကဝိပါကဥ။မဖြစ်စေအပ်သောအကျိုးကိုရင်း။ အတီတေ
ယေဝ။ အတိတ်၌သာလျှင်။ ပရိနိဗ္ဗုတဿစ၊ ပရိနိဗ္ဗာန်ပြုသော
ပုဂ္ဂိုလ်၏ရင်း။ ဒိဋ္ဌဓမ္မဝေဒနီယ ဥပပဇ္ဇ ဝေဒနီယ အပရာပရိယ

ဝေဒနိယာသည်။ဒိဋ္ဌဓမ္မဝေဒနိယ။ဥပပဇ္ဇဝေဒနိယ။ အပရာပရိယ
ဝေဒနိယဖြစ်သော။ ကမ္မသာစ။ ကံ၏ရင်း။ အဝိပက္ကဝိပါကဿ။
မဖြစ်စေအပ်သော်အကျိုးကိုရင်း။ဂဟောတွာ။ယူ၍။ အဟောသိ
ကမ္မံ နာဟောသိ ကမ္မဝိပါကောတိ။ အဟောသိကမ္မံ နာဟော
သိကမ္မဝိပါက ကံဟူ၍။ဂဟွာ။ဟောအပ်၏။ ။ဉာဏကားယောဇ
နာ။ ။အတိတ်ဘဝ၌အကျိုးမပေးမူ၍ ပစ္စုပ္ပန်ဘဝ၌အကြောင်း
ပြည့်စုံသဖြင့် အကျိုးပေးသော။ ဥပပဇ္ဇဝေဒနိယံ အပရာပရိယ
ဝေဒနိယ ကံနှစ်ပါးသည်။အဟောသိကမ္မ အဖြိုကမ္မဝိပါက ကံ
မည်၏။ ထိုကြောင့် ယခင်အဋ္ဌကထာ စသည်တို့၌။ ။အတိ
တသောဝကမ္မသာ၊အဝိပက္ကဝိပါကဿ။ ပစ္စုပ္ပန္နဘဝေ။ ပဋ္ဌယ
သမ္ဘတ္တိယာဝိပစ္စမာနံ ဝိပါကံဂဟောတွာ။ အဟောသိကမ္မံ အဖြိ
ကမ္မဝိပါကောတိဂဟွာ။ ။ဟူ၍ဘွင့်အပ်၏၊ ။အတိတသော
ဝ။ အတိတ်သာလျှင် ဖြစ်သော။ အဝိပက္ကဝိပါကဿ။ အကျိုး
မပေးသေးသော။ကမ္မဿ။ ဥပပဇ္ဇဝေဒနိယအပရာပရိယဝေဒ
နိယ ကံနှစ်ပါး၏။ ပစ္စုပ္ပန္နဘဝေ။ ပစ္စုပ္ပန်ဘဝ၌။ ပစ္စယ သမ္ဘတ္တိ
ယာ။အကြောင်းပြည့်စုံသဖြင့်။ဝိပစ္စမာနံ။ဖြစ်စေအပ်သော။ ဝိပါ
ကံ။အကျိုးကို။ဂဟောတွာ၊ယူ၍။အဟောသိကမ္မံ အဖြိုကမ္မဝိပါ
ကောတိ။အဟောသိကမ္မအဖြို ကမ္မဝိပါက ကံဟူ၍။ဂဟွာ။ဟော
တော်မူအပ်၏။ ။ဉာဏကားယောဇနာ။ ။အတိတ်ဖြစ်သော
ကာလကိုလွန်သော အကျိုးမပေးသော ဒိဋ္ဌဓမ္မဝေဒနိယ ဥပပဇ္ဇ
ဝေဒနိယကံနှစ်ပါးသည်ရင်း။ ပစ္စုပ္ပန်ဘဝ၌ ပရိနိဗ္ဗာန် ပြုသော
ပုဂ္ဂိုလ်၏အကျိုးမပေးသော ဒိဋ္ဌဓမ္မဝေဒနိယ စသော ကံသုံးပါး
သည်ရင်း။အဟောသိကမ္မနဲဖြိုကမ္မဝိပါက ကံမည်၏။ထို့ကြောင့်
ယခင်အဋ္ဌကထာစသည်တို့၌။ ။အတီတသောဝ ကမ္မဿ။
အတိက္ကန္တဝိပါက ကာလဿစ ပစ္စုပ္ပန္နဘဝေ ပရိနိဗ္ဗာယန္တဿ
စ။အဝိပစ္စမာနံ ဝိပါကံ ဂဟောတွာ အဟောသိ ကမ္မံနဲဖြိုကမ္မ ဝိ
ပါကောတိဂဟွာ။ ။ဟူ၍ဘွင့်အပ်၏။ ။အတီတသောဝ။
အတိတ်သာလျှင် ဖြစ်သော။ အတိက္ကန္တဝိပါက ကာလဿ။ အ

ကျိုးပေးရာ ကာလကို လွန်သော၊ ကမ္မသာ၊ ဒိဋ္ဌဓမ္မဝေဒနီယ ဥပပဇ္ဇဝေဒနီယ ကံ နှစ်ပါး၏ရင်း၊ ပစ္စုပ္ပန္နဘဝေ၊ပစ္စုပ္ပန်ဘဝ၌၊ ပရိနိဗ္ဗာယန္တဿ၊ ပရိနိဗ္ဗာန်ပြုသောပုဂ္ဂိုလ်၏၊ ကမ္မဿစ၊ ဒိဋ္ဌဓမ္မဝေဒနီယ စသော်ကံသုံးပါး၏ လည်းကောင်း၊ အဝိပက္ကမာနံ၊မဖြစ်စေအင်သော၊ဝိပါကံ၊အကျိုးကို၊ ဂဟေတွာ၊ယူ၍၊အဟောသိကမ္မံနတ္ထိကမ္မ ဝိပါကောတိ၊ အဟောသိကမ္မနတ္ထိကမ္မဝိပါက ကံဟူ၍၊ဝုတ္တံ၊ဟောတော်မူအပ်၏၊ ။ဤကားယောဇနာ၊ ။ အကြောင်း ညီညွတ်သဖြင့် အနာဂါတ် ဘဝတို့၌ အကျိုးပေး လတ္တံ့သော အတိတ်ဖြစ်သော အပရာပရိယဝေဒနီယ ကံသည်၊ အဟောသိကမ္မ ဘဝိဿတိကမ္မဝိပါက ကံမည်၏၊ ထိုကြောင့် ယခင်အဋ္ဌကထာ စသည်တို့၌၊ ။အတီတဿေဝ၊ကမ္မဿ ဝိပါကာရဟဿ၊အဝိပက္ကဝိပါကဿ၊အနာဂတဘဝေ ပစ္စယ သမ္ပတ္တိယာ၊ ဝိပစ္စိတဗ္ဗဝိပါကံ ဂဟေတွာ အဟောသိကမ္မံ ဘဝိဿတိ ကမ္မဝိပါကောတိဝုတ္တံ၊ ။ဟူ၍ဘွင့်အပ်၏၊ ။အတီတဿေဝ၊အတိတ်သာလျှင်ဖြစ်သော၊ဝိပါကာရဟဿ၊အကျိုးပေးခြင်းငှါ ထိုက်သော၊ အဝိပက္ကဝိပါကဿ၊ မပေးသေးသော အကျိုး ရှိသော၊ ကမ္မဿ၊ အပရာ ပရိယ ဝေ ဒ နီ ယ ကံ၏၊ အနာဂတ ဘဝေ၊ အနာဂါတ် ဘဝ၌၊ ပစ္စယ သမ္ပတ္တိယာ၊ အကြောင်းပြည့်စုံသဖြင့်။ ဝိပစ္စိတဗ္ဗ ဝိပါကံ၊ပေးလတ္တံ့သောအကျိုးကို၊ဂဟေတွာ၊ယူ၍၊အဟောသိကမ္မံ ဘဝိဿတိကမ္မဝိပါကောတိ၊အဟောသိကမ္မဘဝိဿတိကမ္မဝိပါကကံဟူ၍၊ ဝုတ္တံ၊ဟောတော်မူအပ်၏၊ ။ဤကားယောဇနာ၊ ။အကျိုးပေးရာ ကာလကိုလွန်သည်ဖြစ်၍ အနာဂါတ်ဘဝ၌ အကျိုး မပေးသော အတိတ် ဖြစ်သော ဒိဋ္ဌ ဓမ္မ ဝေဒနီယ ဥပပဇ္ဇ ဝေဒနီယ ကံနှစ်ပါး သည်၎င်း၊ အနာဂါတ်ဘဝ၌ ပရိနိဗ္ဗာန် ပြုလတ္တံ့သော ပုဂ္ဂိုလ်၏အကျိုး မပေး လတ္တံ့သော အပရာပရိယ ဝေဒနီယ အတိတ် ကံသည်၎င်း၊ အဟောသိကမ္မံ နဘဝိဿတိ ကမ္မဝိပါကကံ မည်၏၊ ။ထို့ကြောင့် ယခင်အဋ္ဌကထာစသည်တို့၌။ ။အတီ

တဒဿဝကမ္မဿ၊အဘိက္ကန္တ ဝိပါကကာလဿစ။ အနာဂတ
ဘဝေ ပရိနိဗ္ဗာယိတဗ္ဗဿစ။ အဝိပက္ကိတဗ္ဗ ဝိပါကံ ဂဟေတွာ၊
အဟောသိကမ္မံ နာဘဝိဿတိ ကမ္မဝိပါကောတိ ဝုတ္တံ။ ။ဟူ၍
ဘွင့်အပ်၏။ ။အတီတဒဿဝ၊အတိတ်သာလျှင် ဖြစ်သော၊
အဘိက္ကန္တ ဝိပါက ကာလဿ၊ အကျိုးပေးရာ ကာလကို လွန်
သော၊ကမ္မဿစ၊ဒိဋ္ဌဓမ္မဝေဒနီယ ဥပပဇ္ဇဝေဒနီယ ကံနှစ်ပါး၏
၎င်း၊အနာဂတဘဝေ၊ အနာဂါတ်ဘဝ၌၊ ပရိနိဗ္ဗာယိတဗ္ဗဿ၊
ပရိနိဗ္ဗာန်ပြုသတ္တံ့သော ပုဂ္ဂိုလ်၏၊ကမ္မဿစ၊ အပရာပရိယ အ
တိတ်ကံ၏၎င်း၊ အဝိပက္ကိတဗ္ဗဝိပါကံ၊ မဖြစ်လတ္တံ့သော အကျိုး
ကို၊ဂဟေတွာ၊ယူ၍၊ အဟောသိ ကမ္မံ နာဘဝိဿတိ ကမ္မဝိပါ
ကောတိ၊ အဟောသိ ကမ္မံ နာဘဝိဿတိ ကမ္မ ဝိပါကကံ ဟူ၍၊
ဝုတ္တံ၊ဟောတော်မူအပ်၏။ ။ဤကားယောဇနာ။ ။ဤကား
အတိတ်ကံ ခြောက်ပါး သရုပ် အကျဉ်းပြုတ် မှတ်ဘွယ်။ ၊ ။
ပစ္စုပ္ပန်ကံလေးပါးတို့တွင်၊ ဤပစ္စုပ္ပန်ဘဝ၌ ပြုအပ်သော၊ဒိဋ္ဌဓမ္မ
ဝေဒနီယကံသည်၊ ဤပစ္စုပ္ပန် ဘဝ၌ အကျိုး ပေးသည် ရှိသော်၊
အဟောသိကမ္မံအဟောသိကမ္မဝိပါကကံမည်၏၊ ထို့ကြောင့် ယခင်အဋ္ဌက
ထာစသည်တို့၌၊ ။ပစ္စုပ္ပန္နဘဝေကတဿ၊ဒိဋ္ဌဓမ္မဝေဒနီယဿ
ကမ္မဿ၊ ဖလေဝိပက္ကမာနဝိပါကံဂဟေတွာ၊ အဟောသိကမ္မံ အဟောသိ
ကမ္မဝိပါကောတိဝုတ္တံ၊ ။ဟူ၍ဘွင့်အပ်၏၊ ။ပစ္စုပ္ပန္နဘဝေ၊
ပစ္စုပ္ပန်ဘဝ၌၊ကတဿ၊ပြုအပ်သော၊ဒိဋ္ဌဓမ္မဝေဒနီယဿ။ ဒိဋ္ဌ
ဓမ္မဝေဒနီယဖြစ်သော၊ကမ္မဿ၊ကံ၏၊ဖလေ၊ ဤပစ္စုပ္ပန်ဘဝ၌
ပင်လျှင်၊ ဝိပက္ကမာနဝိပါကံ၊ ဖြစ်စေအပ်သော အကျိုးကို၊ ဂဟေ
တွာ၊ယူ၍၊ အဟောသိကမ္မံအဟောသိကမ္မဝိပါကောတိ၊ အဟောသိကမ္မ အဟောသိ
ကမ္မဝိပါကကံဟူ၍၊ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ။ဤကား
ယောဇနာ၊ ။ဤပစ္စုပ္ပန်ဘဝ၌ အကြောင်းချို့သဖြင့် အကျိုး
မပေးသော ပစ္စုပ္ပန်ဒိဋ္ဌဓမ္မဝေဒနီယကံသည်၎င်း၊ဤမျက်မှောက်
၌ပင်၊ပရိနိဗ္ဗာန်ပြုဆဲသော ပုဂ္ဂိုလ်၏ အကျိုးမပေးသော ဒိဋ္ဌဓမ္မ
ဝေဒနီယ ကံသည်၎င်း၊ အဟောသိကမ္မ နဟောသိကမ္မ ဝိပါကကံ မည်၏။

ထို့ကြောင့်ယခင်အဋ္ဌကထာစသည်တို့၌။ ။တသောဝပစ္စုပ္ပန္န
သောဝပစ္စုပ္ပန္နသကမ္မသာ။ ပစ္စယဝေကလ္လေန။ အဝိပစ္စမာနံ။
ဒိဋ္ဌေဝဓမ္မေ။ပရိနိဗ္ဗာယန္တဿ။ဇာဓအဝိပစ္စမာနဥ္စ။ ဝိပါကံဂဟော
တွာ အညံကမ္မံနံညံကမ္မဝိပါကောတိဝုတ္တံ။ ။ဟူ၍ဘွင့်အပ်
၏။ ။ပစ္စုပ္ပန္နဿ။ပစ္စုပ္ပန်ဖြစ်သော။ တသောဝကမ္မဿ။ထို
ဒိဋ္ဌဓမ္မဝေဒနီယကံ၏သာလျှင်။ ပစ္စယဝေကလ္လေန။ အကြောင်း
ချို့သဖြင့်။အဝိပစ္စမာနံ။မဖြစ်စေအပ်သောအကျိုးကိုရင်း။ ဒိဋ္ဌေဝ
ဓမ္မေ။မျက်မှောက်၌သာလျှင်။ ပရိနိဗ္ဗာယန္တဿ။ ပရိနိဗ္ဗာန်ပြုဆဲ
သောပုဂ္ဂိုလ်၏။ ဇာဓ။ ဤပစ္စုပ္ပန်၌။ အဝိပစ္စမာနံ။ မဖြစ်စေအပ်
သော။ဝိပါကဉ္စ။ အကျိုးကိုရင်း။ ဂဟေတွာ။ ယူ၍။ အညံကမ္မံ
နံညံကမ္မဝိပါကောတိ။အညံကမ္မနံညံကမ္မဝိပါကကံဟူ၍။ ဝုတ္တံ။
ဟောတော်မူအပ်၏။ ။ဤကား ယောဇနာ။ ။အနာဂါတ်
ဘဝ၌ အကျိုး ပေးလတ္တံ့သော ပစ္စုပ္ပန်ဖြစ်သော ဥပပဇ္ဇ ဝေဒနီ
ယ။အပရာပရိယ ဝေဒနီယ ကံနှစ်ပါးသည်။ အညံကမ္မာဘဝိဿ
တိ ကမ္မဝိပါက ကံမည်၏။ထို့ကြောင့် ယခင်အဋ္ဌကထာစသည်
တို့၌။ ။ပစ္စုပ္ပန္နဿသ ကမ္မဿဥပပဇ္ဇဝေဒနီယဿ၊ အပရာ
ပရိယ ဝေဒနီယဿစ။ အနာဂတဘဝေ ဝိပစ္စိတဗ္ဗဝိပါကံ။ ဂ
ဟေတွာအညံကမ္မံဘဝိဿတိကမ္မဝိပါကောတိဝုတ္တံ။ ။ဟူ၍
ဘွင့်အပ်၏။ ။ပစ္စုပ္ပန္နဿဝ။ ပစ္စုပ္ပန်သာလျှင်ဖြစ်သော။ ဥပ
ပဇ္ဇဝေဒနီယဿ။ ဥပပဇ္ဇဝေဒနီယဖြစ်သော။ ကမ္မဿစ။ ကံ၏
ရင်း။ အပရာပရိယ ဝေဒနီယဿ။ အပရာပရိယ ဝေဒနီယဖြစ်
သော။ကမ္မဿစ။ကံ၏ရင်း။အနာဂတဘဝေ။ အနာဂါတ်ဘဝ၌။
ဝိပစ္စိတဗ္ဗဝိပါကံ။ဖြစ်စေလတ္တံ့သောအကျိုးကို။ ဂဟေတွာ။ ယူ
၍။အညံကမ္မံ ဘဝိဿတိ ကမ္မဝိပါကောတိ။ အညံကမ္မဘဝိဿ
တိကမ္မဝိပါကကံဟူ၍။ ဝုတ္တံ။ဟောတော်မူအပ်၏။ ။ဤကား
ယောဇနာ။ ။အကြောင်းချို့သဖြင့် အနာဂါတ်ဘဝ၌ အကျိုး
မပေးလတ္တံ့သော ပစ္စုပ္ပန် ဥပပဇ္ဇဝေဒနီယ ကံသည်ရင်း။ အနာ
ဂါတ်ဘဝ၌ ပရိနိဗ္ဗာန် ပြုလတ္တံ့သော ပုဂ္ဂိုလ်၏ အကျိုး မပေး

လဒ္ဓံ့သော ပစ္စုပ္ပန် အပရာပရိယ ဝေဒနီယ ကံသည်ရင်း။ အတ္တိ
ကမ္မံ နာဘောသိ ကမ္မဝိပါက ကံမည်၏။ ထို့ကြောင့် ယခင်
အဋ္ဌကထာစသည့်တို့၌။ ။ပစ္စုပ္ပန္နသောဝကမ္မဿ။ ဥပပဇ္ဇ
ဝေဒနီယဿ။ ပစ္စယ ဝေကလ္လေန။ အနာဂတာဘာဝေ။ အဝိပက္ကိ
တဗ္ဗဥ္စ။ အနာဂတာဘာဝေ ပရိနိဗ္ဗာယိတဗ္ဗဿ။ အပရာပရိယဝေဒ
နီယဿ အဝိပက္ကိတဗ္ဗဥ္စဝိပါကံ ဂဟေတွာ။ အတ္တိကမ္မံ နာဘောသိ
တိ ကမ္မဝိပါကောတိ ဝုတ္တံ။ ။ဟူ၍ဖွင့်အပ်၏။ ။ပစ္စုပ္ပန္န
သောဝ။ ပစ္စုပ္ပန်သာလျှင်ဖြစ်သော။ ဥပပဇ္ဇဝေဒနီယဿ။ ဥပပဇ္ဇ
ဝေဒနီယဖြစ်သော။ ကမ္မဿ။ ကံ၏။ ပစ္စယ ဝေကလ္လေန။ အ
ကြောင်းချို့သဖြင့်။ အနာဂတာဘာဝေ။ အနာဂါတ်ဘဝ၌။ အဝိပက္ကိ
တဗ္ဗဥ္စ။ မပေးလတ္တံ့သော အကျိုးကိုရင်း။ အနာဂတာဘာဝေ။ အနာ
ဂါတ်ဘဝ၌။ ပရိနိဗ္ဗာယိတဗ္ဗဿ။ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်
၏။ ပစ္စုပ္ပန္နသောဝ။ ပစ္စုပ္ပန်သာလျှင် ဖြစ်သော။ အပရာပရိယ
ဝေဒနီယဿ။ အပရာပရိယဝေဒနီယဖြစ်သော။ ကမ္မဿ။ ကံ၏။
အဝိပက္ကိတဗ္ဗံ။ မပေးလတ္တံ့သော။ ဝိပါကဥ္စ။ အကျိုးကိုရင်း။ ဂ
ဟေတွာ။ ယူ၍။ အတ္တိကမ္မံ နာဘောသိ ကမ္မဝိပါကောတိ။ အတ္တိ
ကမ္မံနာဘောသိ ကမ္မဝိပါက ကံဟူ၍။ ဝုတ္တံ။ ဟောတော်မူအပ်
၏။ ။ဤကားယောဇနာ။ ။ဤကားပစ္စုပ္ပန်လေးပါးသရုပ်
အတ္တုပ္ပတ်မှတ်ဘွယ်။ ။အနာဂါတ် ဘဝ၌ဖြစ်၍ အနာဂါတ်
ဘဝကို ဖြစ်စေလတ္တံ့သော ကံသည်။ ဘဝိဿတိကမ္မံ ဘဝိဿ
တိကမ္မဝိပါက ကံမည်၏။ ထို့ကြောင့် ယခင်အဋ္ဌကထာစသည့်
တို့၌။ ။အနာဂတာဘာဝေ။ ကာတဗ္ဗဿကမ္မဿ။ အနာဂတေဝိ
ပက္ကိတဗ္ဗဝိပါကံ ဂဟေတွာ။ ဘဝိဿတိကမ္မံ ဘဝိဿတိ ကမ္မ
ဝိပါကောတိ ဝုတ္တံ။ ။ဟူ၍ဖွင့်အပ်၏။ ။အနာဂတာဘာဝေ။
အနာဂါတ်ဘဝ၌။ ကာတဗ္ဗဿ။ ပြုအပ်သော။ ကမ္မဿ။ ကံ၏။
အနာဂတေ။ အနာဂါတ်၌။ ဝိပက္ကိတဗ္ဗံ ဝိပါကံ။ ပေးလတ္တံ့သော
အကျိုးကို။ ဂဟေတွာ။ ယူ၍။ ဘဝိဿတိကမ္မံ ဘဝိဿတိ ကမ္မ
ဝိပါကောတိ။ ဘဝိဿတိ ကမ္မဘဝိဿတိကမ္မဝိပါက ကံဟူ၍။

ဝုတ္တံ၊ ဟောတော်မူအပ်၏၊ ၊ဤကား ယောဇနာ၊ ၊အ ကြောင်း ချို့သဖြင့် အကျိုး မပေးလတ္တံ့သော အနာဂါတ် ကံ သည်ရင်း၊ အနာဂါတ်ဘဝ၌ ပရိနိဗ္ဗာန် ပြုလတ္တံ့သော ပုဂ္ဂိုလ် ၏အကျိုးမပေးလတ္တံ့သော အနာဂါတ် ကံသည်ရင်း၊ ဘဝိဿတိ ကမ္မံ နဘဝိဿတိကမ္မဝိပါကကံမည်၏၊ ထိုကြောင့် ယခင်အဋ္ဌ ကထာစသည်တို့၌၊ ။တသေဝအနာဂတဿကမ္မဿ၊ပစ္စယ ဝေကလ္လေန၊ အဝိပစ္စိတဗ္ဗဥ္စ၊ အနာဂတဘဝေ၊ ပရိနိဗ္ဗာယိတဗ္ဗ ဿ၊အဝိပစ္စိတဗ္ဗဥ္စဝိပါကံဂဟေတွာဘဝိဿတိကမ္မံ နဘဝိဿ တိကမ္မဝိပါကောတိဝုတ္တံ။ ၊ဟူ၍ဘွင့်အပ်၏၊ ။အနာဂ တဿ၊အနာဂါတ်ဖြစ်သော၊ တဿေဝကမ္မဿ၊ ထိုကံ၏၊ ပစ္စ ယဝေကလ္လေန၊ အကြောင်း ချို့သဖြင့်၊ အဝိပစ္စိတဗ္ဗဥ္စ၊ မပေး လတ္တံ့သော အကျိုးကိုရင်း၊အနာဂတဘဝေ၊အနာဂါတ်ဘဝ၌၊ ပရိနိဗ္ဗာယိတဗ္ဗဿ၊ ပရိနိဗ္ဗာန် ပြုလတ္တံ့သော ပုဂ္ဂိုလ်၏၊ အဝိ ပစ္စိတဗ္ဗံ။မဖြစ်စေလတ္တံ့သော၊ ဝိပါကဥ္စ၊ အကျိုးကိုရင်း။ ဂဟေ တွာ၊ ယူ၍၊ ဘဝိဿတိကမ္မံ နဘဝိဿတိ ကမ္မဝိပါကောတိ၊ ဘဝိဿတိကမ္မ နဘဝိဿတိ ကမ္မဝိပါက ကံဟူ၍၊ ဝုတ္တံ၊ဟော တော်မူအပ်၏၊ ၊ဤကားယောဇနာ၊ ၊ဤကားအနာဂါတ် ကံနှစ်ပါးသရုပ်အထွေထူးပြတ်မှတ်ဘွယ်၊

## ( ၅ ) အဘဗ္ဗကံလေးပါးအကြောင်း၊

ဇာတိခေါ် အာနန္တ၊ အတ္တိကမ္မံအဘဗ္ဗံ အဘဗ္ဗဘာသံ၊ အတ္တိ ကမ္မံအဘဗ္ဗံဘဗ္ဗဘာသံ၊ အတ္တိကမ္မံ ဘဗ္ဗဥ္စေဝဘဗ္ဗာသဥ္စ၊ အတ္တိ ကမ္မံ အဘဗ္ဗံ အဘဗ္ဗာဘာသန္တိ၊ ဇာဒမဝေါစဘဂဝါ၊ ။ဥပရိ ပဏ္ဏာသမဟာဒိဘင်းပါဠိတော်၊ ။ဤပါဠိတော်ဖြင့် အဘဗ္ဗကံ လေးပါးသရုပ်ကို ပြတော်မူသည်၊ ၊အာနန္ဒ၊အာနန္ဒာ။ ဇာတိ ခေါ်၊ဤသို့ ဟောလတ္တံ့သော ကံဘနည်းကို၊ သုဏောဟိ၊ နာဦး လော၊အဘဗ္ဗဘာသံ၊ ဒုဗ္ဗလ အကုသိုလ်ကံကို နှိပ်စက်၍ မိမိအ ကျိုးကိုပေးတတ်သော၊ အဘဗ္ဗံ၊ ဗလဝ အကုသိုလ်ဖြစ်သော၊

ကမ္မံ၊ကံသည်၊အတ္တိ၊ရှိ၏၊အဘာဗံ၊ အကုသိုလ်ကံကို၊ ဘဗ္ဗာဘာ
သံ၊နှိပ်စက်၍ အကျိုးပေးတတ်သော အဘာသ နှင့်ကုသိုလ်ဖြစ်သော၊
ကမ္မံ၊ကံသည်၊ အတ္တိ၊ရှိ၏၊ဘဗ္ဗဒွေဝ။ အဘာသနှင့်ကုသိုလ် ဖြစ်၍
လည်း၊ဘဗ္ဗာဘာသဥ၊ ကုသိုလ်ကံတပါးကိုနှိပ်စက်၍ အကျိုးပေး
တတ်သော၊ ကမ္မံ၊ကံသည်၊အတ္တိ၊ရှိ၏၊ ဘဗ္ဗံ၊ကုသိုလ်ကံကို။ အ
ဘဗ္ဗာဘာသံ၊နှိပ်စက်၍ အကျိုးပေးတတ်သော အဘာသနှင့် အကု
သိုလ်ဖြစ်သော၊ ကမ္မံ၊ကံသည်၊ အတ္တိ၊ရှိ၏၊ ဣတိ၊ဤသို့၊ ဣဒံ၊ ဤ
အဘာဗကံလေးပါးကို၊ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ။
ဟောတော်မူ၏၊ ၊ဤကားယောဇနာ။ ၊တနည်းကား၊ ၊
အာနန္ဒ၊အာနန္ဒာ။ ဣတိခေါ၊ ဤသို့ဟောလတ္တံ့သေးကံတနည်း
ကို၊သုဏောဟိ၊ နာဦးလော၊ အဘဗ္ဗံ၊ အပါယ်၌ ဖြစ်လတ္တံ့သော
သူအား၊ဘဗ္ဗာဘာသံ၊ အပါယ်လားကြောင်း မကောင်းမှု ဖြစ်၍
သေခါနီး ရှေ့ရှုထင်သော၊ကမ္မံ၊ ကံသည်၊ အတ္တိ၊ရှိ၏၊ အဘဗ္ဗံ၊
အပါယ်၌ဖြစ်ထိုက်သော၊ အညတိတ္ထိအား၊ ဘဗ္ဗာဘာသံ၊ နတ်
ရွာ လားကြောင်း ကောင်းမှုဖြစ်၍ သေခါနီး ရှေးရှု ထင်သော။
ကမ္မံ၊ ကံသည်၊ အတ္တိ၊ရှိ၏၊ ဘဗ္ဗဒွေဝ၊ နတ်ရွာ လားကြောင်း
ကောင်းမှုရှိသေသသူအားလည်း၊ ဘဗ္ဗာဘာသဥ၊ နတ်ရွာရောက်
ကြောင်း ကောင်းမှုဖြစ်၍ သေခါနီး ရှေးရှုထင်သော၊ ကမ္မံ။ ကံ
သည်။ အတ္တိ၊ ရှိ၏။ ဘဗ္ဗံ၊နတ်ရွာ၌ ဖြစ်ထိုက်သောသူအား၊ အ
ဘဗ္ဗာဘာသံ၊အပါယ်လားကြောင်း မကောင်းမှုဖြစ်၍ သေခါနီး
ရှေးရှုထင်သော၊ကမ္မံ၊ ကံသည်၊အတ္တိ၊ရှိ၏၊ ဣတိ၊ ဤသို့၊ ဣဒံ။
ဤလေးပါးကို၊ ဘဂဝါ၊ မြတ်စွာ ဘုရားသည်၊ အဝေါစ၊ ဟော
တော်မူ၏၊ ။ဤကား ယောဇနာ၊ ။ဤကား အဘာဗကံလေး
ပါး၌မှတ်ဘွယ်၊

## ( ၄ ) ဒိဋ္ဌဓမ္မကံစသည်ဝန္ရို၏အကြောင်း။

အယုမေဣဝိသေသော၊ယံပထမဝယောကတံ၊ ပထမဝယော
ဝါ မဇ္ဈိမဝယောဝါ၊ ဝိပါကံဒေတိ။ မဇ္ဈိမဝယောဝါကတံ၊ မဇ္ဈိမ

ဝယောဝါ ပစ္ဆိမ ဝယောဝါ ဝိပါကံ ဒေတိ၊ ပစ္ဆိမ ဝယေ ကတံ
တဿေဝ ဝိပါကံ ဒေတိ၊ တံ ဒိဋ္ဌဓမ္မဝေဒနီယံ၊ ယံ ပန သတ္တဒိဝသဗ္ဘ
န္တရေ ဝိပါကံ ဒေတိ တံ ပရိပက္က ဝေဒနီယံ။ ။မူလ ပဏ္ဏာသ
အဋ္ဌကထာပါဌ်စသည်။ ။ဤပါဌ်ဖြင့် ဒိဋ္ဌဓမ္မကံ၏ အရွယ်
သုံးပါး၌ အကျိုးပေးခြင်းကိုပြတော်မူသည်။ ။ဧတ္ထ၊ ဤဒိဋ္ဌဓမ္မ
ကံ၌၊ အယံ၊ ဤဆိုလတ္တံ့သည်ကား၊ ဝိသေသော၊ အထူးတည်း။
ပဌမဝယေ၊ ပဌမအရွယ်၌၊ ကတံ၊ ပြုအပ်သော၊ ယံ၊ အကြင်ဒိဋ္ဌ
ဓမ္မကံသည်။ ပဌမဝယေဝါ၊ ပဌမအရွယ်၌ရင်း၊ မဇ္ဈိမဝယေဝါ၊
မဇ္ဈိမအရွယ်၌ရင်း၊ ဝိပါကံ၊ အကျိုးကို၊ ဒေတိ၊ ပေး၏၊ မဇ္ဈိမဝ
ယေဝါ၊ မဇ္ဈိမအရွယ်၌လည်း၊ ကတံ၊ ပြုအပ်သော၊ ဒိဋ္ဌဓမ္မကံ
သည်၊ မဇ္ဈိမဝယေဝါ၊ မဇ္ဈိမအရွယ်၌ရင်း၊ ပစ္ဆိမဝယေဝါ၊
ပစ္ဆိမအရွယ်၌ရင်း၊ ဝိပါကံ၊ အကျိုးကို၊ ဒေတိ၊ ၏၊ ပစ္ဆိမဝယေ၊
ပစ္ဆိမအရွယ်၌၊ ကတံ၊ ပြုအပ်သော ဒိဋ္ဌဓမ္မကံသည်၊ တဿေဝ၊
ထိုပစ္ဆိမအရွယ်၌သာလျှင်၊ ဝိပါကံ၊ အကျိုးကို၊ ဒေတိ၊ ပေး၏၊
တံ၊ ထိုကံသည်၊ ဒိဋ္ဌဓမ္မဝေဒနီယံ၊ ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏၊ ပန၊
အထူးကား၊ ယံ၊ အကြင် ဒိဋ္ဌဓမ္မ ကံသည်၊ သတ္တဒိဝသဗ္ဘန္တရေ၊
ခုနစ်ရက်အတွင်း၌၊ ဝိပါကံ၊ အကျိုးကို၊ ဒေတိ၊ ပေး၏၊ တံ၊ ထိုကံ
သည်၊ ပရိပက္ကဝေဒနီယံ၊ ရင့်စွာသော ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။
ဤကားယောဇနာ။ ။ထေရဿ ပန ဥပပဇ္ဇဝေဒနီယဉ္စ အပရာ
ပရိယဝေဒနီယဉ္စာတိ၊ ဣမာနိ ဒွေ ကမ္မာနိ၊ ကမ္မက္ခယကရေန၊ အ
ရဟတ္တမဂ္ဂေန၊ သမုဂ္ဃါတိတာနိ ဒိဋ္ဌဓမ္မဝေဒနီယံ အဋ္ဌိတိ အရ
ဟတ္တပတ္တဿာပိ ဝိပါကံဒေတိ ယေဝ။ ။မဇ္ဈိမပဏ္ဏာသ
အင်္ဂုလိမာလသုတ်အဋ္ဌကထာပါဌ်။ ။ဤပါဌ်ဖြင့် ရဟန္တာ တို့
၏ မဂ်ညာဏ်သည်၊ နောက်ကံနှစ်ပါးကိုသာ ပယ်ဖြတ်၍၊ ဒိဋ္ဌဓမ္မ
ဝေဒနီယ ကံကိုကား မပယ်ဖြတ်၊ ထို့ကြောင့် ရဟန္တာတို့အား
မျက်မှောက် အကျိုးကို ခံရသေး၏ဟု ပြတော်မူသည်။ ။ပန၊
အထူးကား၊ ထေရဿ၊ အင်္ဂုလိမာလထေရ်အား၊ ဥပပဇ္ဇဝေဒနီ
ယဉ္စ၊ ရင်း၊ အပရာပရိယဝေဒနီယဉ္စ၊ ရင်း၊ ဣတိဣမာနိဒွေကမ္မာနိ။

ဤကံနှစ်ပါး တို့ကို၊ ကမ္မက္ခယကရေန။ ကံကုန်ခြင်းကို ပြုတတ်
သောကံဟု ဆိုအပ်သော၊ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်။
သမုဂ္ဃါဋိတာနိ၊ ပယ်ဖြတ်အပ်ကုန်၏။ ဒိဋ္ဌဓမ္မဝေဒနီယံ၊ ဒိဋ္ဌဓမ္မ
ဝေဒနီယကံသည်ကား၊ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထိုကြောင့်၊ အရဟတ္တ
ပတ္တဿာပိ၊ ရဟန္တာ အဖြစ်သို့ ရောက်သော်လည်း၊ ဝိပါကံ၊
အကျိုးကို၊ ဒေတိယေဝ၊ ပေးသည်သာလျှင် ကတည်း။ ။
ဤကား ယောဇနာ၊ ။ဤပါဌ်၌ နောက်ကံနှစ်ပါးကို ဂဏ်ဖြင့်
ပယ်၏ ဟူသော်သည်း၊ ပစ္စုပ္ပန် ဘဝ၌ ရဟန္တာ မဖြစ်မီ ပြုအပ်
သော ကံကိုသာ ရည်အပ် သည် ဟုမှတ်၊ အတိတ်ကံ နှစ်ပါးတို့
တွင်၊ တပါး၌ ပဋိသန္ဓေ အကျိုးကိုသာ ပယ်သည်၊ နှစ်ပါးလုံး၌
ပဝတ္တိ အကျိုးကား ပယ်-မပယ် ရှိ၏ဟု သိလေ။ ။ဤကား
ဒိဋ္ဌဓမ္မကံစသည်၌မှတ်ဘွယ်။

( ၇ ) မိစ္ဆာဒိဋ္ဌိအကြောင်း။

ယဿာယိဒံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာ ဒိဋ္ဌိယာ ဘိက္ခဝေ၊
သမန္နာဂတာ သတ္တာ၊ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂ
တိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တီတိ။ ။ဧကအင်္ဂုတ္တရပါဠိတော်၊ ။
ဤပါဠိတော်ဖြင့် ဒိဋ္ဌိဟူသမျှ အပါယ် လေးပါး၌ ကမ္မပထ ဖြစ်၍
ငင်း၊ ပကတူပနိဿယ ဖြစ်၍ငင်း။ ဖြစ်စေတတ်သည်ကို ပြတော်မူ
သည်။ ။ဘိက္ခဝေ၊ ရဟန်းတို့၊ ဣဒံ မိစ္ဆာဒိဋ္ဌိ၊ ဤမိစ္ဆာဒိဋ္ဌိသည်၊
ယဿ၊ အဘယ်သို့သဘောရှိသနည်းဟူမူကား၊ ဘိက္ခဝေ၊ တို့၊
မိစ္ဆာဒိဋ္ဌိယာ၊ မိစ္ဆာအယူနှင့်၊ သမန္နာဂတာ၊ ပြည့်စုံကုန်သော၊
သတ္တာ၊ သတ္တဝါတို့သည်၊ ကာယဿ၊ ကိုယ်၏၊ ဘေဒါ၊ ပျက်
သည်မှ၊ ပရမ္မရဏာ၊ စုတေသည်မှ နောက်၌၊ ဒုဂ္ဂတိံ ဝိနိပါတံ၊
မကောင်းကုန်သောသူတို့၏လားရာဖြစ်၍ချမ်းသာမှ ကင်းသော၊
အပါယံ၊ အပါယ်လေးပါးသို့၊ နိရယံ၊ ငရဲသို့၊ ဥပပဇ္ဇန္တိ၊ ရောက်ရ
ကုန်၏၊ ဣတိ၊ ဤသို့သဘောရှိ၏၊ ။ဤကားယောဇနာ။ ။
မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ သတ္တာတိဧတ္ထ၊ ကေစ္စာ

မိဿကာဒုကဿ၊ သဂ္ဂါဝရဏာ စေဝမဂ္ဂါဝရဏာစ၊ ကေစ္စာမဂ္ဂါဝရဏာ နသဂ္ဂါဝရဏာ ကေစ္စာ နေဝသဂ္ဂါဝရဏာနမဂ္ဂါဝရဏာ။ တတ္ထ အဟေတုကဒုကဿ အကိရိယာဒုကဿ နတ္ထိဒုကဿတိ အယံတိဝိဓါ၊ သဂ္ဂါဝရဏာစေဝမဂ္ဂါ ဝရဏာစ၊ ဒသဝတ္ထုကာ အန္တဂ္ဂါဟိက မိဿကာ ဒုကဿ၊ မဂ္ဂါဝရဏာဝ၊ နသဂ္ဂါဝရဏာ၊ ဝိသတိဝတ္ထုကာ သက္ကာယ ဒိဋ္ဌိ၊ နေဝသဂ္ဂါဝရဏာနမဂ္ဂါ ဝရဏာ၊ ဇာနံပနဝိဓါနံ ပဋိက္ခိတ္တွာ ဇာမဿ္သုတ္တ၊ မိဿကာဒုကဿ ယာသမ္မုဂ္ဂတာတိ ဝစနတော၊ အန္တမ သော၊ ဝိသတိဝတ္ထုကံ၊ သက္ကာယဒိဋ္ဌိ ဥပါဒါယဒိဋ္ဌိနာမသင်္ဂံ၊ ဥပ နေတုံ၊ သမတ္ထာနာမနတ္ထိ ကေနစိနိရိယသ္မိံ ယေဝ၊ နိယျာပေတိ တိဂုတ္တံ၊ ၊ယင်းအဓိပ္ပါယ်ပါဌ်၊ ၊မိဿကာဒုကဿ ယာဘိက္ခဝ သမ္မုဂ္ဂတာသတ္တာတိဒွေ၊ ဤပါဌ်၌၊ ကေစ္စာ၊ အချို့သော၊ မိဿကာ ဒုကဿ၊ မိဿကာဒုကဿသည်၊ သဂ္ဂါဝရဏာစေဝ။ နတ်ရွာသုဂတိကိုလည်း တားမြစ်၏၊ မဂ္ဂါဝရဏာစ၊ မဂ်ကိုလည်းတားမြစ်၏၊ ကေစ္စာ၊ အ ချို့သော ဒိဋ္ဌိသည်၊ မဂ္ဂါဝရဏာ၊ မဂ်ကိုတားမြစ်၏၊ နသဂ္ဂါဝရ ဏာ၊ နတ်ရွာ သုဂတိကို မတားမြစ်၊ ကေစ္စာ၊ အချို့သော ဒိဋ္ဌိ သည်၊ နေဝသဂ္ဂါဝရဏာ၊ နတ်ရွာသုဂတိကိုလည်း မတားမြစ်၊ နမဂ္ဂါဝရဏာ၊ မဂ်ကိုလည်းမတားမြစ်၊ တတ္ထ၊ ထိုသုံးပါးတို့တွင်၊ အဟေတုကဒုကဿ၊ အဟေတုကဒိဋ္ဌိရင်း၊ အကိရိယာဒိဋ္ဌိ၊ အကိရိယ ဒိဋ္ဌိရင်း၊ နတ္ထိကဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိရင်း၊ ဣတိ၊ ဤသို့၊ တိဝိဓါ၊ သုံးပါး အပြားရှိသော၊ အယံ၊ ဤဒိဋ္ဌိသည်၊ သဂ္ဂါဝရဏာစေဝ၊ သဂ္ဂါဝရ ဏာသည်း ဟုတ်၏၊ မဂ္ဂါဝရဏာစ၊ မဂ္ဂါဝရဏာလည်း ဟုတ်၏၊ ဒသဝတ္ထုကာ၊ ဝတ္ထုဆယ်ပါးရှိသော၊ အန္တဂ္ဂါဟိကမိဿကာဒုကဿ၊ အန္တဂ္ဂါဟိကဒိဋ္ဌိသည်၊ မဂ္ဂါဝရဏာဝ၊ မဂ္ဂါဝရဏာသာဟုတ်၏၊ နသဂ္ဂါဝရဏာ၊ သဂ္ဂါဝရဏာကား မဟုတ်၊ ဝိသတိဝတ္ထုကာ၊ ဝတ္ထု နှစ်ဆယ်ရှိသော၊ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိသည်၊ နေဝ သဂ္ဂါဝရဏာ၊ သဂ္ဂါဝရဏာလည်းမဟုတ်၊ နမဂ္ဂါဝရဏာ၊ မဂ္ဂါ ဝရဏာသည်းမဟုတ်၊ ဇာနံပနဝိဓါနံ၊ ဤအစီအရင်ကိုကား၊ ပဋိက္ခိ ပိတွာ၊ ပယ်၍၊ ဇာမဿ္သုတ္တ၊ ဤသုတ်၌၊ မိဿကာဒုကဿ ယာသမ္မုဂ္ဂ

တာတိ၊ ၍၊ ဝစနံ ဘော၊ ဟောတော်မူခြင်းကြောင့်၊ အနန္တမသော၊
အယုတ္တသဖြင့်။ ဝိသတိဝတ္ထုကံ၊ ဝတ္ထုနှစ်ဆယ်ရှိသော၊ သက္ကာ
ယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို၊ ဥပါဒါယ၊ စွဲ၍၊ ဒိဋ္ဌိနာမ၊ ဒိဋ္ဌိမည်သည်၊
သဂ္ဂံ၊ နတ်ရွာသို့၊ ဥပနေတုံ၊ ဆောင်ခြင်းငှါ၊ ဘာမတ္တာနာမ၊ အစွမ်း
မည်သည်၊ နတ္ထိ၊ မရှိ၊ ကေ နန္တ၊ စင်စစ်၊ နိရယသ္မိံ ယေဝ၊ ငရဲသို့သာ
လျှင်။ နိမုဇ္ဇာပေတိ။ ငုတ်စေတတ်၏။ ဇာတိ၊ ဤသို့၊ ဝုတ္တံ၊ ဟော
တော်မူအပ်၏။ ။ဤကားယောဇနာ။ ။ဤပါဠိ၌ သဂ္ဂါမဂ္ဂ
ဝရဏာကံ၊ မဂ္ဂါဝရဏနသဂ္ဂါဝရဏကံ၊ နသဂ္ဂါမဂ္ဂါဝရဏကံ၊
ဤသို့ ကံသုံးပါးအစီအရင် အပိုင်းအခြားကို ပယ်၍။ အဟေတု
ကဒိဋ္ဌိ စသည်ကိုကား ဆိုဘွယ်မရှိ၊ အယုတ်ဆုံး သက္ကာယဒိဋ္ဌိ
ပင်ဖြစ်သော်လည်း၊ သဂ္ဂါမဂ္ဂါဝရဏဖြစ်၍၊ ငရဲသို့သာလျှင်မြုပ်
စေတတ်၏ပြတော်မူသည်။ ။ကေနန္တ နိရယသ္မိံယေဝ နိမုဇ္ဇာ
ပေတိ ဟူသော စကားကိုလည်း၊ ပကတူပနိဿယကိုရည်၍ မိန့်
အပ်သည်မှတ်၊ သက္ကာယဝတ္ထုနှစ်ဆယ်တို့တွင်၊ ရှေးငါးပါး
သည်၊ ဥစ္ဆေဒဒိဋ္ဌိသို့ဝင်၏၊ ကြွင်းတဆဲ့ငါးပါးသည်၊ သဿတ
ဒိဋ္ဌိသို့ဝင်၏၊ ဤဒိဋ္ဌိနှစ်ပါးသည် ဝိပရိတသဘောကြောင့်၊ မဂ္ဂါ
ဝရဏဖြစ်၏၊ ကမ္မပထဖြစ်ကောင်းသောကြောင့်၊ သဂ္ဂါဝရဏ
မဖြစ်။ ထိုကြောင့်ပကတူပနိဿယကိုသာရည်အပ်သည်ဟုမှတ်။ ။
တတ္ထ ရူပံ အတ္တတောသမနုပဿတိ၊ ဝေဒနံ သညံ သင်္ခါရေ ဝိညာ
ဏံ အတ္တတော သမနုပဿတိ၊ ပဉ္စသု ဌာနေသု ဥစ္ဆေဒ ဒိဋ္ဌိ
ကထိတာ၊ အဝသေသေသု သဿတဒိဋ္ဌိတိ ဧဝ မေတ္ထ ပန္နရသ
ဘဝဒိဋ္ဌိယော၊ ပဉ္စ ဝိဘဝဒိဋ္ဌိယော ဟောန္တိ၊ တာ သဗ္ဗာပိ မဂ္ဂါဝရ
ဏာ၊ နသဂ္ဂါဝရဏာ၊ ပဌမမဂ္ဂဝဇ္ဈာတိ ဝေဒိတဗ္ဗာ။ ။ခန္ဓသုတ်
အဋ္ဌကထာလာသည်ကိုရှု၍ရင်း။ ။မဂ္ဂါဝရဏာ ဝိပရီတဒဿ
နဘာဝတော၊ နသဂ္ဂါဝရဏာ၊ အကမ္မပထပ္ပတ္တတာယ၊ အကိရိ
ယာဟေတုကနတ္ထိကဒိဋ္ဌိယော၊ ဝေကမ္မပထပ္ပတ္တဒိဋ္ဌိယော။ ။
ယင်း၏ဋီကာဘွင့်အပ်သည်ကိုရှု၍ရင်းသိ။ ။တတ္ထ၊ ထိုသက္ကာ
ယဝတ္ထု နှစ်ဆယ်တို့တွင်၊ ရူပံ၊ လ၊ သမနုပဿတိ၊ ဟူ၍။

ဝုဍ္ဎေသု။ဟောဘော် မူအပ်ကုန်သော၊ ပဥ္စသုဓ္မာနေသု၊ ဓ္မာနငါး
ပါးတို့၌၊ဥဎ္ဓေဒ္ဒိဗ္ဗိ၊ကို၊ ကထိတာ၊ဟောအပ်၏၊ အဝသေသေ
သု၊အကြွင်းတဆဲ့ငါးပါးတို့၌၊သဿတဒ္ဒိဗ္ဗိ၊ကို၊ ကထိတာ၊၏၊
ဣတိဧဝံ ဤသို့၊ဋ္ဌေ၊ဤဒ္ဒိဗ္ဗိနှစ်ပါးတို့တွင်၊ပန္ထရသ၊ တဆဲ့ငါးပါး
ကုန်သော သဿ တဒိဗ္ဗိတို့သည်၊တာဒိဗ္ဗိယော၊တဝဒိဗ္ဗိတို့မည်
ကုန်သည်၊ဟောနို့၊ကုန်၏၊ ပဥ္စ၊ငါးပါးကုန်သော၊ ဥဎ္ဓေဒဒိဗ္ဗိ
တို့သည်၊ဝိဘဝဒိဗ္ဗိယော၊ဝိဘဝဒိဗ္ဗိတို့မည်ကုန်သည်၊ဟောန္တိ၊
ကုန်၏၊တာသဗ္ဗာပိ၊ ထိုဒိဗ္ဗိနှစ်ပါး တို့သည်လည်း၊ မဂ္ဂါဝရဏာ၊
မဂ်ကို တားမြစ်တတ်ကုန်၏၊နသဂ္ဂါဝရဏာ၊နတ်ရွာသုဂတိကို
မတားမြစ် တတ်ကုန်၊ ပဌမမဂ္ဂဝဇ္ဈာ၊ ပဌမမဂ်ဖြင့် ပယ်ကုန်၏၊
ဣတိ၊ဤသို့၊ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏၊ ၊ရှေးပါဌ်၏ယော
ဇနာ၊ ၊တော၊ထိုဒိဗ္ဗိနှစ်ပါးတို့သည်၊ ဝိဇ္ဇရိတဒသနဘာဝ
ဘော၊ ဘောက်ပြန်၍ မြင်သည်၏ အဖြစ်ကြောင့်၊ မဂ္ဂါဝရဏာ၊
မဂ်ကိုတားမြစ်တတ်ကုန်၏၊အကမ္မပထပတ္တတာယ၊ကမ္မပထသို့
ရောက်-မရောက်သည်၏အဖြစ်ကြောင့်၊ နသဂ္ဂါဝရဏာ၊နတ်ရွာ
သုဂတိကို မတားမြစ်တတ်ကုန်၊အကိရိယာဟေတုက နတ္ထိက
ဒိဗ္ဗိယော၊ အကိရိယဒိဗ္ဗိ အဟေတုကဒိဗ္ဗိ နတ္ထိကဒိဗ္ဗိတို့သည်
သာလျှင်၊ကမ္မပထပတ္တဒိဗ္ဗိယော၊ကမ္မပထသို့ ရောက်ကုန်သော
ဒိဗ္ဗိတို့သည်ကုန်၏၊ ၊နောက်ပါဌ်၏ယောဇနာ၊ ၊ဤပါဌ်
တို့ကိုထောက်၍ ဒိဗ္ဗိဟူသမျှ၌၊ မဂ္ဂသဂ္ဂါဝရဏဒိဗ္ဗိကံ၊ မဂ္ဂါဝရ
ဏ၊နသဂ္ဂါဝရဏဒိဗ္ဗိကံ ဟုနှစ်ပါး ပြားသင့် သည်ကိုမှတ်၊ ပဥ္စမ
ကံကို၊အတေကိစ္ဆ၊ ဒုတိယကံကို၊ သတေကိစ္ဆဟူ၍လည်းမှတ်၊
အတေကိစ္ဆဟူသည်ကို၊ဓော ၇ ကြိမ်ဖြင့်သာ ဆုံးဖြတ်အပ်၏၊
၇ ကြိမ်မြောက်လျှင်၊ အတေကိစ္ဆ ဖြစ်၏၊ ထိုအယူကို စွန့်၍ ကု
သိုလ်တရားကို၊ အသက်ဆုံးအောင် ကြိမ်ဖန်သွလဲ အမြဲအား
ထုတ်သော်လည်း၊ အနန္တရိယ ဖလနိယ မဖြစ်၍ နိယတမိစ္ဆာ၌
အတေကိစ္ဆ ကေန်ဖြစ်၏၊ ပထမကံဝတ္ထုသုံးပါးတို့တွင်၊ တပါး
ပါးကိုသော်၎င်း၊နှစ်ပါး သုံးပါးကိုသော်၎င်း စွဲယူမိလျှင်ပင်၊ အ

တောဂါဝ်ဝ္စနိယတမိစ္ဆာဒိဋ္ဌိသာဖြစ်၏။သုံးပါးလုံးကိုယူမှုဖြစ်သည့်
မဟုတ်။ ။ယေဟုနတေသံလဒ္ဓိဂဟေတွာ။ရတ္တိန္ဒိဝံနဒိဝန္ဒာနေ
နိသိန္နာသတ္တာ ယန္တံပိဝံသန္တိ။ တေသံ နတ္ထိဒိန္နံ နတ္ထိယိဋ္ဌံ။ က
ရောန္တောနကရီယတိပါပံ။ နတ္ထိဟေတု။ နတ္ထိပစ္စယော မတော
ဆိဋ္ဌတိတိတသ္မိံအာရမ္မဏော။မိစ္ဆာသတိသန္တိဋ္ဌတိ စိတ္တံကေဂ္ဂံ
ဟောတိဇာနာနိ ဇဝန္တိ ပထမဇဝနေသတေကိစ္ဆာ ဟောန္တိ။
တထာ ဒုတိယာဒိသု။ သတ္တမေဗုဒ္ဓါနံပိ အတေကိစ္ဆာ အနိဝတ္တိ
နော။ အရိဋ္ဌကဏ္ဍကသဒိသာ။ တတ္ထကောစိ ဧကံဒဿနံဩက္က
မတိ။ကောစိဒွေ။ ကောစိတိဏိပိ ဧကသ္မိံ ဩက္ကန္တေပိ။ ဒွီသု
တီသု ဩက္ကန္တေသုပိ။ နိယတမိစ္ဆာဒိဋ္ဌိကောဝဟောတိ။ ။
သိသက္ခန်အဋ္ဌကထာ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာတို့၌ လာသည်
ကိုရှု၍သိ။ ။ပန။အပ်ယူးကား။ ယေ။အကြင်သူတို့သည်။တေ
သံ။ထိုဒိဋ္ဌိသံရာတို့၏။လဒ္ဓိံ။အယူကို။ဂဟေတွာ။ယူ၍။ ရတ္တိန္ဒာ
နဒိဝန္ဒာနေ။ညည့်သန့်ရာနေ့သန့်ရာတို့၌။နိသိန္နာ။နေကုန်၍။ သဇ္ဈာ
ယန္တိ။သရဇ္ဈာယ်ကုန်၏။ဝိမံသန္တိ။စူးစမ်းကုန်၏။ဒိန္နံ။ပေးလှူအပ်
သောအလှူ၏ အကျိုးသည်။ နတ္ထိ။မရှိ။ယိဋ္ဌံ။ ယာဇ်ငယ်-ယာဇ်
ကြီးပူဇော်ခြင်းအကျိုးသည်။ နတ္ထိ။မရှိ။ ကရောန္တော။ မကောင်း
မှုကိုပြုသောသူသည်။ပါပံ။မကောင်းမှုကို။နကရီယတိ။ ပြုသည်
မမည်။ ခေါ်ဝေါ်ကာမျှသာဖြစ်၏။ ဟေတု။ အကြောင်းသည်။
နတ္ထိ။မရှိ။ပစ္စယော။အထောက်အပင့်သည်။ နတ္ထိ။မရှိ။ မတော။
သေသောသူသည်။ဆိဋ္ဌတိ။ပြတ်၏။ဣတိ၊ဤသို့။တေသံ။ထိုသူတို့
အား။တသ္မိံ အာရမ္မဏော။ထိုအာရုံ၌။မိစ္ဆာသတိ။မှားသော သတိ
သည်။သန္တိဋ္ဌတိ။တည်၏။ စိတ္တံ။စိတ်သည်။ ဧကဂ္ဂံ။ တည်ကြည်
သည်။ဟောတိ။ဖြစ်၏။ဇဝနာနိ။ဇောတို့သည်။ဇဝန္တိ၊ ဇေကုန်
၏။ပဌမဇဝနေ။ပထမဇောသည်။သတိ။ရှိသော်။သတေကိစ္ဆာ။
ကုစားခြင်းငှါထိုက်ကုန်သည်၊ဟောန္တိ။ဖြစ်ကုန်၏။ ဒုတိယာဒိ
သု။ ဒုတိယဇော စသည်တို့၌။ တထာ။ ထိုအတူ ကုစားခြင်းငှါ
ထိုက်ကုန်သည်။ ဟောန္တိ။၏။ သတ္တမေ။ ...
စာကြည့်တိုက်

ကမ္မဋ္ဌာန်း

သည်၊သတိ၊ရှိသော်၊ဗုဒ္ဓါနုံပိ၊ ဘုရားတို့၏လည်း၊ အတောက်စွာ၊ ကုစားခြင်းငှါမထိုက်ကုန်၊ အနိဝတ္တိနော၊ ခွန့်၍ ကုသိုလ်ကို ပြု သော်လည်း အပါယ်လားခြင်းမှ မနစ်ကုန်၊ အရိယ္ဘကဏ္ဍာက သဒ္ဒိ သာ၊အရိယ္ဘရဟန်းကဏ္ဍာက သာမညေတို့နှင့် တူကုန်၏၊ တဒ္ဒ၊ ထိုဝဒ္ဒ သုံးပါးတို့တွင်၊ ကောဇိ၊ တရုံ တယောက်သော သူ သည်၊ဧကံ၊တပါးသော၊ဒသနံ၊အယှုသို့၊ ဩဂ္ဂမတိ၊သက်အံ့၊ ကောဇိ၊တရုံတယောက်သောသူသည်၊ဒွေ၊နှစ်ခုတို့သို့၊ ဩဂ္ဂမ တိ၊သက်အံ့၊ကောဇိ၊ တရုံတယောက်သောသူသည်၊ တိဏိပိ၊ သုံးပါးတို့ သို့လည်း၊ ဩဂ္ဂမတိ၊ သက်အံ့၊ ဧကသ္မိံ၊ တခုသို့၊ ဩဂ္ဂာနေ့ပိ၊သက်သော်လည်း၊ ဒွိသု၊ နှစ်ခုတို့သို့၊ တိသု၊သုံးခု တို့သို့၊ ဩဂ္ဂာနေ့သုပိ၊ သက်ကုန်သော်လည်း၊ နိယတမိစ္ဆာဒိဋ္ဌိ ကောဝ၊ နိယတမိစ္ဆာဒိဋ္ဌိသည်သာလျှင်၊ ဟောတိ၊ ဖြစ်၏၊ ။ ဤကားယောဇနာ၊ ။သတ္တမဇဝနဝါရသို့ရောက်လျှင်၊ နစ်မြဲ သဘောမရှိခြင်းကြောင့်၊ပဌမဇဝနေ စသောစကားကို အဘူတ ပရိကပ္ပ ဟူ၍မှတ်၊ ။ဣမာသုပနတိသုနတ္ထိကဒိဋ္ဌိ၊ ဝိပါကံ ပဋိဗာဟတိ ၊အကိရိယဒိဋ္ဌိ၊ကမ္မံပဋိဗာဟတိ၊အဟေတုကဒိဋ္ဌိ၊ ဥဘယံပိပဋိဗာဟတိ။ တတ္ထကမ္မံ ပဋိဗာဟန္တေနာပိ ဝိပါကော ပဋိဗာဟိတောဘာ ဟောတိ၊ ဝိပါကံပဋိဗာဟန္တေနာပိကမ္မံ ပဋိဗာ ဟိတံ၊ ဣတိသဗ္ဗေပေတေ အတ္တတော ဥဘယပဋိ ဗာဟကာ အ ဟေတုကဝါဒါစေဝအကိရိယဝါဒါစနတ္ထိကဝါဒါစဟောန္တိ။ ။ ယခင်အဋ္ဌကထာပါဌ်။ ။ဤပါဌ်ဖြင့် အဟေတုကဒိဋ္ဌိ စသည် တို့၏ အနက် သဘောကို ပြတော်မူသည်၊ ။ပန၊ အထူး ကား၊ဣမာသုတိသု၊ ဤဒိဋ္ဌိသုံးပါးတို့တွင်၊ နတ္ထိကဒိဋ္ဌိ၊ နတ္ထိက ဒိဋ္ဌိသည်၊ဝိပါကံ၊အကျိုးကို၊ ပဋိဗာဟတိ၊ တားမြစ်၏၊ အကိရိ ယဒိဋ္ဌိ၊အကိရိယဒိဋ္ဌိသည်၊ကမ္မံ၊ကံကို၊ပဋိဗာဟတိ၊တားမြစ်၏၊ အဟေတုကဒိဋ္ဌိ၊ အဟေတုက ဒိဋ္ဌိသည်၊ ဥဘယံပိ၊ ကံဝိပါက် နှစ်ပါးစုံကိုလည်း၊ပဋိဗာဟတိ၊တားမြစ်၏၊တတ္ထ၊ထိုတားမြစ်ရာ၌၊ကမ္မံ၊ကံကို၊ ပဋိဗာဟန္တေနာပိ၊ တားမြစ်သဖြင့်လည်း၊ ဝိပ

ကော။ဝိပါက်သည်။ပဋိဗာဟိတော။တားမြစ်အပ်သည်။ ဟော
တိ။ဖြစ်၏။ဝိပါကံ။ ဝိပါက်ကို။ ပဋိဗာဟန္တနသမိ။ တားမြစ်သ
ဖြင့်လည်း။ကမ္မံ။ကံကို။ပဋိဗာဟိတံ။တားမြစ်အပ်၏။ဣတိ။ဤသို့။
သဗ္ဗေပိ။အလုံးစုံလည်း ဖြစ်ကုန်သော။ အဟောသိကံဝါဒါဒိစေ၀။
အဟောသိကံဝါဒဂုဏ်း။အကတ္တရိယဝါဒါဒိ။အကတ္တရိယဝါဒဂုဏ်း။နတ္ထိ
ကဝါဒါဒိ။ နတ္ထိကဝါဒဂုဏ်း။ဇာတေ။ ထိုဒိဋ္ဌိဝါဒ နှစ်ပါးတို့သည်။
အတ္တတော။အတ္တာပတ္တိအားဖြင့်။ဝါ။ သဘောအားဖြင့်။ ဥဘယ
ပဋိဗာဟကာ။ ကံဝိပါက်နှစ်ပါးစုံတို့ကိုပင် တားမြစ်သည် မည်
ကုန်သည်။ ဟောန္တိ။ဖြစ်ကုန်၏။ ။ဤကားယောဇနာ။ ။
ရာဇဂြိုဟ်ပြည်ကြီး၌ပုရာဏကဿပ။ မက္ခလိဂေါသာလ။ကေသ
ကမ္ဗလ အဇိတ။ ကစ္စာယန ပကုဓ။ နိဂဏ္ဌ နာဋပုတ္တ။ ဗေလဋ္ဌ
သိဉ္စယ။ဤဆရာကြီးခြောက်ပါးတို့သည် ကိုလေသာ ကုန်ပြီဟု
ဝန်ခံ၍ ထင်ရှားစွာဖြစ်ကုန်၏။ ထိုခြောက်ပါးတို့တွင်။ ပုရာဏ
ကဿပသည်။အကတ္တရိယဝါဒရှိ၏။ မက္ခလိဂေါသာလသည်။ အ
ဟောသိကံဝါဒရှိ၏။မဟာကပ် ရှစ်သန်းလေးသိန်းကြာလျှင်။ လူ
မိုက် လူလိမ္မာ သတ္တဝါဟူသမျှ ဆင်းရဲ၏အဆုံး နိဗ္ဗာန်သို့ရောက်
တော့သည် ဟူ၍လည်း အယူရှိ၏။ လူဆံပင် ကမ္ဗလာကို ဝတ်
သော။ကေသကမ္ဗလ အဇိတသည် နတ္ထိကဝါဒရှိ၏။ကဏ္ဍည်းမျိုး
ဖြစ်သော ကစ္စာယနပကုဓသည်။ပထဝီကာယ။အာပေါကာယ။
တေဇောကာယ။ ဝါယောကာယ။ သုခ။ ဒုက္ခ။ဇီဝ။ ဤကာယ
ခုနစ်ပါးတို့ကို ခုတ်ဖြတ် ပုတ်ခတ်အပ်သော်လည်း။ ထိုကာယတို့
၏အကြားသို့သာ ဓါးလက်နက် ဒုတ်လှံ ဒါဏ်သွားသည် ဖြစ်၍
တစုံတခုမျှ ပျက်စီးခြင်းမည်သည်မရှိ။အမြဲပင်တည်၏ဟု သဿ
တဝါဒရှိ၏။ရေအေး၌အသက်ရှိ၏ဟု အယူဖြစ်၍ ရေအေးကို မ
သုံးဆောင်။ရေးပူပအနွေးရေတို့ကိုသာ သုံးဆောင်၏။ မြစ်ခင်းရေ
တို့ကို ကျော်လွှန်မိလျှင် သီလပျက်ချေပြီဟု အယူဖြစ်၍လည်း။
ထိုမြစ်ခရီးဦး၌ သဲကိုပုံ၍ ဒါဏ်ပြုပြီးလျှင် သီလတည်ပြီဟု ထင်
မှတ်၍သွားခြင်းဓလေ့လည်းရှိ၏။ နိဂဏ္ဌနာဋပုတ္တသည်။ စတု

ယာမသံဝရလေးပါး ကိုလည်း စောင့်ရှောက်၍ အမရာဝိက္ခေပဝါဒရှိ၏၊ ။စာတုယာမသံဝရလေးပါးဟူရာ၌၊ သဗ္ဗဝါရိဝါရိတသံဝရ၊ သဗ္ဗဝါရိယုတ္တသံဝရ၊ သဗ္ဗဝါရိဓုတသံဝရ၊ သဗ္ဗဝါရိဖုဋ္ဌသံဝရ၊ ဤသို့လေးပါးပြား၏၊ ထိုလေးပါးတို့တွင်၊ အလုံးစုံသော ရေအေး၌ အသက်သည်ရှိ၏ဟု အယူဖြစ်၍သုံးဆောင်ခြင်းငှါမသင့်ဟု စောင့်ရှောက်ခြင်းသည်၊ သဗ္ဗဝါရိဝါရိတသံဝရမည်၏၊ အလုံးစုံသော မကောင်းမှုကို မြစ်ခြင်းနှင့် ယှဉ်သော စောင့်ရှောက်ခြင်းသည်၊ သဗ္ဗဝါရိယုတ္တ သံဝရမည်၏။ အလုံးစုံသော မကောင်းမှုကို မြစ်သော အားဖြင့် ခါထွက်သော စောင့်ရှောက်ခြင်းသည်၊ သဗ္ဗဝါရိဓုတသံဝရမည်၏၊ ကံကုန်ခြင်းလက္ခဏာရှိသော အလုံးစုံသော မကောင်းမှုကို မြစ်သော အားဖြင့်၊ ရောနှံ၍တည်သော စောင့်ရှောက်ခြင်းသည်၊ သဗ္ဗဝါရိဖုဋ္ဌ သံဝရမည်၏၊ ။ဤဒိဋ္ဌိ၌ သာသနာတော်နှင့် လျော်သော စိုးစဉ်းသောအယူဝါဒလည်းရှိ၏၊ ရှိသော်လည်း၊ မိစ္ဆာဝါဒနှင့် ရောရှက်၍ ဖြစ်ခြင်းကြောင့် မိစ္ဆာအယူပင် ဖြစ်၏ဟု သီလက္ခန်အဋ္ဌကထာ၌ဆို၏၊ ။ဗေလဋ္ဌသိဉ္စယာသည်၊ အမရာဝိက္ခေပဝါဒရှိ၏၊ ။ ဤသို့ဒိဋ္ဌိဆရာကြီးခြောက်ယောက်တို့၏ အယူဝါဒကိုလည်း မှတ်လေ၊ ။မဟာသာဝဇ္ဇကာ၊ မဟာသာဝဇ္ဇတရကံဟူ၍ လည်း နှစ်ပါးပြား၏၊ ထိုနှစ်ပါးတို့တွင်၊ ပဉ္စာနန္တရိက ကံငါးပါးသည်၊ မဟာသာဝဇ္ဇကံ မည်၏၊ ထိုငါးပါး တို့တွင် သံဃဘေဒကကံသည်၊ အာယုကပ်တကပ်မျှ အဝီစိငရဲ၌ကျက်၏၊ ထိုထက် လွန်၍ မကျက်၊ ကြွင်းကံလေးပါးတို့ကား၊ အာယုကပ်အောက်ဆုတ်၍ အသုတ်အားဖြင့် အနှစ်ခြောက်သောင်းပတ်လုံး၊ လောဟကုမ္ဘီ အဝီစိငရဲ နှစ်ရပ်တွင်၊ တရပ်ရပ်၌ ယထာရဟကျက်၏၊ အစ္စယဒေသနာ ရှိသောသူသည်၊ လောဟကုမ္ဘီငရဲ၌ ခံရ၏၊ ထိုဒေသနာ မရှိသော သူကား အဝီစိငရဲ၌သာ ခံရ၏။ မိမိအပြစ်ကို ကြား၍ ကန်တော့ခြင်းကို အစ္စယဒေသနာ ဟူသည်၊ အဇာတသတ်မင်းကဲ့သို့မှတ်၊ ထိုမင်းသည်၊ အစ္စယဒေသနာရှိ၍ အဝီစိ

ရေသို့မရောက်။ လောဟကုမ္ဘီငရဲ၌သော အနှစ် ခြောက်သောင်း ခံရလတ္တံ့။ ။နိယတမိစ္ဆာဒိဋ္ဌိသည် ပဉ္စာနန္တရိယ ကံငါးပါး တို့ထက် အပြစ် ကြီးသောကြောင့် မဟာ သာဝဇ္ဇတရ မည်၏။ အဝီစိငရဲ၌ တကမ္ဘာ ပတ်လုံး ကျက်၍ ကံ့ကမ္ဘာ ပျက်သော အခါ ဝိဝိစကြာဝဠာ၌ ကျက်ပြန်၏။ ထိုစကြာဝဠာပင် ပျက်ပြန်သည် ရှိသော်၊ တခုသော ကောင်းကင်လောကန္တရိက်ငရဲရပ်၌ ကျက် ပြန်လေ၏၊ ဝဋ္ဋမူလဝဋ္ဋသံပုဒ်ဖြစ်၍ ယေဘုယျအားဖြင့်၊ ဘဝမှ ထနိုင်မည်ခဲ၏၊ ထို့ကြောင့် အကလျာဏ ဒုမိတ္တပုဂ္ဂိုလ်ကို ဝေး လံစွာကြဉ်ရှောင်ပယ်ရှားအပ်တော့သည်။ စတ္တာရိဟိ အနန္တရိယ ကမ္မာနိ၊ နိရိယေ နိပ္ပစ္စာပေန္တိ ဂစ္ဆာနိ။ သံဃဘေဒကမ္မံပိ နိရ ယေ ကပ္ပဋ္ဌိတိကမေဝ ဟောတိ၊ ဝေမတော သံပရိဿေ ဒေါသဇ္ဇ။ ကောဋ္ဌိပညာယတိ၊ နိယတမိစ္ဆာဒိဋ္ဌိယာ ပနပရိဿေ ဒေါ နတ္ထိ၊ ။ ကပ္ပဝိနာသေ မဟာဇနေ ဗြဟ္မလောကေ နိပ္ပဇ္ဇေပိ။ နိယတမိစ္ဆာ ဒိဋ္ဌိကော တတ္ထ အနိပ္ပဇ္ဇိတွာ ပိဋ္ဌိ စက္ကဝါဠေ နိပ္ပဇ္ဇတိ။ ကိံ ပန ပိဋ္ဌိစက္ကဝါဠံ နဈာယတီတိ။ ဈာယတိ။ တသ္မိံ ဟိ ဈာယမာနေပိ ဧသ အာကာသေ၊ ဧကသ္မိံ ဩကာသေ ပစ္စတိ ယေဝါတိ ဝဒန္တိ။ ။ ဧကော အင်္ဂုတ္တရအဋ္ဌကထာပါဠ်လာသည်ကိုရှု၍ရင်း၊ လောဟကုမ္ဘိ ယံ နိပ္ပတ္တိတွာ တိံသဝဿသဟဿာနိ အဓောပတန္တော ပေ ဗြှ မတလံ ပတွာ တိံသဝဿသဟဿာနံ ဥဒ္ဓံ ဂစ္ဆန္တော ပုနပိ ဥပရိမ တလံ၊ ပါ၊ ပုဏ္ဏိတွာ မုစ္စိဿတိ။ ။အနာဂတေ ပန ဗိင်ဲ တာဝိနာမ ပစ္စေကဗုဒ္ဓေါ ဟုတွာ ပရိနိဗ္ဗာယိဿတီတိ ဇာတကဓမ္မပဒါဠကထာဂါ။ ။ သိသကဗ္ဘန်အဋ္ဌကထာပါဠ်လာသည်ကိုရှု၍ရင်းသိလေ။ ။ဟိ မှန်၏။ စတ္တာရိ၊ လေးပါးကုန်သော၊ အနန္တရိယကမ္မာနိ၊ အနန္တရိ ယကံတို့သည်၊ နိရိယေ၊ ငရဲနှစ်ရပ်၌၊ နိပ္ပစ္စာပေန္တိ၊ ဖြစ်စေကုန် ၏။ ဇာတိ၊ ဤသို့သောမည်အားဖြင့်သာလျှင်၊ ဂစ္ဆာနိ၊ ဟောတော် မူအပ်ကုန်၏၊ သံဃဘေဒကမ္မံပိ၊ သံဃဘေဒကံသည်လည်း၊ နိရိ ယေ၊ ငရဲ၌၊ ကပ္ပဋ္ဌိတိကမေဝ၊ အာယုကပ်ပတ်လုံး တည်ခြင်း သာလျှင်၊ ဟောတိ၊ ၏၊ ဝေ၊ ဤသို့၊ ဝေတော သံ၊ ထိုငါးပါးတို့၏၊

ပရိစ္ဆေဒေါ၊ အပိုင်းအခြားသည်၊ အတ္ထိ၊ ရှိ၏၊ ကောနု၊ အဆုံး
သည်၊ ပညာယတိ၊ ထင်၏၊ နိယတမိစ္ဆာဒိဋ္ဌိယောပန၊ နိယတ
မိစ္ဆာဒိဋ္ဌိ သည်ကား၊ ပရိစ္ဆေဒေါ၊ ကပ်ကာလ အပိုင်း အခြား
သည်၊ နတ္ထိ၊ မရှိ၊ ။ ကပ္ပဝိနာသေ၊ ကမ္ဘာပျက်သော် အခါ၌၊
မဟာဇနေ၊ သတ္တဝါ အပေါင်းသည်၊ ဗြဟ္မလောကေ၊ ဗြဟ္မာ
ပြည်၌၊ နိဗ္ဗတ္တေပိ၊ ဖြစ်သော်လည်း၊ နိယတမိစ္ဆာဒိဋ္ဌိကော၊ နိယတ
မိစ္ဆာဒိဋ္ဌိသည်၊ တတ္ထ၊ ထိုဗြဟ္မာ့ဘုံ၌၊ အနိဗ္ဗတ္တေတွာ၊ မဖြစ်မူ၍၊
ပိဋ္ဌိစက္ကဝါဠေ၊ မီးရေလေဆုံသောစကြဝဠာ၌၊ နိဗ္ဗတ္တတိ၊ ဖြစ်ရ
လေ၏၊ ပိဋ္ဌိစက္ကဝါဠံ၊ အဆုံးစကြဝဠာသည်၊ နဈ္ဈာယတိကိံပန၊
မပျက်သလော၊ ဈာတိ၊ အကယ်၍မေးငြားအံ့၊ ဈာယတိ၊ ပျက်၏၊
ဟိ၊ အကျယ်ကား၊ တသ္မိံ၊ ထိုစကြဝဠာသည်၊ ဈာယမာနေပိ၊
ပျက်သော်လည်း၊ ဧသော၊ ဤဒိဋ္ဌိသည်၊ အာကာသေ၊ ကောင်းကင်၌၊
ဧကသ္မိံ၊ တခုသော၊ ဩကာသေ၊ လောကန္တရက်ငရဲ၌၊ ပစ္စတိ
ယေဝ၊ ကျက်သည်သာလျှင်တည်း၊ ဣတိ၊ ဤသို့၊ ဝဒန္တိ၊ ဆိုကုန်
၏၊ ။ ဤကားရှေးအဋ္ဌကထာပါဠ်အနက်၊ ။ အယံရာဇာ၊
ဤဇာတသတ်မင်းသည်၊ လောဟကုမ္ဘိယံ၊ လောဟကုမ္ဘီငရဲ၌၊
နိဗ္ဗတ္တိတွာ၊ ဖြစ်၍၊ တိံသဝဿသဟဿာနိ၊ အနှစ်သုံးသောင်း
တို့ပတ်လုံး၊ အဓော၊ အောက်သို့၊ ပတန္တော၊ ကျ၍၊ ဟေဋ္ဌိမတလံ၊
အောက်အပြင်သို့၊ ပတွာ၊ ရောက်၍၊ တိံသဝဿသဟဿာနိ၊
အနှစ်သုံးသောင်းတို့ပတ်လုံး၊ ဥဒ္ဓံ၊ အထက်သို့၊ ဂစ္ဆန္တော၊ လာ
၍၊ ပုနပိ၊ တဖန်လည်း၊ ဥပရိမတလံ၊ အထက်အပြင်သို့၊ ပါပု
ဏိတွာ၊ ရောက်၍၊ မုစ္စိဿတိ၊ လွတ်ရလတ္တံ့၊ ။ အနာဂတေ
ပန၊ နောက်အခါ၌ကား၊ ဇိဝိတာဝိနာမ၊ ဇိဝိတာဝီအမည်ရှိသော၊
ပစ္စေကဗုဒ္ဓေါ၊ ပစ္စေကဗုဒ္ဓါသည်၊ ဟုတွာ၊ ဖြစ်၍၊ ပရိနိဗ္ဗာ
ယိဿတိ၊ ပရိနိဗ္ဗာန်စံလတ္တံ့၊ ဣတိဣဒံ၊ ဤစကားကို၊ ဘဂဝါ၊
မြတ်စွာဘုရားသည်၊ အဝေါစ၊ ဟောတော်မူ၏၊ ။ ဤကား
နောက်အဋ္ဌကထာပါဠ်အနက်၊ ။ ဤအဇာတသတ်မင်းသည်၊
ဒုဿီလဒုမ္မိတ္တဖြစ်သော အဆွေခင်ပွန်းယုတ် ရှင်ဒေဝဒတ်ကို မှီ၍

ဘုရားကိုလည်း ဖြစ်မှား၏၊ ခမည်းတော်ဗိမ္ဗိသာရ မင်းကြီးကို
လည်းသတ်၏၊မိမိ၏စရိုက်ကိုမှီ၍ မိမိသားဥဒယဘဒ်သည်လည်း
မိမိကိုပင်သတ်၏၊ ဥဒယဘဒ်သား မဟာမုဏ္ဍိကသည်သည်း၊
ဥဒယဘဒ်ကိုပင် သတ်၏၊ မဟာ မုဏ္ဍိကသား အနုရုဒ္ဓါသည်
လည်း၊ မဟာ အမုဏ္ဍိကကို သတ်၏၊ အနုရုဒ္ဓါ၏သား နာဂဒါ
သည်၊ အနုရုဒ္ဓါကိုသတ်၏၊ ဤသို့မင်းငါးဆက် တိုင်တိုင်၊ အဘ
သတ်ဖြစ်ကြခြင်းသည်။ ရှင်ဒေဝဒတ်၏ အမြွေယဒလျှင် အမွန်ရှိ
၏၊ ။တသ္မာအကလျာဏဇနံ၊ အာသိဝိသမိဝေါရဂံ၊ အာရ
ကာပရိဝဇ္ဇေယျ၊ ဘူတိကာမောဝိစက္ခဏော။ ။ဤကားအနု
သာသနဂါထာ၊မဉ္ဇူမပဏ္ဏာသအဋ္ဌကထာစသည်၌လာ၏၊ ။
တသ္မာ၊ ထိုသို့အဆွေခင်းပွန်းယုတ်ကို မှီဝဲဆည်းကပ်ခြင်း၌၊အ
ကျိုးစီးပွါးမရှိခြင်းကြောင့်၊ အာသိဝိသံ၊ လျှင်သော အဆိပ်ရှိ
သော၊ဥရဂံ၊မြွေကို၊ အာရကာ၊ဝေးစွာ၊ ပရိဝဇ္ဇေယျဣဝ၊ ကြဉ်
ရှောင်၏သို့၊ ဘူတိကာမော၊ ချမ်းသာကိုအလိုရှိသော၊ ဝိစက္ခ
ဏော၊ပညာရှိသည်၊အကလျာဏဇနံ၊ အဆွေခင်ပွန်းယုတ်ကို၊
အာရကာ၊ဝေးစွာ၊ပရိဝဇ္ဇေယျ၊ကြဉ်ရှောင်လော၊ ။ဤကား
ယောဇနာ၊ ။အနုရုဒ္ဓိယကင်ငါးပါး ခြောက်ပါးတို့တွင်၊သံဃာ
ဘေဒကကံကိုဝစီကံ၊ လောဟိတုပ္ပါဒကကံကို ကာယကံဟူ၍
မှတ်၊ ကြွင်းကံသုံးပါးတို့သည်ရင်း၊ ဒိဋ္ဌိကံတို့သည်ရင်း၊နုစရိုက်
ကံဆယ်ပါး၌ ထင်ရှား၏၊ ။ဧကံကပ္ပံအသီတိဘာဂေဂႏ္တွာ
တဒေတာဧကောဘာဂမတ္တံ ကာလံတိဋ္ဌေယျ၊ တံအာယုကပ္ပံ သန္ဓာ
ယာဝုတ္တံ၊ ။ကထာဝတ္ထုအဋ္ဌကထာ လာသည်ကိုရှု၍၊ သံဃာ
ဘေဒကကံ၌ အာယုကပ်ကိုမှတ်၊ ။ဧကံ၊ တခုသော၊ ကပ္ပံ၊
မဟာကပ်ကို၊ အသီတိ ဘာဂေ၊ အစိပ် ရှစ်ဆယ် အစု တို့ကို၊
ကတွာ၊ပြု၍၊ တတော၊ ထိုအစုမှ၊ဧကောဘာဂမတ္တံ၊ တစုဒေတိုင်း
အရှည်ရှိသော၊ ကာလံ၊ကာလပတ်လုံး၊ တိဋ္ဌေယျ၊ တည်ရာ၏၊
တံအာယုကပ္ပံ၊ထိုအာယုကပ်ကို၊သန္ဓာယ၊ရည်၍၊ ဝုတ္တံ၊ဟော
တော်မူအပ်၏၊ ။ဤကားယောဇနာ၊ ။ဗုဒ္ဓဝါအဋ္ဌကထာ၌

လည်း။ကပ္ပန္တို့။အာယုကပ္ပံဟုဘွင့်၏။ ။ဤအာယုကပ်ဟူရာ၌ အဝိစိငရဲသတ္တဝါတို့၏ အန္တရကပ် အတိုင်းအရှည်ရှိသော အာယုကပ်ကိုသိအပ်၏။ ။အာယုကပ္ပေါ်စေတ္တ အဝိစိယံ နိပ္ပတ္တ သတ္တာနံ အန္တရကပ္ပပရိမာဏံ ပရမာယုဝေဒိတဗ္ဗံ။တံဟိသန္ဓာယဇကေကပ္ပံ။ အသိတိဘာဂေကတွာ။ တံတောဇကောဘာဂမတ္တံ ကာလန္တိဝုတ္တံ။ ။အနုဋိကာ လာသည်ကိုရှု၍သိလေ။ ။စ။ အယူးကား။ ဧတ္တ။ ဤသံယာဘောဒကကံ၏ ငရဲသက်၌။ အာယုကပ္ပေါ။အာယုကပ်သည်။အဝိစိယံ။အဝိစိ၌။ နိဗ္ဗတ္တသတ္တာနံ။ ဖြစ်ကုန်သော ငရဲသူ သတ္တဝါတို့၏။ အန္တရကပ္ပပရိမာဏာနံ။အန္တရကပ်အတိုင်းအရှည်ရှိသော။ပရမာယု။အသက်အပိုင်းအခြားကို။ ဝေဒိတဗ္ဗံ။သိအပ်၏။ ဟိ။မှန်၏။တံ။ ယိုအန္တရကပ်အတိုင်း အရှည်ကို။သန္ဓာယ။ရည်၍ ဇကေကပ္ပံ။လ။ကာလန္တိ။ဟူ၍။ ဝါ၊ဟူသောစကားကို။ဝုတ္တံ။မိန့်အပ်၏။ ။ဤကားယောဇနာ။ ။ မနုဿဘူတဿေဝ။မနုဿဘူတံ မာတရံပိတရံဝါ အပရိဝတ္တလိင်္ဂံ။ဇီဝိတာဝေါရောပေန္တဿ၊ ကမ္မံအနန္တရိယံဟောတိ။ ။ ဝိဘင်းအဋ္ဌကထာပါဠ်၌။ လူဇာတ်ရှိသောသားသည်။ လူဇာတ်ရှိသောလိင်မပြန်သော မိဘကိုသတ်မိသော်။ အနန္တရိယကံ ထိုက်သည်ကိုပြသည်။ ။မနုဿဘူတဿေဝ။ လူဖြစ်၍ ဖြစ်သောသားသည်။မနုဿဘူတံ။လူဖြစ်၍ဖြစ်သော။ အပရိဝတ္တလိင်္ဂံ။ မပြန်သော လိင်ရှိသော။ မာတရံဝါ။အမိကိုရင်း။ပိတရံဝါ။အဘကိုရင်း။ဇီဝိတာ။ဇီဝိတိန္ဒြေမှ။ဝေါရောပေန္တဿ။ ချမိသည်ရှိလေသော်။ အနန္တရိယံ။ ဝုတ်အခြားမဲ့ငရဲသားခြင်းမြဲသော။ ကမ္မံ။ကံသည်။ ဟောတိ။ဖြစ်၏။ ။ဤကားယောဇနာ။ ။ဤပါဠ်တွင် အပရိဝတ္တလိင်္ဂ ဟူသည်၌ အမိသည် လိင်ပြန်၍ ယောကျ်ား အဖြစ်သို့ရောက်၍ သတ်မိအံ့။ ထိုကံကိုမာတုဃာတက ကံဟူ၍ မဆိုအပ်။ ပိတုဃာတက ကံဟူ၍သာလျှင် ခေါ်ဝေါ် အပ်၏။ အဘ အရာ၌လည်းနည်းတူ။လိင်ပြန်ခြင်းနှင့်မရောမယှက် သက်သက် သော မိဘကိုသတ်သော်သာလျှင် သက်သက်သော မာတုဃာ

တကေကံ။ပိတုဃာတကကံဟုဆိုအပ်၏။ ။အရဟန္တဃာတကံ၌လည်း။ ဤနည်းကိုမှီ၍ ယထာရဟ မှတ်။ ။ဝဏ္ဏုရူပအနန္တရိယကံ။ ဝဏ္ဏုံအရူပအနန္တရိယကံဟူ၍ နှစ်ပါးပြားဟန်ကိုလည်းသိလေ။ ။ကုသိုလ်အရာ၌ကား ပုထုဇဉ်အခိုက် ပေးလှူအပ်သော ဒါနစေတနာသည်။ ဒါနဝတ္ထုကိုအာရုံပြု၍ စွန့်လှူကာမျှသာ ဖြစ်၏။ ထိုပုဂ္ဂိုလ်အား သာလျှင်လည်း စွန့်၏ လှူ၏။ ပုဂ္ဂိုလ်ဘပါးကိုမလှူ။ ထိုကြောင့်အကြင်ပုဂ္ဂိုလ်အား စွန့်လှူလျှင် ထိုပုဂ္ဂိုလ်အားသာ စွန့်လှူသည် မည်၏၊ ထိုဝတ္ထုကို ရဟန္တာဖြစ်မှ လှူငြားသော်လည်း ရဟန္တာအား စွန့်လှူသည်မမည်။ အကုသိုလ်အရာ၌ကဲ့သို့ မဟုတ်။ အကုသိုလ်အရာ၌ကား ဝဓကစေတနာသည်။ မိဘနှစ်ပါးတို့၏လိင်ပြန်သော အခိုက်အတန့်။ မပြန်သော အခိုက် အဘန့် နှစ်ပါးစုံ၌ပင် ပစ္စုပ္ပန် ဖြစ်သော ဇီဝိတိန္ဒြေပဗန္ဓ၏မပြတ်ဖြစ်ခြင်းကြောင့်။ ထိုဇီဝိတိန္ဒြေကိုအာရုံပြု၍ သတ်သည်၏ အဖွမ်းဖြင့်။ ဝဏ္ဏုအရူပအနန္တရိယကံဖြစ်၏။ ဤသို့သော အဓိပ္ပါယ်ကိုမှတ်။ ။လိင်္ဂေ ပရိဝတ္တေပိ သောဧဝ။ ဧကကမ္မ နိပ္ဖတ္တိတော ဘဝင်္ဂပ္ပ ဗန္ဓော ဇီဝိတိန္ဒြိယ ပဗန္ဓောစ နာဉာတိအာဟ။ အပရိဝတ္တလိင်္ဂံ။ ။ယင်း၏ဋီကာဖွင့်အပ်သည်ကိုရှု၍ငင်း။ ။ယံပန ပုထုဇ္ဇနကာလေဒိန္နံဒါနံ အရဟတ္တံ ပတ္တာပရိဘုဉ္ဇတိ။ ပုထုဇ္ဇနဿေဝ တံဒိန္နံ ဟောတိ။ ။ယင်း၏အဋ္ဌကထာ လာသည်ကို ရှု၍ငင်း။ ။ပုထုဇ္ဇနဿေဝ တံဒိန္နံ ဟောတီတိ ကသ္မာယထာ ဝဓကစိတ္တံ ပစ္စုပ္ပန္နာရမ္မဏံပိ ဇီဝိတိန္ဒြိယံ ပဗန္ဓဝိစ္ဆေဒနဝသေန အာရမ္မဏံကတွာ ပဝတ္တတိ။ နစေ စာဂစေတနာ။ သာဟိစ ဇီဝိတမ္ပိ အာရမ္မဏံ ကတွာ၊ စဇနပဝတ္တမာဝ ဟောတိ။ အညသက ကရဏဋ္ဌ တဿစဇနံ၊ ယသ္မာယဿ တံသကံ သတံတဿေဝဒိန္နံ ဟောတီတိ။ ။ယင်း၏ဋီကာဖွင့်အပ်သည်ကိုရှု၍သိလေ။ ။လိင်္ဂေ။လိင်သည်။ ပရိဝတ္တေ။ပြန်သော်လည်း။ သောဧဝ။ ထိုလိင်ပြန်သောသူသည်လျှင်။ ဧကကမ္မနိပ္ဖတ္တိတော။တခုသောကံဖြင့်ဖြစ်သော။ ဘဝင်္ဂပ္ပဗန္ဓော။ဘဝင်

အစရှိသည်လည်း။ဟောတိ။၏။ဇီဝိတိန္ဒြိယပဗန္ဓောစ။ဇီဝိတိန္ဒြေ
အစဉ်ရှိသည်လည်း။ဟောတိ။၏။ အညော၊ ဘဝင်ဇီဝိတိန္ဒြေ တ
ပါးရှိသည်။နု။မဟုတ်။ဣတိ။ထိုကြောင့်။ အပ္ပရိဝတ္တလိင်္ဂနှင့်။ အ
ပ္ပရိဝတ္တလိင်္ဂဟူသည်ကို။အာဟ။မိန့်ပြီ။ ။ရှေးပါဠိအနက်။ ။
ပုထုဇ္ဇနကာလေ။ ပုထုဇ္ဇနကာလ၌။ ဒိန္နံ။ ပေးလှူအပ်သော။ ယံ
ဒါနံ။ အကြင် ဒါနကို။ အရဟတ္တံ။ ရဟန္တာအဖြစ်သို့။ ပတွာ။
ရောက်၍။ ပရိဘုဥ္ဇတိ။ ဘုဉ်းပေးအံ့။ တံ။ ထိုဒါနသည်။ ပုထုဇ္ဇ
နဿေဝ။ပုထုဇဉ်အားသာလျှင်။ ဒိန္နံ။ပေးလှူအပ်သည်မည်သည်။
ဟောတိ။၏။ ။ဒုတိယပါဠိအနက်။ ။ဝဓကစိတ္တံ။ သေစေ
လိုသော စိတ်သည်။ ပစ္စုပ္ပန္နာရမ္မဏံပိ။ ပစ္စုပ္ပန် အာရုံ ရှိသော်
လည်း။ဇီဝိတိန္ဒြိယံ။ဇီဝိတိန္ဒြေကို။ ပဗန္ဓဝိစ္ဆေဒနဝသေန။ အစဉ်
ကိုဖြတ်သည်၏အစွမ်းဖြင့်။ အာရမ္မဏံ၊ အာရုံကို၊ ကတွာ။ပြု၍။
ပဝတ္တတိယထာ။ ဖြစ်၏သို့။ ပုထုဇ္ဇနဿေဝတံဒိန္နံ ဟောတီတိ။
ပုထုဇ္ဇနဿေဝတံဒိန္နံ ဟောတိ ဟူသော ဤပါဠိ၌။ ကသ္မာ။ အ
ဘယ်ကြောင့်။ စာဂစေတနာ။ စွန့်လှူကြောင်း စေတနာသည်။
နဟောန္တိ။ မဖြစ်သနည်း။ ဣတိ။ ဤသို့မေးငြားအံ့။ သာ။ထိုစေ
တနာသည်။စဇိတဗ္ဗံ။ စွန့်အပ်သောဝတ္ထုကို။ အာရမ္မဏံ။အာရုံ
ကို။ကတွာ။ပြု၍။စဇနမတ္တမေဝ။စွန့်လှူခြင်းမျှသာလျှင်။ ဟောတိ။
ဖြစ်၏။အညသကကရဏဋ္ဌ။ အလှူခံပုဂ္ဂိုလ်၏ ဥစ္စာ၏အဖြစ်ကို
ပြုခြင်းသည်။ တဿ။ ထိုဝတ္ထုကို။ စဇနံ။ စွန့်လှူခြင်းတည်း။
တသ္မာ။ထိုကြောင့်။ယဿ။ အကြင်ပုထုဇဉ်အား။ တံသကံ။ ထို
မိမိဥစ္စာကို။သတံ။စွန့်လှူအပ်၏။တဿေဝ။ ထိုပုထုဇဉ်အားသာ
လျှင်။ ဒိန္နံ။ စွန့်လှူအပ်သည်မည်သည်။ ဟောတိ။၏။ ဣတိ။ဤသို့။
ဒဋ္ဌဗ္ဗံ။ဖြုတ္တုမရှင်းမှတ်လေမင်း။ ။တတိယပါဠိအနက်။ ။
ဤကား ပဋ္ဌာနနှင့်ရိယကင်္ဂါးပါး ခြောက်ပါးတို့၌မှတ်ဘွယ်။ ။
သဿတော လောကောတိဝါ။ အသဿတော လောကောတိ
ဝါ အန္တဝါလောကောတိဝါ။အနန္တဝါလောကောတိဝါ။တံဇီဝံ
တံသရီရန္တိဝါ အညံဇီဝံ၊ အညံသရီရန္တိဝါဟောတိ။ တထာဂ

တော ပရမ္မရဏာတိဝါ နဟောတိ တထာဂတော ပရမ္မရဏာ
တိဝါ။ ဟောတိ စနဝ ဟောတိ တထာဂတော ပရမ္မရဏာတိ
ဝါ။ နေဝဟောတိ နဟောတိ တထာ ဂတော ပရမ္မရဏာတိ
ဝါ။အယံဒသဝတ္ထုကာ အန္တဂ္ဂါဟိကာဒိဋ္ဌိ။ ။ဒသကဝိဘင်း
ပါဠိတော်။ အန္တဂ္ဂါဟိကာဒိဋ္ဌိ၏။ဝတ္ထုဆယ်ပါးသရုပ်ကို ပြတော်
မူသည်။ ။လောကော။လောကသည်။သဿတော။ မြဲ၏။ဣတိ
ဝါ။ဤသို့ရှင်း။လောကော။သည်။ အသဿတော။မမြဲ။ ဣတိဝါ။
ရှင်း။လောကော။သည်။အန္တဝါ။အဆုံးရှိ၏။ဣတိဝါ။ရှင်း။ လော
ကော။သည်။ အနန္တဝါ။အဆုံးမရှိ။ ဣတိဝါ။ရှင်း။ တံဇီဝံ။ထိုအ
သက်သည်။ တံသရီယံ။ ထိုကိုယ်ပင်တည်း။ ဣတိဝါ။ရှင်း။ ဇီဝံ။
အသက်သည်။အညံ။တပါး။ သရီယံ။ကိုယ်သည်။ အညံ။တပါး။
ဣတိဝါ။ရှင်း။တထာဂတော။ သတ္တဝါသည်။ ပရမ္မရဏာ။ သေ
သည်၏ အခြားမဲ့၌။ ဟောတိ။ ဖြစ်၏။ ဣတိဝါ။ ရှင်း။ တထာဂ
တော။သည်။ပရမ္မရဏာ။၌။နဟောတိ။မဖြစ်။ ဣတိဝါ။ရှင်း။ တ
ထာဂတော။သည်။ ပရမ္မရဏာ။၌။ ဟောတိ။ဖြစ်၏။ နေဝဟော
တိ။မဖြစ်။ဣတိဝါ။ရှင်း။ တထာဂတော။သည်။ ပရမ္မရဏာ။၌။
နေဝဟောတိ။မဖြစ်။နဟောတိ။ မဖြစ်သည်ကား။န။မဟုတ်။ ဣ
တိဝါ။ရှင်း။အယံ။ဤသည်ကား။ဒသဝတ္ထုကာ။ ဆယ်ပါးအပြား
ရှိသော။ အန္တဂ္ဂါဟိကာ။ အန္တဂ္ဂါဟိက မည်သော။ ဒိဋ္ဌိ။ ဒိဋ္ဌိ
တည်း။ ။ဤကားယောဇနာ။ ။ရူပံအတ္တတောသမနုပဿ
တိ ရူပဝန္တံဝါအတ္တာနံ။အတ္တနိဝါရူပံ။ ရူပသ္မိံဝါအတ္တာနံ။ ဝေ
ဒနံသညံ။သင်္ခါရေဝိညာဏံ။ အတ္တတောသမနုပဿတိ။ ဝိညာ
ဏဝန္တံဝါအတ္တာနံ။အတ္တနိဝါဝိညာဏံ။ ဝိညာဏသ္မိံဝါအတ္တာ
နံ။ ။ဝိဘင်းပါဠိတော်။ သက္ကာယဒိဋ္ဌိ၏ဝတ္ထုနှစ်ဆယ်ကို ပြ
တော်မူသည်။ ။ရူပံ။ရူပက္ခန္ဓာကို။အတ္တတော။အတ္တအားဖြင့်။
ဝါ။ကိုယ်ဟူ၍။ သမနုပဿတိ။ ရှုမြင်၏။ ရူပဝန္တံ။ ရုပ်ရှိသော။
အတ္တာနံဝါ။ကိုယ်ကိုမူလည်း။ အတ္တတော။ ကိုယ်အားဖြင့်။ဝါ။
ဟူ၍။သမနုပဿတိ။၏။အတ္တနိ။ကိုယ်၌။ ရူပံဝါ။ရုပ်ကိုမူလည်း။

အတ္တာ့တော၊ဖြင့်၊ဝါ၊ဟူ၍၊သမနုပဿတိ၊၏၊ရူပဝန္တံ၊ရုပ်၌၊အတ္တာ
နံ၊ဝါ၊ကိုယ်ကိုမူလည်း၊အတ္တတော၊ဖြင့်၊ဝါ၊ဟူ၍၊ သမနုပဿတိ၊
၏၊ဝေဒနံ၊ကို၊သညံ၊ကို။ သင်္ခါရေ၊တို့ကို၊ဝိညာဏံ၊ကို၊ အတ္တ
တော၊ဖြင့်၊ ဝါ၊၍၊ သမနုပဿတိ၊ ၏၊ ဝိညာဏဝန္တံ၊ ဝိညာဏ်ရှိ
သော၊ အတ္တာနံဝါ၊ ကိုယ်ကိုငင်း၊ အတ္တနိ၊ကိုယ်၌၊ ဝိညာဏံဝါ၊
ဝိညာဉ်ကိုငင်း၊ ဝိညာဏသ္မိံ၊ ဝိညာဏ်၌၊ အတ္တာနံဝါ၊ကိုယ်ကို
ငင်း၊အတ္တတော၊ ကိုယ်အားဖြင့်၊ ဝါ၊ကိုယ်ဟူ၍၊ သမနုပဿတိ၊
ရှုမြင်၏၊ ။ဤကားယောဇနာ၊ ။ဤပါဠိ၌ ရူပံအတ္တတော
ဟူသောပုဒ်ဖြင့် မီး၏အဆင်းနှင့် မီးလျှံသည် မပြားဟု ယူသကဲ့
သို့၊ရုပ်နှင့်ကိုယ်အတူတူဟု ယူခြင်းကိုပြ၏၊ ရူပဝန္တံဝါ အတ္တာ
နံ ဟူသောပုဒ်ဖြင့် အရိပ်ရှိသော သစ်ပင်ကဲ့သို့ ရုပ်ရှိသောကိုယ်
ကို ကိုယ်ဟုယူခြင်းကိုပြ၏၊ အတ္တနိဝါ ရူပံ ဟူသောပုဒ်ဖြင့်ပန်း
၌ အနံ့ကဲ့သို့ ကိုယ်၌ ရုပ်ကိုကိုယ်ဟု ယူခြင်းကို ပြ၏၊ ရူပသ္မိံ
ဝါ အတ္တာနံ ဟူသော ပုဒ်ဖြင့် ကျုပ်၌ပတ္တမြားကဲ့သို့ ကိုယ်ကို
ရုပ်၌ကိုယ်ဟု ယူခြင်းကိုပြ၏၊ ။ဝေဒနာ စသည်တို့၌လည်း
နည်းတူ ယထာရဟယူ၊ ။နတ္ထိဒိန္နံ၊နတ္ထိယိဋ္ဌံ၊နတ္ထိဟုတံ၊ နတ္ထိ
သုကဋဒုက္ကဋာနံကမ္မာနံဖလံဝိပါကော၊နတ္ထိအယံလောကော၊နတ္ထိ
ပရောလောကော၊ နတ္ထိမာတာ၊ နတ္ထိပိတာ၊ နတ္ထိသတ္တာ၊ဩပပါ
တိကာ၊နတ္ထိလောကေ သမဏဗြာဟ္မဏာ၊ သမဂ္ဂတာ သမာပဋိပ္ပ
န္နာ၊ယေဣမဉ္စလောကံ၊ပရဉ္စလောကံ၊သယံအဘိညာသစ္ဆိကတွာ
ပဝေဒေန္တီတိ အယံ ဒသဝတ္ထုကာ မိစ္ဆာဒိဋ္ဌိ၊ ။ဝိဘင်းပါဠိ
တော် နတ္ထိကဒိဋ္ဌိ၏ ဝတ္ထု ဆယ်ပါးကိုပြတော် မူသည်၊ ။
ဒိန္နံ၊အလှူ၏အကျိုးသည်၊နတ္ထိ၊မရှိ၊ယိဋ္ဌံ၊ယာဇ်ကြီးပူဇော်ခြင်း၏
အကျိုးသည်၊နတ္ထိ၊မရှိ၊ဟုတံ၊အာဟုနဗ္ဗဟုနမင်္ဂလာပြုခြင်း၏ အ
ကျိုးသည်၊နတ္ထိ၊မရှိ၊ သုကဋဒုက္ကဋာနံ၊ ကောင်းစွာ ပြုအပ်-မပြု
အပ်ကုန်သော၊ကမ္မာနံ၊ကုသိုလ်အကုသိုလ်ကံတို့၏၊ဖလံ၊အကျိုး
သည်ငင်း၊ ဝိပါကော၊ ဝိပါက်သည်ငင်း၊ နတ္ထိ၊မရှိ၊ အယံ လော
ကော၊ ဤပစ္စုပ္ပန် လောကသည်၊ နတ္ထိ၊မရှိ၊ အယံ လောကော၊

ဤပစ္စုပ္ပန်လောကသည်၊ နုတ္တိ။မရှိ၊ ပရောလောကော၊တမလွန်
သောကသည်၊ နုတ္တိ။မရှိ၊မာတာ၊ အမိဋ္ဌ ပြုအပ်သော ကျေးဇူး
သည်၊နတ္ထိ။မရှိ၊ ပိတာ၊ အဘဋ္ဌပြုအပ်သောကျေးဇူးသည်၊ နတ္ထိ၊
မရှိ၊ဩပပါတိကာ၊ရမွောဆဲ ပဋိသန္ဓေနေဆဲကုန်သော၊ သတ္တာ၊
သတ္တဝါတို့သည်၊နတ္ထိ၊မရှိကုန်။လောကေ၊လောက၌၊သမဂ္ဂတာ၊
အယူသီလအားဖြင့် ညီညွတ်ကုန်သော၊သမာပဋိပန္နာ၊ ကောင်း
မြတ်သော သီလအကျင့် ရှိကုန်သော၊ သမဏာ ဗြာဟ္မဏာ၊
ရဟန်းပုဏ္ဏားတို့သည်ငှင်း၊ယေဇုန္ဒါ၊အကြင်မြတ်စွာဘုရား တို့
သည်၊ ဣမဥ္စလောကံ၊ ဤပစ္စုပ္ပန် လောကကိုငှင်း၊ ပရဥ္စလောကံ၊
တမလွန် လောကကိုငှင်း၊ သယံ၊ကိုယ်တိုင်၊ အဘိညာယ၊ထူး
သော ဉာဏ်ဖြင့်သိ၍၊ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍၊ ပဝေ
ဒေန္တိ၊ ဟောကြားကုန်၏၊ တေ၊ထိုမြတ်စွာဘုရားတို့ သည်ငှင်း၊
နတ္ထိ၊မရှိကုန်၊ဇာတိအယံ၊ဤသည်ကား၊ဒသဝတ္ထုကာ၊ဌတ္ထုသယ်
ပါးရှိသော၊မိစ္ဆာဒိဋ္ဌိ၊မိစ္ဆာဒိဋ္ဌိတည်း။ ၊ဤကားယောဇနာ၊ ၊
နတ္ထိကဒိဋ္ဌိကို ဒိဋ္ဌိခြောက်ဆဲ နှစ်ပါးတို့တွင်၊ ဥစ္ဆေဒဒိဋ္ဌိ၌သွင်း။
အဟေတုက ဒိဋ္ဌိကို အဒိစ္စသမုပ္ပန္နဒိဋ္ဌိ၌သွင်း၊ အကိရိယဒိဋ္ဌိကို
သဿတဒိဋ္ဌိ၌သွင်း၊ အင်္ဂုတ္တိုရ်ဂါဟိကဒိဋ္ဌိအရာ၌ ပဌမ ဒုတိယ တ
တိယ စတုတ္ထ ဝါဒကိုကား ထင်ရှား၏၊ပဥ္စမ ဆဋ္ဌဝါဒတို့ကို၊
သညီဝါဒဒိဋ္ဌိ စသည်တို့၌သွင်း၊ သတ္တမဝါဒကို သဿတ ဒိဋ္ဌိ၌
သွင်း၊အဋ္ဌမ နဝမ ဝါဒတို့ကို ဥစ္ဆေဒဒိဋ္ဌိ၌သွင်း။ ဒသမ ဝါဒကို
အမရာဝိက္ခေပဒိဋ္ဌိ၌သွင်းဟု ဋီကာသစ်၌ဘွင့်၏၊ ၊သက္ကာယ
ဒိဋ္ဌိကိုကား၊ပုဗ္ဗန္တာနုဒိဋ္ဌိ အပရန္တာနုဒိဋ္ဌိတို့၌ ယထာရဟာသွင်း
သေ၊ ၊တတ္ထယောဒိဋ္ဌိဝိပ္ပလ္လာသော၊ သောအတီတံရူပံ အတ္တ
တော သမနုပဿတိ၊အတီတံဝေဒနံ၊အတီတံသညံ၊ အတီတေ
သင်္ခါရေ၊ အတီတံဝိညာဏံ၊ အတ္တတောသမနုပဿတိ။ တတ္ထ
ယော်တဏှာဝိပ္ပလ္လာသော၊ သောအနာဂတံရူပံ အဘိနန္ဒတိ၊ အ
နာဂတံဝေဒနံ၊အနာဂတံသညံ၊အနာဂတေသင်္ခါရေ၊အနာဂတံ
ဝိညာဏံ အဘိနန္ဒတိ၊ ၊နေတ္တိပါဠိတော် လာသည်ကိုရှု၍

၎င်း။ ။ယောဒိဋ္ဌိဝိပ္ပလ္လာသောတိ။အနိစ္စေနိစ္စံ။အနတ္တနိအတ္တာတိ
ပဝတ္တံဝိပ္ပလ္လာသဒွယံသန္ဓာယာဟ။သော။လ။ အတီတံဝိညာဏံ။
အတ္တတော သမနုပဿတီတိ ဧတေန အဋ္ဌာရသဝိဓောပိပုဗ္ဗန္တာ
နုကပ္ပိကဝါဒေါ။ ဖဿိမာနံ ဒွိန္နံဝိပ္ပလ္လာသာနံ ဝသေနဟောတီတိ
ဒဿေတိ။ ။ဧတေနစတုစတ္တာရီသံဝိဓောပိအပရန္တာနုကပ္ပိက
ဝါဒေါ ယောဘုယျေန ပုရိမာနံ ဒွိန္နံ ဝိပ္ပလ္လာသာနံ ဝသေနဟောတီ
တိဒဿေတိ။ ။နေတ္တိအဋ္ဌကထာလာသည်ကိုရှု၍ရင်း။ ။
ဧတေနာတိယောတတ္ထာဝိပ္ပလ္လာသောတိအာဒိပါဠေန။သောဠသ
သညီဝါဒေါ။ အဋ္ဌသညီဝါဒေါ။ အဋ္ဌနေဝသညီ နာသညီဝါဒေါ။ ပဉ္စ
ပရမ ဒိဋ္ဌဓမ္မ နိဗ္ဗာန ဝါဒေါစ။ယထာဝအတ္တနော အာရောဂတာ
နိဗ္ဗာနပတ္တိယာစ ပရိကပ္ပဝသေန။ သုဘာသုခါကာရ ဂါဟိနော။
နဧဝံသဿတဥစ္ဆေဒဝါဒါတိ အာဟ။ယောဘုယျေနာတိ။ ။
ယင်း၏ဋီကာလာသည်ကိုရှု၍ရင်းသိလေ။ ။တဿ။ထိုဝိပ္ပလ္လာ
သနှစ်ပါးတို့တွင်။ ယောဒိဋ္ဌိဝိပ္ပလ္လာသော။ အကြင် အဝိဇ္ဇာမူလရှိ
သော ဒိဋ္ဌိဝိပ္ပလ္လာသသည်။အတ္ထိ။ရှိ၏။ သော။ထိုဝိပ္ပလ္လာသသည်။
အတီတံ။လွန်လေပြီးသော။ ရူပံ။ရုပ်ကို။အတ္တတော။ ကိုယ်ဟူ၍။
သမနုပဿတိ။ရှု၏။အတီတံ။သော။ဝေဒနံ။ကို။ အတီတံ။သော။
သညံ။ကို။အတီတေ။လွန်ကုန်ပြီးသော။သင်္ခါရေ။တို့ကို။ အတီ
တံ။သော။ဝိညာဏံ၊ကို။အတ္တတော၊ကိုယ်ဟူ၍။ သမနုပဿတိ၊
၏။ တဿ၊ ထိုဝိပ္ပလ္လာသ နှစ်ပါးတို့တွင်။ ယောတဏှာ ဝိပ္ပလ္လာ
သော၊အကြင်တဏှာ ဝိပ္ပလ္လာသသည်။ အတ္ထိ။ ရှိ၏။ သော။ ထို
ဝိပ္ပလ္လာသသည်။အနာဂတံ။ အနာဂတ်ဖြစ်သော။ရူပံ။ကို။ အဘိ
နန္ဒတိ။လွန်စွာတပ်မက်နှစ်သက်၏။အနာဂတံ။သော။ဝေဒနံ၊ကို။
အနာဂတံ၊သော။ သညံ၊ကို။ အနာဂတေ၊ကုန်သော။ သင်္ခါရေ၊
တို့ကို။အနာဂတံ၊သော။ ဝိညာဏံ၊ကို။ အဘိနန္ဒတိ၊ လွန်စွာတပ်
မက်နှစ်သက်၏။ ။ပါဠိတော် အနက်။ ။ယောဒိဋ္ဌိ ဝိပ္ပလ္လာ
သောတိ၊ ဟူသောစကားကို။ အနိစ္စေ၊မမြဲသည်၌။နိစ္စံ၊မြဲ၏။ အ
နတ္တနိ၊ကိုယ်မဟုတ်သည်၌။ အတ္တာ၊ကိုယ်တည်း။ ဣတိ၊ ဤသို့။

ပံဝတ္တုံ၊ဖြစ်သော၊ ဝိပ္ပလ္လာသဒ္ဒယံ၊ဝိပ္ပလ္လာသနှစ်ပါးကို၊ သန္ဓာယ၊ ရည်၍။အာဟ၊ဟောတော်မူ၏။သော၊လ၊အတိတ်ဝိဥ္စာဏံအတ္တ တောသမနုပဿတိတိဧတေန၊ဤပါဌ်ဖြင့်၊အဋ္ဌာရသဝိဓေါ၊တဆဲ့ ရှစ်ပါးအပြားရှိသော၊ ပုဗ္ဗန္တာနုကပ္ပိကဝါဒေါပိ၊ ပုဗ္ဗန္တာနုကပ္ပိ ကဒိဋ္ဌိသည်လည်း၊ပဉ္စမာနံ၊နောက်ဖြစ်ကုန်သော၊ ဒိဋ္ဌိ၊ နိစ္စအတ္တ အားဖြင့် နှစ်ပါး ကုန်သော။ ဝိပ္ပလ္လာသာနံ။ ဝိပ္ပလ္လာသတို့၏၊ ဝ သေန၊ အစွမ်းအားဖြင့်၊ဟောတိ၊၏။ ဣတိ၊ဤအနက်ကို၊ ဒသေ တိ၊ပြ၏။ ။ဧတေန၊ ထိုယော်တဏှာ ဝိပ္ပလ္လာသော စသော ပါဌ်ဖြင့်၊စတုစတ္တာရိသဝိဓေါ၊ လေးဆဲ့လေးပါး ပြားသော။ အပ ရန္တာနုကပ္ပိကဝါဒေါပိ၊အပရန္တာနုကပ္ပိကဒိဋ္ဌိသည်လည်း။ ယေ ဘုယျေန၊ များသော အားဖြင့်၊ ပုရိမာနံ၊ ရှေးဖြစ်ကုန်သော၊ ဒိဋ္ဌိ၊ သုဘ သုခအားဖြင့် နှစ်ပါးကုန်သော၊ဝိပ္ပလ္လာသာနံ၊တို့၏။ ဝသေ န၊အစွမ်းဖြင့်၊ဟောတိ၊၏။ဣတိ၊ဤအနက်ကို၊ဒသေတိ၊ပြ၏။ ။ အဋ္ဌကထာပါဌ်အနက်။ ။ဧတေနာတိ၊ဟူသည်ကား၊ ယော တဏှာဝိပ္ပလ္လာသောတိအာဒိပါဌေန၊ယောတဏှာဝိပ္ပလ္လာသော စသောပါဌ်ဖြင့်။ သောဠသ သညီဝါဒါစ၊ တဆဲ့ခြောက်ပါးကုန် သော သညီဝါဒတို့သည်၎င်း၊ အဋ္ဌ၊ ရှစ်ပါးကုန်သော၊ အသညီ ဝါဒါစ၊ အသညီဝါဒတို့သည်၎င်း၊ အဋ္ဌ၊ရှစ်ပါးကုန်သော၊ နေဝ သညီ နာသညီဝါဒါစ၊ နေဝသညီနာသညီဝါဒ တို့သည်၎င်း၊ ပဉ္စ၊ ငါးပါး ကုန်သော၊ ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါစ၊ ပရမဒိဋ္ဌဓမ္မနိဗ္ဗာန ဝါဒတို့သည်၎င်း၊အတ္တနော၊ကိုယ်၏၊ အာရောဂတာစ၊ မြဲသည် ၏အဖြစ်ကို၎င်း၊နိဗ္ဗာနပတ္တိယာစ၊ညိမ်းချမ်းခြင်းသို့ရောက်သည် ၏အဖြစ်ကို၎င်း၊ ပရိကပ္ပဝသေန၊ ကြံသည်၏ အစွမ်းဖြင့်၊ သုဘ သုခါကာရဂါဟိနောယထာ၊သုဘသုခဟုံဘောက်ပြန်သော အ ချင်းအရာအားဖြင့် စွဲလမ်းကုန်သကဲ့သို့၊၎င်ံ၊ဤအတူ၊ သဿတ ဥစ္ဆေဒဝါဒါ၊ သဿတဥစ္ဆေဒဒိဋ္ဌိတို့သည်၊နှံ၊ မဖြစ်ကုန်၊ဣတိ၊ ထိုကြောင့်၊ယေဘုယျေနာတိ၊ ယေဘုယျေနဟူ၍၊ ဝါ၊ဟူသော စကားကို၊အာဟ၊အဋ္ဌကထာ၌မိန့်ပြီ၊ ။ဋီကာပါဌ်အနက်။ ။

ဤဋီကာ၌ သုဘာသုခတို့၏အစွမ်းဖြင့်။ သဿတ ဥစ္ဆေဒဝါဒတို့၏ ဝိပရိတဂါဟ မဖြစ်ခြင်းကိုရည်၍ နဝေဝံသဿတဥစ္ဆေဒ ဝါဒါဟူ သောစကားကို ဘွင့်အပ်သည်။ အတ္တဂါဟ်အစွမ်းဖြင့်ကား ဖြစ် ကုန်၏။ ထိုကြောင့် အဋ္ဌကထာ၌။ စတုစတ္တာရိသ သဉ္စာကို ဘွင့် အပ်၏။ ယခင်သံယုတ် အဋ္ဌကထာ၌လည်း။ ဤဒိဋ္ဌိနှစ်ပါးကို ယူ အပ်၏။ ။ဤဋီကာ၌ သဿတဟူသည်ကို သာမညအမည်ဟူ ၍မှတ်။ အပရန္တာနုကပ္ပိကအရာ၌ဘွင့်အပ်သည်ဖြစ်၍။ အပရန္တာ နုကပ္ပိက သဿတမှတ်။ သံယုတ် အဋ္ဌကထာ၌။ သဿတကို ကား။ အနုကပ္ပိကံနှစ်ပါးနှင့်ဆက်ဆံသောသဿတဟူ၍မှတ်။ ။ ဒိဋ္ဌိခြောက်ဆဲ့ နှစ်ပါးသည်။ အကျဉ်းအားဖြင့်။ ဥစ္ဆေဒသဿတ ဒိဋ္ဌိနှစ်ပါးပြား၏။ ပုဗ္ဗန္တာနုကပ္ပိက၊ အပရန္တာနုကပ္ပိကဒိဋ္ဌိဟူ၍ လည်း နှစ်ပါးပြား၏။ ထို့ကြောင့် သဿတဟူသော အမည်ကို သာမညအမည်ဟုသိအပ်၏။ အရေအားလျော်စွာသာလျှင်အထူး ကိုမှတ်အပ်၏။ ။တတ္ထဥစ္ဆေဒသဿတာ၊ သမာသတော ဝိသတိ ဝတ္ထုကာ သက္ကာယဒိဋ္ဌိ၊ ဝိတ္ထာရတော ဒွါသဋ္ဌိဒိဋ္ဌိဂတာနိ။ ။ နေတ္တိပါဠိတော်။ အကျဉ်းအားဖြင့်၊ ဝတ္ထုနှစ်ဆယ်ရှိသော၊ သက္ကာ ယဒိဋ္ဌိသည်၊ ဥစ္ဆေဒသဿတအားဖြင့် နှစ်ပါး၊ အကျယ်အားဖြင့် ခြောက်ဆဲ့နှစ်ပါးပြားသည်ကို ပြတော်မူသည်။ ။တတ္ထ၊ ထို သက္ကာယဒိဋ္ဌိကို ဝေဘန်ရာ၌။ သမာသတော၊ အကျဉ်းအားဖြင့်။ ဝိသတိဝတ္ထုကာ၊ ဝတ္ထုနှစ်ဆယ်ရှိသော။ သက္ကာယဒိဋ္ဌိ၊ သက္ကာယ ဒိဋ္ဌိသည်။ ဥစ္ဆေဒသဿတာ၊ ဥစ္ဆေဒဒိဋ္ဌိ သဿတဒိဋ္ဌိ နှစ်ပါးသည်။ ဟောတိ၏။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ ဒွါသဋ္ဌိဒိဋ္ဌိဂတာနိ၊ ဒိဋ္ဌိခြောက်ဆဲ့နှစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ဤကား ယောဇနာ။ ။ဤကားနတ္ထိကဒိဋ္ဌိ စသည်တို့၏သရုပ်အတ္ထုပ္ပတ် မှတ်ဘွယ်။ ။စတ္တာရော သဿတဝါဒါ၊ စတ္တာရော ဧကစ္စ သဿတိကာ။ စတ္တာရော အန္တာနန္တိကာ။ စတ္တာရော အမရာ ဝိက္ခေပိကာ၊ ဒွေအဓိစ္စသမုပ္ပန္နိကာ၊ သောဠသ သညီဝါဒါ၊ အဋ္ဌ အသညီဝါဒါ၊ အဋ္ဌနေဝသညီ နာသညီဝါဒါ၊ သတ္တဥစ္ဆေဒဝါဒါ၊

ပဥ္စဒွိဗ္ဗမေဒ္ဓနိဗ္ဗာနဝါဒါ၊ ဇုမာနိဒွေသဗ္ဗိဒိဗ္ဗိဂတာနိ ဖြဟ္မဇာလေ ဝေ
ယျာကရဏော ဝုတ္တာနိဘဂဝတာ၊ ။ဝိဘင်းပါဠိတော် လာ
သည်နှင့်အညီ၊ဒိဗ္ဗိခြောက်ဆဲ့နှစ်ပါးဟူသည်ကိုမှတ်။ ။စတ္တာ
ရော၊ သေးပါးကုန်သော၊ သဿတဝါဒါ၊ သဿတ ဒိဗ္ဗိတို့ရင်း၊
စတ္တာရော၊လေးပါးကုန်သော၊ဧကစ္စသဿတိကာ၊ ဧကစ္စသဿ
တဒိဗ္ဗိတို့ရင်း။ ဝါ၊အသဿတ ဒိဗ္ဗိတို့ရင်း။ စတ္တာရော၊ လေးပါး
ကုန်သော၊အန္တာနန္တိကာ၊အန္တာနန္တိကဒိဗ္ဗိတို့ရင်း၊ စတ္တာရော၊
လေးပါးကုန်သော၊ အမရာဝိက္ခေပိကာ၊ အမရာဝိက္ခေပ ဒိဗ္ဗိတို့
ရင်း၊ဒွေ၊နှစ်ပါးကုန်သော၊အဓိစ္စသမုပ္ပန္နိကာ၊အဓိစ္စသမုပ္ပန္နိက ဒိဗ္ဗိ
တို့ရင်း၊သောဠသ၊တဆဲ့ခြောက်ပါးကုန်သော၊ သညီဝါဒါ၊သညီ
ဒိဗ္ဗိတို့ရင်း၊အဋ္ဌ၊ရှစ်ပါးကုန်သော။ အသညီဝါဒါ၊ အသညီဒိဗ္ဗိတို့
ရင်း၊အဋ္ဌ၊ကုန်သော၊နေဝသညီနာသညီဝါဒါ၊နေဝသညီနာသညီ
ဒိဗ္ဗိတို့ရင်း၊သတ္တ၊ ခုနစ်ပါးကုန်သော၊ ဥစ္ဆေဒဝါဒါ၊ဥစ္ဆေဒဒိဗ္ဗိ
တို့ရင်း၊ပဉ္စ၊ငါးပါးကုန်သော၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါ၊ ဒိဋ္ဌဓမ္မနိဗ္ဗာန
ဒိဗ္ဗိတို့ရင်း။ဒွါသဋ္ဌိ၊ခြောက်ဆဲ့နှစ်ပါးကုန်သော၊ ဇုမာနိဒိဗ္ဗိဂတာ
နိ၊ဤဒိဗ္ဗိတို့ကို၊ဖြဟ္မဇာလေ၊ဖြဟ္မဇာလသုတ်ဟု ဆိုအပ်သော၊
ဝေယျာကရဏော၊ဝေယျာကရဏ်၌၊ဘဂဝတော၊မြတ်စွာဘုရား
သည်၊ဝုတ္တာနိ၊ဟောတော်မူအပ်ကုန်၏၊ ။ဤကားယောဇနာ။ ။
ထိုဒိဗ္ဗိခြောက်ဆဲ့နှစ်ပါးတို့တွင်၊ သဿတဒိဗ္ဗိလေးပါး ဟူရာ၌၊
သတာသဟာဿဇာတိသဿတင်္ဗိ၊ ဒသသံဝဋ္ဋဝိဝဋ္ဋကပ္ပ သဿ
တဒိဗ္ဗိ၊စတ္တာရီသ သံဝဋ္ဋဝိဝဋ္ဋကပ္ပ သဿတဒိဗ္ဗိ၊တက္ကသဿတ
ဒိဗ္ဗိ၊ ဤသို့လေးပါးပြား၏၊ ထိုလေးပါး တို့တွင်၊ ဘဝတသိန်းမျှ
ညာဏ်အမြင်ရှိ၍၊ ဤတသိန်းအတွင်း၌ ခန္ဓာငါးပါးတို့တွင် တ
ပါးပါးကို အတ္တလောကဟုစွဲယူ၍၊ဤအတ္တလောကသည်၊မသေ
မကွဲမြဲ၏ဟု စွဲယူအပ်သော အယူဝါဒသည်၊ သတာသဟာဿဇာ
တိသဿတဒိဗ္ဗိမည်၏၊ ။ဤဒိဗ္ဗိသည်၊ မန္ဒပညာဒိဗ္ဗိပုဂ္ဂိုလ်အ
စွမ်းဖြင့်ဖြစ်၏၊ ။သံဝဋ္ဋဝိဝဋ္ဋဆယ်ကပ် ညာဏ်အမြင်ရှိ၍၊သို
အတွင်း၌ ရှေးနည်းအတူ၊ စွဲယူအပ်သော အယူဝါဒသည်၊ ဒသ

သံဝဋ္ဋဝိဝဋ္ဋကပ္ပသဿတ ဒိဋ္ဌိမည်၏။ ။ဤဒိဋ္ဌိသည်၊ မန္ဒမ
ပညာဒိဋ္ဌိပုဂ္ဂိုလ် အစွမ်းဖြင့် ဖြစ်၏။ ။သံဝဋ္ဋဝိဝဋ္ဋကပ် လေး
ဆယ်မျှညာဏ်အမြင်ရှိ၏။ထိုအတွင်း၌ ရှေးနည်းအတူ။စွဲယူအပ်
သော အယူဝါဒသည်။ စတ္တာရီသ သံဝဋ္ဋဝိဝဋ္ဋကပ္ပ သဿတ
ဒိဋ္ဌိမည်၏။ ။ဤဒိဋ္ဌိကား။တိက္ခပညာဒိဋ္ဌိပုဂ္ဂိုလ်အစွမ်းဖြင့်ဖြစ်၏။
ဤဒိဋ္ဌိ သုံးယောက်တို့၏ညာဏ်ကိုအဘိညာဉ်ညာဏ်မှတ်။ ။
အဘိညာဉ်ညာဏ်မရှိ၊တပုံတခုသော အကြောင်းကိုစွဲ၍ ကြံဆ
သဖြင့်။ ရှေးနည်းအတူ စွဲယူအပ်သော အယူဝါဒသည်။ တက္က
သဿတဒိဋ္ဌိမည်၏။ ။ဤတက္ကသဿတဒိဋ္ဌိသည်၊ အနုဿုတိ
တက္ကသဿတဒိဋ္ဌိ၊ဇာတိဿရတက္ကသဿတဒိဋ္ဌိ၊ လာဘီတက္က
သဿတဒိဋ္ဌိ၊ သုဒ္ဓတက္ကသဿတဒိဋ္ဌိ၊ ဤသို့လေးပါးပြား၏၊ ထို
လေးပါး တို့တွင်။ ဝေဿန္တရာ မင်းသည် ဘုရား ဖြစ်လာ၏ဟု
ဟောပြောသောအသံကိုကြား၍ ဝေဿန္တရာမင်း၏ကိုယ်သည်
ပင် ဘုရား၏ကိုယ်ဟု မိစ္ဆာညာဏ်အကြံဖြစ်၍ ရှေးနည်းအတူ။
စွဲယူအပ်သော အယူဝါဒသည်။ အနုဿုတိတက္က သဿတ ဒိဋ္ဌိ
မည်၏။ နှစ်ဘဝသုံးဘဝမျှသိသော ဇာတိဿရ ညာဏ်ရှိ၍၊ ဤ
ကိုယ်ကဲ့သို့ ရှေး၌ဖြစ်ဘူးသည်ကိုမြင်သဖြင့်။ ရှေးကိုယ် နောက်
ကိုယ်အတူတူပင်ဟု မိစ္ဆာညာဏ်အကြံဖြစ်၍ ရှေးနည်းအတူ။
စွဲယူအပ်သော အယူဝါဒသည်။ ဇာတိဿရ တက္ကသဿတ ဒိဋ္ဌိ
မည်၏။ ။ဤဘဝ၌ ချမ်းသာသော ကိုယ်ကိုရသဖြင့်၊ ရှေး၌
လည်း ဤကိုယ်ပင်ဖြစ်ဘူးပြီ၊ နောက်၌လည်းဖြစ်လတ္တံ့ဟုမိစ္ဆာ
ညာဏ်အကြံ ဖြစ်၍ ရှေးနည်းအတူ စွဲယူအပ်သော အယူဝါဒ
သည်။ လာဘီတက္က သဿတ ဒိဋ္ဌိမည်၏။ ။ရှေးအကြောင်း
သုံးပါးနှင့်မရောမယှက် သက်သက်ဖြင့်သာကြံဆ၍ ရှေးနည်းအ
တူ။စွဲယူအပ်သောအယူဝါဒသည်၊သုဒ္ဓတက္ကသဿတ ဒိဋ္ဌိမည်
၏။ ။ဤသို့သဿတ ဒိဋ္ဌိလေးပါး။ အတ္တပုဒ်ကိုမှတ်။ ။
ဧကစ္စသဿတ ဒိဋ္ဌိလေးပါးဟူရာ၌၊ ဗြဟ္မဧကစ္စသဿတဒိဋ္ဌိ။
ခိဍ္ဍာပဒေါသိက ဧကစ္စ သဿတဒိဋ္ဌိ၊ မနောပဒေါသိက ဧကစ္စ

သဿတဒိဋ္ဌိ။ တက္ကကေစ္စ သဿတဒိဋ္ဌိ။ ဤသို့လေးပါး ပြား၏။ ထိုလေးပါး တို့တွင် ကမ္ဘာ တည်စက၊ ပဌမဈာန်ဘုံ စသည်တို့၌ တံခိုး အဆင်းအသက် ရှည်ခြင်းနှင့် ပြည့်စုံသော မဟာဗြဟ္မာ ကြီးသည်။ ဤငါနေရာဘုံ၌ ဗြဟ္မာအများဖြစ်လာမှုကား ကောင်း လေစွဟု တောင်းတခြင်း။ အောက်အောက်၌လည်း ထိုနည်းအ တူမြင့်မိုရ်စကြာဝဠာသမုဒ္ဒရာ နေ လ နက္ခတ် နတ် လူ သတ္တဝါတို့ သည်။ ပေါ် ထွန်းဖြစ်လာစေကုန် သတည်းဟု တောင်းတခြင်း အဇ္ဈာသယဖြစ်၏။ ဗြဟ္မာအများပင် မိမိတို့ကံအားလျော်စွာ။ အ ထက်ဘုံတို့မှ ဗုတေ၍ မဟာဗြဟ္မာကြီးနေရာဘုံ၌ဖြစ်လာကုန်၏။ အောက်အောက် ၌ လည်း မြင့်မိုရ် စကြာဝဠာ သမုဒ္ဒရာ နေ လ နက္ခတ် နတ်လူသတ္တဝါတို့သည်။ မိမိတို့ ကံမွေတာအား လျော် စွာ ပေါ်ထွန်း ဖြစ်လာကုန်၏။ ထိုအခါမဟာဗြဟ္မာကြီးသည်။ ငါ၏အဇ္ဈာသယကြောင့်ပင်။ ဤဗြဟ္မာနတ်လူသတ္တဝါ စသည်တို့ သည်။ ပေါ် ထွန်းဖြစ်လာ ကုန်၏။ ငါအစိုးရ၏။ ငါဖန်ဆင်းအပ် ကုန်၏။ ငါသည်လျှင် ထိုသတ္တဝါတို့၏ အဘ။ သတ္တပိတာတည်း ဟုမိစ္ဆာညာဏ်အမြင်။ အထင်ကြီးစွာဖြစ်လေ၏။ နောက်ဖြစ်လာ ကုန်သော ဗြဟ္မာတို့သည်လည်း တံခိုးအဆင်းအသက်ရှည်ခြင်း နည်းပါးသည်၏အဖြစ်ကြောင့်၎င်း။ နောက်မှဖြစ်လာသည်၏ အ ဖြစ်ကြောင့်၎င်း။ မဟာဗြဟ္မာကြီးကိုပင်။ ဗြဟ္မာကြီးမှတ်ထင်သ ကဲ့သို့ မှတ်ထင်ကြ ကုန်၏။ ထိုဗြဟ္မာကြီးတို့တွင်။ တယောက် သောဗြဟ္မာသည်၊ ထိုဘုံမှ ဗုတေ၍ ဤလူ့ဘုံသို့ရောက်လာလျှင်။ ရသေ့ ရဟန်းပြု၍ အဘိညာဉ် ဉာဏ်ကို ရသဖြင့်။ မိမိဘဝကို ကြည့်သောအခါ။ အတိတ်ဘဝနန္တရ။ တဘဝကိုသာမြင်နိုင်၏။ ထို ထက်အလွန်မမြင်နိုင်၍။ အသျှင်ဗြဟ္မာကြီးကား မသေမကွဲ အမြဲ နေရ၏။ ငါတို့သာမကြာဘောက်သဲ အမြဲ မနေရကုန်ဟု မိစ္ဆာ ညာဏ်အမြင်အထင်ကြီးစွာဖြစ်၍။ အချို့သော အတ္တဘောလော ကသည်မြဲ၏။ အချို့ကား မမြဲဟုစွဲယူအပ်သော အယူဝါဒသည်။ ဗြဟ္မကေစ္စ သဿတ ဒိဋ္ဌိမည်၏။ ။နတ်ဘုံ၌ခိဍ္ဍာပဒေါသိကာ

နတ်တို့သည်၊ ပျော်ရွှင်မြူးထူးခြင်းကျူး၍ အာဟာရအချိန်လွန်ခြင်းကြောင့်၊ သေခြင်းဓလေ့ရှိကုန်၏၊ ထိုနတ်တို့တွင် တယောက်သော နတ်သည်၊ ထိုအကြောင်း ကြောင့် ရုံတောခဲ့၍၊ ဤလူ့ဘုံသို့ရောက်လာလျှင် ရသေ့ရဟန်းပြု၍ အဘိညာဉ် ဉာဏ်ကို ရသဖြင့်၊ မိမိဘဝကို ကြည့်သောအခါ၊ အတိတာနန္တရ တဘဝ ကိုသာမြင်နိုင်၏၊ ထိုထက်အလွန်မမြင်နိုင်၍၊ ခိဍ္ဍာပဒေါသိကနတ်မှ တပါးကုန်သော နတ်တို့ကား မသေမကွဲအမြဲနေရကုန်၏၊ ငါတို့သာ မကြာဘောက်လဲ အသေမြဲရကုန်၏ဟု၊ မိစ္ဆာဉာဏ်အမြင်အထင်ကြီးစွာဖြစ်၍ အချို့သော အတ္တဘောလောကသည် မြဲ၏၊ အချို့ကားမမြဲဟု စွဲယူအပ်သော အယူဝါဒသည် ခိဍ္ဍာပဒေါသိက ဧကစ္စသဿတ ဒိဋ္ဌိမည်၏။ ။စတုမဟာရာဇ်ဘုံ၌ မနောပဒေါသိကနတ်တို့သည်လည်း၊ အချင်းချင်း ငြူစူခြင်း ဖြစ်သဖြင့်၊ ဒေါသရှု ကြည့်ကြကုန်သည် ရှိသော်၊ ဒေါသ အစွမ်းကြောင့် တေဇောဝါတ်မီး လောင်၍ သေခြင်းဓလေ့ရှိကုန်၏၊ ထိုနတ်တို့တွင် တယောက်သောနတ်သည်၊ ထိုအကြောင်းကြောင့် ရုံတောခဲ့၍ ဤလူ့ဘုံသို့ရောက်လျှင် ရသေ့ရဟန်းပြု၍ အဘိညာဉ် ဉာဏ်ကို ရသဖြင့်၊ မိမိဘဝကိုကြည့်သောအခါ အတိတာနန္တရ တဘဝ ကိုသာမြင်နိုင်၏၊ ထိုထက်အလွန်မမြင်နိုင်၍ မနောပဒေါသိကနတ်မှတပါးကုန်သောနတ်တို့ကား မသေကုန်၊ အမြဲနေရကုန်၏၊ ငါတို့သာ မကြာဘောက်လဲ အသေမြဲရကုန်၏ဟု မိစ္ဆာ ဉာဏ်အမြင် အထင် ကြီးစွာဖြစ်၍ အချို့သော အတ္တဘော လောကသည်မြဲ၏၊ အချို့ကားမမြဲဟုစွဲယူအပ်သောအယူဝါဒသည်၊ မနောပဒေါသိက ဧကစ္စသဿတဒိဋ္ဌိမည်၏။ ။ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားသည်၊ တရုံ တခုသော အကြောင်းဖြင့်၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ ရုပ်တို့၏ဘောက်ပြန်သည်ကို သာမြင်သိ၍၊ ရှေးရှေးသော စိတ်သည် နောက်နောက် စိတ်အား ဖြစ်ကြောင်းကိုပေး၍ ချုပ်ခြင်းကြောင့်၊ တခုသောသစ်ပင်ပျက်စီးသည်ရှိသော်၊ တခုသောသစ်ပင်၌ နားလေသောကျေးငှက်ပမာ၊

ရုပ်ပင်ပျက်စီးသော်လည်း စိတ်လည်းမပျက်မစီး။အရပ်တပါးသို့ ပြောင်းသွားနိုင်၏ဟု ကြံဆ၍ အချို့သောအတ္တဘော လောကသည်မြဲ၏၊ အချို့ကား မမြဲဟု စွဲယူအပ်သော အယူဝါဒသည်၊ တက္ကဧကစ္စသဿတ ဒိဋ္ဌိမည်၏၊ ။ဤဒိဋ္ဌိ၌ သတ္တဧကစ္စ သဿတ ဒိဋ္ဌိ၊ သင်္ခါရဧကစ္စ သဿတဒိဋ္ဌိ ဤသို့နှစ်ပါး ပြား၏၊ ထိုနှစ်ပါးတို့တွင် တရုံတခုသော အကြောင်းကို ကြံဆ၍၊အချို့သတ္တဝါမြဲ၏၊ အချို့ကားမမြဲဟု စွဲယူအပ်သော အယူဝါဒသည်၊ သတ္တ ဧကစ္စ သဿတ ဒိဋ္ဌိမည်၏။ ။တရုံတခုသော အကြောင်းကိုကြံဆ၍ အချို့သင်္ခါရမြဲ၏။ အချို့မမြဲဟုစွဲယူအပ်သော အယူဝါဒသည်၊ သင်္ခါရဧကစ္စ သဿတဒိဋ္ဌိမည်၏။ ။အနုသုတိတက္ကစသော လေးပါး အပြားကိုလည်း ရှေးနည်းကို မှီ၍ ယထာရဟ သိလေ။ ။ဤသို့ ဧကစ္စ သဿတဒိဋ္ဌိလေးပါး အတ္ထုပ္ပတ်ကိုမှတ်။ ။အန္တာနန္တိကဒိဋ္ဌိ လေးပါးဟူရာ၌၊ အန္တဝါဒိဋ္ဌိအနန္တဝါဒိဋ္ဌိ။အန္တဝါ နန္တဝါဒိဋ္ဌိ။နေဝအန္တဝါနာနန္တဝါ တက္ကီဒိဋ္ဌိ၊ ဤသို့ လေးပါးပြား၏။ထိုလေးပါး အပြားတို့တွင် ဈာန်၏အာရုံဖြစ်သော ကသိုဏ်း ပဋိဘာဂနိမိတ်ကို စကြာဝဠာ အဆုံးတိုင်အောင်မပွါးစေမူ၍။ ထိုနိမိတ်ကိုအတ္တ လောကဟု သမုတ်၍။ ဤအတ္တလောကသည် အဆုံးရှိ၏ဟုစွဲယူ အပ်သော အယူဝါဒသည် အန္တဝါဒိဋ္ဌိမည်၏။အဆုံးတိုင်အောင် ပွါးစေ၍။ထိုနိမိတ်ကိုအတ္တလောကဟု သမုတ်၍။ ဤအတ္တလောကသည် အဆုံးမရှိဟု စွဲယူအပ်သော အယူဝါဒသည် အနန္တဝါဒိဋ္ဌိမည်၏။ စကြာဝဠာ၏အထက်အောက်၌ မပွါးစေမူ၍ ဘီလာအပြန့်ကိုသာ အနှံ့ ပွါးစေ၍။ ထိုနိမိတ်ကို အတ္တလောကဟု သမုတ်၍၊ ဤအတ္တလောကသည် အထက် အောက်၌ အဆုံးရှိ၏။ ဘီလာကား အဆုံး မရှိဟု စွဲယူ အပ်သော အယူ ဝါဒ သည်။ အန္တဝါနန္တဝါဒိဋ္ဌိမည်၏၊ ဤဒိဋ္ဌိ သုံးပါးကား၊ ဈာန်လာဘီတို့၏ အယူမှားဖြင့် ဖြစ်၏။ ထိုထိုသို့သော အကြောင်းဖြင့် ကြံဆ၍။ ထိုနိမိတ်တည်း ဟူသော အတ္တလောကသည်။ အဆုံး ရှိသည်လည်း

မဟုတ်။မရှိသည်လည်းမဟုတ်ဟု စွဲယူအပ်သောအယူဝါဒသည်
နေဝအန္တဝါနာနန္တဝါတက္က ဒိဋ္ဌိမည်၏။ ။ဤတက္ကဒိဋ္ဌိသည်။
အနုဿုတိတက္ကဒိဋ္ဌိစသည်ဖြင့် လေးပါးပြား၏။ ထိုလေးပါးတို့
တွင် ဈာနလာဘီရှိသော တို့ထံမှ၊ဤအဖွဲ့လောကသည် အဆုံးမ
ရှိဟု တရန်တခါကြားမြင်ဘူးသည်၏ အဖြစ်ကြောင့် အဆုံးရှိ၏
ဟူသောအယူဝါဒသည်မဟုတ်၊ ထိုရသေ့တို့ထံမှ တရန်တခါ
အဆုံးရှိ၏ဟူသည်ကို ကြားမြင်ဘူးသည်၏အဖြစ်ကြောင့်လည်း
အဆုံးမရှိဟူသောအယူဝါဒသည်မဟုတ်၊ထိုမပွါးသောနိမိတ်ကို
ပွါးစေသောကာလအစွမ်းဖြင့် နေဝအန္တဝါသာဖြစ်၏။ပွါးသော
နိမိတ်ကို မပွါးစေသော ကာလအစွမ်းဖြင့်ကား။နာနန္တဝါသာ
ဖြစ်၏ဟု မိစ္ဆာဒိဋ္ဌိညာဏ်အမြင် အထင်ကြီးစွာဖြစ်၍။ ဤသို့သူ
တပါးတို့ထံမှ ကြားမြင် ဘူးသည်ကိုစွဲ၍ နေဝအန္တဝါ နာအန္တ
ဝါဟု စွဲယူအပ်သော အယူဝါဒသည်။၊အနုဿုတိတက္ကဒိဋ္ဌိမည်
၏။ ။ဇာတိဿရညာဏ်ဖြင့် ရှေးဘဝ၌နေဝအန္တဝါ နာနန္တ
ဝါဟု စွဲယူဘူးသည်ကိုမြင်သိ၍ ဤဘဝ၌လည်း။ နေဝအန္တဝါ
နာနန္တဝါဟု စွဲယူအပ်သော အယူသည်။ ဇာတိဿရတက္က ဒိဋ္ဌိ
မည်၏။ ။ဤဘဝ၌ နေဝအန္တဝါ နာနန္တဝါကိုရ၏။ ရှေးဘဝ
၌ ဤကဲ့သို့ရဘူးလေပြီ။ နောက်လည်းရလတ္တံ့ဟုစွဲယူအပ်သော
အယူဝါဒသည်။ လာဘီတက္က ဒိဋ္ဌိမည်၏။ ။ထိုသုံးပါးသော
အကြောင်းနှင့် မရောမယှက်။ သက်သက် ကြံဆ၍၊ထိုသို့ ဖြစ်
သော အယူဝါဒသည် သုဒ္ဓတက္ကဒိဋ္ဌိမည်၏။ ။ဤသို့တက္ကလေး
ပါး အဋ္ဌုပ္ပတ်ကိုမှတ်။ ။အဋ္ဌကထာ၌ အထူးမဘွင့်။ ဋီကာ
၌ကား ရှေးဘက္က တပါးကိုသာအထူးဘွင့်၏။နောက်သုံးပါးကို
အထူးမဘွင့်။ မဘွင့်သော်လည်း။ ယခင်အဋ္ဌုပ္ပတ်အတိုင်းမှတ်
သင့်၏။ ။ဒွိန္နံပိစပဋိသေဓာနံ။ ပရိယာဒါသတော။ ကတံအန္တ
ဝန္တပဋိသေဓေနဟိ အနန္တဝါဝုတ္တတိ။ အနန္တဝန္တပဋိသေဓေနစ
အန္တဝါ။ဒွိပဋိသေဓောဟိပကတိအတ္ထပညာပကော။ ။ဟူ၍
ဋီကာ၌ ဘွင့်အပ်သည်ကိုရှု၍ နေဝနနိပါတ်ပုဒ်တို့၏ဖြစ်အပ်

သော‌အနက်။ရအပ်သော အဘိုဓေယျတ္တတို့ကိုသိလေ။ ။စ။
အဘိုတပါးကား။ဗိုန္နဗို။ နှစ်ခုလည်းဖြစ်ကုန်သော။ပဋိသေဓါနံ။
နေဝနပဋိသေဓပုဒ်တို့၏။ ပရိယာဒါသထာ။ ပရိယာဒါသ၏အဖြစ်
သည်။ ပေါ်ာတိ။ ၏။ ကထံ။ အဘယ်သို့ဖြစ်သနည်း။ ဟိ။မှန်၏။
အနန္တဝနန္တပဋိသေဓေန။ မပွါးစေ အပ်သော နိမိတ်အတ္တလောက
ဖြပ်ကိုဖြစ်သဖြင့်။ အနန္တဝါ။ အဆုံး မရှိသော အတ္တလောကကို။
ဂုဏ္တတိ။ပေါ်ာအပ်၏။စ။ သည်သာ မဟုတ်သေး။ အနန္တဝနန္တပဋိ
သေခေန။ ပွါးစေအပ်သော နိမိတ်အတ္တလောက ဖြပ်ကို ဖြစ်သ
ဖြင့်။အနန္တဝါ။အဆုံးရှိသော အတ္တလောကကို။ ဂုဏ္တတိ။ပေါ်ာအပ်
၏။ဟိ။မှန်၏။ ဒွိပဋိသေဓေါ။နေဝနပဋိသေဓနှစ်ခုသည်။ ပကတိ
အတ္တညာပကော။ အဆုံးရှိသော အတ္တလောက ဖြပ်အဆုံး မရှိ
သော အတ္တလောက ဖြပ်နှစ်ပါးဟု ဆိုအပ်သော ကြပတေ့ အ
နက်ကိုသိစေတတ်၏။ ။ဤကားယောဇနာ။ ။ဝုဍ္ဎိတကာ
လဝသေနှ။ နေဝန္တဝါတိပဋိပက္ခပတိ။ အဝုဍ္ဎိတကာလဝသေန
ပနနာန္တဝါတိ။ နပနအန္တာ နန္တာနံ အစ္စန္တမဘာဝေန။ ယထာ
တံနေ့ဝသညာနာသညာတိ။ ။ဟုဂူ၍ ငိုကာသစ်ဘွင့်အပ်သည်
ကိုရှု၍ တတိယဝါဒ၏ အထူးအပြားကို သိလေ။ ။တတိယ
ဝါဒသည်။ဒေသအစွမ်းဖြင့်ဖြစ်၏။ ဤဝါဒကား။ ကာလအစွမ်း
ဖြင့်ဖြစ်၏ဟုအထူးကိုမှတ်။ ။ဝုဍ္ဎိတကာလဝသေန။ ပွါးစေ
အပ်သော ကာလ၏ အစွမ်းဖြင့်။ နေဝန္တဝ၊တိ။ အဆုံး ရှိသည်
လည်း မဟုတ် ဟူ၍။ ပဋိက္ခိပတိ။ ပယ်၏။ ပန။ တပါး ကား။
အဝုဍ္ဎိတ ကာလ ဝသေန။ မပွါး စေအပ်သော ကာလ၏ အ
စွမ်းဖြင့်။ နာနန္တဝါတိ။ အဆုံးမရှိသည် မဟုတ်ဟူ၍။ ပဋိက္ခိ
ပတိ။ ပယ်၏။ အန္တာနန္တာနံ ပန။ အဆုံး ရှိ-မရှိ တို့၏ ကား။
အစ္စန္တ၊ စင်စစ်။ အဘာဝေန။ မရှိသဖြင့်။ နပဋိက္ခိပတိ။ မပယ်။
နေဝသညာ နာသညာတိ ယထာ။ နေဝသညာ နာသညာ ဟူသ
ကဲ့သို့။ တံ။ ထိုနေဝန တို့၏ ဖြစ်ခြင်းကို။ ဧဝံ။ ဤသို့။ ဗျဉ္ဇနမလွတ်။
မချွတ်မှတ်၏လော။ ။ဤကားယောဇနာ။ ။အမေရာ

ဝိပ္ပယုတ္တ သေးပါး ဟူရာ၌၊ ရုသာဘာယ အမရာဝိပ္ပယုတ္တ၊ ဥပါဒါနဘာယ အမရာ ဝိပ္ပယုတ္တ၊ အနုယောဂဘာယ အမရာ ဝိပ္ပယုတ္တ၊ မန္တအမရာဝိပ္ပယုတ္တ ဤသို့လေးပါး ပြား၏၊ ထို သေးပါးတို့တွင် ကုသိုလ်-အကုသိုလ် ဂ္ဂမ္မပထတို့ကို၊ မခော့ာက် မပြန် မှန်ကန်စွာ မသိသည် ဖြစ်၍၊ သူဘာပါး တို့က မေးသော် မသိဘဲသျှက်ဖြေဆိုမှု၊ရုသာဝါဒဖြစ်၍ သဂ္ဂမဂ္ဂါဝရဏာဖြစ်ရာ၏၊ ဖြေဆို မဟော့ တုဏှိဘော နေပြန် လျှင်သည်း၊ ဆရာအဖြစ်မှ ကင်းသေတော့မည်၊အတည်မရှိ ပြန့်လွင်သော ဖြေဆိုခြင်းသည် သာလျှင်ကောင်းမြတ်အံ့ဟုံစွဲယူ၍၊ ဧဝန္တိပိမေနော၊တထာတိပိ မေနော၊အညထာတိပိမေနော၊ နောတိပိမေနော၊ နောနောတိပိ မေနောဟူ၍၊ ငါးခွန်းသောစကားတို့ဖြင့် ဖြေဆိုစွဲယူအပ်သော အယူဝါဒသည်၊ ရုသာဘာသအမရာဝိပ္ပယုတ္တမည်၏၊ ။ဋ္ဌာန်။ ဤတရားသည်၊ ကုသလံ၊ ကုသိုလ်လော၊ ဣတိဝါ၊ ဤသို့သော် လည်း၊ဗုဒ္ဓော၊မေးအပ်သည်ရှိသော်၊ဧဝန္တိ ပိ၊ဤသို့ကုသိုလ်ဟူ၍ လည်း၊မေ၊ငါ၏၊ဝါဒေါ၊ အယူသည်၊နော၊မဟုတ်၊ ဣတိ၊ဤသို့၊ ဝဒတိ၊ဖြေဆို၏၊တတော၊ ထိုသို့မဟုတ်သော်လည်း၊အညံ၊ တ ပါးသော၊ အကုသလံကိံ၊အကုသိုလ်လော၊ဣတိ၊ ဤသို့မေးပြန် သော်၊တထာတိပိ၊ထိုကဲ့သို့ကုသိုလ်ဟူ၍လည်း၊ဝါ။ထိုသို့သော အချင်း အရာ ဟူ၍လည်း၊ မေ၊ ငါ၏၊ ဝါဒေါ၊ အယူသည်၊နော၊ မဟုတ်၊ ဣတိ၊ ဤသို့၊ဝဒတိ၊ ဖြေဆို၏၊ ဥဘယတော၊ ကုသိုလ် အကုသိုလ် နှစ်ပါးစုံမှ၊ အညထာကိံ၊ တပါးသောအချင်းအရာ အားဖြင့်ဖြစ်သလော၊ ဣတိ၊ဤသို့မေးပြန်သော်၊ အညထာတိပိ၊ တပါးသော အချင်းအရာဟူ၍လည်း၊ မေ၊ ငါ၏၊ဝါဒေါ၊ အယူ သည်၊နော၊မဟုတ်၊ဣတိ၊ဤသို့၊ ဝဒတိ၊ ဖြေဆို၏၊ တတော၊ထို သုံးပါးအပြားဖြင့် မဖြစ်သည်ရှိသော်၊တေ၊သင်၏၊ လဒ္ဓိ၊အယူ ကား၊ ကိံ၊အဘာယ်နည်း၊ ဣတိ၊ဤသို့ မေးပြန်သော်၊ နောတိပိ၊ သုံးပါးမဟုတ်ဟူ၍လည်း၊မေ၊ငါ၏၊ ဝါဒေါ၊ အယူသည်၊နော၊ မဟုတ်၊ဣတိ၊ဤသို့၊ ဝဒတိ၊ ဖြေဆို၏၊ တတော၊ ထိုသို့သုံးပါး

မဟာတ်သော်။ တော၊ သင်၏၊ လဒ္ဓိ၊ အယူသည်၊ နော နော၊ သုံးပါးမဟာဘ်သည့်မဟာဘ်ဟူ၍၊ ဟောတိ၊ဖြစ်သလော၊ ဣတိ၊ ဤသို့မေးဖြန်သော်၊ နောနောတိပိ၊ သုံးပါးမဟာဘ်သည် မဟာတ်ဟူ၍လည်း၊ မေ၊ ငါ၏၊ ဝါဒေါ၊ အယူသည်၊ နော၊ မဟာတ်၊ ဣတိ၊ ဤသို့၊ဝဒတိ၊ဖြေဆို၏။ ။ဤကားယောဇနာ၊ ။ဤပါဠိ၌ ပဌမ ပုဒ်ဖြင့် အမှတ်မရှိသောအနက်၌၊ဝိဂ္ဂြပဖြစ်သည်၊ဒုတိယ ပုဒ်ဖြင့်၊ သဿတဝါဒကိုပယ်၍ ဝိကွေပဖြစ်သည်၊ တတိယ ပုဒ်ဖြင့် ဧကစ္စသဿတ ဝါဒကိုပယ်၍ ဝိက္ခေပဖြစ်သည်၊ စတုတ္ထ ပုဒ်ဖြင့် ဥစ္ဆေဒ ဝါဒကို ပယ်၍ ဝိကွေပ ဖြစ်သည်၊ ပဉ္စမ ပုဒ်ဖြင့် တက္က ဝါဒကို ပယ်၍ ဝိကွေပဖြစ်သည်ဟုမှတ်။ ။နမရတိတိ အမရာ၊ ။ဝိဝိဓေါခေပေါတိဝိကွေပေါ၊ ။အမရာဒိဋ္ဌိယာ ဝါစာရဝိကွေပေါတိအမရာဝိကွေပေါ၊ ။အဋ္ဌကထာဝိဂ္ဂဟ်၊ ။ ယာ၊အကြင်ဒိဋ္ဌိဝါစာသည်၊ နမရတိ၊ မသေ၊အမြဲမတည်၊ဣတိ၊ ထိုကြောင့်၊သာ၊ထိုဒိဋ္ဌိဝါစာသည်၊ အမရာ၊ အမရာမည်၏။ ။ ဝိဝိဓေါ၊အထူးထူးအပြားပြားများသော၊ ခေပေါ၊ပယ်ခြင်း၊ပြန့်လွင့်ခြင်းတည်း၊ဣတိ၊ထိုကြောင့်၊ဝိကွေပေါ၊ဝိကွေပမည်၏။ ။ အမရာယဒိဋ္ဌိယာဝါစာယ၊ ဒိဋ္ဌိဝါစာ၏၊ ဝိကွေပေါ၊ အထူးထူး အပြားပြား များသော ပယ်ဖြစ် ပြန့်လွင့်ခြင်းတည်း၊ ဣတိ၊ထို ကြောင့်၊ အမရာဝိကွေပေါ၊ အမရာဝိကွေပမည်၏။ ။ဝါဒ ရပေ၊ ။ဤကားယောဇနာ။ ။အပရေနယော၊ အမရာနာမ ဧကာမစ္ဆဇာတိ၊ သာဥမ္မုဇ္ဇနနိမုဇ္ဇနာဒိဝသေန ဥဒကေသန္တာဝ မာနာဂဟေတုံ နသက္ကောတိ၊ ဧဝမေဝအယံပိဝါဒေါ ဣတော စိတောစ သန္တာဝတိ၊ ဂါဟံနဥပဂစ္ဆတီတိ အမရာဝိကွေပေါတိ ဝုစ္စတိ၊ ။အဋ္ဌကထာပါဠိ၊ ။အမာရာ မည်သော ငါးရှု မြောက်သည်၊ ငုတ်ပေါ်ခြင်း စသည်တို့၏ အစွမ်းဖြင့် ရေ၌ပြေး သွားသည်ဖြစ်၍ ဘမ်းယူခြင်းငှါမလွယ်သကဲ့သို့၊ထိုအတူ၊ဤအ ယူဝါဒ သည်လည်း၊ ဤမှ ထိုမှ ရွေ့ရှား ပြေးလွှား၍၊ တရုံတခု သောစွဲလမ်းခြင်းသို့၊မကပ်မရောက်သည်၏ အဖြစ်ကြောင့်၊ အမ

ရာဝိဘေ်ာ့ပမည်သည်ကို ပြတော်မူသည်။ ။အပရော။တပါး
သော။နယော။နည်းကား။ အမရာနာမ။ အမရာမည်သည်ကား။
ဧကာမစ္ဆဇာတိ။တခုသောငါးမျိုးတည်း။သာ။ ထိုငါးသည်။ဝါ။
ငါးကို။ဥမ္မုဇ္ဇနနိမုဇ္ဇနာဒိဝသေန။ ပေါ်ငုတ်ခြင်း စသည်တို့၏ အ
စွမ်းဖြင့်။ဥဒကေ။ ရေ၌။ သန္တာဝမာနာ။ ပြေးသွားသည် ရှိသော်။
ဂဟေတုံ။ဘမ်းယူခြင်းငှါ။ နသက္ကာတိ။ မစွမ်းနိုင်။ ဧဝမေဝ။
ဤအတူသျှင်၊အယံပိဝါဒေါ။ ဤအယူဝါဒသည်လည်း။ ဧတော
ဝိတောစ။ဤမှထိုမှလည်း။သန္တာဝတိ။ ခုန်သွားပြေးသွား၏။ ဂါ
ဟံ။ တပုံတခုစွဲလမ်းရာသို့။ နဥပဂစ္ဆတိ။ မကပ်မရောက်။ ဣတိ။
ထိုကြောင့်။အမရာဝိက္ခေပေါတိ။ ဟူ၍။ဝုစ္စတိ။ဆိုအပ်၏။ ။
ဤကားယောဇနာ။ ။အမရာဝိယာတိအမရာ။ ဒိဋ္ဌိဝါစာ။တာ
ယဝိက္ခေပေါတိ အမရာဝိက္ခေပေါ။ ဝါဒေါ။ အထဝါ။ အမရာ
ဝိယာတိအမရော။ဝါဒေါ။ သောစသောသောစတိအမရာဝိက္ခေ
ပေါ။ဝါဒေါယေဝ။ ။ဤသို့လည်းဝိဂြိုဟ်ပြု။ ။အမရာဝိယာ။
ငါးခုမြောက်ကဲ့သို့ဖြစ်၏။ဣတိ။ ထိုကြောင့်။ အမရာ။၏။ ဒိဋ္ဌိဝါ
စာ။ဒိဋ္ဌိဝါစာကိုရအပ်၏။တာယ။ထိုဒိဋ္ဌိဝါစာဖြင့်။ဝါ။၏။ဝိက္ခေ
ပေါ။ ပယ်ဖြစ်ဖြန့်လွင့်ခြင်းတည်း။ ဣတိ။ ထိုကြောင့်။ အမရာ
ဝိက္ခေပေါ။၏။ ဝါဒေါ။ ဒိဋ္ဌိဝါဒကိုရအပ်၏။ အထဝါ။ တနည်း
ကား။အမရာဝိယာ။ငါးခုမြောက်နှင့်တူ၏။ဣတိ။ထိုကြောင့်။ အမ
ရော။ ၏၊ ဝါဒေါ။ ဒိဋ္ဌိဝါဒကို ရအပ်၏။ သောစ။ ထိုဝါဒသည်
လည်း။သောစ။ ထိုဝိက္ခေပသည်လည်း။၊သော။ ထိုသရုပ္ပယတ္ထ
လျှာသည်။ဟောတိ။၏။ဣတိ။ထိုကြောင့်။အမရာဝိက္ခေပေါ။၏။
ဝါဒေါယေဝ။ဝါဒကိုပင်ရအပ်၏။ ။ဤကားယောဇနာ။ ။
ငါးကဲ့သို့ ကမ္ဘာပထဉ်ခ မသိဘဲလျှက်ဖြေအပ်သည် ရှိသော်။ ကာ
မုပ္ပါဒါန်။ ဒေါသုပ္ပါဒါန် ဖြစ်အံ့ သည်မှ ရှုံရှာ ကြောက်လန့်၍
ဧဝန္တိပိ မေနော စသောစကားဖြင့် ငြေဆိုစွဲယူအပ်သော အယူ
ဝါဒသည်။ ဥပါဒါနဘယ အမရာဝိက္ခေပ ဒိဋ္ဌိမည်၏။ ။ငါး
ကဲ့သို့ ကမ္ဘာပထဉ်ခ မသိဘဲလျှက်ဖြေဆိုအပ်သည်ရှိသော်။ ပညာ

ရှိတို့အတတန်၊ထပ်မံစိစစ်ရာတကားဟု အနုယောဂမှကြောက်
သောကြောင့်၊ ဇေန္တိပိမေနော စသော စကားဖြင့် ဖြေဆိုစွဲယူ
အပ်သောအယူဝါဒသည်။ အနုယောဂဘယ အမရာဝိက္ခေပဒိဋ္ဌိ
မည်၏။ ။သူတပါးကမေးအပ်သည်ရှိသော်၊မိမိသည် မန္ဒမော
မူဟာဖြစ်၍ ဤသို့သော အယူဝါဒဖြင့် ဖြေဆိုသော်၊ ကောင်းမြတ်
၏ဟုနှလုံးသွင်း၍၊ ဧဝန္တိပိမေနော စသောစကားဖြင့် ဖြေဆိုစွဲ
ယူအပ်သော အယူဝါဒသည်၊မန္ဒအမရာဝိက္ခေပဒိဋ္ဌိမည်၏။ ။
ဤသို့အမရာဝိက္ခေပဒိဋ္ဌိလေးပါးအထူးပြတ်ကိုမှတ်။ ။အဓိစ္စ
သမုပ္ပန္နဒိဋ္ဌိနှစ်ပါးဟူရာ၌၊အဓိစ္စသမုပ္ပန္နဒိဋ္ဌိ၊ အဓိစ္စသမုပ္ပန္နတက္က
ဒိဋ္ဌိ ဤသို့ နှစ်ပါးပြား၏၊ ထိုနှစ်ပါးတို့တွင်။ အသညသတ်ဘုံမှ
ရှတေ၍။လူ့ဘုံသို့ ဖြစ်လာသောပုဂ္ဂိုလ်သည်၊ ရသေ့ရဟန်းပြု၍
အဘိညာဉ်ညာဏ်ဖြင့် လာခဲ့သောဘဝကို ကြည့်သည် ရှိသော်၊
အတိတာနန္တရဘဝကိုသာမြင်၍ ထိုထက်အလွန်မမြင်နိုင်သဖြင့်
ဤလူ့ဘုံသို့ ကုသိုလ် အကုသိုလ် အကြောင်းကင်းလျက်၊ မိမိ
ရောက်လာသည်ကိုမြင်၍ အတ္တလောကသည် အကြောင်းကင်း
၍ဖြစ်၏ဟု စွဲယူအပ်သောအယူဝါဒသည် အဓိစ္စသမုပ္ပန္နဒိဋ္ဌိမည်
၏။ ။ဤမဟာပထဝီမြေကြီးသည် တရုတ်ယောက်သောသူ
ပြုပြင်စီရင်သူကင်း၍ ပေါ်လာ၏ဟုထင်မှတ်သကဲ့သို့၊ ထိုထိုသို့
သော အကြောင်းဖြင့်ကြံဆ၍ အတ္တလောကသည်၊ အကြောင်း
ကင်း၍ဖြစ်၏ဟု စွဲယူအပ်သော အယူဝါဒသည်၊ အဓိစ္စသမုပ္ပန္န
တက္ကဒိဋ္ဌိမည်၏။ ။ဤတက္ကဒိဋ္ဌိသည်လည်း၊ အနုဿတိတက္က
ဒိဋ္ဌိစသည်ဖြင့် လေးပါးပြား၏၊ထိုလေးပါးတို့တွင် အသညသ တ်
ဘုံ၌ နာမ်မရှိ ဟူသော စကားကို ကြား၍၊ ထိုဘုံမှ ရှတေသော
ပုဂ္ဂိုလ်သည်၊ အကြောင်း ကင်း၍ ဖြစ်သကဲ့သို့၊ အတ္တ လောက
သည်၊ အကြောင်းကင်း၍ ဖြစ်၏ဟု စွဲယူအပ်သော အယူဝါဒ
သည်၊အနုဿတိတက္ကဒိဋ္ဌိမည်၏။ ။ဇာတိဿရညာဏ်ကိုရ
၍ အသညသတ်ဘုံမှရှတေ၍ ဖြစ်လာသည်ကို မြင်သဖြင့်၊ အတ္တ
လောကသည်၊အကြောင်းကင်း၍ဖြစ်၏ဟု စွဲယူအပ်သော အယူ

ဝါဒသည်၊ဇာတိဿရတက္ကဒိဋ္ဌိမည်၏။ ။ဤဘဝ၌ မိမိသည် ရှေး ရှေး ဘုန်း ကံ ကြောင့် ချမ်းသာကို ခံစားရသဖြင့်။ ငါသည် တစုံတခုသော ကုသိုလ် အကုသိုလ်ဝတ္ထုအကြောင်းကို မပြုဘဲ ချမ်းသာကိုရ၏၊ ရှေးဘဝ၌လည်း ရဘူးပြီ၊နောက်ဘဝ၌လည်း ရလတ္တံ့ဟုကြံဆ၍ အတ္တလောကသည်။အကြောင်းကင်း၍ ဖြစ် ၏ဟု စွဲယူအပ်သော အယူဝါဒသည်၊လာဘီတက္ကဒိဋ္ဌိမည်၏။ ။ ထိုအကြောင်း သုံးပါးနှင့် မရောမယှက် သက်သက်မိမိသဘာဝ အားဖြင့်လျှင်၊ အတ္တလောကသည်။ အကြောင်းကင်း၍ ဖြစ်၏ဟု စွဲယူအပ်သော အယူ ဝါဒသည် သုဒ္ဓတက္က ဒိဋ္ဌိမည်၏။ ။ဤ တက္ကအဋ္ဌုပ္ပတ်ကို၊ တတ္ထိဝါရော ပိဒ္ဓတ္တနယေနေဝ ဝေဒိတဗ္ဗော ဟူ၍ အဋ္ဌကထာ ဘွင့်အပ်သည်နှင့်အညီ၊ ရှေးဦး တက္ကနည်းကို မှီ၍ သဘောအားလျော်စွာဆိုအပ်သည်။ ။ဤသို့အဒိစ္စသမုပ္ပန္န ဒိဋ္ဌိနှစ်ပါး အဋ္ဌုပ္ပတ်ကိုမှတ်။ ။ဤသို့ ဆိုအပ်ကုန်သော ဒိဋ္ဌိ တဆဲ့ရှစ်ပါးတို့ကို။ ရှေးအစွန်းအဘို့၌ စွဲယူ၍ ဖြစ်ခြင်းကြောင့် ပုဗ္ဗန္တာနုဒိဋ္ဌိမည်ကုန်၏ဟူ၍မှတ်။ ။သညီဝါဒဒိဋ္ဌိတဆဲ့ခြောက် ပါးဟူရာ၌၊ရူပီအတ္တာသညီဝါဒဒိဋ္ဌိ၊အရူပီအတ္တာသညီဝါဒဒိဋ္ဌိ။ ရူပီ အရူပီအတ္တာသညီဝါဒဒိဋ္ဌိ၊နေဝရူပီနာရူပီအတ္တာသညီဝါဒဒိဋ္ဌိ၊ ။ အန္တဝါအတ္တာသညီဝါဒဒိဋ္ဌိ၊အနန္တဝါ အတ္တာသညီဝါဒဒိဋ္ဌိ၊အန္တာ နန္တဝါ အတ္တာသညီဝါဒဒိဋ္ဌိ၊နေဝန္တဝါ နာနန္တဝါ အတ္တာသညီ ဝါ ဒဒိဋ္ဌိ၊ ဧကတ္တသညီအတ္တာဝါဒဒိဋ္ဌိ၊နာနတ္တသညီအတ္တာဝါဒဒိဋ္ဌိ၊ ပရိတ္တသညီအတ္တာဝါဒဒိဋ္ဌိ၊ အပ္ပမာဏသညီအတ္တာဝါဒဒိဋ္ဌိ၊ ။ ဧကန္တ သုခီအတ္တာသညီဝါဒဒိဋ္ဌိ၊ ဧကန္တဒုက္ခီအတ္တာသညီဝါဒ ဒိဋ္ဌိ၊ သုခဒုက္ခီအတ္တာသညီဝါဒဒိဋ္ဌိ၊အဒုက္ခမသုခီအတ္တာသညီဝါဒဒိဋ္ဌိ၊ ။ ဤသို့တဆဲ့ခြောက်ပါး၏ ထိုတဆဲ့ခြောက်ပါးတို့တွင် ကသိုဏ်း ရုပ်သည် ရူပီမည်၏၊ထိုရူပီကိုအတ္တာဟုယူ၍ ဤကိုယ်သည်၊ မိမိ ၌အာရုံပြု၍ဖြစ်သောသညာရှိသောကြောင့် သညီမည်၏၊ဤသညီ မည်သော ရူပီဟုဆိုအပ်သော ကိုယ်သည် သေသည်မှအထက် ၌မြဲ၏၊မသေပြီဟုစွဲယူအပ်သော အယူဝါဒသည်၊ ရူပီအတ္တာသညီ

ဝါဒဒိဋ္ဌိမည်၏။ ။အရူပသမာပတ်လေးပါး၏အာရုံသည် အ
ရူပိမည်၏။ထိုအရူပိကို အတ္တဟုယူ၍ ဤကိုယ်သည် မိမိ၌အာရုံ
ပြု၍ဖြစ်သော သမာပတ်သညာရှိသောကြောင့် သညီမည်၏။ဤ
သညီမည်သော အရူပိဟုဆိုအပ်သောကိုယ်သည်၊ သေသည်မှ
အထက်၌မြဲ၏။မသေပြီဟုစွဲယူအပ်သော အယူဝါဒသည်၊ အရူ
ပိအတ္တသညီဝါဒဒိဋ္ဌိမည်၏။ ။ထိုနှစ်ပါးကိုရော၍ ရူပိအရူပိ
အတ္တသညီဝါဒဒိဋ္ဌိကိုမှတ်။ ။ကိုယ်သည် ရူပီလည်း မဟုတ်
အရူပိလည်းမဟုတ်။ ဤသညီမည်သော နေဝရူပိ နာရူပိဟု ဆို
အပ်သောကိုယ်သည်၊သေသည်မှအထက်၌မြဲ၏။ မသေပြီဟု စွဲ
ယူအပ်သော အယူဝါဒသည်။ နေဝရူပိနာရူပိအတ္တသညီဝါဒဒိဋ္ဌိ
မည်၏။ ။ဤဒိဋ္ဌိ လေးပါးတို့တွင် ရှေးသုံးပါးတို့သည် ဈာန
လာဘီတို့၏ငင်း။ အလာဘီတို့၏ငင်း အယူဝါဒ နိဂဏ္ဌဒိဋ္ဌိ တို့
သည်။ ကံကိုမမြစ်သောကြောင့် ဈာနလာဘီ ဖြစ်ကုန်၏။ အာဇီ
ဝကတို့ကား၊ ကံကိုမြစ်သောကြောင့် နိယတဒိဋ္ဌိ ဖြစ်ကုန်၍ အ
လာဘီဖြစ်ကုန်၏။ နောက်ဝါဒကား တက္ကဝါဒ အားဖြင့်သာ ဖြစ်
၏ဟုမှတ်။ ။ဒုတိယစတုက္ကကို၊ အန္တာနန္တိကဝါဒ၌ ဆိုအပ်
ပြီးသောနည်းဖြင့်သိအပ်၏။အန္တဝါစသည်မည်သောအတ္တသည်
သညာရှိသည်ဖြစ်၍သညီမည်၏။ဤမျှသာထူးသည်။ ။တတိယ
စတုက္က၌ဈာန်ဝင်စားသောပုဂ္ဂိုလ်သည်၊ဈာနအင်္ဂါတွင်၌မပြန့်လွင့်
မူ၍ တခု တည်းသော သဘော ဖြင့်ရကား အတ္တသည် ဧကတ္တ
သညီမည်၏။ဤဧကတ္တသညီမည်သောကိုယ်သည်၊ သေသည်မှ
အထက်၌ မြဲ၏၊ မသေပြီဟု စွဲယူအပ်သော အယူ ဝါဒသည်၊ ဧ
ကတ္တသညီ အတ္တဝါဒဒိဋ္ဌိမည်၏။ ။ဈာန်မဝင်စားသောပုဂ္ဂိုလ်
၏အစွမ်းဖြင့် ဗဟိဒ္ဓ၌ အာရုံအထူးထူးကိုစွဲ၍ ဩဠာရိကသညာ
အထူးထူးဖြစ်ရကား။အတ္တသည် နာနတ္တသညီမည်၏။ ဤနာနတ္တ
သညီမည်သောကိုယ်သည်၊သေသည်မှအထက်၌မြဲ၏၊ မသေပြီ
ဟု စွဲယူအပ်သော အယူဝါဒသည်၊ နာနတ္တသည် အတ္တဝါဒ ဒိဋ္ဌိ
မည်၏။ ။ကျဉ်းငယ်သော ကသိုဏ်းအစွမ်းဖြင့် အတ္တသည်

ပရိတ္တသညီမည်၏။ ဤပရိတ္တသညီ မည်သောကိုယ်သည်။ သေး
သည့်မှ အထက်၌ မြဲ၏။ မသေပြီဟု စွဲယူအပ်သော အယူဝါဒ
သည်။ ပရိတ္တသညီအတ္တဝါဒ ဒိဋ္ဌိမည်၏။ ။ကြီးကျယ်သော
ကသိုဏ်း အစွမ်းဖြင့် အတ္တသည် အတိုင်းမရှိသော သညီသည်
ဖြစ်၍ အပ္ပမာဏသညီမည်၏။ ။ရှေးနည်းအတူ အယူဝါဒ
သည် အပ္ပမာဏသညီ အတ္တဝါဒဒိဋ္ဌိမည်၏။ ။စတုတ္ထစတုက္က
၌ ဒိဗ္ဗစက္ခုဖြင့် တိကစတုက္ကဈာန်ဘုံ၌ဖြစ်သည်ကိုမြင်၍။ ထိုဘုံ၌
သတ္တဝါတို့သည်။ စင်စစ်ချမ်းသာ ရှိကုန်သည်ဖြစ်၍ ဧကန္တသုခိ
မည်ကုန်သော သတ္တဝါတို့ကိုအတ္တဟုယူ၍။ ဤဧကန္တသုခိမည်
သောကိုယ်သည် ရှေးနည်းအတူ အယူဝါဒသည်။ ဧကန္တသုခိ
အတ္တသညီဝါဒဒိဋ္ဌိမည်၏။ ။ထိုစက္ခုဖြင့် ငရဲ၌ဖြစ်သည်ကို မြင်
၍။ ဤသတ္တဝါတို့ကား စင်စစ်ဆင်းရဲ ရှိကုန်သည်ဖြစ်၍။ ဧကန္တ
ဒုက္ခိဖြစ်ကုန်၏။ ရှေးနည်း အတူ အယူ ဝါဒသည် ဧကန္တ ဒုက္ခိ
အတ္တသညီဝါဒ ဒိဋ္ဌိမည်၏။ ။သုခဒုက္ခိအတ္တသညီဝါဒ ဒိဋ္ဌိကို
ရှေးနည်းကိုမှီ၍ လူ့ဘုံ၌မှတ်။ ချမ်းသာ ဆင်းရဲ နှစ်ပါး ရောခြင်း
ကြောင့်။ လူသတ္တဝါတို့ကို သုခဒုက္ခိဟုဆိုသည်။ ။ဝေဟပ္ဖ ဖလ်
ဘုံတို့၌သတ္တဝါတို့ကိုမြင်၍ဤသတ္တဝါတို့ကားလျစ်လျူသောဝေ
ဒနာရှိကုန်သည်ဖြစ်၍။ အဒုက္ခမသုခိဖြစ်ကုန်၏။ ရှေးနည်းအတူ
အယူဝါဒသည် အဒုက္ခမ သုခိအတ္တသညီဝါဒဒိဋ္ဌိမည်၏။ ။ဤ
ဝါဒဒိဋ္ဌိတို့အရာ၌ ဒိဗ္ဗစက္ခု အဘိညာဉ် ညာဏ်ကိုသာ အဓိက
ထား၌ဘွင့်အပ်၏။ ပုဗ္ဗေနိဝါသညာဏ် ယထာကမ္မူပဂညာဏ်
တို့ကိုမဘွင့်အပ်ကုန်၏။ ။ပုဗ္ဗေနိဝါသညာဏ်အစွမ်းဖြင့် ဒိဋ္ဌိဖြစ်
မှုကား။ ပုဗ္ဗန္တကပ္ပိက ဒိဋ္ဌိသာဖြစ်ရာ၏။ ဤဝါဒဒိဋ္ဌိတို့ကား။ အ
ပရန္တကပ္ပိက ဒိဋ္ဌိသာဖြစ်ကုန်၏။ ထိုကြောင့် အရာအားမလျော်
သည်ဖြစ်၍။ ထိုပုဗ္ဗေနိဝါသညာဏ်ကိုမဘွင့်အပ်။ ။ဝိသေသ
တောဟိပုဗ္ဗေနိဝါသာနုဿတိ ညာဏလာဘိနော။ ပုဗ္ဗန္တကပ္ပိ
ကာဟောန္တိ။ ဒိဗ္ဗစက္ခုကာ အပရန္တ ကပ္ပိကာတိ။ ။ဟူ၍
အဋ္ဌကထာ၌ ဘွင့်အပ်သည်ကိုရှု၍သိလေ။ ။ဟိ။ မှန်၏။ ဝိသေ

သတော၊ အထူးအားဖြင့်၊ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏလာဘိ
နော၊ ပုဗ္ဗေနိဝါသာ နုဿတိ ဉာဏ်ကို ရကုန်သော ပုဂ္ဂိုလ် တို့
သည်။ ပုဗ္ဗန္တကပ္ပိကာ၊ ရှေးအစွန်းကိုကြံ၍ ယူကုန်သည်၊ ဟောန္တိ၊
ဖြစ်ကုန်၏။ ဒိဗ္ဗစက္ခုကာ၊ ဒိဗ္ဗစက္ခုဉာဏ်ရှိကုန်သော ပုဂ္ဂိုလ်
တို့သည်၊ အပရန္တကပ္ပိကာ၊ နောက်အစွန်း အဘို့၌ကြံ၍ ယူကုန်
သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ ဣတိ၊ ဤသို့၊ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။
ဤကားယောဇနာ။ ။ယထာကမ္မုပဂဉာဏ်ကို ဒိဗ္ဗစက္ခု၏
ပရိကံ ဖြစ်သောကြောင့်၊ ထိုဉာဏ်ဖြင့် မြင်သော အရာသည်
လည်း၊ ဒိဗ္ဗစက္ခုဖြင့်သာလျှင်မြင်သည်မည်၏၊ ထိုကြောင့်အသီး
မယူအပ်ဟု ဋီကာတို့၌ ဘွင့်၏။ ။ဤသို့ သညီဝါဒဒိဋ္ဌိ တဆဲ့
ခြောက်ပါးသော အဋ္ဌုပ္ပတ်ကိုမှတ်၊ ။အသညီဝါဒဒိဋ္ဌိရှစ်ပါးဟူ
ရာ၌၊ သညီဝါဒဒိဋ္ဌိစတုက္ကလေးပါးတို့တွင်၊ ရှေးစတုက္ကနှစ်ပါးတို့
၏ အစွမ်းဖြင့် ရူပီအတ္တာ အသညီဝါဒဒိဋ္ဌိ၊ ဤသို့ စသည်ဖြင့် အ
သညီသဒ္ဒါနှင့်ယှဉ်၍ ရှစ်ပါးအပြားကိုမှတ်၊ ။သညာမရှိသော
ရူပီဟုဆိုအပ်သော အတ္တာသည်၊ သေသည်မှ အထက်၌မြဲ၏၊ မ
သေပြီဟု စွဲယူအပ်သော အယူဝါဒသည်။ ရူပီအတ္တာ သညီဝါဒ
ဒိဋ္ဌိမည်၏၊ ဤသို့စသည်ဖြင့် အဋ္ဌုပ္ပတ်ကို သိလေ၊ ။နေဝ
သညီနာသညီဝါဒဒိဋ္ဌိရှစ်ပါးဟူရာ၌လည်း၊ ရူပီအတ္တာ နေဝသညီ
နာသညီဝါဒ ဒိဋ္ဌိရှစ်ပါး ဟူရာ၌လည်း၊ ရူပီအတ္တာ နေဝသညီ နာ
သညီဝါဒဒိဋ္ဌိ၊ ဤသို့စသည်ဖြင့် နေဝသညီ နာသညီသဒ္ဒါနှင့် ယှဉ်
၍ ရှစ်ပါးအပြားကိုမှတ်၊ အဋ္ဌုပ္ပတ်ကိုလည်းသိလေ၊ ။ဥစ္ဆေ
ဒဒိဋ္ဌိ ခုနစ်ပါးဟူရာ၌၊ သန္တာဝ အတ္တာ ဥစ္ဆေဒဒိဋ္ဌိ၊ ဒိဗ္ဗအတ္တာဥစ္ဆေဒ
ဒိဋ္ဌိ၊ မနောမယအတ္တာဥစ္ဆေဒဒိဋ္ဌိ၊ အဋ္ဌဂ်မအတ္တာဥစ္ဆေဒဒိဋ္ဌိ၊ အာနန္တ
အတ္တာဥစ္ဆေဒဒိဋ္ဌိ၊ ကိဉ္စိအတ္တာဥစ္ဆေဒဒိဋ္ဌိ၊ သန္တအတ္တာဥစ္ဆေဒဒိဋ္ဌိ၊ ဤ
သို့ခုနစ်ပါးပြား၏၊ ။ထိုခုနစ်ပါး တို့တွင်၊ မိဘာနှစ်ပါး တို့၏
သုတ်သွေးကိုစွဲ၍ဖြစ်သော လူတို့၏အတ္တဘောသည်၊ သေသည်
မှနောက်၌ပြတ်၏၊ ပဋိသန္ဓေမနေပြီဟုစွဲယူအပ်သော အယူဝါဒ
သည်၊ သန္တာဝအတ္တာဥစ္ဆေဒဒိဋ္ဌိမည်၏၊ ။ဒိဗ္ဗအတ္တာဥစ္ဆေဒဒိဋ္ဌိ၌။

နတ်တို့၏အတ္တဘောကိုမှတ်။ ။မနောမယအတ္တဘွေဒိမ္မြိဒွ။ ရူပါဝစရဈာန်ဖြင့် ပြီးသော၊ စက္ခုန္ဒြေစသော ဣန္ဒြေငါးပါးတို့ နှင့်ပြည့်စုံသော အတ္တဘောကိုမှတ်။ ။ဣန္ဒြေငါးပါး ဟုရာ၌။ ဃာနိန္ဒြေစသော ဣန္ဒြေ သုံးပါးကို၊ ဣန္ဒြေတို့ပင် မရှိကုန်သော် လည်း။သဏ္ဍာရဒြပ်ဝတ္ထု ရှိသည်၏ အဖြစ်ကြောင့်၊ ဝေါဟာရရူပ စာရအားဖြင့် ဆိုအပ်သည်ဟုမှတ်။ ။အဟိနိန္ဒြိယောဘတိ ပရိ ပုဏ္ဏိန္ဒြိယော၊ယာနိဗြဟ္မ လောကေအတ္တိ၊တောသံဝသေနဣတရေ သဠ္ဌသဏ္ဍာနဝသေနေတံဒုတ္တံ၊ ။ဟူ၍အဋ္ဌကထာ၌ဘွင့်အပ်သည် ကိုရှု၍သိလေ။ ။အဟိနိန္ဒြိယောတိ၊ ဟူသည်ကား၊ ပရိပုဏ္ဏိန္ဒြိ ယော၊ပြည့်စုံသော ဣန္ဒြေရှိသောကိုယ်၊ ယာနိ၊ အကြင်ဣန္ဒြေတို့ သည်၊ဗြဟ္မလောကေ၊ဗြဟ္မာဘုံ၌၊အတ္တိ၊၏၊တောသံ၊ထိုဣန္ဒြေတို့ ၏၊ဝသေန၊အစွမ်းဖြင့်ရင်း၊ဣတရေသံ၊ ဤမှ တပါးကုန်သော ဃာနိန္ဒြေ စသည်တို့၏၊ သဏ္ဍာနဝသေန၊ သဏ္ဍာန်၏ အစွမ်း ဖြင့်ရင်း၊ဧတံ၊ဤအဟိနိန္ဒြိယောဟူသော စကားကို၊ ဝုတ္တံ၊ဟော ဘော်မူအပ်၏။ ။ဤကားယောဇနာ။ ။ပထမာရုပ္ပဘုံ၌၊ရူပ သညာကိုလွန်၍ပဋိဃသညာချုပ်ခြင်းကြောင့်၊အနန္တာကာသအာ ရုံရှိသော အတ္တဘောသည်၊ သေသည်မှ နောက်၌ ဖြစ်၏၊ ပဋိ သန္ဓေမနေပြိဟုံ၍ယူအင်သော အယူဝါဒသည်၊အတ္တဂ်မ အတ္တု ဒ္ဒေ ဒိမ္မြိမည်၏။ ။အနန္တ အတ္တုဒ္ဒေ ဒိမ္မြိ၌၊အနန္တာကာသကို လွန်၍၊ ပထမာရုပ္ပ ဝိညာဏ် သျှင် အာရုံရှိသော အတ္တဘော ကို မှတ်။ ။ကိဉ္စိအတ္တု ဒ္ဒေဒိမ္မြိ၌ ပထမာရုပ္ပ ဝိညာဏ်အာရုံကို လွန်၍ ထိုဝိညာဏ်၏ မရှိခြင်း နတ္ထိဘော ပညာတ်လျှင် အာရုံရှိ သောအတ္တဘောကိုမှတ်။ ။သန္တအတ္တုဒ္ဒေဒိမ္မြိ၌ နတ္ထိဘော ပညာတ်အာရုံကိုလွန်၍၊တတိယာရုပ္ပဝိညာဏ်လျှင်အာရုံရှိသော အတ္တဘောကိုမှတ်။ ။ဤမျှသာထူး၏၊ အကြွင်းဆိုဘွယ် စ ကားရင်ကားထင်ရှားပြီ။ ။ဤဝါဒဒိမ္မြိတို့၌ တယောက် အယူ ကို တယောက်မနှစ်သက်၍ အယူးအပြားဖြစ်ကုန်သည်၊ ။ ဈာနသာဘိတို့သည်၊ဒိဗ္ဗစက္ခုဖြင့် ကြည့်သည်ရှိသော်၊ ရုဏီကို

သာမြင်၍ ပဒိုသန္တေကို မမြင်နိုင်ကြ၍ ထိုဝါဒဖြစ်ကုန်သည်၊ ပဒို
သန္တေကို မမြင်နိုင်ဟူရာ၌၊ ပုဗ္ဗပယောဂ မရှိသောကြောင့်ရင်း
ပရိကံ မပြုသောကြောင့်ရင်း ကြည့်ပါသော်လည်း မမြင်နိုင်လေ
သည်ဟုမှတ်၊ ။ဈာန်မရသော ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့်လည်း
တခလွန်ဘဝကို မမြင်နိုင်ကုန်သည်ဖြစ်၍လည်း၊ ထိုဝါဒသည်၊
ကာမသုခ၌ တပ်မက် ကျူးသော ပုဂ္ဂိုလ် တရုံ တရသော အ
ကြောင်း အရာကို ကြံ ဆသော တက္က ပုဂ္ဂိုလ် တို့၏ အစွမ်းဖြင့်
လည်း၊ ထိုဝါဒဖြစ်သည်ကို အကျယ်အားဖြင့် ညာဏ်ပတျာဖြန့်
၍သိလေ။ ။ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိငါးပါးဟူရာ၌၊ ပရိစာရဒိဋ္ဌဓမ္မ
နိဗ္ဗာနဒိဋ္ဌိ၊ ပဌမဈာနဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ၊ ဒုတိယဈာန ဒိဋ္ဌဓမ္မနိဗ္ဗာန
ဒိဋ္ဌိ၊ တတိယဈာန ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ၊ စတုတ္ထဈာနဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ၊
ဤသို့ငါးပါးပြား၏၊ ထိုငါးပါးတို့တွင်၊ လူ့ဘုံ၌မန္ဓာတ်မင်း၊ နတ်
ဘုံ၌ မာရ်နတ်မင်း တို့၏ ကာမဂုဏ် ချမ်းသာနှင့် တူသော ချမ်း
သာရှိသော အတ္တဘောသည်လျှင်၊ မျက်မှောက်၌ငြိမ်းချမ်း သာ
ယာသောကြောင့်၊ ဒိဋ္ဌဓမ္မနိဗ္ဗာန်ပင်ဟု စွဲယူအင်သော အယူဝါဒ
သည်၊ ပရိစာရ ဒိဋ္ဌဓမ္မ နိဗ္ဗာန ဒိဋ္ဌိမည်၏။ ။နိဝရဏာကင်း
ကြောင်းဖြစ်သောပဌမဈာန်ကို ဝင်စား၍နေရသော အတ္တဘော
သည်၊ မျက်မှောက်၌ပင် ငြိမ်းချမ်းသာယာသောကြောင့်။ ပဌမ
ဈာနဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိမည်၏။ ။ဤနည်းကိုမှီ၍ နောက်သုံးပါး
ကိုလည်း ယထာရဟသိလေ။ ။ဤဝါဒဒိဋ္ဌိ ငါးပါးတို့သည်
လည်း တခယောက်အယူကို တယောက်မနှစ်သက်၍၊ အယူအ
ပြားဖြစ်ကုန်သည်ဟု မှတ်လေ။ ။သညီဝါဒဒိဋ္ဌိမှစ၍၊ ဤဒိဋ္ဌ
ဓမ္မနိဗ္ဗာနဒိဋ္ဌိ တိုင်အောင် လေးဆဲ့လေးပါးဒိဋ္ဌိတို့ကို အနာဂတ်
အစွမ်း အဘို့၌ စွဲယူသောကြောင့်၊ အပရန္တာနုဒိဋ္ဌိ မည်ကုန်၏
ဟူ၍မှတ်။ ။ဒိဋ္ဌိခြောက်ဆဲ့နှစ်ပါးသည်၊ ပုပ္ဗန္တာနုဒိဋ္ဌိ၊ အပ
ရန္တာနုဒိဋ္ဌိတို့၏အစွမ်းအစားဖြင့် နှစ်ပါးသာဖြစ်၏၊ သဿတဒိဋ္ဌိ၊
ဉစ္ဆေဒဒိဋ္ဌိတို့၏ အစွမ်းဖြင့်လည်းနှစ်ပါးသာဖြစ်၏။ ။ဉစ္ဆေ
ဒဒိဋ္ဌိခုနစ်ပါးမှကြွင်းသော ငါးဆဲ့ငါးပါးဒိဋ္ဌိတို့ကို သဿတဒိဋ္ဌိ

ဟူ၍မှတ်။ ။ဧတ္တာဝတာသဗ္ဗာပိဒွါသဋ္ဌိဒိဋ္ဌိယော၊ ကထိတာ ဟောန္တိ။ယာသံသင်္ဂဟေ ဥဒ္ဒေသဒိဋ္ဌိယော၊ သေသာသဿတ ဒိဋ္ဌိယော။ ။ဟူ၍အဋ္ဌကထာ၌ဘွင့်အပ်သည်ကိုရှု၍ သိလေ။ ။ ဧတ္တာဝတာ၊ဤမျှအတိုင်းအရှည်ရှိသောသဒ္ဒါအစဉ်အနက်အစဉ် ဖြင့်။သဗ္ဗာပိ။ အလုံးစုံလည်း ဖြစ်ကုန်သော၊ ဒွါသဋ္ဌိ ဒိဋ္ဌိယော၊ ခြောက်ဆဲ့ နှစ်ပါး ဒိဋ္ဌိတို့ကို၊ ကထိတာ၊ ဟောအပ်ကုန်သည်၊ ဟောန္တိ။ဖြစ်ကုန်၏။ယာသံ၊အကြင်ဒိဋ္ဌိတို့တွင်၊သင်္ဂဟေ၊ခုနစ် ပါးဒိဋ္ဌိတို့သည်၊ ဥဒ္ဒေသ ဒိဋ္ဌိယော၊ဥဒ္ဒေသ ဒိဋ္ဌိတို့မည်ကုန်၏၊သေ သာ၊ကြွင်းကုန်သော ငါးဆဲ့ငါးပါး ဒိဋ္ဌိတို့သည်၊ သဿတ ဒိဋ္ဌိ ယော၊သဿတဒိဋ္ဌိမည်၏၊ ။ဤကားယောဇနာ။ ။ဒိဋ္ဌိတို့၏ အယူဝါဒမည်သည်၊အကြောင်းမညီညွတ်။အရှုး၏ချင်းတောင်း ကဲ့သို့မှတ်လေ။ ။တတ္ထနေကေနကာရဏံပရိယေသိတဗ္ဗံ၊ ဒိဋ္ဌိဂတိကဿဟိဂါဟော ဥမ္မတ္တကပစ္ဆိမသဒိသောတိ ဝုတ္တမေ တံ။ ။ဟူ၍ အဋ္ဌကထာ၌ ဘွင့်အပ်သည်ကိုရှု၍ သိလေ။ ။ တတ္ထ၊ထိုဒိဋ္ဌိတို့၏ဝါဒ၌၊နေကေန၊စင်စစ်အားဖြင့်၊ကာရဏံ၊ အကြောင်းကို၊နပရိယေသိတဗ္ဗံ၊မရှာမှီးအပ်၊ဟိ၊မှန်၏၊ဒိဋ္ဌိဂတိ ကဿ၊ဒိဋ္ဌိအယူရှိသောသူ၏၊ဂါဟော၊အယူဝါဒသည်၊ ဥမ္မတ္တ ကပစ္ဆိမသဒိသော၊ အရှုးချင်းတောင်းနှင့်တူ၏၊ဣတိဧတံဝစနံ၊ ဤစကားကို၊ဝုတ္တံ၊ဟောတော်မူအပ်၏၊ ။ဤကားယောဇနာ။ ။ ကတမာနိအဋ္ဌဒိဋ္ဌိဋ္ဌာနာနိ၊ ခန္ဓာပိဒိဋ္ဌိဋ္ဌာနံ၊အဝိဇ္ဇာပိ၊ဖဿောပိ၊ သညာပိ၊ဝိတက္ကောပိ၊ အယောနိသော မနသိကာရောပိ၊ ပါပ မိတ္တောပိ၊ ပရ တော စ ဃောသောပိ ဒိဋ္ဌိ ဋ္ဌာနန္တိ၊ ။ ယခင်အဋ္ဌကထာ။ ။ဒိဋ္ဌိဖြစ်ကြောင်းဋ္ဌာနရှစ်ပါးကို ပြတော် မူသည်၊ ။အဋ္ဌ၊ရှစ်ပါးကုန်သော၊ဒိဋ္ဌိဋ္ဌာနာနိ၊ဒိဋ္ဌိဖြစ်ကြောင်း ဋ္ဌာနတို့သည်၊ကတမာနိ၊အဘယ်ရှစ်ပါးတို့နည်းဟူမူကား၊ခန္ဓာ ပိ၊ခန္ဓာငါးပါးသည်လည်း၊ဒိဋ္ဌိဋ္ဌာနံ၊ဒိဋ္ဌိဖြစ်ကြောင်းဋ္ဌာနမည်၏၊ အဝိဇ္ဇာပိ၊အဝိဇ္ဇာသည်ရင်း၊ဖဿောပိ၊ဖဿသည်ရင်း၊ သညာ ပိ၊သညာသည်ရင်း၊ ဝိတက္ကောပိ၊ ဝိတက်သည်ရင်း၊ အယောနိ

သော မနသိကာရရောပိ။မသင့်သောနှလုံးသွင်းခြင်းသည်ရင်း။ ပါပမိတ္တောပိ။ အဆွေ ခင်ပွန်းယုတ်သည်ရင်း။ ပရဝေါသစ။ သူတပါးမှ။ဆောသောပိ။ မဟုတ်မမှန်သောက်ပြန်သော တရားသံသည်ရင်း။ဒိဋ္ဌိမှာနံ။ဒိဋ္ဌိဖြစ်ကြောင်း မှာနမည်၏။ ဣတိ။ဤရှစ်ပါးတို့တည်း။ ။ဤကားယောဇနာ။ ။ဤကား ဒိဋ္ဌိခြောက်ဆဲ့နှစ်ပါးသရုပ်အဋ္ဌုပ္ပတ်မှတ်ဘွယ်။ ။စတ္တာရိမာနိ ဘိက္ခဝေ ကမ္မာနိ။ကတမာနိစတ္တာရိအတ္ထိကမ္မံကဏှံ ကဏှဝိပါကံ၊ အတ္ထိကမ္မံ သုက္ကံ သုက္ကဝိပါကံ။ အတ္ထိကမ္မံကဏှသုက္ကံ ။ ကဏှသုက္ကဝိပါကံ။အတ္ထိကမ္မံ အကဏှအသုက္ကံ ။ အကဏှ အသုက္ကဝိပါကံ။ ကမ္မံကမ္မက္ခယာယ။ကမ္မသံဝတ္တတိ။ ။နေတ္တိ စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်။ ကဏှ။ကဏှဝိပါကကံစသော ကံ လေးပါးကိုပြတော်မူသည်။ ။ဘိက္ခဝေ၊ရဟန်းတို့။ကမ္မာနိ၊ကံတို့သည်။ဣမာနိစတ္တာရိ။ဤလေးပါးတို့တည်း။ ကတမာနိစတ္တာရိ။ အဘယ် လေးပါးတို့နည်းဟူမူကား။ ကဏှဝိပါကံ။ မြည်းငြစ်သော အကျိုးရှိသော။ ကဏှံ။ မြည်းငြစ်သော သဘောရှိသော။ ကမ္မံ။အကုသလကမ္မပထဆယ်ပါးသည်။အတ္ထိ။ရှိ၏။ သုက္ကဝိပါကံ။ဖြူစင်သော အကျိုးရှိသော။ သုက္ကံ။ ဖြူစင်သော သဘော ရှိသော။ကမ္မံ။ကုသလကမ္မပထဆယ်ပါးသည်။ အတ္ထိ။ရှိ၏။ ကဏှသုက္ကဝိပါကံ။မြည်းဖြူသောအကျိုးရှိသော။ကဏှသုက္ကံ။ မြည်းဖြူသောသဘောရှိသော၊ကမ္မံ။ဝေါမိဿကကံသည်။အတ္ထိ။ရှိ၏။ ။ အကဏှအသုက္ကဝိပါကံ။ မမြည်းမဖြူသောအကျိုးရှိသော၊ အကဏှအသုက္ကံ။ မမြည်းမဖြူသော သဘောရှိသော။ ကမ္မံ။ ဝိရိယပညာအစွမ်းဖြင့် ဖြစ်သော မဂ်ကံသည်။ အတ္ထိ။၏။ ကမ္မံ။မဂ်ကံသည်။ကမ္မက္ခယာယ၊ ကံတကာတို့ထက်လွန်၏။ ကမ္မသေဋ္ဌ။ ကံတကာတို့ထက် ချီးမွမ်း အပ်၏။ ကမ္မက္ခယာယ။ ကံကုန်ခြင်းငှါ။ သံဝတ္တတိ။ဖြစ်၏။ ဣမာနိ။ ဤလေးပါးတို့တည်း။ ။ဤကား ယောဇနာ။ ။ဝေါမိဿကကံဟူရာ၌ကုသိုလ်ကံကိုအားထုတ်သောအခါ။လောဘ ဒေါသ မောဟ သဋ္ဌါတို့၏ အစွမ်းဖြင့် ရော

နှောလျက်အားထုတ်၏။ ထိုကံသည် ဝေါမိဿကကံမည်၏။ အကျိုးပေးသောအခါ။ ကံအကြောင်း မစင်ကြယ်သည်အားလျော်စွာ အကုသိုလ်ကံကြောင့်။ တိရိစ္ဆာန်ဘုံ၌ မင်္ဂလာဆင် စသည်ဖြစ်၍ ဆင်းရဲ ဒုက္ခကိုလည်း ခံစားရ၏။ ပဝတ္တိအခါ၌ ကုသိုလ်ကံသည် ထောက်ပင့်ပြန်၍ ချမ်းသာတလှည့်ခံစားရ၏ ဟူ၍ အကျိုးဖြစ်ပုံကိုမှတ်။ ။ထိုကုသိုလ်ကံကြောင့် သုဂတိဘုံ၌ ဖြစ်ကြိုသော်လည်း။လူခြင်းမတူ။နတ်ချင်းမမျှ။လူနတ်နှင့်နှင့်တို့၌ ဖြစ်၍ငင်း။ယမမင်း ငရဲထိမ်းစကုန်သော ဝေမာတိကနတ်တို့ကဲ့သို့ဖြစ်၍ငင်း။ဒုက္ခနှင့်ရောသောချမ်းသာကိုခံစားရ၏ဟူ၍မှတ်။ ။ဤဝေါမိဿကကံကို။ ကုသိုလ်ကိုအားထုတ်ရာ အကုသိုလ်ကိုအားထုတ်ရာ နှစ်ပါးစုံ၌ပင် ရအပ်၏ဟူ၍လည်း မှတ်လေ။ ။ဤကား ကဏှသုက္ကကံလေးပါး၌မှတ်ဘွယ်။ ။သည့်လဟုမရဏံနာမအတ္ထိ။ နိခါဒနဒဏ္ဍက မတ္တကသို့။ ဟိနိလိနံ။ မက္ခ်ကံရက္ခရေန ပဟာရေတွာပိသန္တိ။ဝေဠုပေပိကာလေ။ကမ္ဗုံဝါကမ္ဗုနိမိတ္တံဝါ ဥပဋ္ဌာတိ။ ဝံပိသိယာမာနာယ ပနံ မက္ခ်ကာယပထမံ ကာယဒွါရာဝဇ္ဇနံ။ဘဝင်္ဂနာဝဇ္ဇေတိ။မနောဒွါရာဝဇ္ဇနမေဝအာဝဇ္ဇေတိ။ အထဇဝနံ ဇဝိတွာဘဝင်္ဂ ဩတရတိ။ ဒုတိယဝါရေ ကာယဒွါရာဝဇ္ဇနံ ဘဝင်္ဂ အာဝဇ္ဇေတိ။ တတောကာယ ဝိညာဏံ။ သမ္ပဋိစ္ဆနသန္တီရဏ ဝေါဋ္ဌပ္ပနန္တိ။ ဝိထိဝိတ္တာနိပငတွာန္တိ ဇဝနံ ဇဝိတွာ။ ဘဝင်္ဂ ဩတရတိ။ တတိယဝါရေ။ မနောဒွါရာဝဇ္ဇနံ ဘဝင်္ဂ အာဝဇ္ဇေတိ။ အထဇဝနံဇဝိတွာဘဝင်္ဂ။ ဩတရတိ။ဧကသ္မိ မှာနေကာလံကရိယံကရောတိ။ ။ဤကားဝိဘင်း အဋ္ဌကထာပါဠိ။ချပ်ဖြတ်ရိုက်သတ်၍ လျင်စွာသေရာ၌။ဝိထိကျဟန်ကိုပြသည်။ ။အညံ့။ဘပါးသော်။ လဟုံမရဏံနာမ။ လျင်စွာသေခြင်းမည်သည်။အတ္ထိ။ရှိ၏။ဟိ။ချဲ့ဦးအံ့။ နိခါဒနဒဏ္ဍကမတ္တကသို့။ ဆောက်လှန်ဒါန်ထက်၌။ နိလိနံ။ နားနေသော။ မက္ခ်ကံ။ ယင်ကို။ မုဂ္ဂရေန။ ဆောက်ပုတ် လက်ရိုက်ဖြင့်။ ပဟာရေတွာ။ ပုတ်ခပ်၍။ပိသန္တိ။ မုန့်မုန့်ညက်ညက် ကြိတ်ကုန်အံ့။ ဝေဠုယေ

ဤသို့သဘောရှိသော၊ကာလေပိ၊ အခါ၌လည်း၊ကမ္ဗံဝါ၊ကံသည်
ရင်း၊ကမ္မနိမိတ္တံဝါ၊ကမ္မနိမိတ်သည်ရင်း၊ ဥပဋ္ဌာတိ၊ထင်၏၊ဧဝံ၊
ဤသို့၊ပိသိယမာနံ့ာယ၊ကြိပ်အပ်သော၊ မကျွံကာယပန၊ ရင်၏
ကား၊ပထမံ၊ရှေးဦးစွာ၊ ကာယဒွါရာဝဇ္ဇနံ၊ ကာယဒွါရ၌ အာ
ဝဇ္ဇန်းသည်၊ ဘဝင်္ဂ၊ဘဝင်ကို၊ နာဝဋ္ဋေတိ၊ မလည်စေ၊ မနော
ဒွါရာဝဇ္ဇန မေဝ၊ မနောဒွါရ၌ အာဝဇ္ဇန်း စိတ်သည် သာလျှင်၊
အာဝဋ္ဋေတိ၊လည်စေ၏၊အထ၊ ထိုအခါ၌၊ ဇဝနံ၊ဇောသည်၊ ဇ
ဝိတွာ၊စော၍၊ဘဝင်္ဂ၊ဘဝင်သို့၊ ဩတရတိ၊ သက်၏၊ ဒုတိယ
ဝါရေ၊ဒုတိယဝိထိအကြိမ်၌၊ကာယဒွါရာဝဇ္ဇနံ၊ကာယဒွါရ၌အာ
ဝဇ္ဇန်းသည်၊ ဘဝင်္ဂ၊ ဘဝင်ကို၊ အာဝဋ္ဋေတိ၊ လည်စေ၏၊ တ
တော၊ထိုနောင်မှ၊ ကာယဝိညာဏံ၊ ကာယဝိညာဏ်ရင်း၊ သမ္ပ
ဋိစ္ဆန္နသန္တီရဏာဝေါဋ္ဌပ္ပနံ၊သမ္ပဋိစ္ဆိုင်းသန္တီရဏာဝုဋ္ဌော၊စိတ်ရင်း၊
ဣတိ၊ဤသို့၊ဝိထိစိတ္တာနိ၊ ဝိထိစိတ်တို့သည်၊ ပဝတ္တန္တိ၊ဖြစ်ကုန်
၏၊ဇဝနံ၊ဇောသည်၊ ဇဝိတွာ၊စော၍၊ဘဝင်္ဂ၊ ဘဝင်သို့၊ဩတ
ရတိ၊သက်၏၊ တတိယဝါရေ၊ တတိယဝိထိ အကြိမ်၌၊ မနော
ဒွါရာဝဇ္ဇနံ၊မနောဒွါရ၌ အာဝဇ္ဇန်းသည်၊ ဘဝင်္ဂ၊ဘဝင်ကို၊ အာ
ဝဋ္ဋေတိ၊ လည်စေ၏၊ အထ၊ ထိုအခါ၌၊ ဇဝနံ၊ ဇောသည်၊ ဇ
ဝိတွာ၊စော၍၊ ဘဝင်္ဂ၊ဘဝင်သို့၊ ဩတရတိ၊သက်၏၊ တေသွံ
ဌာနေ၊ထိုတဒါရုံဘဝင်အရာ၌၊ကာလံကရိယံ၊သေခြင်းကို၊ က
ရောတိ၊ပြု၏၊ ၊ဤကား၊ယောဇနာ၊ ၊ကာယဒွါရာဝဇ္ဇနံ၊အ
နာဝဋ္ဋိတွာ၊မနောဒွါရာဝဇ္ဇနမေဝ၊ကမ္မာဒိအာလမ္ဗဏံ၊ပထမံဘ
ဝင်္ဂအာဝဋ္ဋေတိ၊တတောဖောဋ္ဌဗ္ဗသဘာဝလဝတ္တာ၊ဒုတိယဝါရေ၊
ကာယဝိညာဏဝိထိ၊ပဋ္ဌပ္ပနွေဖောဋ္ဌဗ္ဗေပဝတ္တတိ၊တတောပုရိ
မဇဝနဝါရ ဂဟိတေသွေဝကမ္မာ ဒိသုကမေန မနောဒွါရ ဇဝနံ
ဇဝိတွာ၊မူလဘဝင်္ဂသင်္ခါတံအာဂန္တုကဘဝင်္ဂသင်္ခါတံဝါ တဒါ
ရမ္မဏံ ဘဝင်္ဂဩတရတိ၊ တဒါရမ္မဏာဘာဝေဝါ ဘဝင်္ဂမေဝ၊
တေသွံ ဌာနေကာလံကရောတီတိ တဒါရမ္မဏာနန္တရေန စုတိ
စိတ္တေန၊ တဒါရမ္မဏာဘာဝေဝါ ဘဝင်္ဂသင်္ခါတေနေဝ၊ စုတိ

ဝိတ္ထာရေန စ ဝေဒိတဗ္ဗာ။ ဘင်္ဂစိတ္တမေဝ ဟိ ရုတိစိတ္တံ ဟုတွာ ပဝတ္တတီတိ၊ ရုတိစိတ္တံ နာမ ဘဝင်္ဂ နှင့် ဝုတ္တံ နှင့်။ ။ဤကား ရှေး အဋ္ဌကထာ ပါဌ်၏ အဘွင့် မူလဋီကာ။ ။ကာယဒွါရာဝဇ္ဇနံ။ ကာယဒွါရ၌ အာဝဇ္ဇန်းစိတ်သည်။ အနုဝတ္တိတွာ။ ဘဝင်ကို မ လည်စေမူ၍။ မနောဒွါရာဝဇ္ဇနမေဝ။ မနောဒွါရ၌။ အာဝဇ္ဇန်းစိတ် သည်သာလျှင်။ ကမ္မဒ္ဒါဒိအာလမ္ဗဏံ။ ကံစသော အာရုံရှိသည်ဖြစ် ၍။ ပထမံ။ ရှေးဦးစွာသော။ ဘဝင်္ဂ။ ဘဝင်သို့။ အာဝဇ္ဇေတိ။ လည် စေ၏။ တတော။ ထိုနောင်မှ။ ဖောဋ္ဌဗ္ဗသ္မ။ ပုင်ခပ် အပ် သော ဖောဋ္ဌဗ္ဗာရုံ၏။ ဗလဝတ္တာ။ အားရှိသည်၏အဖြစ်ကြောင့်၊ ဒုတိယ ဝါရေ။ ဒုတိယဝိထိ အကြိမ်၌။ ကာယ ဝိညာဏဝိထိ။ ကာယ ဝိညာဏ်နှင့်စပ်သောဝိထိစိတ်သည်။ ပဌ္ဌုပ္ပန္နေ။ ပစ္စုပ္ပန်ဖြစ်သော။ ဖောဋ္ဌဗ္ဗေ။ ဖောဋ္ဌဗ္ဗာရုံ၌။ ပဝတ္တတိ။ ဖြစ်၏။ တတော။ ထိုနောင်မှ။ ပုရိမဇဝနဝါရဂဟိတေသွေဝ။ ရှေးမနောဒွါရဇောသည် ယူအပ် သည်သာလျှင် ဖြစ်ကုန်သော။ ကမ္မဒ္ဒါဒိသု။ ကံစသောအာရုံတို့၌။ ကမ္မေန။ အစဉ်အားဖြင့်၊ မနောဒွါရဇဝနံ။ မနောဒွါရဇောသည်။ ဇဝိတွာ။ စော၍။ မူလဘဝင်္ဂံ သင်္ခါတံ။ မိမိပဋိသန္ဓေနှင့်တူသည်ဖြစ် ၍ မူလဘဝင်ဟု ဆိုအပ်သော။ ဝါ။ တနည်းကား။ အာဂန္တုက ဘဝင်္ဂ သင်္ခါတံ။ အာဂန္တုက ဘဝင်ဟုဆိုအပ်သော။ တဒါရမ္မ ဏံ။ တဒါရုံသည်း ဖြစ်သော။ ဘဝင်္ဂ။ ဘဝင်သည်။ ဩတရတိ။ သက်၏။ ဝါ။ တနည်းကား။ တဒါရမ္မဏာဘာဝေ။ တဒါရုံ မရှိ သော။ ဘဝင်္ဂ မေဝ။ ဘဝင် စိတ်သည် သာလျှင်။ ဩတရတိ။ သက်၏။ တေသွံ ဋ္ဌာနေ။ ကာလံကရောတီတိ။ ရောတိ ဟူသော ဤပါဌ်၌။ တဒါ ရမ္မဏာ နန္တရေန။ တဒါရုံ၏ အခြားမဲ့သော။ ရုတိ စိတ္တေန။ ရုတိစိတ်ဖြင့်။ ဝါ။ တနည်းကား။ တဒါရမ္မဏာ ဘာဝေ။ တဒါရုံမဲ့သော်။ ဘဝင်္ဂ သင်္ခါတေနေဝ။ ဘဝင်ဟု ဆို အပ်သည်သာ ဖြစ်သော။ ရုတိ စိတ္တေန။ ရုတိစိတ်ဖြင့်။ စဝတိ။ ရွေ၏။ ဣတိ၊ ဤကား။ အတ္ထော။ အနက်တည်း။ ဟိ။ မှန်၏။ ဘ ဝင်္ဂစိတ္တမေဝ။ ဘဝင်စိတ်သည်လျှင်။ ရုတိစိတ္တံ၊ ရုတိစိတ်သည်။

ဟာတွာ။ ဖြစ်၍။ ပဝတ္တတိ။ ဖြစ်၏။ ဣတိ။ ထိုကြောင့်။ ရတိစိတ္တံ။
ရတိစိတ်ကို။ ဣဓ။ ဤ၌ ရှောင်တခင်သေရာ၌။ ဘဝင်္ဂန္တိ။ ဘဝင်ဟူ
၍။ ဝုတ္တံ။ ဆိုအပ်၏။ ဣတိ။ ထိုကြောင့်။ ဘဝင်္ဂသင်္ခါတေနေဝ။
သော။ ရတိစိတ္တေန။ ဖြင့်။ စဝတိ။ ၏။ ဣတိအဓိပ္ပါယော။ ကို။ ဒဋ္ဌဗ္ဗော။
ဗျတ္တုမလွတ်။ မချွတ်မှတ်အပ်၏။ ။ ဤကားယောဇနာ။ ။
မူလဘဝင်္ဂသင်္ခါတံ။ ဘဝင်္ဂံ။ အထဝါ။ တဿဇဝနဿအာရမ္မ
ဏံ။ အာရမ္မဏံ တေဿာတိ တဒါရမ္မဏံ။ အာဂန္တုကဘဝင်္ဂ
သင်္ခါတံဘဝင်္ဂံ။ ဣမိနာဝိကပ္ပဒွယေန။ အဋ္ဌကထာယံဘဝင်္ဂ ဩ
တရတီတိ ဧတ္ထဘဝင်္ဂသဒ္ဒေန တဒါရမ္မဏမ္ပိ။ ဂဟိ။ တန္တိဒဿေ
တိ။ ဣမသ္မိံဝိကပ္ပေဘဝင်္ဂံ ဩတရတီတိ ဧတေနတဒါရမ္မဏဥ္စ။
တဒနန္တရံ ဘဝင်္ဂဥ္စဩတရတီတိ ဝုတ္တမေဝဟောတီတိ။ ဘဝင်္ဂ
သဒ္ဒေါပေတ္ထတဒါရမ္မဏ ဘဝင်္ဂါနံဝါစကောတိ။ ပန္တိမဝိကပ္ပေ
ပန ဘဝင်္ဂသဒ္ဒေါ ဘဝင်္ဂဿေဝ ဝါစကောတိ အယမေတေသံ
ဝိသေသော တဒါရမ္မဏာ နန္တရေန ရတိစိတ္တေနာတိ ဣဒံပဋ္ဌမဝိ
ကပ္ပံသန္ဓာယဝုတ္တံ ဣတရံပန ဣတရံသန္ဓာယ ဘဝင်္ဂ စိတ္တမေဝ
ရတိကံဝတောတိနူမို။ ။ ဤကားဋီကာပါဌ်၏အဘွင့်မရ။ ။
မူလဘဝင်္ဂသင်္ခါတံ။ မိမိပဋိသန္ဓေနှင့်တူသည်ဖြစ်၍ မူလဘဝင်ဟု
ဆိုအပ်သော။ ဘဝင်္ဂံ။ ဘဝင်သည်။ အထဝါ။ တ နည်း ကား။
ဧတဿ။ ထိုစိတ်အား။ တဿဇဝနဿ။ ထိုဇော၏။ အာရမ္မဏံ။
အာရုံဖြစ်သော။ အာရမ္မဏံ။ အာရုံသည်။ အဿ။ ရှိ၏။ ဣတိတသ္မာ။
ထိုကြောင့်။ တဒါရမ္မဏံ။ တဒါရုံသည်း ဖြစ်သော။ အာဂန္တုက
ဘဝင်္ဂသင်္ခါတံ။ အာဂန္တုကဘဝင်ဟု ဆိုအပ်သော။ ဘဝင်္ဂံ။
ဘဝင်သည်။ ဣမိနာဝိကပ္ပဒွယေန။ ဤဝိကပ်နှစ်ခုအပေါင်းဖြင့်။ အဋ္ဌ
ကထာယံ။ အဋ္ဌကထာ၌။ ဘဝင်္ဂံ ဩတရတီတိ ဧတ္ထ။ ဘဝင်္ဂံ ဩ
တရတီတိဟူသော ဤပါဌ်၌။ ဘဝင်္ဂသဒ္ဒေန။ ဘဝင်္ဂသဒ္ဒါဖြင့်။ တဒါ
ရမ္မဏမ္ပိ။ တဒါရုံကိုလည်း။ ဂဟိတံ။ ယူအပ်၏။ ဣတိ။ ဤအနက်
ကို။ ဒဿေတိ။ ပြ၏။ ဣမသ္မိံဝိကပ္ပေ။ ဤဝိကပ်၌။ ဘဝင်္ဂံဩတ
ရတီတိ ဧတေန။ ဘဝင်္ဂံဩတရတီတိဟူသောဤပါဌ်ဖြင့်။ တဒါရမ္မ

ဏာဋ္ဌ၊တဒါရုံသည်ဖင်း၊ တဒနန္တရံ၊ထိုတဒါရုံ၏အခြားမဲ့သော၊
ဘဝင်္ဂ၊ဘဝင်သည်ဖင်း၊ဩဘာရတိ၊သက်၏၊ဇာတိ။ဤသို့၊ ဝုဋ္ဌ
မေဝ၊ဆိုလိုသည်သာလျှင်၊ ဟောတိ။ဖြစ်၏၊ ဟိ၊မှန်၏၊ဧတ္ထ၊ ဤ
ဘဝင်္ဂ ဩဘာရတိပါဠ်၌၊ ဘဝင်္ဂသဒ္ဒေါ။ဘဝင်္ဂသဒ္ဒါသည်၊ တဒါ
ရမ္မဏာဘာဝင်္ဂါနံ၊တဒါရုံဘဝင်တို့ကို၊ဝါစကော၊ဟော၏၊ ဇာတိ။
ထိုကြောင့်၊ဝုဋ္ဌမေဝ။ လျှင်၊ ဟောတိ၊ ၏၊ ပစ္ဆိမပိဋကပ္ပပန၊ အ
ဆုံးပိကပ်၌ကား၊ဘဝင်္ဂသဒ္ဒေါ၊ဘဝင်္ဂသဒ္ဒါသည်၊ဘဝင်္ဂဿေဝ၊
ဘဝင်ကိုသာလျှင်၊ဝါစကော၊ဟော၏၊ဇာတိအယံ။ဤသည်ကား။
ဧတေသံ၊ ထိုပိကပ်တို့၏၊ ဝိသေသော၊ အထူးတည်း၊ ဝါ၊ထူး
သည်၏ အဖြစ်တည်း။ တဒါရမ္မဏာနန္တရေန ရတိစိတ္တေနာတိ
ဇာဒိ၊ တဒါရမ္မဏာနန္တရေနရတိစိတ္တေန ဟူသော၊ဤစကားကို၊
ပဋ္ဌမပိကပ္ပံ၊ပထမပိကပ်ကို၊ သန္ဓာယ၊ရည်၍၊ ဝုတ္တံ၊မိန့်အပ်၏၊
ဇာဘရံပနတဒါရမ္မဏာဘာဝေဝါစသော စကားကိုကား၊ဇာတရံ၊
ပစ္ဆိမပိကပ်ကို၊သန္ဓာယ၊ရည်၍၊ ဝုတ္တံ၊ဆိုအပ်၏၊ ကိစ္စတော၊
ကိစ္စအားဖြင့်၊ဘိန္နမ္ပိ၊ပြားသော်လည်း၊ ဘဝင်္ဂစိတ္တမေဝ၊ဘဝင်
စိတ်သည်သာလျှင်၊ ရတိ၊ ရတိစိတ်သည်၊ ဟောတိ၊၏၊ ၊ဤ
ကားယောဇနာ၊ ၊ဤလဟုကမရဏာဒ္ဓ ရှေးဦးစွာမနော
ဒွါရဝိထိ၊ ထိုနောင် ကာယဝိညာဏဝိထိ။ ထိုနောင် မနောဒွါရ
ဝိထိအားဖြင့် သုံးဝိထိ၊ ရှေးဝိထိ၌၊ကံ၊ကမ္မနိမိတ်အာရုံ၊ ဒုတိယ
ဝိထိ၌၊ဖောဋ္ဌဗ္ဗာရုံ။တတိယဝိထိ၌၊ ပုရိမဝိထိဇောအာရုံပင်၊ ဤ
တတိယ ဝိထိ၌တဒါရုံ နောင်ဘဝင် တကြိမ်၊ ဇောနောင် ဘဝင်
တကြိမ်၊ ဤဘဝင်တို့ကိုပင်ရတိဟူ၍မှတ်၊ရတိအသီးမရှိ တဒါ
ရုံနောင်ရတိ၊ဇောနောင်ရတိ၊ဘဝင်နောင်ရတိအားဖြင့် ရတိသုံး
ပါးတို့တွင် တဒါရုံနောင်ရတိဇောနောင် ရတိနှစ်ပါးကိုမှတ်၊ ။
ဤကား၊လဟုကမရဏ သရုပ်အကျဉ်းပြတ်မှတ်ဘွယ်၊ ၊သဗ္ဗေ
နာပိပဉ္စဒွါရိကစိတ္တေန၊ဧနဝနိဒ္ဒ ဩဘာသမတိ၊နနိဒ္ဒါယတိနပ္ပဋိဗုဇ္ဈ
တိ၊နကိဉ္စိသုပိနံပဿတိ၊ ၊ဤကားယခင် အဋ္ဌကထာပါဠ်၊
ပဉ္စဒွါရဝိထိဖြင့်၊မအိပ်မနိုး အိပ်မက်မမြင်သည်တို့ကိုပြသည်၊ ။

သဗ္ဗေနံ၁ပိ။အလုံးစုံလည်းဖြစ်သော၊ပဥ္စဒွါရိကစိတ္တေန၊ငါးဒွါရ၌ဖြစ်သော ဝိထိစိတ်ဖြင့်။နိဒ္ဒံ။အိပ်ခြင်းသို့၊နေ၀ဩက္ကမတိ။မသက်။နနိဒ္ဒါယတိ။မအိပ်။နပဋိဗုဇ္ဈတိ၊မနိုး၊ကိဉ္စိ၊တစုံတခုသော၊သုပိနံ။အိပ်မက်ကို၊ နပဿတိ၊မမြင်။ ။ဤကား၊ယောဇနာ။ ။

အဓိပ္ပါယ်ကား။အိပ်ပျော်သောသူ၏ စက္ခုအနီးသို့၊ဆီမီးအလင်းကိုဆောင်အပ်သည်ရှိသော်၊ ရှေးဦးစွာမနောဒွါရိက ဝိထိဇော၀ါရသည်ဖြစ်၍ ဘ၀င်သို့သက်၏၊ ထိုနောင် စက္ခုဒွါရိကဝိထိ ဇော၀ါရသည်ဖြစ်၍ ဘ၀င်သို့သက်၏၊ထိုနောင် မနောဒွါရိက ဝိထိဇော၀ါရသည် ဖြစ်၍ ဘ၀င်သို့သက်၏၊ ဤသို့သုံးဝိထိ ဖြစ်ရာတွင်။တတိယဝိထိ၌သာလျှင် နိုးခြင်းသို့ရောက်၍ ဤအရောင်အလင်းကား အဘယ်နည်းဟု ဆင်ခြင်၍ အာရုံကိုသိ၏။ သောတဒွါရိကဝိထိအရာ စသည်တို့၌လည်း၊ ထိုက်သည်အား လျော်စွာ ဤနည်းကိုမှီ၍မှတ်။ ။ဤပဥ္စဒွါရိက စိတ်တို့သည်ကား။ အိပ်ခြင်းစသော သုံးပါးမျှ ကိုသာ မပြုနိုင်သည် မဟုတ်၊ တစုံ တခုသောကုသိုလ် အကုသိုလ်ကိုလည်းမသိ၊သွားခြင်း စသော ဣရိယာပုထ်ကိုလည်း မပြုတတ်၊ ကာယကံ ၀စီကံ နှစ်ပါးကိုလည်း မဖြစ်စေတတ်၊ ကုသိုလ်အကုသိုလ်တရားကိုလည်း မဆောက်တည်တတ်၊လောကီလောကုတ္တရာသမာဓိကိုလည်းမဝင်စားနိုင် သမာဓိချာန်မှလည်းမထနိုင်၊ ဘ၀မှလည်း မစုတေတတ်။ ဘ၀တပါး၌လည်း မဖြစ်တတ်၊ မိစ္ဆတ္တနိယာမ သို့လည်း မသက်နိုင်၊ နာမဂေါတ္တကိုလည်း အာရုံ မပြုနိုင်၊ ကသိုဏ်း စသောပညတ်ကိုလည်း အာရုံမပြုနိုင်၊ လက္ခဏာရေးလျှင် အာရုံ ရှိသော ဝိပဿနာ အစွမ်း ဖြင့်လည်း မဖြစ်၊ ဝုဋ္ဌာန ဂါမိနီ ဗလ၀ ဝိပဿနာ အစွမ်းဖြင့်လည်း မဖြစ်၊ ရူပအရူပတရားတို့ကိုရင်း။နိဗ္ဗာန်ကိုရင်း၊ အာရုံပြု၍လည်းမဖြစ်၊ ထိုစိတ်တို့၌ ပဋိသမ္ဘိဒါဉာဏ်၊ အဘိညာဉ်ဉာဏ်၊ သာ၀ကပါရမီဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သဗ္ဗညုတဉာဏ်ကိုလည်း မဖြစ်နိုင်၊ ဤအလုံးစုံကိုကား၊ မနောဒွါရိက ဝိထိဖြင့်သာရအပ်၏။ ။တံပနေတံ

သုပိန် ပဿသ နွော စတုပါ ကာရဏောဟိ ပဿတိခါတုက္ခောဘာ တောဝါ။ အနုဘုတ္တုဗ္ဗဘာတောဝါ၊ ဒေဝတောပသံဟာရတောဝါ ပုဗ္ဗနိမိတ္တတောဝါတိ။ ။ဤကားယခင်အဋ္ဌကထာပါဠ်။ အိပ် မက်အကြောင်းလေးပါးကိုပြသည်။ ။ ။ပဒ်။ဆက်ဦးအံ့။တံဇတိ သုပိန်။ထိုအိပ်မက်ကို။ ပဿ နွော။ မြင်မက်သောသူသည်။ ဓာ တုက္ခောဘသတောဝါ။ သည်းချေစသော ဓာတ် ဖြောက်ချားခြင်း ကြောင့်ရင်း။အနုဘုတ္တဘာတောဝါ၊ အစဉ်ခံစားဘူးသော အာရုံ အားဖြင့်ရင်း။ဒေဝတောပသံဟာရတောဝါ။နတ်တို့သည် အကျိုး ရှိမဲ့ကို ပြုလိုသောကြောင့်ရင်း။ ပုဗ္ဗနိမိတ္တတောဝါ။ ရှေး၌ပြုဘူး သောကုသိုလ် အကုသိုလ်ကံကြောင့်ရင်း။ ဣတိ။ဤသို့။ စတုပါ ကာရဏောဟိ။လေးပါးကုန်သော အကြောင်းတို့ကြောင့်။ ပဿ တိ။မြင်မက်၏။ ။ဤကားယောဇနာ။ ။ဤအိပ်မက်လေး ပါးတို့တွင်။ဓါတုက္ခော၊ အကြောင်းမက်ရာ၌။ သင်္ချားသားရဲ စသည်တို့သည် လိုက်လံ ခြောက်ချားသကဲ့သို့ မြင်မက်၏။ အနု ပုဗ္ဗဘုတကြောင့် မက်ရာ၌ မိမိလေ့ကျက်အပ်သော အာရုံတို့၏ အချင်းအရာကို မြင်မက်၏။ ။ဒေဝတော ပသံဟာရကြောင့် မက်ရာ၌နတ်တို့သည် အကျိုးရှိ အကျိုးမဲ့တာခုခုကိုပြုလို၍ အထူး ထူးသော အာရုံကို မြင်မက်စေ၏။ ရှေဟာဏီ အရပ်၌။ နာဂမ ဟာဝိဟာရတွင် သီတင်းသုံးနေသောမဟာထေရ်သည်။ရဟန်း သင်္ဃာကို မပန်ကြားမူ၍။ သင်္ဃာ အရောမ်၌ ဂန့်ဂေါ်တပင် ကို ချတ်ဖြတ်စေ၏။သစ်ပင်စောင့် ရုက္ခစိုးနတ်သည်။အမျက်ပြင်းစွာ ထွက်၍။ ထိုမထေရ်ကို ပျက်စီး စေခြင်းငှါ ရှေးဦးစွာ မှန်ကန် သော အိပ်မက်ကို မြင်မက်စေပြီးမှ။ နောက်အခါ၌ ဤနေ့မှခုနစ် ရက်မြောက်လျှင် အရှင်မြတ်တို့၏ အလုပ် အကျွေး ဖြစ်သော မင်းသည်၊ သေလွန်လတ္တံ့ဟူ၍ အိပ်မက်ပေးလေသောအခါ၊ထို အိပ်မက် အချင်း အရာကို မင်း မောင်းမတို့အား ပြန်ကြားလျှင် တပြိုင်နက်သော ကောလာဟလ ဖြစ်၍ မင်းကြီး ကြားသိလေ သော်၊နေ့ရက်တို့ကို ရေတွက်၍၊ ခုနစ်ရက်လွန်မြောက်သောအခါ

ခါ။ တရုံတချမျှသော အန္တရာယ် မရှိ၍ ထိုမှထေရ်၏ လက်ခြေ
တို့ကိုဖြတ်စေ၏။ ။ပုဗ္ဗနိမိတ်ကြောင့် မက်ရာ၌ မယ်တော်
မာယာ၏ သား ရအံ့သော အိပ်မက်။ ဘုရား,လောင်း၏ ငါးပါး
သော အိပ်မက်။ ပသေနဒီ ကောသလမင်း၏ တဆဲ့ခြောက်ပါး
သောအိပ်မက် စသည်တို့ကို ထုတ်ဆောင်၍ သိလေ။ ။ဓါ
တုက္ခောဘ။အနုဘူတ နှစ်ပါးတို့ကြောင့် မက်ခြင်းသည် အ
ချင်းခပ်သိမ်းမမှန်။ ဒေဝတော ပသံဟာရကြောင့် မက်ခြင်းကား
မှန်မမှန်ရှိ၏။ ပုဗ္ဗနိမိတ်ကြောင့် မက်ခြင်းသည်ကား အချင်းခပ်
သိမ်းမှန်သည်သာဖြစ်၏။ ။တံစတုဗ္ဗိဓံ။ သုပိနံသေက္ခပုထုဇ္ဇနာ
ဝ ပဿန္တိ။ အပ္ပဟိနဝိပ္ပလ္လာသတ္တာ။ အသေက္ခာနပဿန္တိ ပ
ဟိနဝိပ္ပလ္လာသတ္တာ။ ။ဤကားယခင်အဋ္ဌကထာပါဌ်။ အိပ်မက်
မမက်သောပုဂ္ဂိုလ်ကိုပြသည်။ ။စတုဗ္ဗိဓံ။ လေးပါးအပြားရှိ
သော။ တံသုပိနံ။ ထိုအိပ်မက်ကို။ သေက္ခပုထုဇ္ဇနာဝ။ သေက္ခ
ပုဂ္ဂိုလ်ခုနစ်ယောက်။ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်သာလျှင်။ပဿန္တိ၊
မြင်မက်ကုန်၏။ ကသ္မာ။ အဘယ်ကြောင့်နည်း ဟူမူကား၊ အပ္ပ
ဟိနဝိပ္ပလ္လာသတ္တာ။ ဝိပ္ပလ္လာသသုံးပါးကို မပယ်ရသေးသည်၏
အဖြစ်ကြောင့်တည်း။ ။အသေက္ခာ။ရဟန္တာပုဂ္ဂိုလ်တို့သည်။
နပဿန္တိ။ မမြင်မက်ကုန်။ ကသ္မာ။ အဘယ်ကြောင့်နည်း ဟူမူ
ကား။ပဟိနဝိပ္ပလ္လာသတ္တာ။ဝိပ္ပလ္လာသသုံးပါးကို အကြွင်းမဲ့ပယ်
ပြီးသည်၏အဖြစ်ကြောင့်တည်း။ ။ဤကားယောဇနာ။ ။
ကပိမိဒ္ဓပရေတောခေါ မဟာရာဇ။ သုပိနံပဿတိ။ ။ဓမ္မပဒ
ပါဠိစသည်၊ ။ကပိမိဒ္ဓပရေတောတိ။ မက္ကဋနိဒ္ဒါယယုတ္တော။
ယထာဟိ၊ မက္ကဋဿနိဒ္ဒါလဟုပရိဝတ္တာဟောတိ။ ဧဝံယာနိဒ္ဒါ
ပုနပ္ပုနံ။ ကုသလာဒိစိတ္တဝေါကိဏ္ဏတ္တာ။ လဟုပရိဝတ္တာ။ ယဿပရိ
ဝတ္တိယံ၊ပုနပ္ပုနံဘဝင်္ဂတောဥတ္တရဏံဟောတိ။တာယယုတ္တော
သုပိနံပဿတိ။ တေနာယံသုပိနော ကုသလောပိဟောတိ။အကု
သလာ ဗျာကတောပိ။ ။သုပိနေနေဝ ဒိဋ္ဌံပိယမေ။သုတံပိယ
မေတိကထနကာလေပိ အဗျာကတောယေဝ။ ကိံပနသုပိနေက

တံကုသလာကုသလကမ္မံ၊သဝိပါကံ။ အဝိပါကန္တိ၊သဝိပါကံ၊ဒုဗ္ဗ
လဋ္ဌာပနံ၊ ပဋိသန္ဓိ အာကဍ္ဎိတုံ နသက္ကောတိ၊ ဒိန္နာယအညာ
ကမ္မေနပဋိသန္ဓိယာ၊ ပဝတ္တေဝေဒနီယံ၊ ။ဤကား ယခင်
အဋ္ဌကထာပါဌ်၊ ။အိပ်မက်ရာဝိထိစိတ်သုံးပါးကိုပြသည်၊ ။
မဟာရာဇ၊ပသေနဒီမင်းကြီး၊ ကပိမိဒ္ဓပရောတော၊ မျောက်မှ
မျှေးယှက် အိပ်စက်သောသူသည်၊ခေါ၊စင်စစ်၊ သုပိနံ၊အိပ်မက်
ကို၊ပဿတိ၊ မြင်မက်၏၊ ။ကပိမိဒ္ဓပရေတောတိ၊ ကပိမိဒ္ဓ
ပရေတောဟူသည်ကား၊မက္ကဋနိဒ္ဒါယ၊ မျောက်ကဲ့သို့ အိပ်ခြင်း
နှင့်၊ယုတ္တော၊ယှဉ်သောသူသည်၊ဟိ၊ချဲ့ဦးအံ့၊မက္ကဋဿ၊မျောက်
၏၊နိဒ္ဒါ၊အိပ်ခြင်းသည်၊လဟုပရိဝတ္တာ၊လျင်သော အပြန်ရှိသည်၊
ဟောတိယထာ၊ ဖြစ်၏သို့၊ ဧဝံ၊ဤအတူ၊ ယာနိဒ္ဒါ၊အကြင်အိပ်
ခြင်းသည်၊ပုနပ္ပုနံ၊အဖန်တလဲလဲ၊ ကုသလာဒိစိတ္တဝေါကိဏ္ဏာ၊
ကုသိုလ်စိတ် စသည်တို့၏နှင့် ရောနှော၍၊လဟုပရိဝတ္တာ၊ လျင်သော
အပြန်ရှိ၏၊ ယဿာ၊အကြင်အိပ်ခြင်း၏၊ပရိဝတ္တိယံ၊ လျင်သော
အပြန်မည်သည်၊ ပုနပ္ပုနံ၊အဖန်တလဲလဲ၊ ဘဝင်္ဂတော၊ဘဝင်မှ၊
ဥတ္တရဏံ၊ ထွက်မြောက်ခြင်းသည်၊ ဟောတိ၊ဖြစ်၏၊ တာယ၊
ထိုအိပ်ခြင်းနှင့်၊ယုတ္တော၊ယှဉ်သောသူသည်၊သုပိနံ၊အိပ်မက်ကို၊
ပဿတိ၊မြင်၏၊ တေန၊ထိုကြောင့်၊အယံသုပိနော၊ ဤအိပ်မက်
သည်၊ ကုသလောပိ၊ ကုသိုလ်သည်ရှင်း၊ အကုသလဗျာကတော
ပိ၊အကုသိုလ်အဗျာကတသည်ရှင်း၊ ဟောတိ၊ဖြစ်၏၊ ။သုပိ
နေနေဝ၊အိပ်မက်ဖြင့်လျှင်၊ မေ၊ငါသည်၊ ဒိဋ္ဌံဝိယ၊ မြင်သကဲ့သို့၊
မေ၊ငါသည်၊သုတံဝိယ၊ ကြားသကဲ့သို့၊ ဟောတိ၊ ဖြစ်၏၊ဣတိ၊
ဤသို့၊ကတနကာလေပိ၊ဆိုသောကာလ၌လည်း၊ အဗျာကတော
ယေဝ၊ မနောဒွါရ၌အဗျာ ကတမနောဒွါရာဝဇ္ဇန်း စိတ် ၃ ကြိမ်
၂ ကြိမ်ဖြစ်သည်သာလျှင်တည်း၊ သုပိနေ၊ အိပ်မက်၌၊ ကတံ၊ပြု
အပ်သော၊ကုသလာကုသလကမ္မံ၊ ကုသိုလ်အကုသိုလ်ကံသည်၊
ကိံပန၊အသို့နည်း၊သဝိပါကံ၊ အကျိုးရှိအံ့လော၊ အဝိပါကံ၊ အ
ကျိုးမရှိလော၊ ဣတိ၊ ဤသို့မေးပြောအံ့၊ သဝိပါကံ၊ အကျိုးရှိ၏၊

ပနု၊ယင်းသို့ရှိသော်လည်း၊ဒုဗ္ဗလတ္တာ၊ အားနည်းသည်၏ အဖြစ်ကြောင့်၊ပဋိသန္ဓိ။ ပဋိသန္ဓေကို၊ အာကာဖိတုံ၊ ငင်ခြင်းငှါ၊ နသက္ကောတိ၊ မစွမ်းနိုင်၊ အညကမ္မေန၊ ကံတပါးသည်၊ ပဋိသန္ဓိယာ၊ပဋိသန္ဓေကို၊ဒိန္နာယ၊ပေးပြီးသည်ရှိသော်၊ ပဝတ္တေ၊ပဝတ္တိအခါ၌၊ ဝေဒနိယံ၊ ခံစားအပ်သော အကျိုးရှိ၏၊ ။ဤကားယောဇနာ။ ။အဗျာကတောယေဝ အာဝဇ္ဇနံ မဂ္ဂသေဝဥပဇ္ဇနတောတိ ဝဒန္တိ၊ ဝေဝဒန္တေဟိ မနောဒွါရေပိ အာဝဇ္ဇနံဒွိတိက္ခတ္တုံ ဥပ္ပဇ္ဇိတွာ ဇဝနဋ္ဌာနေ ဌတွာဘဝင် ဩတရတီတိ အဓိပ္ပါယတိဒဋ္ဌဗ္ဗံ။ ။ဤကား မူလဋီကာပါဌ်၊ အဗျာကတောယေဝဟူသောအဋ္ဌကထာပါဌ်၌မနောဒွါရ၌လည်း အာဝဇ္ဇန်း နှစ်ကြိမ် သုံးကြိမ်ဇောအရာ၌တည်၍ ဘဝင် ကျသည်၏ အဖြစ်ကိုဘွင့်သည်၊ ။အာဝဇ္ဇနမဂ္ဂသေဝ၊မနောဒွါရဝဇ္ဇန်းမျှ၏သာလျှင်၊ ဥပ္ပဇ္ဇနတော၊ ဖြစ်ခြင်းကြောင့်၊အဗျာကတောယေဝ၊ နှစ်ကြိမ်သုံးကြိမ်သော မနောဒွါရာဝဇ္ဇန်း စိတ်လျှင်တည်း၊ ဇာတိ၊ဤသို့၊ ဝဒန္တိ၊ဆိုကုန်၏၊ဟိ၊လဋ္ဌဂုဏ်ကား၊ ဝေဝဒန္တေ၊ ဤသို့ဆိုသည်ရှိသော်၊မနောဒွါရေပိ၊ မနောဒွါရ၌လည်း၊ အာဝဇ္ဇနံ၊ မနောဒွါရာဝဇ္ဇန်းစိတ်သည်၊ဒွိတိက္ခတ္တုံ၊ ၂ ကြိမ် ၃ ကြိမ်၊ ဥပ္ပဇ္ဇိတွာ၊ဖြစ်၍၊ ဇဝနဋ္ဌာနေ၊ ဇောအရာ၌၊ ဌတွာ၊ တည်၍၊ ဘဝင်၊ ဘဝင်သို့၊ ဩတရတိ၊သက်၏၊ဇာတိ၊ဤသို့၊ အဓိပ္ပါယံ၊ အလိုရှိအပ်၏၊ဇာတိ၊ ဤသို့သော လဋ္ဌဂုဏ်ကို၊ ဒဋ္ဌဗ္ဗံ၊ ဗျတ္တိမလွတ်၊ မချွတ်မှတ်အပ်၏၊ ။ဤကားယောဇနာ။ ။အိပ်မက်ရာ၌ ဝိဘူတာဂုံဝိထိ၊ အဝိဘူတာဂုံဝိထိ ၂ ပါးကိုပင်ရသင့်၏၊အဝိဘူတာဂုံဝိထိ၌လည်း ဇဝနဝါရအာဝဇ္ဇနဝါရဟူ၍ ၂ ပါးပြားဟန်ကို သိလေ၊ ။ဤကား သုပိနသရုပ် အတ္ထုပ္ပတ်မှတ်ဘွယ်။ ။ကမ္မဇံ၊ကမ္မပစ္စယံ၊ ကမ္မပစ္စယဥတုသမုဋ္ဌာနံ၊အာဟာရသမုဋ္ဌာနံ၊ အာဟာရပစ္စယံ၊ အာဟာရပစ္စယဥတုသမုဋ္ဌာနံ၊ဥတုသမုဋ္ဌာနံ၊ ဥတုပစ္စယံ၊ဥတုပစ္စယ၊ဥတုသမုဋ္ဌာနံ၊စိတ္တသမုဋ္ဌာနံ၊စိတ္တပစ္စယံ၊ စိတ္တပစ္စယဥတုသမုဋ္ဌာနံ၊ ။ဤကား ဓမ္မသင်္ဂဏီ အဋ္ဌကထာပါဌ်၊ သမုဋ္ဌာန်

၁၂ ပါးကိုပြသည်။ ။ကမ္မဇံ။ ကံကြောင့်ဖြစ်သော ရုပ်ရင်း။ ကမ္မပစ္စယံ။ ကံအကြောင်း ရှိသော ဥတုဇရုပ်ရင်း။ ကမ္မပစ္စယ ဥတုသမုဋ္ဌာနံ။ကံသဟဲရှိသော။ ဝါ၊ကံ၏ သဟဲဖြစ်သော။ ဥတု သမုဋ္ဌာန်ရှိသောရုပ်ရင်း။အာဟာရသမုဋ္ဌာနံ။အာဟာရကြောင့် ဖြစ်သော ရုပ်ရင်း။ အာဟာရပစ္စယံ။ အာဟာရ အကြောင်းရှိ သောရုပ်ရင်း၊အာဟာရပစ္စယသမုဋ္ဌာနံ၊အာဟာရသဟဲရှိသော။ ဝါ၊ အာဟာရ၏ သဟဲဖြစ်သော ဥတုသမုဋ္ဌာန် ရှိသော ရုပ်ရင်း။ ဥတုသမုဋ္ဌာနံ။ ဥတုကြောင့်ဖြစ်သောရုပ်ရင်း။ ဥတုပစ္စယံ။ ဥတု အကြောင်း ရှိသောရုပ်ရင်း။ ဥတုပစ္စယဥတုသမုဋ္ဌာနံ။ ဥတုသ ဟဲရှိသော။ ဝါ၊ ဥတု၏ သဟဲ ဖြစ်သော ဥတုသမုဋ္ဌာန် ရှိသော ရုပ်ရင်း။ စိတ္တသမုဋ္ဌာနံ။ စိတ်ကြောင့် ဖြစ်သော ရုပ်ရင်း။ စိတ္တ ပစ္စယံ။စိတ်အကြောင်းရှိသော ရုပ်ရင်း။စိတ္တပစ္စယဥတုသမုဋ္ဌာနံ။ စိတ်သဟဲ ရှိသော။ ဝါ၊စိတ်၏ သဟဲ ဖြစ်သော ဥတုသမုဋ္ဌာန် ရှိ သောရုပ်ရင်း။ဇာတိ။ဤသည်ကား။ မာတိကာ။မာတိကာတည်း။ ။ ဤကားယောဇနာ။ ။အဓိပ္ပါယ်ကား ကံကြောင့် ဖြစ်သော ကောန် ၉ ခု။အနေကန် ၉ ခုသည်။ကမ္မဇမည်၏။ လူတို့ဆံ့ရဆိတ် စသည်၊တိရစ္ဆာန်တို့၌အစွယ်အမြီးစသည်သည်၊ကမ္မပစ္စယမည် ၏။ စကြာရတနာ။နတ်ဗိမာန် ဥယာဉ် ရေကန်စသည်သည်၊ကမ္မ ပစ္စယ ဥတုသမုဋ္ဌာန်မည်၏၊ အာဟာရကြောင့်ဖြစ်သော သုဒ္ဓဋ္ဌ က ကလာပ်သည် အာဟာရ သမုဋ္ဌာန်မည်၏။ ဤကဗဠီကာရာ ဟာရသည် အာဟာရသမုဋ္ဌာန် ရုပ်ကိုရင်း။ ကမ္မဇ ရုပ်ကိုရင်း ကျေးဇူး ပြုတတ်၏၊ထို ၂ ပါးတွင်၊ ကမ္မဇ ရုပ်သည် အာဟာ ရ ပစ္စယမည်၏။ ဝိသဘာဂ အစာအာဟာရကို မှီဝဲ၍ နေပူသို့ သွားသော သူအား မှည့်မည်းစက်ခြင်း စသည် တို့သည် ဖြစ် ကုန်၏၊ ဤမှည့်မည်းစက်ခြင်း စသည်တို့သည်။ အာဟာရ ပစ္စ ယ ဥတု သမုဋ္ဌာန် မည်၏၊ ဥတုကြောင့် ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်သည်၊ ဥတုသမုဋ္ဌာန်မည်၏၊ ထိုဥတုသမုဋ္ဌာန်၌ ပါဝင် သော ဥတုသည်၊ တပါးသော သုဒ္ဓဋ္ဌက ကလာပ်ကို ဖြစ်စေ၏။

ဤကသာပ်သည်ဥတုပစ္စယမည်၏။ ထိုဥတုပစ္စယ၌ပါဝင်သောဥ
တုသည်တပါးသော်သုဋ္ဌကကလာပ်ကိုဖြစ်စေပြန်၏၊ဤကလာပ်
သည်။ဥတုပစ္စယ ဥတုသမုဋ္ဌာန်မည်၏။ဤဥတုသမုဋ္ဌာန်သည်။
သုံးဆင့်သောကလာပ်ကိုသာခပ်နိုင်၏။ထို့မှတပါးသော ကလာပ်
ကိုမခပ်နိုင်။ထိုကြောင့် အဋ္ဌကထာ၌။ ။ဇော်တိဏ်ယေဝသန္တတိ
ယော။ ဃဋ္ဋေတုံသက္ကောတိ။ နတတောပရံ။ ။ဟူ၍ မိန့်အပ်
ပြီ။ ။ဇော်။ ဤဆိုအပ်ပြီးသော နည်းဖြင့်။ တိဏ်ယေဝ။သုံးပါး
သာလျှင်ဖြစ်ကုန်သော။ သန္တတိယော။ ရုပ်အစဉ်တို့ကို။ ဃဋ္ဋေ
တုံ။စပ်စေခြင်းငှာ။သက္ကောတိ။စွမ်းနိုင်၏။ တတော။ထိုသုံးဆင့်
ခပ်ထက်။ ပရံ။ အလွန်။ နသက္ကောတိ၊ မစွမ်းနိုင်။ ။တနည်း
ကား။ ။မိုဃ်းသည် ဥတုသမုဋ္ဌာန်မည်၏။မိုဃ်းရွာခြင်းသည်။
ဥတုပစ္စယ မည်၏။ မိုဃ်းရွာသော အခါ။ မျိုးစေ့တို့၏ ပေါက်
ရောက်ခြင်း။ မြေသည် အခိုးအနံ့ကို ထွက်ခြင်း။ တောတောင်
တို့သည် ညိုညိုစိမ်းစိမ်းအရောင်ထင်ခြင်း။ မြစ်သမုဒ္ဒရာပြည့်လျှံ
ခြင်း။ဤအလုံးစုံသည်။ဥတုပစ္စယ ဥတုသမုဋ္ဌာန်မည်၏။ ဤဥတု
သည်လည်း ၃ ဆင့်သာခပ်နိုင်၏။ ထိုကြောင့် ယခင်အဋ္ဌကထာ
စကားသည်၊ အမ္ဗာရသခတ္တိယ စသည်ကို အဋ္ဌကထာ၌ဆိုအပ်
သည်၏အဖြစ်ကြောင့်၊ အဋ္ဌကထာနှင့် ဆန့်သကဲ့သို့ထင်၏ ဟူ
၍ မရသာရတ္ထဒီပနီ၌ ဆို၏၊ ဆိုသော်လည်း၊ ဂဏ္ဌိပုဒ် စကား
သည်လျှင် အဋ္ဌ ကထာနှင့် သံသန္ဒန အဝိရောဓ ကဲ့သို့ ထင်၏၊
ထင်ကြောင်းကား၊ ကမ္ဗုဒ္ဒိရအရောသုဘမာနဝက၏ပုစ္ဆာကိုဖြေ
တော်မူရာ၌ အယုတ် အမြတ် နှစ်ပါးအစွမ်းဖြင့်သာ ဖြေတော်မူ
ခြင်းကြောင်းရင်း၊ ဝိနည်း ဝိဋ္ဌကပ်၌ ဂေါတ္တ အရာဝယ်၊ ဟိန
ဂေါတ္တ၊ ဥက္ကဋ္ဌ ဂေါတ္တ ၂ ပါးသာ လာသည်၏ အဖြစ်ကြောင့်
ရင်း၊ အဋ္ဌကထာ၌ ဂေါတ္တသဒ္ဒါ၏ သာမတ္ထိယကြောင့်ရင်း၊ မဇ္ဈိ
မံရာသီ ၂ ပါးကို အသီးမယူမူ၍၊ ခတ္တိယ စသည်တို့၏ ၁၈ ပါး
ပြားသော်လည်း၊ ဟိနပဏီတ ၂ ပါးကိုသာယူ၍၊ ဟိန ဆက္က
ပဏီတဆက္က အစွမ်းဖြင့် ၁၂ ပါးကိုသာ ဆိုအပ်သည်ဟု မှတ်ယူ
ရန်ရှိ၏၊ ထို့ကြောင့် ဋီကာ၌လည်း၊ အမ္ဗာရုသခတ္တိယ စသည်တို့
၏ သရုပ်အမည်အထူးအပြားကို အသီးအခြားမဆိုမူ၍ မိမိတို့
၏ ကမ္ဗုဒ္ဒိရအမည်အားလျော်စွာ၊ ဟိနဟိန္နတ္တယာဒယော နဝ၊

စသည်ကိုဘွင့်ပြီး။ အဋ္ဌကထာ၌လည်း။ဤပါနပါနဲ့တွာယစသော သရုပ် အမည်ကိုပင် မှတ်ယူစေလိုသည်ဖြစ်၍။ ယင်းမှ တပါး သရုပ်အမည်ကို မထုပ်သတတ်။ထိုကြောင့် ဂဏ္ဌိသည် ဋီကာနှင့် ၎င်း။အဋ္ဌကထာနှင့်၎င်း။သံသန္ဒနအပိရောဓပင်ဟုမှတ်သင့်၏။ ။ စံရဏာပုရာဍ်။ စရိတဗ္ဗံ စရဏံဟု ဝစနတ်ပြု။ စရိတဗ္ဗံ။ ကျင့် ခြင်း အမှုအရာ။ စရဏံ။ ကျင့်ခြင်းအမှုအရာ။ အတိခေယျကာ ထိုဂေါတ္တတို့၏။ သိပ္ပကမ္မစသော အကျင့်အမှု အတူပင်။ ဋီကာ အနုမရုဂဏ္ဌိတို့၌ကား။ ဝစနတ္ထ ကို အထူးမဘွင့်။ ။ဂေါတ္တ အရာ၌၊ဘာရဒ္ဒါရဇဂေါတ္တ၊ ဂေါတမဂေါတ္တစသည်ကိုထုတ်၍၊ စရဏအရာ၌ကား။ကတကလာပစသည်ကိုထုတ်၍ အနုဋီကာ ၌အထူး ဘွင့်သေး၏။ ။ပါနစသည်တို့၏ ဖြစ်ကြောင်းကား။ ကုသိုလ်ကို အားထုတ်သော အခါ။ ဆန္ဒ၀ိရိယစိတ် ဝိမံသ။ ဤ ၄ ပါးယုတ်ညံ့မှု။ပါနမည်၏။ ထို ၄ ပါး မယုတ်မတက်မှု။မဇ္ဈိ မမည်၏။ ထက်သန်မှုကား။ ပဏီတမည်၏။ ဆန္ဒအကြီးအမှူး ရှေ့သွားပြု၍ ဖြစ်သော ကုသိုလ်သည်။ဆန္ဒာဓိပတေယျ မည်၏။ ဝိရိယာဓိပတေယျစသည်တို့၌လည်းနည်းတူမှတ်။ ။တနည်း ကား မရှိမသေ ပြုအပ်သော ကုသိုလ်သည်၊ပါနမည်၏။ လျစ်လျူ ပြုအပ်သော ကုသိုလ်သည်။ မဇ္ဈိမ မည်၏၊ရိုသေသဖြင့် ပြုအပ် သော ကုသိုလ်သည်၊ ပဏီတမည်၏။ ။တနည်းကား။ အာ ယိသ စသည်ကို တောင့်တသဖြင့်ပြုသော ကုသိုလ်သည်၊ ပါန မည်၏။ကောင်းမှု၏အကျိုးကိုအလိုရှိသဖြင့်ပြုအပ်သောကုသိုလ် သည်။ မဇ္ဈိမ မည်၏။ အရိယဘော၌ တည်သဖြင့် ပြုအပ်သော ကုသိုလ်သည်၊ပဏီတမည်၏။ ။တနည်းကား။ဘဝသမ္ပတ္တိ ၌ တတ်သဖြင့် ပြုအပ်သော ကုသိုလ်သည်၊ပါနမည်၏၊ အလောဘ ဖြင့်ဖြစ်သောကုသိုလ်သည်။ မဇ္ဈိမ မည်၏။ သူတပါးအကျိုး၌ ဖြစ်စေအင်သော ကုသိုလ်သည်၊ ပဏီတမည်၏၊ တနည်းကား။ အနည်းငယ်မျှပြုအပ်သော ကုသိုလ်သည်၊ပါနမည်၏၊ အတိုင်း အရှည်အားဖြင့် ပြုအပ်သော ကုသိုလ်သည်၊မဇ္ဈိမ မည်၏။ အ

တိုင်းအရှည်မဲ့ ပြုအပ်သော ကုသိုလ်သည်၊ ပဏီတမည်၏။ ။
မဟာဂ္ဂုတ်တို့၌ ရခါမျှသော ကုသိုလ်ဈာန်သည်၊ ဟိနမည်၏၊ ဝသီ
ဘော်တို့ဖြင့် မပွါးလွှန်သောကုသိုလ်ဈာန်သည်၊ မဇ္ဈိမ မည်၏၊
ကောင်းစွာပွါးအင်သော ဝသီဘော်သို့ ရောက်သော ကုသိုလ်
ဈာန်သည်၊ ပဏီတမည်၏။ ။တနည်းကား။ ဝဋ္ဋနိဿိတ
ကုသိုလ်သည်၊ ဟိနမည်၏၊ ဝဋ္ဋနိဿိတ ဝိဝဋ္ဋနိဿိတပင်ဖြစ်စေ
အကျိုးမပေးသော ကုသိုလ်သည်၊ မဇ္ဈိမ မည်၏၊ ဝိဝဋ္ဋနိဿိ
တ သဝိပါကကုသိုလ်သည်၊ ပဏီတမည်၏။ ။ဤ ဟိန စသည်
တို့ကို လောကီကုသိုလ် ၃ ပါးတို့၌ပင် ယထာရဟာရအင်ကုန်
၏၊ ။ယခင်နည်း ၂၀ ကို၊ စတုက ပဉ္စကနည်း ၂ ပါးဖြင့်မြှောက်၊
နည်း ၄၀ ဖြစ်၏။ ထို ၄၀ တို့တွင်၊ စတုကနည်း ၂၀ ဖြင့်၊ စတု
က ဈာန် ၄ ပါးကိုမြှောက်၊ ၈၀ ဈာန်ဖြစ်၏၊ ပဉ္စကနည်း ၂၀
ဖြင့်ကား၊ ပဉ္စကနည်း ၅ ပါးကိုမြှောက်၊ ၁၀၀ ဈာန်ဖြစ်၏၊ နှစ်
ရပ်ပေါင်း ၁၈၀ ဈာန်ဖြစ်၏၊ ဤ ၁၈၀ ဈာန်ကို၊ နဝက ၁၈ ပါး
ဖြင့်မြှောယ် ၃၂၄၀ ဈာန်ဖြစ်၏။ နဝကအပြားလည်း ဈာန်နှင့်တူ
စွာ ၃၂၄၀ ပြား၏၊ နဝကတပါးပါး၌ ၉ ဝါရစီဖြစ်ရကား၊ နဝက
၃၂၄၀ ကို ၉ ဝါရဖြင့်မြှောက်၊ ပါဠိဝါရပေါင်း ၆၆၆၀ ဖြစ်၏။
ပါဠိဝါရဟူသည်ကား၊ ဒေသနာဘေဒတည်း။ ။ဈာန။ ။
မဂ္ဂ။ ။သတိပဋ္ဌာန၊ ။သမ္မပ္ပဓာန။ ။ဣဒ္ဓိပါဒ၊ ။ဣန္ဒြိ
ယ၊ ။ဗလ၊ ။ဗောဇ္ဈင်္ဂ၊ ။သစ္စ၊ ။သမထ၊ ။ဓမ္မ၊ ။
ခန္ဓ၊ ။အာယတန၊ ။ဓာတု၊ ။အာဟာရ၊ ။ဖဿ၊ ။
ဝေဒနာ၊ ။သညာ၊ ။စေတနာ၊ ။စိတ္တ၊ ။လောကုတ္တ
ရာကုသိုလ်အမည်၊ ၂၀ မဟာနည်း၊ ။ဈာနဒုက္ခာပဋိပဒါဒန္ဓာ
ဘိညာ၊ ။ဈာနဒုက္ခာပဋိပဒါခိပ္ပါဘိညာ၊ ။ဈာနသုခါပဋိပဒါ
ဒန္ဓာဘိညာ၊ ။ဈာနသုခါပဋိပဒါခိပ္ပါဘိညာ၊ ။ဈာနပဋိပဒါ
၄ ပါး၊ ။ဈာနသုညတံ၊ ။ဈာနသုညတတပါး။ ။ဈာနဒုက္ခာ
ပဋိပဒါဒန္ဓာဘိညာ၊ သုညတ၊ ။ဈာနဒုက္ခာပဋိပဒါခိပ္ပါဘိညာ၊
သုညတ၊ ။ဈာနသုခါပဋိပဒါဒန္ဓာဘိညာ၊ သုညတ၊ ။ဈာန

သုခါပဋိပဒါခိပ္ပါဘိညာ၊သုညတာ။ ။မိဿကလေးပါး။ ။ဈာန
အပ္ပဏိဟိတ၊ ။အပ္ပဏိဟိတသုဒ္ဓိတပါး။ ။ဈာနဒုက္ခာ ပဋိ
ပဒါဒန္ဓာဘိညာ၊အပ္ပဏိဟိတ။ ။ဈာနဒုက္ခာပဋိပဒါခိပ္ပါဘိညာ၊
အပ္ပဏိဟိတ။ ။ဈာန•သုခါ ပဋိပဒါ ဒန္ဓာဘိညာ၊ အပ္ပဏိဟိ
တ။ ။ဈာနသုခါပဋိပဒါ ခိပ္ပါဘိညာ အပ္ပဏိဟိတ။ ။မိဿ
ကလေးပါး။ ။ပေါင်းတဆဲ့လေးပါး။ ။ဤနည်းကိုမှီ၍ မဂ္ဂ
စသည်တို့၌လည်း ပဋိပဒါ စသည်တို့ကိုယှဉ်၍၊ တဆဲ့လေးပါး
စီမှတ်။ ။တဆဲ့လေးပါး နှစ်ဆယ် ဖြစ်ရကား၊ ပေါင်းနှစ်ရာ့
ရှစ်ဆယ်နည်းဖြစ်၏။ ။ဈာနဒုက္ခာပဋိပဒါဒန္ဓာဘိညာ၊ဆန္ဒာ
ဓိပတေယျ။ ။ဈာနဒုက္ခာပဋိပဒါဒန္ဓာဘိညာ၊ဝိရိယာဓိပတေ
ယျ။ ။ဈာနဒုက္ခာပဋိပဒါဒန္ဓာဘိညာ၊ စိတ္တာဓိပတေယျ။ ။
ဈာနဒုက္ခာပဋိပဒါဒန္ဓာဘိညာ၊ဝိမံသာဓိပတေယျ။ ။ဤနည်း
ကိုမှီ၍ မဂ္ဂစသည်တို့၌ ၎င်းပဋိပဒါသုံးပါးတို့၌၎င်းမှတ်လေ။ ။
ပဋိပဒါဓိပတိမိဿကလေးပါး။ ။ဈာနသုညတဆန္ဒာဓိပတေ
ယျ၊ပ၊ဝိရိယာဓိပတေယျ၊ပ၊စိတ္တာဓိပတေယျ။ ။ပ၊ဝိမံသာဓိ
ပတေယျ။ ။သုညတာဓိပတိတပါး။ ဈာနဒုက္ခာပဋိပဒါဒန္ဓာ
ဘိညာ၊ သုညတဆန္ဒာဓိပတေယျ၊ပ၊ဝိရိယာဓိပတေယျ၊ပ၊စိတ္တာ
ဓိပတေယျ၊ပ၊ဝိမံသာဓိပတေယျ။ ။အကြွင်းနည်းတူ၊မိဿ
ကဓိပတိလေးပါး။ ။အပ္ပဏိဟိတစသည်တို့၌လည်း နည်းတူ
တပါး၊လေးပါးပေါင်း၊ဆယ်ပါး၊ မဂ္ဂစသည်တို့၌လည်းနည်းတူ၊
တဆယ်စီမှတ်၊အဓိပတိလေးပါးအစွမ်းဖြင့်၊အဓိပတိနည်း လေး
ဆယ်မှတ်၊ မိဿကဓိပတိလေးပါးနှင့်ပေါင်း၊ လေးဆဲ့လေးနည်း
ဖြစ်၏၊ဤလေးဆဲ့လေးနည်းဖြင့် မဟာနည်းနှစ်ဆယ်ကိုမြှောက်၊
ရှစ်ရာ့ရှစ်ဆယ်ဖြစ်၏၊ယခင်နှစ်ရာ့ရှစ်ဆယ်နှင့်ပေါင်း၊တထောင့်
တရာ့ခြောက်ဆယ် နည်းပေါင်းဖြစ်၏။ မဂ်ဝိတ်လေးပါး၌၊ တ
ထောင့်တရာ့ခြောက်ဆယ်စီမှတ်။ စတုက္ကပဉ္စကနှစ်ပါး၌၊ တ
ထောင့်တရာ့ ခြောက်ဆယ်စီယူ၊ စတုကနည်း တထောင့် တ
ရာ့ခြောက်ဆယ်ကို လေးချနှင့်မြှောက်၊ လေးထောင်ခြောက်ရာ

လေးဆယ် စတုက မဂ်ဈာန်ဖြစ်၏။ပဉ္စကနည်း တထောင့်တရာ့ခြောက်ဆယ်ကို၊ ငါးချနှင့် မြှောက်။နှစ်ထောင့်ရှစ်ရာ။ပဉ္စကမဂ်ဈာန်ဖြစ်၏။ နောက်နည်း တထောင် တို့၌လည်း ဤနည်း အတူ မြှောက်။ ။ဤကားပါဠိတော်နည်း။ ။တနည်းကား။ သုဒ္ဓိကပဋိပဒါနည်းလေးပါးကို အသိးမယူမူ၍၊ နည်းတဆယ် ဖြင့်သာ မဟာနည်း နှစ်ဆယ်ကိုမြှောက် ပွါး၍ နည်းနှစ်ရာဖြစ်၏။ ယင်းနှစ်ရာကို အဓိပတိလေးပါးဖြင့်မြှောက်၊ နည်းရှစ်ရာဖြစ်၏။ ယခင် နှစ်ရာနှင့် ပေါင်း၊ နည်း တထောင်ဖြစ်၏။ မဂ်လေးပါး၌ တထောင်စီ မှတ်လေ။ ။တနည်းကား။ ။အဓိပတိနည်းလေးဆယ်ဖြင့် မဟာနည်း နှစ်ဆယ်ကို မြှောက်၊ နည်း ရှစ်ရာဖြစ်၏။ယခင်နည်းနှစ်ရာနှင့်ပေါင်း။ နည်းတထောင်ဖြစ်၏။ မဂ်လေးပါး၌တထောင်စီမှတ်လေ။ ။ဤကား ယခင် အဋ္ဌကထာနည်း။ ။ဇာတိပုရိမသို့ သုဒ္ဓိကေဒွေနယ သတာနိ၊ ဆန္ဒာဒိ ပတေယျာဒိသုံ။ ဒွေဒွေတိနယ သဟဿေန ဘာဇေတွာပဋ္ဌမ မဂ္ဂံ ဒဿေတိ ဓမ္မရာဇာ။ ။ဟူ၍ ယခင်အဋ္ဌကထာ၌မိန့်အပ်၏။ ။ဇာတိ။ဤသို့ဆိုအပ်ပြီးသောနည်းဖြင့်။ ပုရိမသို့ ။ ရှေးဖြစ်သော။ သုဒ္ဓိကေ။သက်သက်သော သုညတ စသော နည်းတဆယ်၌။ဒွေနယသတာနိ။မဟာနည်း နှစ်ဆယ်တို့ကို မြှောက်၍၊ နှစ်ရာကုန်သောနည်းတို့သည်။ဟောအပ်ကုန်၏။ဆန္ဒာဓိပတေယျာဒိသု။ဆန္ဒာဓိပတေယျ စသည်တို့နှင့် ယှဉ်အပ် ကုန်သော နည်းတို့၌။ ဒွေဒွေ။နှစ်ရာနှစ်ရာကုန်သော နည်းတို့သည်။ ဟောအပ်ကုန်၏။ ဇာတိ။ဤသို့။နယသဟဿေန။နည်းတထောင်ဖြင့်။ဘာဇေတွာ။ဝေဘန်တော်မူ၍။ဓမ္မရာဇာ။တရားမင်းဖြစ်တော်မူသောမြတ်စွာဘုရားသည်။ပဌမမဂ္ဂံ။သောတာပတ္တိမဂ်ကို။ဒဿေတိ။ပြတော်မူ၏။ ။ဤကားယောဇနာ။ ။သကဒါဂါမိမဂ်စသည်တို့၌လည်း နည်းတူ။ဤမဂ်စိတ်၌ ‘ပဋိပဒါအဘိညာ ဖြစ်ဟန်ကား။ ‘အကြွင်းယောဂီပုဂ္ဂိုလ်သည်။မဟာဘုတ်ကိုသိမ်းဆည်းပြီး၍၊ ဥပါဒါရုပ်ကိုလည်း သိမ်းဆည်း၏၊ နာမ်ကိုလည်း သိမ်းဆည်း၏။ရုပ်နာမ်

နှစ်ပါးကိုသိမ်းဆည်းသည့်ရှိသော်၊ဆင်းရဲညှိုးငြင်စွာသိမ်းဆည်းမှသိမ်းဆည်းနိုင်၏။ ထိုပုဂ္ဂိုလ်အား၊ဒုက္ခာပဋိပဒါဖြစ်၏။ သိမ်းဆည်း အပ်ပြီးသော ရုပ်နာမ် နှစ်ပါးရုံကို၊ ဝိပဿနာ ထုံသော အခါ၊ မဂ်ထင်ရှားဖြစ်ခြင်းငှါ နှေးသည့်၏ အဖြစ်ကြောင့် ဒန္ဓာဘိညာမည်၏။ ။အကြြင်ယောဂီပုဂ္ဂိုလ်သည်လည်း၊ရုပ်နာမ် နှစ်ပါးကိုသိမ်းဆည်းပြီး၍ ပိုင်းချားသည့်ရှိသော်၊ဆင်းရဲညှိုးငြင်သဖြင့် ပိုင်းချား ရ၏။ နာမ်ရုပ်ကို ပိုင်းချားပြီး၍ ဝိပဿနာ ထုံသည် ရှိသော် ကြာမြင့်မှ မဂ်ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်၏။ ထိုပုဂ္ဂိုလ်အား၊ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာဖြစ်၏။ ။တယောက်သော ယောဂီပုဂ္ဂိုလ်သည်လည်း နာမ်ရုပ်နှစ်ပါးကို ပိုင်းချားပြီး၍ အကြောင်းကို သိမ်းဆည်းသည့်ရှိသော်၊ ဆင်းရဲညှိုးငြင်သဖြင့် သိမ်းဆည်းရ၏၊ ဝိပဿနာ ထုံသည့်ရှိသော် ကြာမြင့်မှ မဂ်ကို ဖြစ်စေနိုင်၏၊ထိုပုဂ္ဂိုလ်အား ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာဖြစ်၏။ ။တယောက်သော ယောဂီ ပုဂ္ဂိုလ်သည်၊ အကြောင်းကို သိမ်းဆည်းပြီး၍၊ လက္ခဏာတို့ကို ထိုးထွင်း၍ သိခြင်းငှါ အားထုတ်သည့်ရှိသော်။ ဆင်းရဲညှိုးငြင်စွာ အားထုတ်မှသိနိုင်၏။ ထိုးထွင်းသော်အားဖြင့် သိပြီး၍ ဝိပဿနာထုံသည့်ရှိသော် ကြာမြင့်မှ မဂ်ကိုဖြစ်စေနိုင်၏၊ထိုပုဂ္ဂိုလ်အားလည်း၊ ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာဖြစ်၏။ ။တယောက်သောယောဂီပုဂ္ဂိုလ်သည်၊လက္ခဏာတို့ကို ထိုးထွင်းပြီး၍ ဝိပဿနာဉာဏ် ထက်သန် ရဲရင့် ကြည်လင်သည့်ရှိသော်၊ဝိပဿနာ၌ တတ်ခြင်းတဏှာသည် ဖြစ်ပြန်၏။ ။ထိုတဏှာကို ဆင်းရဲညှိုးငြင်စွာ အားထုတ်မှ ကုန်စေ နိုင်၏၊ တဏှာကပ်ခြဲမြောက်နှံ့ပုံကိုကုန်စေပြီးမှတဘန်ဝိပဿနာထုံပြန်သော်၊ကြာမြင့်မှ မဂ်ကို ဖြစ်စေ နိုင်၏၊ ထိုပုဂ္ဂိုလ်အား ဒုက္ခပဋိပဒါဒန္ဓာဘိညာဖြစ်၏။ ။ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ ပုဂ္ဂိုလ် ငါးတန်၊ ။အကြွင်းပဋိပဒါ သုံးပါးတို့၌လည်း ရေးနည်းငါးတန်စီမှတ်၊ ။သုညတဟူရာ၌ မဂ်သည် အာဂမန အားဖြင့်၎င်း၊ သဂုဏအားဖြင့်၎င်း၊ အာရမ္မဏအားဖြင့်၎င်း၊ သုညတမည်၏၊

တေဘုမ္မက သင်္ခါရတို့ကိုရှေးဦးစွာ အနန္တရမှစ၍ လက္ခဏာရေး သုံးပါးသို့ တင်၍။ အဘန်တလဲလဲရှုသော ယောဂီ ပုဂ္ဂိုလ်အား။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်သည်ဖြစ်၏။ ထိုဉာဏ်သည် တေဘုမ္မကသင်္ခါရ၌ အတ္တဘောမှဆိတ်ခြင်းကြောင့် သုညတမည်၏။ မဂ်၏လားကြောင်းအရာ၌တည်၍။မဂ်အား သုညတဟူသော အမည်ကို ပေး၏။ ဤသို့မဂ်သည် အာဂမန အားဖြင့် သုညတဟူသောအမည်ကိုရ၏။ ။မဂ်သည် အကျင့်ကြောင့် ရာဂစသည်တို့မှဆိတ်၏။ထိုရာဂစသည်တို့မှ ဆိတ်ခြင်းတည်းဟူသော မိမိ၏ဂုဏ်ကြောင့် သဂုဏ အားဖြင့် သုညတ အမည်ကိုရ၏။ ။နိဗ္ဗာန်သည်လည်း ရာဂစသည်တို့မှ ဆိတ်ခြင်းကြောင့် သုညတမည်၏။ မဂ်သည်ကား ထိုနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ခြင်းကြောင့် အာရမ္မဏအားဖြင့် သုညတ အမည်ကိုရ၏။ ။ဤသုံးပါးတို့တွင် နောက်နှစ်ပါးကား သုတ္တန်နည်း။ ရှေးနည်းကား အဘိဓမ္မာနည်း။ အဘိဓမ္မာနည်းသာလျှင်။ နိပ္ပရိယာယ်နည်း။ သုတ္တန်နည်းကား ပရိယာယ်နည်း။ အာဂမနသည်လည်း ဝိပဿနာ ဂမန။ မဂ္ဂါ ဂမန ဟူ၍ နှစ်ပါး ပြား၏။ ထိုနှစ်ပါး တို့တွင် မဂ်၏ လားကြောင်းအရာ၌ ဝိပဿနာ ဂမနလျှင် ပြဓာန်း၏။ ဖိုလ်၏ လားကြောင်း အရာ၌ကား မဂ္ဂါဂမနလျှင် ပြဓာန်း၏။ ဖိုလ်သည် မဂ်ဖြင့် သုညတစသောအမည်ကိုရ၏ဆိုလိုသည်။ ။အပဏိဟိတ ဟူရာ၌ မဂ်သည် ယာခင်အကြောင်း သုံးပါးဖြင့် အပဏိ ဟိတ မည်၏။ တေဘုမ္မက သင်္ခါရ တို့ကို ရှေးဦးစွာ ဒုက္ခမှ စ၍ လက္ခဏာရေး သုံးပါးသို့ တင်၍ ရှုသည်ရှိသော်။ ဝုဋ္ဌာန ဂါမိနီ ဝိပဿနာဉာဏ်သည်။ သင်္ခါရတို့၌ တတ်မက်ခြင်း တဏှာကို စွန့်စေခြင်းကြောင့် အပ္ပဏိဟိတ မည်၏။ မဂ်၏ လားကြောင်း အရာ၌တည်၍ မဂ်အား မိမိ၏အပ္ပဏိဟိတ အမည်ကို ပေး၏။ ဤသို့ မဂ်သည်။ အာဂမနအားဖြင့် အပ္ပဏိဟိတ ဟူသော အမည်ကိုရ၏။ ။မဂ်သည် ရာဂစသော ပဏိဓိ မရှိခြင်းကြောင့်။ သဂုဏအားဖြင့် အပ္ပဏိဟိတ ဟူသော အမည်ကို ရ၏။ နိဗ္ဗာန်

သည်လည်း၊ ထိုပဏိဓိတို့၏ မရှိခြင်းကြောင့် အပ္ပဏိဟိတ မည်
၏၊ မဂ်သည်ကား၊ ထိုနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ခြင်းကြောင့် အပ္ပ
ဏိဟိတ မည်၏၊ ပရိယာယ် စသော ဆိုဘွယ် စကားရပ်မှာ
ရှေးနည်း။ ။သုညတ္တန်ဒေသနာ၌ အနိမိတ္တဝိပဿနာ အစွမ်းဖြင့်
ဖြစ်သော အနိမိတ္တမဂ်ကိုလည်းဟောတော်မူအပ်၏။ အနိမိတ္တ
ဝိပဿနာသည်။ မဂ်၏ လားကြောင်း အရာ၌ တည်၍၊ မိမိ မဂ်
အား အမည်ကိုပေးခြင်းငှါ မစွမ်းနိုင်သည်၏အဖြစ်ကြောင့်။ ထို
ဝိပဿနာ၏အစွမ်းဖြင့်ဖြစ်သောမဂ်ကို။ ဤအဘိဓမ္မာအရာ၌မယူ
အပ်၊ ထိုကြောင့် ယခင်အဋ္ဌကထာ၌။ ။ဧဝံသန္တေပိ အနိမိတ္တ
ဝိပဿနာ၊ သယံ အာဂမနိယဋ္ဌာနေ ဌတွာ အတ္တနော မဂ္ဂဿ
နာမံဒါတုံနသက္ကောတီတိ အနိမိတ္တမဂ္ဂေါနဂဟိတော။ ။ဟူ၍
မိန့်အပ်၏။ ။ဧဝံ၊ ဤသို့၊ သန္တေပိ၊ ခပ်သိမ်းသော အချင်းအရာ
အားဖြင့်လည်း။ အနိမိတ္တဝိပဿနာ။ အနိမိတ္တဝိပဿနာသည်။
သယံ၊ မိမိသည်၊ အာဂမနိယဋ္ဌာနေ၊ မဂ်၏လားကြောင်းအရာ၌။
ဌတွာ၊ တည်၍၊ အတ္တနော၊ မိမိ၏၊ မဂ္ဂဿ၊ မဂ်အား၊ နာမံ၊ အမည်
ကို၊ ဒါတုံ၊ ပေးခြင်းငှါ၊ နသက္ကောတိ၊ မစွမ်းနိုင်၊ ဣတိ၊ ထိုကြောင့်။
အနိမိတ္တမဂ္ဂေါ၊ အနိမိတ္တမဂ်ကို။ နဂဟိတော။ မယူအပ်၏။ ။
ဤကား ယောဇနာ။ ။အနိစ္စာဒီသုဟိယတ္ထကတ္ထစိ အဘိနိဝိ
သိတွာ ဍုတာရံပိ လက္ခဏာ ဒွယံ ဒဋ္ဌုံ ဝဋ္ဋတီတိ ဧက လက္ခဏာ
ဒဿနမတ္တေနေဝ ဟိမဂ္ဂဝုဋ္ဌာနံ နဟောတိ။ ။ယခင် အဋ္ဌက
ထာပါဠ်၊ ။ဤပါဠ်ဖြင့် တခု တခုသော လက္ခဏာရေးကို
ရှုခါမျှဖြင့်လျှင် မဂ်ထခြင်း မည်သည် မဖြစ်။ သုံးပါးလုံးကို ရှုမှ
မဂ်ထခြင်းကို ပြတော်မူသည်။ ။ဟိ။ ချဲ့ဦးအံ့။ အနိစ္စာဒီသု၊
အနိစ္စ အစရှိသည်တို့တွင်။ ယတ္ထကတ္ထစိ၊ တခုတခုသော လက္ခ
ဏာရေး၌၊ အဘိနိဝိသိတွာ၊ နှလုံးသွင်းပြီး၍၊ ဍုတာရံပိ၊ ဤမှတ
ပါးလည်းဖြစ်သော၊ လက္ခဏာဒွယံ၊ လက္ခဏာရေး နှစ်ပါးတို့ကို၊
ဒဋ္ဌုံ၊ ရှုခြင်းငှါ၊ ဝဋ္ဋတိ၊ အပ်၏၊ ဟိ၊ မှန်၏၊ ဣတိ၊ ထိုကြောင့်၊ ဧက
လက္ခဏာဒဿနမတ္တေနေဝ၊ တခုသော လက္ခဏာရေးကို ရှုကာ

ဖ္လဖြင့်လျှင်။မဂ္ဂဝုဋ္ဌာနံ၊ မဂ်ထခြင်းသည်၊ နံဟောတိ၊ မဖြစ်၊ ။
ဤကား ယောဇနာ၊ ။တတ္ထ အနိစ္စတော ဝုဋ္ဌဟန္တဿ
ဝုဋ္ဌာ အနိမိတ္တော ဟောတိ၊ ဒုက္ခတောဝုဋ္ဌဟန္တဿ အပ္ပဏိ
ဟိတော၊ အနတ္တတော ဝုဋ္ဌဟန္တဿ သုညတောတိ ဇေ၀ံသုတ္တန္တ
ပရိယာယေန၊အာဟရိတွာဒိပိတောဝုဋ္ဌာနဂါမိနိပနဝိပဿနာ
ကိမာရမ္မဏာတိလက္ခဏာ၊ လက္ခဏံနာမပညတ္တိဂတိကံနဝတ္တဗ္ဗ
ဓမ္မဘူတံ၊ ။ယခင်အဋ္ဌကထာပါဌ်၊ ။ဤပါဌ်ဖြင့် လက္ခဏာ
ရေးနှင့် အနုရူပမဂ်ကိုရင်း၊ ဝုဋ္ဌာနဂါမိနိဝိပဿနာ၏ အာရုံကို
ရင်းပြတော်မူသည်၊တတ္ထ၊ထိုမဂ်သုံးပါး ဝိပဿနာသုံးပါး လက္ခ
ဏာရေးသုံးပါးတို့တွင်၊အနိစ္စတော၊ အနိစ္စလက္ခဏာအားဖြင့်၊
ဝါ၊နာဖြင့်၊ ဝုဋ္ဌာဟန္တဿ၊ထသောပုဂ္ဂိုလ်၏၊ဝုဋ္ဌာ၊သင်္ခါရမှ
ထသောမဂ်သည်၊အနိမိတ္တော၊ အနိမိတ္တမဂ်မည်သည်၊ဟောတိ၊
ဖြစ်၏၊ဒုက္ခတော၊ဒုက္ခလက္ခဏာအားဖြင့်၊ဝါ၊ဒုက္ခနုပဿနာဖြင့်၊
ဝုဋ္ဌဟန္တဿ၊ ထသောပုဂ္ဂိုလ်၏၊ ဝုဋ္ဌာ၊သင်္ခါရမှ ထသော
မဂ်သည်၊အပ္ပဏိဟိတော၊ အပ္ပဏိဟိတမဂ်မည်သည်၊ ဟော
တိ၊၏၊ အနတ္တတော၊ အနတ္တလက္ခဏာအားဖြင့်၊ဝါ၊ အနတ္တာ
နုပဿနာဖြင့်၊ ဝုဋ္ဌဟန္တဿ၊ထသောပုဂ္ဂိုလ်၏၊ဝုဋ္ဌာ၊သင်္ခါရ
မှထသောမဂ်သည်၊သုညတော၊သုညတမဂ်မည်သည်၊ဟောတိ၊
၏၊ဣတိဇေ၀ံ၊ဤသို့၊ သုတ္တန္တပရိယာယေန၊ သုတ္တန်ဒေသနာတော်
အားဖြင့်၊အာဟရိတွာ၊ဆောင်၍၊ ဒိပိတော၊ပြအပ်၏၊ပန၊ အဘို့
တပါးကား၊ ဝုဋ္ဌာနဂါမိနိဝိပဿနာ၊ ဝုဋ္ဌာနဂါမိနိ ဝိပဿနာ
သည်၊ကိံ အာရမ္မဏာ၊ အဘယ်အာရုံရှိသနည်း၊ တိလက္ခဏာ၊
လက္ခဏာရေး သုံးပါးလျှင် အာရုံရှိ၏၊ လက္ခဏံနာမ၊ လက္ခဏာ
မည်သည်၊ပညတ္တိဂတိကံ၊ ပညာတ်အလားရှိ၏၊ နဝတ္တဗ္ဗဓမ္မဘူ
တံ၊ပရိတမဟဂ္ဂတဓမ္မဟုမဟောအပ်သောသဘောဖြစ်၍ ဖြစ်၏၊
ဤကား ယောဇနာ၊ ။အဇ္ဈတ္တဥဗ္ဗဟာဒ္ဓါစ ရူပါရူပေသု ပဥ္စသု
သတ္တအဋ္ဌဂ်ပရိဏာမံနိမိတ္တံ၊ ပဋိပဒါပတိတိ၊ ။ယခင်အဋ္ဌက
ထာပါဌ်၊ ။ဤပါဌ်ဖြင့် မဂ်တရား၏သင်္ကန့်ရုပ်နာမ်ခန္ဓာအင်္ဂါ

ဘောက်ပြန်ခြင်း နိမိတ်မှထခြင်း၊ ပဋိပဒါအဓိပတိ ရွေ့ မရွေ့
တို့ကိုပြတော်မူသည်၊ ။အဇ္ဈတ္တံ၊မိမိသန္တာန်၌ ဖြစ်ကုန်သော။
ပဉ္စသု၊ခန္ဓာငါးပါးတို့၌၊အဘိနိဝိသိတွာ၊ နှလုံးသွင်း၍၊ဝုဋ္ဌာနဉ္စ။
အဇ္ဈတ္တခန္ဓာ၊ဗဟိဒ္ဓခန္ဓာ နှစ်ပါးတို့တွင်၊တပါးပါးမှမဂ်၏ထခြင်း
၎င်း၊ဗဟိဒ္ဓါ၊သူတပါးသန္တာန်၌ ဖြစ်သော၊ပဉ္စသု၊ခန္ဓာငါးပါးတို့
၌၊အဘိနိဝိသိတွာ၊ နှလုံးသွင်း၍၊ ဝုဋ္ဌာနဉ္စ၊ ဗဟိဒ္ဓခန္ဓာ အဇ္ဈတ္တ
ခန္ဓာ နှစ်ပါးတို့တွင် တပါးပါးမှ မဂ်ထခြင်း၎င်း၊ ရူပါရူပေသု။
ရုပ်နာမ် နှစ်ပါး တို့တွင်။ ဧကေ ကဿစိ၊ တပါးပါး၌၊ အဘိနိဝိ
သိတွာ၊နှလုံးသွင်း၍၊ဝုဋ္ဌာနဉ္စ၊တပါးပါးမှမဂ်၏ထခြင်း၎င်း။ ပဉ္စ
သု၊ခန္ဓာငါးပါးတို့၌၊အဘိနိဝိသိတွာ၊အလုံးစုံသော ကရားသည်
ဖြစ်ခြင်း ပျက်ခြင်း သဘော ရှိ၏ဟု နှလုံးသွင်း၍။ ဝုဋ္ဌာနဉ္စ၊ ခန္ဓာ
ငါးပါးတို့မှမဂ်၏ထခြင်း၎င်း။သတ္တအဋ္ဌက် ပရိယာယဉ္စ၊ ခုနစ်ပါး
ရှစ်ပါးကုန်သောမဂ္ဂင်၊ ခုနစ်ပါး ခြောက်ပါးကုန်သော ဗောဇ္ဈင်၊
ငါးပါး လေးပါး သုံးပါး နှစ်ပါးကုန်သော ဈာန်နှင့်တို့၏ဘောက်
ပြန်ခြင်း၎င်း၊ နိမိတ္တဉ္စ၊ ရုပ်ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်
တည်း ဟူသော နိမိတ်၏ အစွမ်းဖြင့် ဖြစ်ခြင်း။ စိတ္တဇရူပက္ခန္ဓာ
တည်းဟူသော အနုပ္ပါဒိဏ္ဏက၊ ကမ္မဇရူပက္ခန္ဓာတည်းဟူသော
ဥပါဒိဏ္ဏကနိမိတ်၊ အပယ်နိမိတ်၊ ကာမသုဂတိဘဝေကဒေသ
နိမိတ်၊ကာမဘာဝနိမိတ်၊ရူပါရူပဘာဝနိမိတ်တို့မှ၊ထိုမဂ်၏ထခြင်း
၎င်း၊ပဋိပဒါပတိစ၊ပဋိပဒါရွေ့ မရွေ့။အဓိပတိ ရွေ့ မရွေ့၎င်း၊
ဣတိ၊ဤသည်ကား၊ပကိဏ္ဏကံ၊ပြိုးပြွမ်းသော စကားရပ်တည်း၊
ဤကားယောဇနာ၊ ၊ပဋိပဒါပတိ ဟူရာ၌၊ မြတ်စွာဘုရားရှင်
မဟာသာရိပုတ္တရာ တို့၏ မဂ် လေးပါးလုံး၊ သုခါ ပဋိပဒါ ခိပ္ပါ
ဘိညာချည်းဖြစ်ကုန်၏၊ ၊ရှင်မဟာမောဂ္ဂလာန်၏ မဂ်လေးပါး
တွင်၊ ပထမမဂ်သည်၊ သုခါပဋိပဒါ ခိပ္ပါဘိညာ၊ အထက်မဂ်သုံး
ပါးကား၊ဒုက္ခာပဋိပဒါခိပ္ပါဘိညာချည်း ဖြစ်ကုန်၏၊ ၊အချို့
သော ပုဂ္ဂိုလ်အား မဂ်လေးပါးလုံးဒုဒ၊ ၊အချို့သော ပုဂ္ဂိုလ်
မဂ်လေးပါး ဒုက္ခ၊ ။အချို့သောပုဂ္ဂိုလ်အား မဂ်လေးပါးလုံး

သုဒ၊ ။အချို့သောပုဂ္ဂိုလ်အား မဂ်လေးပါးလုံးသုခိ၊ ။အချို့သောပုဂ္ဂိုလ်အား၊ပဌမ မဂ်သည်ဒုဒ၊ဒုတိယမဂ်သည်ဒုခိ၊ တတိယမဂ်သည်သုဒ၊စတုတ္ထမဂ်သည်သုခိ၊ ။ဤပဋိပဒါရွေ့မရွေ့ကဲ့သို့။အဓိပတိရွေ့မရွေ့ကိုလည်း မှတ်လေ၊ ။သင်္ခါရုပေက္ခာညာဏာနမဝဟိ၊ အရိယမဂ္ဂဿ ဗောဇ္ဈင်္ဂ မဂ္ဂင် ဈာနင် ဝိသေသံ၊ နိယာမေတိ၊ ။ယာခင် အဋ္ဌကထာပါဌ်၊ ။ဤပါဌ်ဖြင့် မဂ်၏ဗောဇ္ဈင် မဂ္ဂင်ဈာနင် အထူးတို့ကို၊ သင်္ခါရုပေက္ခာညာဏ်ဟုဆိုအပ်သော မဂ်၏ရှေ့အဘို့၌ဖြစ်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြင့်သာလျှင်မှတ်အပ်သည်ကိုပြတော်မူသည်။ ။ဟိ၊မှန်၏၊ သင်္ခါရုပေက္ခာ ညာဏာနမဝ၊ သင်္ခါရုပေက္ခာ ညာဏ်ဟု ဆိုအပ်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်သာလျှင်၊ အရိယမဂ္ဂဿ၊ အရိယာမဂ်၏၊ ဗောဇ္ဈင်္ဂ မဂ္ဂင် ဈာနင် ဝိသေသံ၊ဗောဇ္ဈင် မဂ္ဂင် ဈာနင်အထူးတို့ကို၊နိယာမေတိ၊မှတ်စေအပ်၏၊ ။ဤကားယောဇနာ၊ ။တိပိဋကစူဠာ နာဂထေရ်သည် ပါဒကဈာန်ဖြင့်၊ မဂ်၏ဗောဇ္ဈင်မဂ္ဂင်ဈာနင်အထူးကိုမှတ်၏၊ ။မောရဝါပိအရပ်၌ သီတင်းသုံးသော မဟာဒတ္တထေရ်ကား၊သမ္မသိတဈာန်ဖြင့် ထိုအထူးကိုမှတ်၏၊ ။စူဠာဘယထေရ်ကား။ ပုဂ္ဂလဇ္ဈာသယဖြင့်၊ထိုအထူးကိုမှတ်၏။ ။ထိုစကားလေးပါး၏ဝိတ္ထာရကားသုက္ခဝိပဿကပုဂ္ဂိုလ်၏ဖြစ်စေအပ်သော မဂ်သည်ရင်း၊ဈာနလာဘီပင်ဖြစ်သော်လည်း ဈာန်ကိုအခြေမပြုမူ၍ ဖြစ်စေအပ်သောမဂ်သည်ရင်း ပဌမဈာန်ကိုအခြေပြု၍ ပကိဏ္ဏကသင်္ခါရကိုသုံးသပ်၍ဖြစ်စေအပ်သော မဂ်သည်ရင်း၊ပထမဈာန်နှင့်အလားတူဖြစ်၍ ဗောဇ္ဈင် မဂ္ဂင်ဈာနင်တို့သည်ပြည့်စုံကုန်၏၊ မဂ္ဂဝိထိမှ ရှေးအဘို့၌ ဝိပဿနာညာဏ်သည် သောမနဿသည်ရင်း၊ ဥပေက္ခာသည်ရင်းဖြစ်၍ သင်္ခါရမှ ထသော အခါ ၌ကား သင်္ခါရုပေက္ခာ အဖြစ်သို့ရောက်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာညာဏ်သည်ကား၊ သောမနဿသဟဂုတ်သာလျှင်ဖြစ်၏၊ ။ဒုတိယ၊တတိယ၊စတုတ္ထ ဈာန်သုံးပါးတို့တွင်၊ တပါးပါးကို ပါဒကပြု၍ ဖြစ်စေအပ်သော

မဂ်သည်၊ပါဒကချာန်နှင့် အလားတူသာ ဖြစ်၏၊ ချာနင်တို့ကား လေး ပါး သုံးပါး နှစ် ပါး၊ မဂ္ဂင် ခု နှစ် ပါး၊ စတုတ္ထ ချာန်၌ ကား၊ ဗောဇ္ဈင်ခြောက်ပါး၊ ပီတိသံဗောဇ္ဈင်ပယ်။ ဤမျှသာပထူး ၏၊ဝိပဿနာ၌ ဝေဒနာတို့ကား ရှေးနည်း။ ။ပဥ္စမချာန်ကို ပါဒကပြု၍ ဖြစ်စေအပ်သော မဂ်သည်လည်း ပါဒကချာန်နှင့်တူ ၏။ ။ဗောဇ္ဈင်ခြောက်ပါး၊မဂ္ဂင်ခုနစ်ပါး၊ချာနင်ကားဥပေက္ခာ ဧကဂ္ဂတာ နှစ်ပါး၊ပုဗ္ဗဘာဂဝိပဿနာ၌ ဝေဒနာတို့ကား၊သော မနဿသဟဂုတ်လည်း အချို့ဖြစ်၏၊ ဥပေက္ခာသဟဂုတ်လည်း အချို့ဖြစ်၏၊ ဝုဋ္ဌာနဂါမိနီဝိပဿနာကား ဥပေက္ခာသဟဂုတ် သာဖြစ်၏၊ ။အရူပချာန်တို့ကို ပါဒကပြုရာ၌လည်း နည်းတူ မှတ်၊ ။ပဥ္စမချာန် စသည်တို့တွင်တပါးပါးကိုဝင်စား၍၊ချာန် မှထ၏၊ပကိဏ္ဏကသင်္ခါရကို လက္ခဏာရေးတင်၍ သုံးသပ် သ ဖြင့် ဖြစ်စေအပ်သောမဂ်သည်၊ပါဒကချာန်နှင့်တူ၏၊ ဤသို့သော် လည်း အကျဉ်းမှတ်။ ဝင်စားအပ်သောချာန်ကို အချေပြုပါဒက ချာန်ဆိုသည်၊မဂ်ကိုပါဒကမဆို၊ မဂ်ကားပါဒကသဒ်သ။ ။ သမာပတ် ရှစ်ပါးကိုရသော ချာနလာဘီ ပုဂ္ဂိုလ်သည်၊ ပဥ္စမ ချာန်ကို ပါဒကပြု၍ ပထမ မဂ်ဖိုလ်ကိုရ၍ ချာန်မယုတ်ဘဲသော လွန်သဖြင့် အရူပဘုံ၌ ဖြစ်လေလျှင်၊ မဥ္စမ မဂ်ဖိုလ် သမာပတ်မှ ထ၍ ဝိပဿနာကိုပွါးစေ၍ အထက်မဂ်ဖိုလ်တို့ကိုဖြစ်စေအံ့၊ထို မဂ်ဖိုလ် တို့သည်လည်း။ မိမိပဥ္စမ ချာန်ပါဒကနှင့် တူသည်သာ ဖြစ်၏၊ ဒုတိယချာန်ပါဒကတို့၌လည်း နည်းတူမှတ်၊ အရူပ ဘုံ ၌ကား၊တိကမဂ်၊ စထုကမဂ်ချာန်သာရှိ၏၊ ။ဤကား ပဥ္စမ ထေရ်၏ဝါဒ။ ။အကြင်အကြင်သမာပတ်မှထ၍ ထိုထိုသမာ ပတ်ကိုသုံးသတ်၍ ဖြစ်စေအပ်သော မဂ်သည်၊ မိမိသုံးသတ်အပ် သော သမသိတချာန်နှင့် တူသည်သာဖြစ်၏၊ ချာနင်စသော ဆို ဘွယ်ဟကားရပ်ကား ယခင်နည်းရှိပြီး၊ ။သမသိတချာန်ဟူ သည် သုံးသတ်အပ်သော ချာန်ကို ဆိုသည်၊ မဂ်ကိုမဆို။ မဂ် ကား သမသိတသဒ်သ၊ ။ဤကား ဒုတိယထေရ်၏ဝါဒ။ ။

အောက်အောက်ဈာန်ကိုပါဒကပြု၍၊အထက်အထက်ဈာန်ကိုသုံးသတ်၍ရင်း၊အထက်အထက် ဈာန်ကို ပါဒကပြု၍၊အောက်အောက်ဈာန်ကိုသုံးသတ်၍ရင်း ဖြစ်စေအပ်သောမဂ်သည်၊ ပုဂ္ဂိုလ်သည် ပါဒကဈာန်နှင့် တူစေလိုလျှင်၊ ပါဒကဈာန်နှင့်တူ၏၊ သမသိတဈာန်နှင့် တူစေလိုလျှင်။ သမသိတဈာန်နှင့်တူ၏၊ ပုဂ္ဂိုလ်အလိုမရှိသော်ကား၊အထက်ဈာန်၏ဗလဝ၏အဖြစ်ကြောင့် အထက်ဈာန်နှင့်တူ၏၊ဈာနင်စသော ဆိုဘွယ် စကား ရပ်ကား။ယခင်နည်းရှိပြီး။ ။ပုဂ္ဂလဇ္ဈာသယ ဟူသည်၊ ပုဂ္ဂိုလ်၏အလိုဆန္ဒကိုဆိုသည်၊ ထိုအလိုဆန္ဒဖြင့်၊ မဂ်ကိုရသောကြောင့် မဂ်လည်း ပုဂ္ဂလဇ္ဈာသယ မဂ်ဈာန်မည်၏၊ ပါဒကသမသိတ ဈာန်တို့ကို ပုဂ္ဂလဇ္ဈာသယမဆို၊ ပါဒကသမသိတဈာန်တို့ကိုကား ပုဂ္ဂလဇ္ဈာသယဟောတု၊ ။ဤကား တတိယထေရ်၏ဝါဒ၊ ။ဤထေရဝါဒသုံးရပ်လုံးသည်၊အဋ္ဌကထာဝါဒဟုဆိုအပ်သော ဝုဋ္ဌာနဂါမိနိဝိပဿနာဝနိယမေတိ ဟူသောစကားနှင့်လည်းမကင်းမလွတ်ထိုကြောင့် ယခင်အဋ္ဌကထာ၌။ ။တေသံပိဝါဒေသု၊ အယံသင်္ခါရုပေက္ခာ သင်္ခါတာ၊ပုဗ္ဗဘာဂါ၊ဝုဋ္ဌာနဂါမိနိ ဝိပဿနာဝနိယမေတီတိဝေဒိတဗ္ဗံ၊ ။ဟူ၍မိန့်အပ်ပြီ၊ ။တေသံပိ၊ထိုဆရာတို့၏လည်း၊ဝါဒေသု၊ အယူတို့၌၊ သင်္ခါရုပေက္ခာ သင်္ခါတာ၊သင်္ခါရုပေက္ခာဟုဆိုအပ်သော၊ပုဗ္ဗဘာဂါ၊မဂ်၏ရှေ့အဘို့ဖြစ်သော၊အယံဝုဋ္ဌာနဂါမိနိ ဝိပဿနာဝ၊ဤဝုဋ္ဌာနဂါမိနိဝိပဿနာသည်သာလျှင်၊ နိယမေတိ၊ မဂ်ကိုမှတ်စေ၏၊ ။ဤကားယောဇနာ၊ ။ပါဒက သမသိတ ပုဂ္ဂလဇ္ဈာသယ ဖြစ်သောပဉ္စကနည်း၏ အစွမ်းဖြစ်သောမဂ်စိတ် နှစ်ဆယ်၊ ဖိုလ်စိတ် နှစ်ဆယ်ပေါင်းလေးဆယ်။ တနည်းကား နဝကဈာန်အစွမ်းဖြင့်မဂ်စိတ် သုံးဆယ့်ခြောက်၊ဖိုလ်စိတ် သုံးဆယ့်ခြောက်—ပေါင်း၇၂ စတုကနည်းအစွမ်းဖြင့် မဂ်စိတ် ၁၆၊ဖိုလ်စိတ် ၁၆ ပေါင်း ၃၂ တနည်းကား၊ အဋ္ဌကထာဈာန်အစွမ်းဖြင့် မဂ်စိတ်သုံးဆယ့်နှစ်ဖိုလ်စိတ် သုံးဆယ့်နှစ် ပေါင်း ၆၄၊ တနည်းကား ပဉ္စကနည်း၌

ပါသပုအစွမ်းဖြင့် မဂ်စိတ် ၆၀။ ဖိုလ်စိတ် ၆၀။ပေါင်း ၁၂၀။ တနည်းကား၊ နဝကချာန်၌ ပါသပုအစွမ်းဖြင့် မဂ်စိတ် ၁၀၈။ ဖိုလ်စိတ် ၁၀၈။ ပေါင်း ၂၁၆။ စတုက္ကနည်း၌ ပါသပုအစွမ်း ဖြင့် မဂ်စိတ် ၄၈။ ဖိုလ်စိတ် ၄၈။ ပေါင်း ၉၆။ တနည်းကား အဋ္ဌကချာန်၌ ပါသပု အစွမ်းဖြင့်။ မဂ်စိတ် ၉၆။ ဖိုလ်စိတ် ၉၆။ ပေါင်း ၁၉၂။ တနည်းကား သုက္ခဝိပဿက ပုဂ္ဂိုလ်။ ပါဒက သမသိတချာန်မရှိသော ဈာနလာဘီ ပုဂ္ဂိုလ်တို့၌။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ သောမနဿ သဟဂုတ် အစွမ်းဖြင့်။ မဂ္ဂမချာန် မဂ် စိတ် လေးပါး။ ဖိုလ်စိတ် လေးပါး၊ပေါင်းရှစ်ပါး။ ။မန္ဒပညာ။ မဇ္ဈိမပညာ။ မဟာပညာ ပုဂ္ဂိုလ်သုံးတန်အစွမ်းဖြင့်။မဂ်စိတ် ၂၀ ကိုမြှောက် ၆၀။ ဖိုလ်စိတ်နည်းတူ။ပေါင်း ၁၂၀။ ။နောက် နောက်နည်း တို့၌လည်း ဤနည်းကိုမှီ၍ မြှောက်လေ။ ။ဤ ကား လောကုတ္တရာစိတ်၌မှတ်ဘွယ်။ ။ဥပေက္ခာပန ဒသဝိဓာ ဟောတိ။ဆဠင်္ဂုပေက္ခာ။ဗြဟ္မဝိဟာရုပေက္ခာ။ ဗောဇ္ဈင်္ဂုပေက္ခာ။ ဝီရိယုပေက္ခာ။ သင်္ခါရုပေက္ခာ။ ဝေဒနုပေက္ခာ။ ဝိပဿနုပေက္ခာ။ တတြမဇ္ဈတ္တုပေက္ခာ။ ဈာနုပေက္ခာ။ ပါရိသုဒ္ဓိဥပေက္ခာ တိ။ ။ယာခင်အဋ္ဌကထာပါဌ်။ ။ဤပါဌ်ဖြင့် ဥပေက္ခာဆယ်ပါး ကိုပြတော်မူသည်။ ။ပနု။ဘောဒကိုဆိုဦးအံ့။ဥပေက္ခာ။ဥပေက္ခာ တို့သည်။ဆဠင်္ဂုပေက္ခာဒွါရခြောက်ပါး၌ အာရုံခြောက်ပါးထင် သည်ရှိသော်။ မရုန်းမချစ် လျစ်လျူရှုခြင်း ဥပေက္ခာရင်း။ ဗြဟ္မ ဝိဟာရုပေက္ခာ။သုခိတဒုက္ခိတသတ္တဝါ ပညာတ်နှစ်ရပ်ကို အာရုံ ပြု၍ လျစ်လျူရှုခြင်း ဗြဟ္မဝိဟာရုပေက္ခာရင်း။ဗောဇ္ဈင်္ဂုပေက္ခာ။ ဗောဇ္ဈင်၌ဖြစ်၍ သဟဇာတ်တရားတို့ကိုလျစ်လျူရှုခြင်းဗောဇ္ဈင်္ဂု ပေက္ခာရင်း။ ဝီရိယုပေက္ခာ။ မပြင်းမလျော့ကောလင်လင်အား ထုတ်ခြင်း ဝီရိယဟုဆိုအပ်သော ဥပေက္ခာရင်း။ သင်္ခါရုပေက္ခာ။ သင်္ခါရတို့၌ လျစ်လျူရှုခြင်း သင်္ခါရုပေက္ခာညာဏ်ရင်း။ ဝေဒနု ပေက္ခာ။ အဒုက္ခမ သုခ ဖြစ်သော ဝေဒနုပေက္ခာရင်း။ ဝိပဿနု ပေက္ခာ။ သင်္ခါရတို့၏ အနိစ္စအဖြစ် စသည်ကို ရှုးစမ်းဆင်ခြင်

ခြင်း၌ လျစ် လျူ ရှုခြင်း ဝိပဿနုပေက္ခာ ရင်း၊ တတြမဇ္ဈတ္တု
ပေက္ခာ၊ သဟဇာတတရားတို့၌ အညီအမျှဆောင်ခြင်း အစွမ်း
ဖြင့် လျစ်လျူ ရှုခြင်း တတြမဇ္ဈတ္တု ပေက္ခာရင်း၊ ဈာနုပေက္ခာ၊
တတိယဈာန်သုခ၏အပေါ်၌ မကျခြင်းကို ဖြစ်စေ၍၊ လျစ်လျူရှု
ခြင်း ဈာနုပေက္ခာရင်း၊ ပါရိသုဒ္ဓိဥပေက္ခာ၊ စတုတ္ထဈာန်၌ သတိ
စင်ကြယ်သောအားဖြင့် ဗျာပါရမရှိမူ၍ လျစ်လျူခြင်း ပါရိသုဒ္ဓိ
ဥပေက္ခာရင်း၊ ဣတိ၊ ဤသို့၊ ဒသဝိဓာ၊ ဆယ်ပါးပြားသည်၊ ဟော
တိ၊ ဖြစ်၏။ ၊ ဤကားယောဇနာ၊ ၊ ဤဥပေက္ခာဆယ်ပါးတို့
တွင်၊ ဆ၊ ဗြ၊ ဗော၊ တ၊ ဈာ၊ ပါ၊ ဤဥပေက္ခာခြောက်ပါးသည်၊
တတြမဇ္ဈတ္တုပေက္ခာတပါးသာဖြစ်၏၊ တတြမဇ္ဈတ္တုကာစေတ
သိက်ကိုမှတ်၊ အခိုက်အတန့်အားဖြင့်သာပြားသည်။ ဆဖြစ်ရာ၌
ဗော စသည် မဖြစ်၊ ဗောဖြစ်ရာ၌လည်း ဆ စသည်မဖြစ်၊ ဤသို့
လည်း ထူးဟန်ကိုသိလေ၊ ၊ သ၊ ဝိ၊ ဤဥပေက္ခာနှစ်ပါးလည်း
ပညာ တပါးသာဖြစ်၏၊ ကိစ္စအစွမ်းဖြင့်သာလျှင် နှစ်ပါးပြား၏၊
ဥပမာကား၊ တယောက်သောယောကျ်ားသည်။ ဆိတ်ခြေသဏ္ဌာန်
ရှိသော ဒုတ်ဖုံဒါန်ကိုကိုင်၍အိမ်သို့ဝင်လာသော မြွေတကောင်
ကိုရှာသည်ရှိသော် ဖွဲရုံ၌အိပ်နေသော ထိုမြွေကို မြင်လေ၍ မြွေ
ပင်လောမြွေမဟုတ်လောဟု၊ ငုံ့လျှိုး၍ကြည့်သည်ရှိသော်၊ လည်
ရေးသုံးဆင့် ရှိသည်ကိုမြင်၍ ရုံမှားကင်းသဖြင့် မြွေလော မြွေမ
ဟုတ်လောဟု ဆင်ခြင်ရှုစမ်းခြင်း၌ လျစ်လျူသကဲ့သို့၊ ဤအတူ
ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်၊ ဝိပဿနာ
ဉာဏ်ဖြင့် လက္ခဏာရေး သုံးပါးတင်သည်ရှိသော်၊ သင်္ခါရ တ
ရားတို့၏ အနိစ္စ၏အဖြစ်စသည်ကို ရှုစမ်း ဆင်ခြင်ခြင်း၌ လျစ်
လျူရှုခြင်းသည် ဝိပဿနုပေက္ခာ မည်၏၊ ၊ ထိုယောကျ်ား
သည် ဆိတ်ခြေနှင့်တူသော ဖုန်တံဖြင့် မြဲမြံစွာ ကိုင် ယူ၍၊ ဤ
မြွေကိုပင်ဘမ်းယူစေမူ၍၊ ငါ့ကိုလည်း မကိုက်ခဲစေမူ၍အဘယ်
သို့ ငါလွှတ်ပါရအံ့နည်းဟု လွှတ်အံ့သောအခြင်းအရာကိုသာ ရှာ
မှီးလျက်၊ မြွေကိုကိုင်ယူခြင်း၌ လျစ်လျူသကဲ့သို့၊ ဤအတူ၊ လက္ခ

ဏာရေးသုံးပါး၏ထင်မြင်ပြီးသည့်၏အဖြစ်ကြောင့် သုံးရပ်သော
ဘုံသည့်မီးဟုံးလဲ့ ရဲရဲကြီးတောက်လောင်ဟန် ဝိပဿနာဉာဏ်
ထင်မြင် သဖြင့်၊ သင်္ခါရ တို့ကို ရှုခြင်းဖြင့် လျစ်လျူ ရှုခြင်းသည်
သင်္ခါရုပေက္ခာမည်၏။ ။ဤသို့ဥပမာ ဥပမေယျ သုံသန္နန်ပြု၍
ဥပေက္ခာ နှစ်ပါး၌ ဝိဝိနနကိစ္စ၊ ဂဟဏကိစ္စ ထူးပြားသည်ကို
မှတ်လေ။ ။ဝိနှင့် ဝေ ဤနှစ်ထွေကား ထင်ရှားသလေပြီ။ ။
သင်္ခါရုပေက္ခာသည်လည်း။ သမာပတ်ရှစ်ပါးကို ရကြောင်း သ
မာဓိအစွမ်းဖြင့်၊ သင်္ခါရုပေက္ခာရှစ်ပါး၊ မဂ်လေးပါး ဖလသမာ
ပတ်လေးပါး၊သုညတဝိဟာရသမာပတ်။ အနိမိတ္တဝိဟာရသမာ
ပတ်၊ ဤသမာပတ်ဆယ်ပါးတို့ကို ရကြောင်း ဝိပဿနာဆယ်
ပါး၏ အစွမ်းဖြင့် သင်္ခါရုပေက္ခာ ဆယ်ပါးပြား၏ဟုမှတ်။ ။
သမာဓိ ရှစ်ပါးဟူရာ၌ ပဌမဈာန်ကိုရခြင်းငှါ၊ နီဝရဏ၌ ဆင်
ခြင်၍ ကောင်းစွာ တည်ခြင်း သင်္ခါရုပေက္ခာ တပါး။ ဒုတိယ
ဈာန်ကို ရခြင်းငှါ ပဌမဈာန် သညာ၌ ဆင်ခြင်၍ ကောင်း စွာ
တည်ခြင်း သင်္ခါရုပေက္ခာတပါး၊ ဤနည်းတူ သမာပတ်ရှစ်ပါး
ကုန်အောင်ယူ၍ သမာဓိရှစ်ပါးသရုပ်ကိုသိလေ၊ ။ဝိပဿနာ
ဆယ်ပါးဟူရာ၌၊ ဉပ္ပါဒ၊ပဝတ္တ၊နိမိတ္တ၊ အာယူဟန၊
ဤငါးသည် သင်္ခါရုပေက္ခာ၏ အာရုံဝတ္ထုသင်္ခါရဖြစ်၏။ ။ဥပ္ပ
ဒဟူသည် ရှေးကံကြောင့်ယခုဘဝ၌ဖြစ်သော ဇာတိပင်၊ပဝတ္တ
ဟူသည် နိရိယစသော ဂတိငါးပါးပင်၊ နိမိတ္တဟူသည် ဇရာစ
သောတရားပင်၊ အာယူဟနဟူသည် အနာဂတ်၌ ပဋိသန္ဓေ၏
အကြောင်းကံပင်၊ပဋိသန္ဓေဟူသည်၊အနာဂတ်ပဋိသန္ဓေပင်။ ။
ဤ ငါးပါးကို မဂ် သမာပတ် နှစ်ပါးတို့၌ ငါးပါးစီ ယူ၍လည်း
ဝိပဿနာဆယ်ပါး သရုပ်ဟူ၍မှတ်၊တနည်းလည်း မဂ်လေးပါး
သမာပတ်ခြောက်ပါးတို့၏ အစွမ်းဖြင့် ဝိပဿနာ ဆယ်ပါးသ
ရုပ်ကိုမှတ်၊ ။ဤဘုံး ဥပေက္ခာ ဆယ်ပါး တနည်းလည်း
နှစ်ဆဲ့ခုနစ်ပါးတို့၌ မှတ်ဘွယ်၊ ။ကာသိဏာနုလောမတော၊
ကသိဏပဋိလောမတော၊ ကသိဏာနုလောမ ပဋိလောမတော၊

ဈာနာနုလောမတော၊ ဈာနပဋိလောမတော၊ ဈာနာနုလောမ ပဋိလောမတော၊ ဈာနုက္ကန္တိကတော၊ ကသိဏုက္ကန္တိကတော၊ ဈာနကသိဏုက္ကန္တိကတော၊ အင်္ဂသင်္ကန္တိတော၊ အာရမ္မဏသင်္ကန္တိတော၊ အင်္ဂါရမ္မဏသင်္ကန္တိတော၊ အင်္ဂါရမ္မဏသင်္ကန္တိတော၊ အင်္ဂဝဝတ္ထာပနတော၊ အာရမ္မဏဝဝတ္ထာပနတောတိ၊ ဣမေဟိ ဒွါဒသဟိ အာကာရေဟိ စိတ္တံ ပရိဒမေတဗ္ဗံ။ ၊ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠ်၊ ဤပါဠ်ဖြင့်၊ ဣဒ္ဓိဝိကုပ္ပန အလိုရှိသောအာဒိကပ္ပိကယောဂီပုဂ္ဂိုလ်သည်၊ ဤ ၁၄ ပါးကုန်သောအချင်းအရာတို့ဖြင့်၊ မိမိစိတ်ကိုနူးညံ့ယဉ်ကျေးအောင်ဆုံးမမှသာလျှင်ဖြစ်နိုင်သည်ကိုပြတော်မူသည်။ ၊ ကသိဏာနုလောမတော။ ကသိုဏ်းအနုလုံအားဖြင့်ရင်း။ ကသိဏာပဋိလောမတော။ ကသိုဏ်းပဋိလုံအားဖြင့်ရင်း၊ ကသိဏာနုလောမ ပဋိလောမတော၊ ကသိုဏ်း အနုလုံ ပဋိလုံ အားဖြင့်ရင်း။ ဈာနာနုလောမတော၊ ဈာန်အနုလုံ အားဖြင့်ရင်း၊ ဈာနပဋိလောမတော၊ ဈာန်ပဋိလုံအားဖြင့်ရင်း။ ဈာနာနုလောမပဋိလောမတော၊ ဈာန်အနုလုံ ပဋိလုံအားဖြင့်ရင်း။ ဈာနုက္ကန္တိကတော၊ ဈာန်တပါးချားသော အားဖြင့်ရင်း၊ ကသိဏုက္ကန္တိကတော၊ ကသိုဏ်းတပါးချားသော အားဖြင့်ရင်း၊ ဈာနကသိဏုက္ကန္တိကတော၊ ဈာန်ကသိုဏ်းအပုံကျော်ဖောသောအားဖြင့်ရင်း၊ အင်္ဂသင်္ကန္တိတော ဈာန်ပြောင်းသောအားဖြင့်ရင်း၊ အာရမ္မဏသင်္ကန္တိတော၊ အာရုံပြောင်းသောအားဖြင့်ရင်း၊ အင်္ဂါရမ္မဏသင်္ကန္တိတော၊ ဈာန်အာရုံနှစ်ပါးပုံ ပြောင်းသောအားဖြင့်ရင်း။ အင်္ဂဝဝတ္ထာပနတော၊ ဈာန်ကို ပိုင်းချားမှတ်သားသော အားဖြင့်ရင်း၊ အာရမ္မဏဝဝတ္ထာပနတော၊ အာရုံကို ပိုင်းချားမှတ်သားသော အားဖြင့်ရင်း၊ ဣတိ၊ ဤသို့၊ ဒွါဒသဟိ။ တဆဲ့နှစ်ပါးကုန်သော၊ ဣမေဟိအာကာရေဟိ၊ ဤအချင်းအရာတို့ဖြင့်၊ စိတ္တံ၊ မိမိစိတ်ကို၊ ပရိဒမေတဗ္ဗံ။ ဆုံးမကာမြဲအဝ်၏၊ ၊ဤကား ယောဇနာ၊ ၊အဓိပ္ပါယ်ကား၊ ရှေးဦးစွာ ပထဝီကသိုဏ်းကို အာရုံပြု၍ ဈာန်ကို ဝင်စား၍၊ ထိုနောင် အာပေါကသိုဏ်းကို အာရုံပြု၍ဝင်စား၏၊ ဤသို့စသည်

ဖြင့် ကသိုဏ်း ရှစ်ပါးတို့၌ အနုလုံစဉ်အားဖြင့် အာရုံပြု၍။ ရာထောင် ကြိမ်ဖုံ့ ဈာန်ဝင်စားခြင်းသည်။ ကသိဏာနုလောမမည်၏။ ။ဩဒါတ ကသိုဏ်းမှစ၍ ပဋိလုံစဉ်အားဖြင့် အာရုံပြု၍ ဈာန်ဝင်စားခြင်းသည်။ ကသိဏပဋိလောမမည်၏။ ။ပထဝီ ကသိုဏ်းမှစ၍ ဩဒါတ ကသိုဏ်း တိုင်အောင်။ ဩဒါတ ကသိုဏ်းမှစ၍ ပထဝီကသိုဏ်း တိုင်အောင် ကသိုဏ်းရှစ်ပါးတို့၌ အနုလုံပဋိလုံစဉ်အားဖြင့် အာရုံပြု၍ ဈာန်ဝင်စားခြင်းသည် ကသိဏာနုလောမ ပဋိလောမ မည်၏။ ။ပဌမဈာန်မှ စ၍နေဝသညာ နာသညာ ယတနဈာန် တိုင်အောင် အနုလုံစဉ် အားဖြင့် အဘန်တလဲလဲ ဝင်စားခြင်းသည် ဈာနာနု လောမမည်၏။ ။ နေဝသညာ နာသညာ ယတနဈာန်မှစ၍ ပဌမဈာန် တိုင်အောင် ပဋိလုံစဉ်အားဖြင့် အဘန်တလဲလဲ ဝင်စားခြင်းသည် ဈာနပဋိလောမမည်၏။ ။အနုလုံပဋိလုံနှစ်ပါးစုံအားဖြင့်အဘန်တလဲလဲ ဝင်စားခြင်းသည် ဈာနာနုလောမ ပဋိလောမမည်၏။ ။ပထဝီ ကသိုဏ်း၌ ပဌမဈာန်ကို ဝင်စားပြီး၍ ဒုတိယ ဈာန်ကိုခုံ၍ တတိယဈာန်ကိုဝင်စား၏၊ ထိုနောင်ထိုပထဝီကသိုဏ်းကိုခွါ၍အာကာသ၌ အာကာသာနဉ္စာယတန ဈာန်ကို ဝင်စား၏။ ထိုနောင် နတ္ထိဘော ပညာတ်၌ အာကိဉ္စညာယတနဈာန်ကို ဝင်စား၏။ ဤသို့ ကသိုဏ်းကို မခုံ မကျော် မူ၍ ဈာန်ကိုသာ တချခြား ဧကန္တရိက အားဖြင့် ခုံကျော်၍ ဝင်စား ခြင်းသည် ဈာနုက္ကန္တိကမည်၏၊ ဤနည်း အတူ အာပေါ ကသိုဏ်း စသည် တို့၌လည်း ယှဉ်လေ။ ။ပထဝီကသို ဏ်း၌ ပဌမဈာန်ကိုဝင်စားပြီး၍ တဘန် အာပေါကသိုဏ်းကိုချန်ထား၍ တေဇောကသိုဏ်း၌။ ထိုနောင် နီလ ကသိုဏ်း၌။ ထိုနောင် လောဟိတ ကသိုဏ်း၌ ထို ပဌမဈာန်ကိုပင်ဝင်စား၏။ ဤသို့သောနည်းဖြင့် ဈာန်မခုံမကျော် မူ၍ ကသိုဏ်းကိုသာ ခုံကျော်ချန်ထွားလျက်။ ဧကန္တရိက အားဖြင့် ဝင်စားခြင်းသည်။ ကသိဏုက္ကန္တိကမည်၏။ ။ပထဝီကသိုဏ်း၌ ပဌမဈာန်ကိုဝင်စား၍ တေဇောကသိုဏ်း၌ တတိယ

ဈာန်ကို နီလ ကသိုဏ်းကိုရှု၍ အာကာသ၌ အာကာသာ နဉ္စာ
ယတန ဈာန်ကို၊ လောဟိတ ကသိုဏ်းမှ နတ္ထိဘာဝ ပညတ်၌
အာကိဉ္စညာယတနဈာန်ကိုဝင်စား၏၊ ဤသို့သောနည်းဖြင့် ဈာန်
ကသိုဏ်း နှစ်ပါးကို ခံကျော်၍ ဝင်စားခြင်းသည်၊ ဈာနကသိ
ဏုဂ္ဃာဋိမည်၏၊ ၊ပထဝီကသိုဏ်း၌ ပဌမဈာန်ကိုဝင်စား
ပြီး၍၊ ထိုကသိုဏ်း၌ပင် ကြွင်းကျန်သော ဈာန်တို့ကို ဝင်စား
ခြင်းသည် အင် ဂုဂ္ဃာဋိမည်၏၊ ။ပထဝီကသိုဏ်း၌ ပဌမ
ဈာန်ကိုဝင်စားပြီး၍၊ ထိုဈာန်ကိုပင်လျှင် အာပေါကသိုဏ်း၌ဝင်စား
၏၊ ဤသို့စသည်ဖြင့် အလုံးစုံကျန်သောကသိုဏ်း၌ ကသိုဏ်းကို
သာပြောင်း၍ဈာန်ကို မပြောင်းဘဲဝင်စားခြင်းသည်၊ အာရမ္မဏာ
သင်္ကန္တိမည်၏ ၊ပထဝီကသိုဏ်း၌ ပဌမဈာန်ကိုဝင်စားပြီး
၍ အာပေါ ကသိုဏ်း၌ ဒုတိယဈာန် ကို၊ တေဇော ကသိုဏ်း၌
တတိယဈာန်ကို၊ ဝါယောကသိုဏ်း၌ စတုတ္ထဈာန်ကို။ နီလက
သိုဏ်းကိုရှု၍၊ အာကာ သ၌ အာကာသာနဉ္စာယတနဈာန်ကို၊
ပီတကသိုဏ်းမှ၊ ပဌမာရုပ္ပဝိညာဏ်၌ ဝိညာဏဉ္စာယတနဈာန်
ကို၊ လောဟိတကသိုဏ်းမှ နတ္ထိဘာဝပညတ်၌ အာကိဉ္စညာ
ယတနဈာန်ကို၊ ဩဒါတကသိုဏ်းမှ တတိယာရုပ္ပ ဝိညာဏ်၌
နေဝသညာ နာသညာယတနဈာန်ကို ဝင်စား၏၊ ဤသို့ကောဋ္ဌာသရှိ
ကအစွမ်းဖြင့် အင်္ဂါ အာရုံနှစ်ပါး ပြောင်း၍ ဝင်စား ခြင်းသည်
အင်္ဂါရမ္မဏာ သင်္ကန္တိ မည်၏၊ ၊ပဌမဈာန်သည် ပဉ္စင်္ဂိက
ဒုတိယ ဈာန်သည် တိဝင်္ဂိက၊ တတိယ ဈာန်သည် ဒုဝင်္ဂိက၊
စတုတ္ထ စသည်သည်။ ဒုဝင်္ဂိက၊ ဤသို့ဈာနင်ကို ပိုင်းချားမှတ်
သားခြင်းသည် အင်္ဂဝဝတ္ထာပနမည်၏၊ ၊ဤကား ပထဝီက
သိုဏ်း၊ ဤကား အာပေါ ကသိုဏ်း၊ ဤသို့ စသည်ဖြင့် အာရုံကို
ပိုင်းချားမှတ်သားခြင်းသည် အာရမ္မဏဝဝတ္ထာပနမည်၏၊ ၊
ဤကား ပရိဒမ တဆဲ့လေးပါး၌ မှတ်ဘွယ်၊ ၊အဆိဋ္ဌာနိဋ္ဌ၊
ဝိကုပ္ပနိဋ္ဌ။ မနောမယိဋ္ဌိ၊ ညာဏဝိပ္ပရိဋ္ဌိ၊ သမာဓိဝိပ္ပရိဋ္ဌိ၊ အရိ
ယိဋ္ဌိ၊ ကမ္မဝိပါကဇိဋ္ဌိ၊ ပုညဝတောဣဋ္ဌိ၊ ဝိဇ္ဇာမယိဋ္ဌိ၊ သမာ

ပယောဂိန္ဒြိ။ ။တံခိုးဆယ်ပါး ယခင်အစွကထာစသည်၌လာ
သည်၊ ။အဓိဋ္ဌာနိဒ္ဓိ၊အဓိဋ္ဌာန်အစွမ်းဖြင့်ပြီးသောတံခိုးရှင်း။
ဝိကုပ္ပနိဒ္ဓိ၊ ကြပတေ့အဆင်းကိုဖွန့်သောအချင်းအရာ အစွမ်း
ဖြင့်ဖြစ်သောတံခိုးရှင်း၊ မနောမယိဒ္ဓိ၊ စိတ်ဖြင့်ပြီးသော တံခိုး
လည်းကောင်း၊ဉာဏ၀ိပ္ဖါရိဒ္ဓိ၊ မဂ်ဉာဏ်၏အာနုဘော်ကြောင့်
ရှေ့နောက်ဆဲခန၌ဖြစ်သော တံခိုးလည်းကောင်း၊သမာဓိဝိပ္ဖါရိဒ္ဓိ၊
ပဌမ အာနုဘော်ကြောင့် အထူး ဖြစ်သော တံခိုးလည်းကောင်း။
အရိယိဒ္ဓိ၊အရိယာတို့အားဖြစ်သော တံခိုးရှင်း။ ကမ္မဝိပါကဇိဒ္ဓိ၊
ကံ၏ အကျိုးကြောင့် ဖြစ်သော တံခိုးရှင်း၊ ပုည ဝတော ဣဒ္ဓိ၊
ကုသိုလ်သမ္ဘာ ရင့်သော သူ၏တံခိုးရှင်း၊ ဝိဇ္ဇာမယိဒ္ဓိ၊ မန္တာန်
ဆိပ်ခြင်း အစွမ်းဖြင့် ဖြစ်သော ဝိဇ္ဇာဓရိုက်ရ်တို့၏တံခိုးရှင်း၊သမ္မာပ
ယောဂိဒ္ဓိ၊ကမ္မဋ္ဌာန်း စသည်ကို အားထုတ် ခြင်းကြောင့် ကာ
မန္တနကို ပယ်နိုင်ခြင်းစသော တံခိုးရှင်း၊ဣတိ၊ဤသို့၊ဣဒ္ဓိယော။
တံခိုးတို့သည်၊ဒသ၊ ဆယ်ပါးတို့တည်း။ ။ဤကား ယောဇ
နာ။ ။ရှေးဣဒ္ဓိ သုံးပါးသည်၊ဣဒ္ဓိဝိဓအဘိညာဏ်အစွမ်းဖြင့်
ပြီး၏။ အဓိဋ္ဌာနိဒ္ဓိမှာ၊ သတော်ဟောမိ သပ္ပ သဒ္ဓေါဟောမိ စသည်
ဖြင့်ကြပတေ့အဆင်းကို မပျောက်မူ၍ အဓိဋ္ဌာန်ခြင်း အဘိညာဉ်
အစွမ်းဖြင့်ဖြစ်သောတံခိုး။ ဝိကုပ္ပနိဒ္ဓိမှာ ကြပတေ့ အဆင်းကို
ပျောက်၍ အဘိညာဉ် အစွမ်းဖြင့် ဖြစ်သော ဆင် မြင်း နဂါး
ဂဠုန်စသောတံခိုး၊ မနောမယိဒ္ဓိမှာ၊ သံလျက်အိမ်အတွင်း၌ သံ
လျက်ကဲ့သို့၊ ကိုယ်၏ အတွင်း၌ စိတ်ဖြင့်ပြီးသော ကိုယ်တပါး
ကိုပြီးစေအပ်သည်၏ အစွမ်းဖြင့် ဖြစ်သောတံခိုး၊ ဤသို့တံခိုးဖန်
ဆင်းခြင်း အခြင်းအရာမျှသာ ထူး၏၊ဉာဏဝိပ္ဖါရိဒ္ဓိမှာ၊ဝိပဿ
နာဉာဏ် မဂ်ဉာဏ်တို့သည် မဖြစ်မီရှေး၌ရှင်း။ ဖြစ်ပြီးသည်မှ
နောက်၌ရှင်း။ ဖြစ်ဆဲခန၌ရှင်း၊ ထိုဉာဏ်၏ အာနုဘော်ကြောင့်
ဖြစ်သော တံခိုး။ ရှင်ပါကုလ်ထေရ် သံကိစ္စထေရ်တို့၏ ငယ်က
တည်းက သေကျေ ပျက်စီးလောက်သော ဘေးဘျမ်းနှင့်တွေ့ကြုံ
လျှက် ဖြစ်လတ္တံ့သော မဂ်ဉာဏ်၏ အာနုဘော်ကြောင့်၊ မသေ

မပျက် အသက်ကို နှစ်ပါးချမ်းသာ ကြီးပွါးရသည်များကို ရှု၍ သိလင့်။ ။သမာဓိဝိပ္ပါရိဒ္ဓိမှာ။သမာဓိမဖြစ်မီ ရှေးအဘို့၌ရင်း။ ဖြစ်ပြီးသည်မှနောက်အဘို့၌ရင်း။ဖြစ်ဆဲခဏ၌ရင်း။သမထ၏ အာနုဘော်ကြောင့်ဖြစ်သောတံခိုး၊ရှင်မဟာသာရိပုတ္တရာ၏ဦးခေါင်း ကို ဘီလူးတယောက်သည်၊ မိုဃ်းကြိုးသော အသံကဲ့သို့ အသံ ရှိအောင် ပုတ်ခတ်သော ခဏ၌ သမာပတ်ကို ဝင်စားသဖြင့် အန္တရာယ်မရှိ ပကတိချမ်းသာခြင်း။ပုဏ္ဏားသူဌေး၏သမီး ဥတ္တရာ သာမာဝတီမိဖုရားတို့။ မေတ္တာသမာဓိကြောင့် ချမ်းသာပကတိ ရှိကုန်သော ဝတ္ထုများကိုရှု၍သိလင့်။ ။အရိယိဒ္ဓိမှာ။အရိယာ ပုဂ္ဂိုလ်တို့အား။ပဋိကူလာပဋိကူလ နှစ်ဝသောအာရုံ၌ မရုန်းမ ချပ်။ဆဠင်္ဂုပေက္ခာဖြစ်၍။ လျစ်လျူခါ နေနိုင်ခြင်းတံခိုး၊ ဤတံခိုး လည်း။ စေတောဝသီသို့ ရောက်ကုန်သော အရိယာ ပုဂ္ဂိုလ်တို့ အား ဟာလျှင်ဖြစ်၏၊ စေတောဝသီသို့ မရောက်ကုန်သော အရိ ယာပုဂ္ဂိုလ်တို့အားမဖြစ်။စေတောဝသီဟူသည်ကား။ အသုဘ ကမ္မဋ္ဌာန်း။မေတ္တာကမ္မဋ္ဌာန်း။ဓာတုဝဝတ္ထာန်စသည်တို့၌၊ လေ့လာ ပျံ့နှံ့သည်ကို ဆိုသည်။ ။ကမ္မဝိပါကဇိဒ္ဓိမှာ။ ငှက်တို့၏ ကောင်းကင်၌ပြန်သွားခြင်း။အလုံးစုံသောနတ်။ကပ်ဦးသူ၊အချို့ ကုန်သော ဝိနိပါတိကတို့၏ ကောင်းကင်၌သွားခြင်းတံခိုး။ပုည ဝတောဣဒ္ဓိမှာ။လေးကျွန်းသခင် စကြာမင်းတို့၏စစ်အင်္ဂါလေး ပါးနှင့်တကွ ဆင်မြင်း ဗိုလ်ပါအပေါင်းကိုဆောင်ယူ၍ကောင်း ကင်၌သွားခြင်း။ဇောတိက၊ဇဋိလ၊ဃောသိတ၊မေဏ္ဍက စကုန် သောသူဌေးတို့၏ရင့်ခြင်းသို့ရောက်သော ကုသိုလ်ပုညသမ္ဘာရ အထူးကြောင့်ဖြစ်သောတံခိုး။ ။ဇောတိကသူဌေးမှာ မဟာ ပထဝီမြေကြီးကိုခွဲ၍ ၁ တ္တမြားပြာသာဒ်ပေါ်လာခြင်း၊ ခြောက်ဆဲ့ လေးပင် ပဒေသာပင် ပေါက်ခြင်း။ ။ဇဋိလ သူဌေးမှာ အ တောင် ခြောက်ဆယ် အတိုင်းအရှည်ရှိသော ရွှေတောင်ကြီး ပေါက်လာခြင်း။ ။ဃောသိတသူဌေးမှာ ခုနစ်ဌာနတို့၌ သေ စေခြင်းငှါ မွေးမြူသော အဘသူဌေးက အရေးပြုသော်လည်း မ

သေမပျက် အသက်ကို နှစ်ပါး ချမ်းသာ ကြီးပွါးခြင်း၊ ။
မေဏ္ဍာကသူဌေးမှာ မင်းရှစ်ဆယ်အရပ်၌ ရတနာ ခုနစ်ပါးဖြင့်
ပြီးသော ဆိပ်ရုပ်များစွာ ပေါ်လာရခြင်း။ ဤတံခိုးအထူးတို့ကို
မှတ်လေ၊ မေဏ္ဍာက သူဋ္ဌေး စန္ဒပဒုမာသိရိ မည်သော သူဌေးမ
သား ဓနဉ္စယသူဌေး ချွေးမ သုမနဒေဝီ၊ ကျွန်ငါပုဏ်တို့ ဝဏ္ဏ
များကိုလည်း ထုတ်ဆောင်၍ သိလေ။ ။ဝိဇ္ဇာ မယိဒ္ဓိ
ကား ထင်ရှား၏။ လောကီကျမ်း များ၌ မန္တ ဝိဇ္ဇာဓိုရ်၊ ခဂ္ဂ
ဝိဇ္ဇာဓိုရ်၊ လောဟ ဝိဇ္ဇာဓိုရ်ဟူ၍ ဝိဇ္ဇာဓိုရ် အပြား သုံးပါး
လာ၏၊ မန္တ ဝိဇ္ဇာဟူသည်၊ မန္တာန် ဆိပ်၍ မြေလျှိုး မိုးယံပြန်။
နာနာသမန္တာန်ကို ဖန်ဆင်း နိုင်ခြင်းတံခိုး၊ ခဂ္ဂဝိဇ္ဇာ ဟူသည် သံ
လျက်တံခိုး။ လောဟဝိဇ္ဇာဟူသည် သံပဒါးလုံးတို့ တံခိုး။ ထို
တံခိုးတို့ကိုရသောသူကို ဝိဇ္ဇာဓိုရ်ဟူ၏၊ ။ဤသုံးပါးတို့တွင်
မန္တာန်ဝိဇ္ဇာကား။ဝိဇ္ဇာမယိဒ္ဓိနှင့်လျော်၏။ခဂ္ဂဝိဇ္ဇာကား၊ ပုညဝ
တောဇ္ဇာဒ္ဓိနှင့်လျော်၏။ လောဟဝိဇ္ဇာမှာ။ ကမ္မဝိပါကဇိဒ္ဓိနှင့်လျော်
၏။ ။သမာပယောဂိဒ္ဓိ၌ နေက္ခမ္မပြင် ကာမစ္ဆန္ဒကိုပယ်ခြင်း။
မဂ်ညာဏ်ဖြင့် ကိလေသာတရားတို့ကို အကြွင်းမဲ့ ပယ်ခြင်းတံ
ခိုး။ ပါဠိတော်နည်း။အဋ္ဌကထာ၌ အလုံးစုံသော ဆေးအတတ်
ဗေဒင်အတတ်။ ပိဋကပ်အတတ်။ဆင်စီး မြင်းစီး အတတ်၊ သေ
နင် ပြုဟာအတတ် စသည်တို့သည်၊ သမာပယောဂိဒ္ဓိအဖြစ်ဖြင့်
လာကုန်၏။ ။ဤကား တံခိုးဆယ်ပါး၌ မှတ်ဘွယ်။ ။အာ
ကာသာနဉ္စာယတန ကုသလံ။ဝိညာဏဉ္စာယတနဝိပါကဿစ။
ကိရိယဿစ အာရမ္မဏပစ္စယေနပစ္စယော။အာကိဉ္စညာယတ
နကုသလံ။ နေဝသညာ နာသညာယတန ဝိပါကဿစ၊ ကိရိ
ယာဿစ။အာရမ္မဏပစ္စယေနပစ္စယော။ ။ပဉှာဝါရပဋ္ဌာန်း
ပါဠိတော်။ ။အာကာသာ နဉ္စာယတနကုသလံ။ အာကာသာ
နဉ္စာယတန ကုသိုလ်သည်။ ဝိညာဏဉ္စာ ယတန ဝိပါကဿစ။
ဝိညာဏဉ္စာယတနဝိပါက်အားလည်း။ကိရိယာဿစ၊ဝိညာဏဉ္စာ
ယတနကိရိယာအားလည်းကောင်း။ အာရမ္မဏပစ္စယေန။ အာ

ရမ္မဏပဉ္စည်းဖြင့်၊ပဉ္စယော၊ကျေးဇူးပြုသည်၊ ဟောတိ၊၏၊အာ
ကိဉ္စညာယတနကုသလံ၊ အာကိဉ္စညာယတန ကုသိုလ်သည်၊
နေဝသညာ နာသညာ ယတန ဝိပါကဿစ၊နေဝသညာ နာ
သညာယတန ဝိပါက်အားရင်း၊ ကိရိယဿစ၊ နေဝသညာ နာ
သညာယတန ကိရိယာ အားရင်း၊ အာရမ္မဏ ပဉ္စယေန၊ ဖြင့်၊
ပဉ္စယော၊သည်၊ဟောတိ၊၏၊ ၊ဤကားယောဇနာ၊ ၊ကိရိ
ယဿစာတိ အရဟတ္တံပတ္တာ အသမာပန္နပုဗ္ဗေ၊ အာကာသာ
နဉ္စာယတနေ ပဋိလောမတော ဝါ၊ ဧကန္တရိကဝသေနဝါ သမာ
ပန္နကိရိယာသယ၊ ၊ပဌာန်းအဋ္ဌကထာ ကုသိုလ်ကြိယာနှစ်ပါး
နှင့် သာခာရဏာဘွင့်၊ ၊ကိရိယဿစာတိ ဟူသည်ကား၊အ
ရဟတ္တံ၊ရဟန္တာအဖြစ်သို့၊ ပတ္တာ၊ရောက်၍၊ အာကာသာနဉ္စာ
ယတနေ၊အာကာသာနဉ္စာယတနကုသိုလ်ကို၊အသမာပန္နပုဗ္ဗေ၊
မဝင်စားဘူးသည်ရှိသော်၊ တံ၊ ထိုအာကာသာနဉ္စာယတန ကု
သိုလ်သည်၊ ပဋိလောမတော ဝါ၊ ပဋိလုံအားဖြင့်ရင်း၊ ဧကန္တရိ
ကဝသေနဝါ၊တချခြားအစွမ်းဖြင့်ရင်း၊သမာပန္နကြိယာသယ၊ ဝင်
စားအပ်သော ဝိညာဏဉ္စာယတန ကိရိယာအား၊အာရမ္မဏပဉ္စ
ယေန၊ဖြင့်၊ပဉ္စယော၊သည်၊ဟောတိ၊၏၊ ၊ဤကားပါဠိသေ
သနှင့်တကွအနက်၊ ၊ဤပါဠ်ဖြင့် သမာပတ်ရှစ်ပါးကို ရသော
အနာဂါမ်ပုဂ္ဂိုလ်သည် ရဟန္တာ အဖြစ်သို့ရောက်၍ ပဋိလုံအား
ဖြင့်ရင်း၊တချခြားအားဖြင့်ရင်း၊ ဝင်စားအပ်သော ဝိညာဏဉ္စာ
ယတနကြိယာအား မိမိနှင့်ဝေးသော ရဟန္တာဖြစ်မှ မဝင်စား
ဘူးသေးသော အာကာသာနဉ္စာယတနကုသိုလ်သည် အာရမ္မဏ
ပဉ္စယ သတ္တိဖြင့် ကျေးဇူးပြု၏၊ အနုလုံအားဖြင့် ဝင်စား မှုကား
ယောဘုယျအားဖြင့် မိမိနှင့်နီးသော ယိုပဋ္ဌမာရုပ္ပ ဝိညာဏ် ကြိ
ယာသည်လျှင်၊ ထိုဒုတိယာရုပ္ပဝိညာဏ် ကြိယာအား၊အာရမ္မ
ပဉ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ ပဋိလုံအားဖြင့်ရင်း၊ ဧကန္တရိက
အားဖြင့်ရင်း၊ ဝင်စားရာ၌ ဝေးသော ပဌမာရုပ္ပ ဝိညာဏ် ကု
သိုလ်သည်၊ဒုတိယာရုပ္ပဝိညာဏ်ကြိယာအား၊အာရမ္မဏပဉ္စယ

သတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့၊ ထိုအတူ အနုလုံအားဖြင့်ဝင်စား
ရာ၌လည်း အပ္ပကာ အားဖြင့် ဝေးသော ထိုပဌမာရုပ္ပ ဝိညာဏ်
ကုသိုလ်သည်၊ ဒုတိယာရုပ္ပဝိညာဏ် ကြိယာအား၊ အာရမ္မဏ
ပစ္စယာသတ္တိဖြင့် ကျေးဇူးပြုရာ၏၊ ဤအဓိပ္ပါယ်ကိုပြတော်မူသည်။
ထိုကြောင့် ယင်း၏ဋီကာ၌၊ ။ပဋိလောမတော ဝါ ကေန္တရိက
ဝသေန ဝါ တိ ဝဒန္တေန၊ အနုလောမတော သမာပဇ္ဇနေ၊ ယေ
ဘုယျေန အာသန္နသမာပတ္တိယာ၊ အာရမ္မဏဘာဝေါ ဒဿိတော
တိ ဒဋ္ဌဗ္ဗော။ ယထာပန ပဋိလောမတော ဧကန္တရိက ဝသေန
စ၊ သမာပဇ္ဇန္တဿ စ၊ အနန္တရာပိ သမာပတ္တိ၊ အာရမ္မဏံ ဟော
တိ၊ ဧဝံ အနုလောမတော သမာပဇ္ဇန္တဿ ဘာဝေယျာတိ၊ ။
ဟူ၍ဖွင့်အပ်ပြီ၊ ။ပဋိလောမတော ဝါ ကေန္တရိကဝသေန ဝါ
တိ၊ ဟူ၍၊ ဝဒန္တေန၊ ဆိုတော်မူသော အဋ္ဌကထာဆရာသည်။
အနုလောမတော၊ အနုလုံအားဖြင့်၊ သမာပဇ္ဇနေ၊ ဝင်စားရာ၌၊
ယေဘုယျေန၊ များသောအားဖြင့်၊ အာသန္နသမာပတ္တိယာ၊ နီး
သော ပဌမာရုပ္ပ ကြိယာသမာပတ်၏၊ အာရမ္မဏဘာဝေါ၊ ဒုတိ
ယာရုပ္ပကြိယာအား၊ အာရမ္မဏပစ္စည်း၏အဖြစ်ကို၊ ဒဿိတော၊
ပြတော်မူအပ်၏၊ ဣတိ၊ ဤသို့၊ ဒဋ္ဌဗ္ဗော၊ သန္နိဋ္ဌာန်ကျမှတ်အပ်၏။
ပန၊ အပ္ပကာနည်းကား၊ ပဋိလောမတော စ၊ ပဋိလုံအားဖြင့်၎င်း၊
ဧကန္တရိကဝသေန စ၊ ဧကန္တရိကအစွမ်းဖြင့်၎င်း၊ သမာပဇ္ဇန္တဿ
စ၊ ဒုတိယာရုပ္ပ ကြိယာကို ဝင်စားသော ရဟန္တာ ပုဂ္ဂိုလ်အား
လည်း၊ အနန္တရာ၊ မနီးသော၊ သမာပတ္တိပိ၊ ပဌမာရုပ္ပ ကုသိုလ်
သမာပတ် သည်လည်း၊ အာရမ္မဏံ၊ အာရုံသည်၊ ဟောတိ ယ
ထာ၊ ဖြစ်၏သို့၊ ဧဝံ၊ ဤအတူ၊ အနုလောမတော၊ အနုလုံအားဖြင့်၊
သမာပဇ္ဇန္တဿ၊ ဝိညာဏဉ္စာယတန ကြိယာကို ဝင်စားသော
ရဟန္တာ ပုဂ္ဂိုလ်အား၊ အနန္တရာ၊ မနီးသော၊ သမာပတ္တိပိ၊
ပဌမာရုပ္ပကုသိုလ်သမာပတ်သည်လည်း၊ အာရမ္မဏံ၊ အာရုံသည်၊
အပ္ပကေန၊ အပ္ပကအားဖြင့်၊ ဘာဝေယျ၊ ဖြစ်ရာ၏၊ ဣတိ၊ ဤသို့
သော အဓိပ္ပါယ်ကို၊ ဒဋ္ဌဗ္ဗော၊ ပြုတ္တုမလွတ် မချွတ်မှတ်အပ်၏။ ။

ဤကားယောဇနာ။ ။အဝေးအနီးဟူရာ၌ ရဟန္တာဖြစ်မှမဝင်စားဘူးသည်၏ အဖြစ်ကြောင့် ကြိယာမဖြစ်၍ အဝေးဟူ၍ ဆိုသည်၊ ဝင်စားဘူးလျှင် ကြိယာဖြစ်၍ အနီးဟူ၍ ဆိုသည်။ ။ စတုတ္ထာရူပ္ပဝိညာဏ်အရာ၌လည်းနည်းတူမှတ်လေ၊ ။ရဟန္တာဖြစ်သောအခါ၊ ဝင်စားအပ်သော ဈာန်သာလျှင် ကြိယာအဖြစ်ဖြင့် ဖြစ်သည်၊ မဝင်စား အပ်သော ဈာန်ကား ကြိယာ မဖြစ်၊ ကုသိုလ် ဈာန်ကြပတော့သာဖြစ်၏ ဟူ၍လည်းမှတ်၊ ထိုကြောင့် အဘိဓမ္မတ္ထ ပထာရလက်သန်း အဋ္ဌကထာ၌၊ ။ယာဒိဿာ သဝေါဘိက္ခု၊ ။နသမာပဇ္ဇတေပန၊ ။တာဝတံကုသလာဝေ၊ သမ္ဗာပန္နသစေကြိယာ၊ ။ဟူ၍ဖိန့်အပ်၏၊ ။ဒိဿာသဝေါ၊ ။ရဟန္တာဖြစ်သော၊ ဘိက္ခု၊ ရဟန်းသည်၊ ပန၊ အကြွင်း ရှေ့လောက်၊ ယာ၊ အကြင်သမာပတ်ကို၊ နသမာပဇ္ဇတေ၊ မဝင်စား၊ တာဝ၊ ထိုရှေ့လောက်၊ တံ၊ ထိုသမာပတ်ဈာန်သည်၊ ကုသလာဝေ၊ ကုသိုလ်သာလျှင်တည်း၊ သမာပန္နာ၊ ဝင်စားသည်၊ သစေ၊ အကယ်၍ဖြစ်အံ့၊ ကြိယာ၊ ကြိယာဖြစ်၏၊ ။ဤကားယောဇနာ။ ။ ဝိထိသက်ရိုးရာသီဝတို့၌ကား၊ ဤရဟန္တာအရာ၌လည်း၊ ဤဘာဝ ဓရေးဘဝ ဟူ၍ဆို၏၊ ဤအာသန္န အနာသန္န နှစ်ပါးတို့တွင်၊ အာသန္နကိုဤဘဝ၊ အနာသန္နကို ဓရေးဘဝဟုယူ၍ဆိုသည် ဖြစ်မည်၊ ယခင်အဋ္ဌကထာ ဋီကာပါဠ်တို့၌ကား၊ ဘဝနှစ်ပါးကို အထူးမဆို၊ အာသန္န အနာသန္နကိုသာ အထူးဆိုခြင်းကြောင့်၊ သမာပတ္တိလာဘီဖြစ်ကုန်သော ကာမရူပ ရဟန္တာတို့အား၊ ဤဘဝ၌သာ အာသန္န အနာသန္န အဖြစ်ကို၊ ယခင် ဆိုအပ် ပြီးသော နည်းအတိုင်းယူသင့်သာလျှင်၊ ထိုအဋ္ဌကထာ ဋီကာပါဠ်တို့နှင့် ညီအံ့ကဲ့သို့ထင်၏၊ ပဌမ တတိယ အရူပ ရဟန္တာတို့၌လည်း နည်းတူ၊ ဒုတိယ စတုတ္ထ အရူပ ရဟန္တာတို့၌သာ၊ ဓရေးဘဝ ကုသိုလ် မဟဂ္ဂုတ်အာရုံကို အနာသန္နဟု မှတ်ယူရန်ရှိ၏၊ ။ပထမာရုပ္ပဝိညာဏ်တိုင်ရုံမှသာရသော အနာဂါမ်သည်။ ရဟန္တာအဖြစ်သို့ရောက်၍ အထက်ဈာန်ကိုရခြင်း၌ အားထုတ်အပ်သော

အာဒိကမ္မိကဝိထိ၊သမာပတ္တိဝိထိ နှစ်ပါး၌လည်း ဤဘဝအာသန္န
ကြိယာမဟာဂ္ဂုတ်အာရုံကိုသာမှတ်၊ အောက်အောက် ဈာန်မျှကို
သာရ၍ ရဟန္တာဖြစ်ရာတို့၌ဝင်း။ တတိယာရုပ္ပဝိညာဏ်တိုင်ရုံမျှ
ရ၍ ရဟန္တာ ဖြစ်ရာ၌ ဝင်နည်းတူမှတ်၊ ။သုက္ခဝိပဿက
ရဟန္တာ၌ကား အာသန္နကြိယာ မဟာဂ္ဂုတ်အာရုံသာဖြစ်၏၊ ။
ကာမဘုံ၌ သမာပတ် ၈ပါးကိုရ၍ စေတောပဏိဓိ အစွမ်းဖြင့်၊
ရူပဘုံသို့ရောက်မှ ရဟန္တာဖြစ်ရာ၌ မိမိ ရှေးဘဝက ရဘူးသော
ဈာန်သမာပတ်ကိုဝင်းဖလသမာပတ်ကိုဝင်းမဝင်စားဦးဘဲ သက်
သက်ဝိပဿနာမျှဖြင့် ရဟန္တာအဖြစ်သို့ရောက်သောပုဂ္ဂိုလ်မထင်
ထိုသမာပတ်ကိုဝင်စားပြီးမှ ဝိပဿနာ ရဟန္တာအဖြစ်သို့ ရောက်ရ
သည်၊ထိုကြောင့်ဤဘဝ၌ပင်အာသန္နအနာသန္နနည်းကိုမှတ်၊ ။
ပဋ္ဌမဈာနာဒီသု ယဲတာဝုဋ္ဌာယသောတာပတ္တိမဂ္ဂံ ပဋိလဘိတွာ
အရူပသမာပတ္တိံ ဘာဝေတွာသေါအာရုပ္ပေဥပ္ပန္နော၊တံဈာနိကာ
ဝ၊ဘဿဘဉ္ဇတယောမဂ္ဂါဥပ္ပဇ္ဇန္တိ၊ဇဝံ ပါဒကဈာနမေဝနိယာ
မေတိ။ ။ဝိဘင်းအဋ္ဌကထာလာသည်ကိုရှု၍ဝင်း၊ ။တိက္က
စတုကဈာနိကံပနမဂ္ဂံ ဘာဝေတွာ၊ တဏ္ဍုပ္ပန္နဿ အရူပဈာနံ၊
တဈာနိကံဖလဥ္စပါဒကံကတွာ ဥပရိမဂ္ဂဘာဝနာယ၊ အညဈာ
နိကာပိ ဥပ္ပဇ္ဇန္တိတိ ဈာနင်္ဂါဒိနိယာမိကာ၊ပုဗ္ဗာဘိသင်္ခါရသမာ
ပတ္တိပါဒကံနသမသိဘဗ္ဗာသိဖလဿာပိပါဒကထာဒရှဗ္ဗာ။ ။
ယင်း၏ဋီကာလာသည်ကိုရှု၍ဝင်း၊ ။သမာဓိကိုပွါးစေရာ၌၊
ဒိဋ္ဌဓမ္မသုခဝိဟာရအာနိသင်၊ဝိပဿနာအာနိသင်၊အဘိညာဏ်
အာနိသင်၊ ဘဝဝိသေသအာနိသင်၊ နိရောဓသမာပတ်အာနိသင်
ဤအာနိသင် ငါးပါးတို့ကိုရှု၍ဝင်း၊ ။ဈာနသမာပတ်ဖလသမာ
ပတ်ဝင်စားပြီးမှ၊ ဝိပဿနာဖြင့် ရဟန္တာအဖြစ်သို့ရောက်သည်
ကိုသိလေ၊ ။ပဋ္ဌမဈာနာဒီသု၊ပဋ္ဌမဈာန် စသည်တို့တွင်၊ ယ
တော၊အံကြောင်ဈာန်မှ၊ ဝုဋ္ဌာယ၊ ထ၍၊သောတာပတ္တိမဂ္ဂံ၊ သော
တာပတ္တိမဂ်ကို၊ ပဋိလဘိတွာ၊ ရ၍၊ အရူပ သမာပတ္တိံ၊ အရူ
ပသမာပတ်ကို၊ ဘာဝေတွာ၊ ပွါးစေ၍၊ သော၊ထိုသောတာပန်

သည်၊ အာရမ္မဏ၊ အရူပဘုံ၌၊ ဥပ္ပန္နော၊ ဖြစ်၏၊ တဿ၊ ထိုပုဂ္ဂိုလ်
၏၊ တတ္ထ၊ ထိုအရူပဘုံ၌၊ တယော၊ သုံးပါးကုန်သော၊ မဂ္ဂါ၊ မဂ်
တို့သည်၊ တံ့ဈာနိကာဝ၊ ထိုပဌမဒေါကာရဈာံ၌ ပဌမဈာန် စ
သည်နှင့်တူသော၊ သောတာပတ္တိဖိုလ်၊ ပါဒကဈာန်စသည်နှင့် တူ
ကုန်သည်သာလျှင်၊ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏၊ ဧဝံ၊ ဤသို့၊ ပါဒကဈာန
မေဝ၊ အရူပဘုံသို့ရောက်၍ဝင်စားအပ်သော မဂ်ပါဒကဈာန်သည်
သာလျှင်၊ နိယာမေတိ၊ အထက်မဂ်ဖိုလ်ဈာန်တို့ကိုမှတ်စေ၏၊ ။
ဤကားအနုမရတို့နှင့်အညီ ရှေးပါဌ်၌ယောဇနာ၊ ။ပန၊ အဘိ
ကထာ၏ အနုဋီကာတဿကို ဆိုဦးအံ့၊ တိက စတုက္က ဈာနိကံ၊
တိကဈာန်စတုက္ကဈာန်အလားရှိသော၊ မဂ္ဂံ၊ မဂ်ကို၊ ဘာဝေတွာ၊
ပွါးစေ၍၊ တတ္ထ၊ ထိုအရူပဘုံ၌၊ ဥပ္ပန္နဿ၊ ဖြစ်သော ပုဂ္ဂိုလ်
အား၊ အရူပ ဈာနဉ္စ၊ အရူပဈာန်ကိုလည်း၊ တဇ္ဇနိကံ၊ ထိုအရူပ
ဈာန်အလားရှိသော၊ ဖလဉ္စ၊ သကဒါဂါမိဖိုလ်ကို လည်းကောင်း၊
ဥပရိမဂ္ဂ ဘာဝနာယ၊ အထက်မဂ်ကို ပွါးစေခြင်း၌၊ ပါဒကံ၊
အခြေကို၊ ကတွာ၊ ပြု၍၊ အညဈာနိကာပိ၊ တိကစတုက္ကဈာန်မှ
တပါး၊ အရူပဈာန်ပါဒကနှင့်အလားတူမဂ်သုံးပါးတို့သည်လည်း
ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏၊ ဣတိ၊ ထိုကြောင့်၊ ဈာနင်္ဂနိယာမိကာ၊ ဈာ
နင်စသည်ကိုမှတ်ကြောင်းဖြစ်သော၊ ပုညာဘိသင်္ခါရသမာပတ္တိ၊
တိက စတုက္ကဈာန်အလားရှိသော ပဌမဖိုလ်စသော သမာပတ်
ကို သာလျှင်၊ ပါဒကံ၊ အခြေဟူ၍၊ နသမသိတဗ္ဗာ၊ မမှတ်အပ်၊
ဣတိ၊ ထိုကြောင့်၊ ဖလဿာပိ၊ ဖိုလ်၏လည်း၊ ပါဒကတာ၊ ပါဒက
၏အဖြစ်ကို၊ ဒဿိတာ၊ ၏၊ ။ဤကား မဓုနှင့်အညီ ဋီကာပါဌ်အ
နက်၊ ။ကာမဘူမိယံ သေက္ခာ ဈာနလာဘိနော အချင်းခပ်
သိမ်း အာသန္နမဟဂ္ဂုတ် အာရုံသာဖြစ်၏၊ သေက္ခသုက္ခဝိပဿ
ကာတို့ ဈာနလာဘီဖြစ်ရာ၌လည်း နည်းတူမှတ်၊ ။ကာမဘုံမှ
သမာပတ်ရှစ်ပါးကိုရ၍ စေတောပဏိဓိအစွမ်းဖြင့် ရူပဘုံ၌ဖြစ်
ကုန်သော ပုထုဇဉ် သေက္ခတို့ကား၊ ရှေး၌ရဘူးသော ဈာန်ကို
ဝင်စားလိုသော အနုလုံသမာပတ်ကို မဖြစ်စေဦးဘဲ၊ ပဋိလုံသမာ

ပတ်ကိုရင်း၊ ဧကေန္တရိကသမာပတ်ကိုရင်း မဖြစ်စေနိုင်၊ ကာမ
ပုထုဇဉ်သေက္ခ ဈာနလာဘီတို့သည်၊ မိမိတို့ရသော အာဒိကမ္မိ
ကဈာန်ကို တကြိမ်မျှမဝင်စားမူ၍ အထက်ဈာန်ကိုရခြင်းငှါ မ
စွမ်းနိုင်သကဲ့သို့ရင်း၊အနုလုံအာဒိကမ္မိကဈာန်ကိုတား၍၊ဧကန္တ
ရိက အာဒိကမ္မိကဈာန်၊ ပဋိလုံအာဒိကမ္မိကဈာန်တို့ မည်သည်
မရှိသကဲ့သို့ရင်းရှု၊ ၊အရူပဘုံ၌လည်း ရှေ့နောက်နည်းတို့ကို
မှီ၍ညာဏ်ကြီးသင့်ပြီ၊ ၊ယခင်အဋ္ဌကထာ ဋီကာတို့၌လည်း၊
ပုထုဇဉ် သေက္ခတို့ အရာ၌၊ အာသေ နှ အနာသေ နှ ဟူ၍ မဆို၊
ဓဟန္တာအရာ၌ကဲ့သို့ အပြီးမရှိ၊ အာသေ နှ ဧကန်၏အဖြစ်ကြောင့်
မဆိုသတတ်၊ ၊ဝိထိသက်ရိုးပဋ္ဌာန်း ဧသိရဝတ်၌ကား၊ ပုထု
ဇဉ် သေက္ခတို့အရာ၌လည်း ဤဘဝ ရှေးဘဝဟူ၍ပင်ဆိုအံ၊ ၊
အာဂုံယုတ္တိတို့ကို ဆင်ခြင်၍ သင့်မြတ်ရာကို မှတ်ယူလေ၊ ၊
ဝိညာဏာဉ္စာယတန၊နေဝသညာ နာသညာယတနစတုတ္ထံ၊ အတိ
တာရမ္မဏမေဝ၊ ၊ဒိဘင်း အဋ္ဌကထာပါဌ်၊ ၊ဤပါဌ်ဖြင့်
ဒုတိယာရုပ္ပဈာန် စတုတ္ထာရုပ္ပဈာန် နှစ်ပါးတို့၏ အာရုံသည်၊ အ
တိတ်မဟဂ္ဂုတ် အာရုံသာတည်းဟုပြတော်မူသည်၊ ၊အတိတ်
ဟူသည်ကိုလည်း၊ ဤဘဝမှရှေးဘဝ အတိတ်နှစ်ပါးကို ရှေး၌
ဆိုအပ်ပြီးသောနည်းဖြင့် ယထာရဟမှတ်၊ အနန္တ ဗဟိဒ္ဓ နှစ်
ပါးတို့တွင်လည်း အဇ္ဈတ္တမှတ်၊ ၊ဝိညာဏာဉ္စာယတန နေဝ
သညာ နာသညာယတနစတုတ္ထံ၊ ဝိညာဏာဉ္စာယတန စတုတ္ထ
ဈာန်၊နေဝသညာ နာသညာယတန စတုတ္ထဈာန်နှစ်ပါးသည်၊ အ
တိတာ ရမ္မဏမေဝ၊ အတိတ် မဟဂ္ဂုတ် အာရုံ သည်သာ လျှင်
တည်း၊ ၊ဤကားယောဇနာ၊ ၊ဤကား ဒုတိယာရုပ္ပ
စတုတ္ထာရုပ္ပဈာန်တို့၏အာရုံအချင်းအရာ၌မှတ်ဘွယ်၊ ၊ဝိသေ
သတော ပနေတ္ထ၊ ပဋ္ဌမဂ္ဂပညံတာဝဘာဝေတွာမန္တာယဝိပဿ
နာယ အာဂတော မုဒိန္ဒြိယော ပိ သတ္တက္ခတ္တုပရမော နာမ ဟော
တိ၊ သတ္တသုဂတိဘဝေသံ သရိတွာ ဒုက္ခသန္တံ ကရောတိ၊ မဇ္ဈိမာ
ယဝိပဿနာယ အာဂတော မဇ္ဈိမိန္ဒြိယော ကောလံကောလော

နာမဟောတိ။ ဒွေဝါတိဏိဝါ ကုလာနိသန္ဓာဝိတွာ သံသရိတွာ
ဒုက္ခဿန္တံကရောတိ၊တိက္ခာယဝိပဿနာယအာဂတောတိက္ခိန္ဒြိ
ယော ဧကဗီဇီနာမဟောတိ။ ဧကဉ္စေဝ မာနုသကံ ဘဝံနိဗ္ဗတ္တ
တွာ ဒုက္ခဿန္တံ ကရောတိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဌ်။ ။
ဤပါဌ်ဖြင့် သောတာပန်သုံးပါးပြားဟန်ကို ပြတော်မူသည်။ ။
ဧတ္ထ။ ဤအရိယာပုဂ္ဂိုလ်၌။ ဝိသေသတောပန။ အထူးအားဖြင့်
ကား။ ပဌမ မဂ္ဂပညံ။ ပဌမမဂ်ပညာကို။ တာဝဘာဝေတွာ။ ပွါး
စေ၍။ မန္ဒာယ။ နုံ့သော။ ဝိပဿနာယ။ ဝိပဿနာဖြင့်။ အာဂတော၊
လာသော။ မုဒိန္ဒြိယောပိ။ နုံ့သောဣန္ဒြေရှိသောပုဂ္ဂိုလ်သည်လည်း၊
သတ္တက္ခတ္တုပရမောနာမ။ သတ္တက္ခတ္တုပရမ မည်သည်။ ဟောတိ။ ၏။
သတ္တ။ ခုနစ်ကြိမ်တိုင်တိုင်၊ သုဂတိဘဝေ။ သုဂတိဘုံ၌။ သံသ
ရိတွာ။ ကြည်လည်၍၊ ဒုက္ခဿန္တံ။ သံသရာဝဋ်ဒုက္ခအဆုံးကို။ ကရော
တိ၊ ၏။ မဇ္ဈိမာယ။ အလယ်ဖြစ်သော။ ဝိပဿနာယ။ ဖြင့်။ အာဂ
တော။ လာသော။ မဇ္ဈိမိန္ဒြိယော။ မယုတ်မမြတ်။ အလယ်ဣန္ဒြေရှိ
သောပုဂ္ဂိုလ်သည်။ ကောလံကောလောနာမ။ ကောလံကောလ
သောတာပန်မည်သည်။ ဟောတိ။ ၏။ ဒွေဝါကုလာနိ။ နှစ်ဘဝတို့
သို့ရင်း။ တိဏိဝါကုလာနိ။ သုံးဘဝတို့သို့ရင်း။ သန္ဓာဝိတွာ။ ပြေး
ဝင်၍။ သံသရိတွာ။ ကြည်လည်၍။ ဒုက္ခဿန္တံ။ သံသရာဝဋ်ဒုက္ခ
အဆုံးကို။ ကရောတိ။ ၏။ တိက္ခာယ။ ထက်သော။ ဝိပဿနာယ။
ဖြင့်။ အာဂတော။ လာသော။ တိက္ခိန္ဒြိယော။ ထက်သောဣန္ဒြေ
ရှိသောပုဂ္ဂိုလ်သည်။ ဧကဗီဇီနာမ။ ဧကဗီဇသောတာပန် မည်
သည်။ ဟောတိ။ ၏။ ဧကဉ္စေဝ။ တကြိမ်သာဖြစ်သော။ မာနုသ
ကံဘဝံ။ လူ့ဘဝသို့။ နိဗ္ဗတ္တိတွာ။ ဖြစ်၍။ ဒုက္ခဿန္တံ။ သံသရာဝဋ်
ဒုက္ခအဆုံးကို။ ကရောတိ။ ၏။ ။ ဤကား ယောဇနာ။ ။
ကောလံကောလ ဟူရာ၌ နှစ်ကြိမ် အယုတ် ခြောက်ကြိမ်အလွန်
ဟူ၏။ ဒွေဝါတိဏိဝါဟူသော စကားသည်ဒေသနာ သိသမျှသာ
ဟု နေတ္တိအဋ္ဌကထာ၌ဆို၏။ ။သစေဟိ ဥပရိတိဏ္ဏံ မဂ္ဂါနံ
ဝိပဿနာ ဗလဝတိဟောတိ၊ ဧကဗီဇီနာမဟောတိ၊ တတော

မန္ဒတရာယ၊ ကောလံကောလော၊ တတော မန္ဒတရာယ သတ္တ
က္ခတ္တု ပရမောတိ၊ ဧတ္ထစ ယော မနုဿေသု ဧဝ သတ္တက္ခတ္တုံ
သံသရိတွာ အရဟတ္တံ ပါပုဏာတိ၊ ယော စ ဒေဝေသု ယေဝ သတ္တ
က္ခတ္တုံ သံသရိတွာ အရဟတ္တံ ဝါ ပါပုဏာတိ။ ဣမေပန နဣဓအ
ဓိပ္ပေတာ၊ ယော ပန ကာလေန ဒေဝေသု ကာလေန မနုဿေသု
တိ ဝေါမိဿက နယေန သံသရိတွာ အရဟတ္တံ ပါပုဏာတိ
သော ဣဓ အဓိပ္ပေတော၊ တသ္မာ သတ္တက္ခတ္တုပရမောတိ၊ ဣဒံဣမ
ဋ္ဌကဝေါကိဏ္ဏ သယာဿဝသေန ဝေဒိတဗ္ဗံ၊ ဝဋ္ဋာသ
ယော ဟိ အာဒိတော ပဋ္ဌာယ သဒေဝလောကေ သောဓေတွာ၊ အ
ကနိဋ္ဌေ ဌတွာ ပရိနိဗ္ဗာယီ သတိ၊ ၊နေတ္တိအဋ္ဌကထာ၊ သော
တာပန် ၃ ခုတို့၏ အကြောင်းကိုရင်း၊ မနုဿသတ္တက္ခတ္တု သော
တာပန်၊ ဒေဝသတ္တက္ခတ္တု သောတာပန်၊ ဣမဋ္ဌကဝေါကိဏ္ဏ
ဝဋ္ဋာသယ သောတာပန် သုံးပါးအပြားကိုရှင်းပြတော်မူသည်၊
ဟိ၊ အကျယ်ကား၊ တိဏ္ဏံ၊ သုံးပါးကုန်သော၊ ဥပရိမဂ္ဂါနံ၊ အထက်
မဂ်တို့အလို့ငှါ၊ ဝိပဿနာ၊ ပွါးအပ်သော ဝိပဿနာသည်၊ ဗလ
ဝတိ၊ အားရှိသည်၊ သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့၊ ဧကဗီဇိ
နာမ၊ ဧကဗီဇ သောတာပန်မည်သည်၊ ဟောတိ၊ ဖြစ်၏၊ တတော၊
ထိုဝိပဿနာအောက်၊ မန္ဒတရာယ၊ နုံ့သော ဝိပဿနာဖြင့်၊ ကော
လံကောလော၊ ကောလံကောလ သောတာပန်မည်သည်၊ ဟော
တိ၊ ဖြစ်၏၊ တတော၊ ထိုမန္ဒတရ ဝိပဿနာအောက်၊ မန္ဒတရာယ၊
နုံ့သော ဝိပဿနာဖြင့်၊ သတ္တက္ခတ္တုပရမော၊ သတ္တက္ခတ္တုပရမ
သောတာပန်သည်၊ ဟောတိ၊ ၏၊ ဣတိ၊ ဤသို့ ဝိပဿနာ သုံးပါး
အပြားဖြင့်၊ သောတာပန်သုံးတန် အပြားအထူးကို၊ နိယမေတိ၊
မှတ်၏၊ စ၊ ဆက်ဦးအံ့၊ ဧတ္ထ၊ ဤနောက်သောတာပန် အရာ၌၊
ယော၊ အကြင် သောတာပန်သည်၊ မနုဿေသုဧဝ၊ လူတို့၌သာ
လျှင်၊ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်၊ သံသရိတွာ၊ ကြဉ်လည်၍၊ အ
ရဟတ္တံ၊ ရဟန္တာအဖြစ်သို့၊ ပါပုဏာတိ၊ ရောက်၏၊ ယော စ၊ အ
ကြင်သောတာပန်သည်လည်း၊ ဒေဝေသု ယေဝ၊ နတ်ဘုံတို့၌သာ

လျှင်။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်၊ သံသရိတွာ။ ကြဉ်လည်၍။အာ
ရဟတ္တံ ဝါ။ ရဟန္တာအဖြစ်သို့မူလည်း။ပါပုဏာတိ၊ရောက်၏။ဣ
မေ။ဤနှစ်ယောက်တို့ကို။ဣဓ။ဤသတ္တက္ခတ္တုပရမအရာ၌။နအဓိပ္ပေ
တာ။ အလို မရှိအပ်ကုန်။ ပန။ လိုအပ်သော သောတာပန်ကား။
ယော။ အကြင်သောတာပန်သည်။ ကာလေန။ရံခါ၊ ဒေဝေသု။
နတ်ဘုံတို့၌။ကာလေန။ရံခါ၊ မနုဿေသု။ လူတို့၌။ ဣတိ၊ ဤသို့၊
ဝေါမိဿကနယေန။ရောသောနည်းဖြင့်။သံသရိတွာ။ ကြဉ်လည်
၍။အရဟတ္တံ။ရဟန္တာအဖြစ်သို့။ပါပုဏာတိ။ရောက်၏။ သော၊
ထိုသောတာပန်ကို။ ဣဓ။ ဤသတ္တက္ခတ္တုပရမအရာ၌။ အဓိပ္ပေ
တော။လိုအပ်၏။ တသ္မာ။ထိုကြောင့်။ သတ္တက္ခတ္တုပရမောတိ
ဣဒံ။ သတ္တက္ခတ္တုပရမော ဟူသော စကားကို၊ ဣဓဒွေကဝေါ
ကိဏ္ဏဝဇ္ဇနတ္ထာသယာသာ။ ဤကာမသုဂတိ ဘုံ၌တည်၍ ပဋိသန္ဓေ
အရောနေသောဝဋ်၌ မွေ့လျော်သော သောတာပန်၏၊ ဝသေန။
အစွမ်းဖြင့်။ ဝေဒိတဗ္ဗံ။ သိအပ်၏။ ဟိ။မှန်၏။ ဝဋ္ဋဇ္ဈာသယော၊
ဝဋ်၌ မွေ့လျော်သော သောတာပန်သည်၊ အာဒိတော။ အစမှ။
ပဋ္ဌာယ။စ၍။ဆဒေဝလောကေ။ နတ်ပြည်ခြောက်ထပ်၌။ သော
ဓေတွာ။သုတ်သင်၍။ အကနိဋ္ဌေ၊ အကနိဋ္ဌဘုံ၌။ ဌတွာ၊တည်၍၊
ပရိနိဗ္ဗာယတီတိ။ပရိနိဗ္ဗာန်ပြုလတ္တံ့။ ။ဤကားယောဇနာ။ ။
ဤပါဌ်၌။ဆဒေဝလောကေ သောဓေတွာ အကနိဋ္ဌေ ဌတွာ ဟူ
သောစကားကို မိဂပဒဝလဉ္ဇနနည်းမှတ်။ ။သတ္တက္ခတ္တုပရမ
စသော သောတာပန် သုံးတန် တို့၌၊ သဒ္ဓါဓိမုတ္တ သောတာပန်၊
ဒိဋ္ဌိပတ္တသောတာပန်ဟူ၍ နှစ်တန်စီပြား၍ ခြောက်တန်မှတ်။ ။
သဒ္ဓါဓိမုတ္တဟူရာ၌။သဒ္ဓါကိုအကြီးအမှူးပြု၍ သောတာပတ္တိမဂ်
ကိုရသောခဏ၌သဒ္ဓါနုသာရီမည်၏၊ယင်း၏ဖိုလ်သို့ရောက်သော
ခဏ၌ကား သဒ္ဓါဓိမုတ္တမည်၏။ ။သဒ္ဓါယအနုဿရတိသမာ
ပဋိပတ္တိံ သဒ္ဓါ ဝါ ပုဗ္ဗဘာဂိယံ အနုဿရတိ။သဒ္ဓါယ ဝါ အနုဿရ
ဏာသီလောတိ သဒ္ဓါနုသာရီ။ ။ယင်း၏ဋီကာ လာသည်ကိုရှု၍
သဒ္ဓါနုသာရီပုဒ်၏ ဝစနတ္ထကိုမှတ်။ ။ယောပုဂ္ဂလော၊ အကြင်

ပုဂ္ဂိုလ်သည်၊ သဒ္ဓါယ၊သဒ္ဓါဖြင့်၊ သမာပဋိပတ္တိံ၊ကောင်းသော
အကျင့်သို့၊ဝါ၊ အကျင့်ကို။အနုဿရတိ။ ရောက်၏၊ဝါ၊အောက်
မေ့၏၊ဣတိ၊ထိုကြောင့်၊ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်၊ သဒ္ဓါ
နုဿာရီ၊ သဒ္ဓါနုဿာရိမည်၏၊ ဝါ၊တနည်းကား၊ ယောပုဂ္ဂလော၊
အကြင်ပုဂ္ဂိုလ်သည်။ ပုဗ္ဗဘာဂေ ယံ၊ ရှေးအဘို့ဖြစ်သော၊ သဒ္ဓံ၊
သဒ္ဓါသို့။ဝါ။သဒ္ဓါကို၊အနုဿရတိ။ရောက်၏၊ဝါ၊အောက်မေ့၏၊
ဣတိ၊ထိုကြောင့်၊သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်၊သဒ္ဓါနုဿာရီ၊
သဒ္ဓါနုဿာရိမည်၏၊ ဝါ၊တနည်းကား၊ ယောပုဂ္ဂလော၊ အကြင်
ပုဂ္ဂိုလ်သည်၊သဒ္ဓါယ၊သဒ္ဓါဖြင့်၊အနုဿရဏသီလော၊ ရောက်
ခြင်းအောက်မေ့ခြင်းဝလေ့ရှိ၏၊ဣတိ၊ထိုကြောင့်၊သောပုဂ္ဂလော၊
ထိုပုဂ္ဂိုလ်သည်၊သဒ္ဓါနုဿာရီ၊သဒ္ဓါနုဿာရိမည်၏၊ ၊ဤကား
ယောဇနာ။ ၊ဤသဒ္ဓါနုဿာရီ ပုဂ္ဂိုလ်ကို သောတာပတ္တိ မဂ်
ပုဂ္ဂိုလ်ဟူ၍မှတ်။ ။သဒ္ဓါဟာနေ့ဝိမုတ္တောတိ၊သဒ္ဓါဝိမုတ္တော၊ ။
သဒ္ဓါဟာနေ့ဝိမုတ္တတိတိ၊သဒ္ဓါဝိမုတ္တော။ ၊ဝိသုဒ္ဓိမဂ်အဋ္ဌက
ထာလာသည်ကို ရူ၍၊ သဒ္ဓါဝိမုတ္တိပုဒ်၏ ဝစနတ္ထကိုမှတ်။ ။
ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်၊ သဒ္ဓါဟာနေ့၊ ယုံကြည်
သည်ဖြစ်၍၊ ဝိမုတ္တော၊လွတ်၏၊ ဣတိ၊ ထိုကြောင့်၊ သောပုဂ္ဂ
လော၊ထိုပုဂ္ဂိုလ်သည်၊ သဒ္ဓါဝိမုတ္တော၊ သဒ္ဓါဝိမုတ္တမည်၏၊ ။
ယောပုဂ္ဂလော၊သည်၊ သဒ္ဓါဟာနေ့၊ ယုံကြည်သည်ဖြစ်၍၊ ဝိမုတ္တ
တိ၊ နှလုံးသွင်း၏၊ ဣတိ၊ ထိုကြောင့်၊ သော ပုဂ္ဂလော၊ သည်၊
သဒ္ဓါဝိမုတ္တော၊သဒ္ဓါဝိမုတ္တမည်၏၊ ၊ဤကားယောဇနာ။ ။
ဝိမုတ္တိသဒ္ဓါသည် အဝိမုတ္တအနက်၌လည်းဖြစ်၏၊ ၊နေတ္တိဋီကာ
၌လည်း၊ သဒ္ဓါယဝိမုစ္စတောတိ သဒ္ဓါဝိမုတ္တော၊ဟု ဒုတိယဝိကပ်
ဖြင့် အဝိမုတ္တအနက်ကိုဘွင့်၏၊ ၊ဝါ၊တနည်းကား၊သဒ္ဓါယ၊
ယုံကြည်ခြင်းဖြင့်၊ ဝိမုစ္စတော၊ နှလုံးသွင်း၏၊ ဣတိ၊ ထိုကြောင့်၊
သဒ္ဓါဝိမုတ္တော၊သဒ္ဓါဝိမုတ္တမည်၏၊ ၊ဤကားယောဇနာ။ ။
ဒိဋ္ဌိပတ္တဟူရာ၌ ပညာကိုအကြီးအမှူးပြု၍ သောတာပတ္တိမဂ်ကို
ရသောခဏ၌ ဓမ္မာနုဿာရီ မည်၏၊ယင်း၏ ဖိုလ်သို့ ရောက်သော

ခဏာ၌ကားဒိဋ္ဌိပတ္တ မည်၏။ ။ဓမ္မာနုသာရိတိဧတ္ထာပိ ဧသေဝ
နယော။ဓမ္မောတိပနေတ္ထ။ပညာ။ဝေဒိတဗ္ဗာ။ ။ယသဒ္ဒိကာ
လာသသဒ်ကိုရှု၍ ဓမ္မာနုသာရိပုဒ်၏ အနက်။ ဝစနတ္ထ တို့ကို သိ
အပ်ကုန်၏။ ။ဓမ္မာနုသာရိတိဧတ္ထာပိ။ ဓမ္မာနုသာရိ ဟူသော
ဤပုဒ်၌လည်း။ ဧသေ ဝနယော။ သဒ္ဓါနုသာရိ ပုဒ်၌ ဘွင့်အပ်ပြီး
သော ဤဝစနတ္ထနည်းလျှင် နည်းရှိ၏။ ပန။အထူးကား။ ဓမ္မော
တိဧတ္ထ။ဓမ္မောဟူသောဤပုဒ်၌။ပညာ။ပညာကို။ဝေဒိတဗ္ဗာ။သိ
အပ်၏။ ။ဤကားယောဇနာ။ ။ဓမ္မေန သမာပဋိပတ္တိံ အနု
သာရတီတိ ဓမ္မာနုသာရိ၊ ဤသို့စသည်ဖြင့် ဝစနတ္ထပြု။ ။ယော
ပုဂ္ဂလော။သည်။ဓမ္မေန။ပညာဖြင့်။ သမာပဋိပတ္တိံ။ကောင်းသော
အကျင့်သို့။ဝါ၊အကျင့်ကို။အနုသရတိ။ ရောက်၏။ဝါ။အောက်
မေ့၏။ ဣတိ။ ထိုကြောင့်။ သောပုဂ္ဂလော။ သည်။ ဓမ္မာနုသာရိ။
ဓမ္မာနုသာရိမည်၏။ ။ဤကားယောဇနာ။ ။ဤဓမ္မာနုသာရိ
ပုဂ္ဂိုလ်ကို သောတာပတ္တိမဂ်ပုဂ္ဂိုလ် ဟူ၍မှတ်။ ။ဒိဋ္ဌိယာ
ပတ္တောဒိဋ္ဌိပတ္တော။ ။ဒိဋ္ဌန္တံ ဝါပတ္တောဒိဋ္ဌိပတ္တော။ဟု ဝစနတ္ထ
ပြု။ ။ဒိဋ္ဌိယာ။သစ္စာလေးပါးကိုမြင်တတ်သော သောတာပတ္တိ
မဂ်ပညာဖြင့်။ ပတ္တော။ နိဗ္ဗာန်သို့ ရောက်သော ပုဂ္ဂိုလ်တည်း။
ဒိဋ္ဌိပတ္တော။ မဂ်ပညာဖြင့် နိဗ္ဗာန်သို့ရောက်သောပုဂ္ဂိုလ်။ ။ဝါ။
တနည်းကား။ဒိဋ္ဌန္တံ။သောတာပတ္တိမဂ်ဉာဏ်၏အဆုံးအခြားမဲ့
၌။ ပတ္တော။သောတာပန် အဖြစ်ဖြင့် ဖြစ်သော ပုဂ္ဂိုလ်တည်း။ဒိဋ္ဌိ
ပတ္တော။ သောတာပတ္တိမဂ်ဉာဏ်၏ အဆုံးအခြားမဲ့၌ ဖြစ်သော
သောတာပန်။ ။ဤကားယောဇနာ။ ။ဤသဒ္ဓါဝိမုတ္တ။ဒိဋ္ဌိ
ပတ္တအမည်နှစ်ပါးကို အထက် ဖိုလ်နှစ်ပါး မဂ်သုံးပါးတို့၌လည်း
ရအပ်၏ဟုမှတ်။ ။ဤသောတာပန် နှစ်တန်သည် ဝိမောက္ခ
ရှစ်ပါးကို မရသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့်ဖြစ်၏။ ။ရသော
ပုဂ္ဂိုလ် သည်ကား။ သဒ္ဓါကို အကြီး အမှူးပြု၍ သောတာ ပတ္တိ
မဂ်ကိုရသောခဏာ၌ သဒ္ဓါနုသာရိ။ယင်း၏ဖိုလ်သို့ရောက်သောခ
ဏာ၌ကား။ကာယသက္ခိမည်၏။ ။ပညာကို အကြီးအမှူး ပြု၍

သောတာပတ္တိမဂ်ကိုရသောခဏ၌။ဓမ္မာနုသာရီ။ ယင်း၏ဖိုလ်သို့
ရောက်သော ခဏ၌ကား။ကာယ သက္ခိမည်၏။ ။ဤကာယ
သက္ခိပုဒ်ကို။ ဖုဋ္ဌန္တံကာယေန သစ္ဆိကရောတီတိကာယသက္ခိ။
ဟူ၍ ဝစနတ္ထပြု။ ။ယောပုဂ္ဂလော။သည်။ ကာယေန။ နာမ
ကာယဖြင့်။ ဖုဋ္ဌန္တံ ။တွေ့အပ်ကုန်ပြီးသော အရူပဈာန်တို့၏၊ အ
ခြားမဲ့။ သစ္ဆိကရောတိ။ နိဗ္ဗာန်သို့မျက်မှောက်ပြု၏၊ ဣတိ။ထို
ကြောင့်။ သောပုဂ္ဂလော။သည်။ ကာယသက္ခိ။ ကာယသက္ခိမည်
၏။ ။ဤကားယောဇနာ။ ။ဤကာယသက္ခိအမည်ကိုအထက်
ဖိုလ်နှစ်ပါး မဂ်သုံးပါးတို့၌လည်းရအပ်၏ဟုမှတ်။ ။သောတာ
ပန်သည်။သာမညအားဖြင့် တယောက်။ ထိုတယောက်ကိုဣြေ
နှစ်ပါးဖြင့်မြှောက်။နှစ်တန်ဖြစ်၏။ နှစ်တန်ကို ဝိမောက္ခသုံးပါးဖြင့်
မြှောက်။ ၆ တန်ဖြစ်၏။ ၆ တန်ကိုပဋိပဒါလေးပါးဖြင့်မြှောက်။
၂၄ တန်ဖြစ်၏။ ။သတ္တက္ခတ္တုပရမ စကုန်သော သောတာပန်
သုံးတန်တို့၌ ၂၄ တန်စီယူမှု ၇၂ တန်ဖြစ်၏။ ။တနည်းကား
ကာယသက္ခိ သောတာပန် တယောက်ကို ဣြေ ၂ ပါးဖြင့်မြှော်။
၂ တန်ဖြစ်၏၊ ၂ တန်ကို ဝိမောက္ခ ၃ ပါးဖြင့်မြှောက်။ ၆ တန်
ဖြစ်၏။၆ တန်ကို ပဋိပဒါ ၄ ပါးဖြင့်မြှောက်။ ၂၄ တန်ဖြစ်၏။ ။
ဤ ၂၄ တန်ကို။ချွာနုသာဘိမှတ်။ ။ဒုက္ခပဋိပဒာဒန္ဓာဘိညာ။
တဍ္ဍာဘိညာ။ ပဂိုဒု၇ ဒုက္ခပဋိပဒါ ခိပ္ပာဘိညာ။ သုခာပဋိပဒါ
ပဋိပဒါ ဒန္ဓာဘိညာ။ သုခာပဋိပဒါ ခိပ္ပာဘိညာ နိပ္ပြော်ပ္ပါ ဒုက္ခပဋိ
ပဒါ။ ။အဘိဓမ္မတ္ထဝိဘာဝနိဋီကာပါဌ်။ ။သင်္ကေတဒါဂါမ်
ငါးမျိုးကိုပြတော်မူသည်။ ။ဒုက္ခ။ဤလူ့ဘုံ၌။ ပတ္တာ။သကဒါ
ဂါမ်အဖြစ်သို့ရောက်၍။ ဒုက္ခ။ဤလူ့ဘုံ၌။ပရိနိဗ္ဗာယီ။ ပရိနိဗ္ဗာန်ပြု
သော သကဒါဂါမ်ငြင်း။တစ္ဆာ။ထိုနတ်ဘုံ၌။ပတ္တာ။ သကဒါဂါမ်
အဖြစ်သို့ရောက်၍။တဍ္ဍ။ထိုနတ်ပြည်၌။ ပရိနိဗ္ဗာယီ။ငြင်း။ ဒုက္ခ။
၌။ပတ္တာ။၍။တဍ္ဍ။၌။ပရိနိဗ္ဗာယီ ငြင်း။ တစ္ဆ။၌။ ပတ္တာ။၍။ဒုက္ခ။
၌။ပရိနိဗ္ဗာယီ။ငြင်း။ဒုက္ခ။၌။ပတ္တာ။၍။တဍ္ဍ။၌။နိပ္ပြော်ပ္ပါ။ဖြစ်၍။
ဒုက္ခ။၌။ပရိနိဗ္ဗာယီ။ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်ငြင်း။ ။ဤ

ကားယောဇနာ။ ။ဤပါဌ်ဖြင့် သုက္ခဝိပဿကသုကဒါဂါမ်ကို
ယူ။ ဤငါးတန်တို့ဘွင် ဈေး ၄ တန်ကား ပဋိသန္ဓေ တကြိမ်စီ။
နောက်ဆုံး တယောက်ကား ၂ ကြိမ်။ ဤ ၂ ကြိမ်ကို လူ့ပြည်
နတ်ပြည်ချေ၍ယူ။ ဈာနလာဘီ သကဒါဂါမ်ကား ဗြဟ္မာ့ဘုံသို့
ရောက်၍အကြိမ်များစွာ ပဋိသန္ဓေနေ၏အနာဂါမ်ကဲ့သို့မှတ်။ ။
ဤသကဒါဂါမ် ၅တန်ကို။ ရူရ ၂ ပါးဖြင့်မြှောက်။ ၁၀ ဖြစ်၏။
၁၀ ကို။ ဝိမောက္ခ ၃ ပါးဖြင့်မြှောက်။၃၀ ဖြစ်၏။ ၃၀ ကို ပဋိ
ပဒါ ၄ ပါးဖြင့်မြှောက်။ ၁၂၀ ဖြစ်၏။ ။တနည်းကား။ကာ
ယသက္ခိသကဒါဂါမ်တယောက်ကို ရူရ ၂ ပါးဖြင့်မြှောက်။ ၂
တန်ဖြစ်၏။ နှစ်တန်ကို ဝိမောက္ခသုံးပါးဖြင့်မြှောက်။ ၆ တန်ဖြစ်
၏။ ၆ တန်ကို ပဋိပဒါ ၄ ပါးဖြင့်မြှောက်။ ၂၄ တန်ဖြစ်၏။ ။
ဤ ၂၄ တန်ကို။ဈာနလာဘီမှတ်။ ။တနည်းကား။သကဒါဂါမ်
သည်။သာမညအားဖြင့်တယောက်။ထိုတယောက်ကို။ ဝိမောက္ခ
၃ ပါးဖြင့်မြှောက်။ ၃တန်ဖြစ်၏။ သုံးတန်ကို ပဋိပဒါ ၄ပါးဖြင့်
မြှောက်။၁၂ တန်ဖြစ်၏။ ။တတိယမဂ္ဂံပညံ့ဘာဝေတွာ အနာ
ဂါမိနာမဟောတိ။ သောဇ္ဈုန္ဒြိယဝေမတ္တတာဝသေန အန္တရာပရိ
နိဗ္ဗာယီ။ဥပဟစ္စပရိနိဗ္ဗာယီ။ အသင်္ခါရပရိနိဗ္ဗာယီ။ သသင်္ခါရ
ပရိနိဗ္ဗာယီ ဥဒ္ဓံသောတောအကနိဋ္ဌဂါမိတိပဉ္စဝိဓော။ ။ယခင်အဋ္ဌ
ကထာပါဌ်။ ။ဤပါဌ်ဖြင့် အနာဂါမ်အပြား ငါးပါးကို ပြ
တော်မူသည်။ ။တတိယမဂ္ဂံပညံ။ တတိယမဂ်ပညာကို။ ဘာ
ဝေတွာ။ပွါးစေ၍။ အနာဂါမိနာမ။ အနာဂါမ်မည်သည်။ ဟော
တိ။၏။သော။ ထိုအနာဂါမ်သည်။ ဇုန္ဒြိယဝေမတ္တတာဝသေန။
ဇုန္ဒြေအပိုင်းအခြား၏အထူးဖြင့်။ အန္တရာပရိနိဗ္ဗာယီ။ အမှတ်
မရှိသော သုဒ္ဓါဝါသဘုံ၌ဖြစ်၍။ အသက်၏အလယ်သို့ မရောက်
မူ၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ရင်း။ ဥပဟစ္စပရိနိဗ္ဗာယီ။ အ
သက်၏အလယ်ကိုလွန်၍ ပရိနိဗ္ဗာန်ပြုသောအနာဂါမ်ရင်း။ အ
သင်္ခါရပရိနိဗ္ဗာယီ။ တိုက်တွန်းခြင်း မရှိသဖြင့် အထက်မဂ်ကို
ဖြစ်စေ၍ ပရိနိဗ္ဗာန် ပြုသော အနာဂါမ်ရင်း။ သသင်္ခါရပရိနိဗ္ဗာ

ယိ။တိုက်တွန်းခြင်းရှိ၁ ဖြင့် အထက်မဂ်ကိုဖြစ်စေ၍ ပရိနိဗ္ဗာန်
ပြုသောအနာဂါမ်ဧင်း။ဥဒ္ဓံသောတောအကနိဋ္ဌဂါမိ။ ဖြစ်ရာဘုံမှ
အကနိဋ္ဌဘုံတိုင်ဇ်အောင်တက်၍ ပရိနိဗ္ဗာန်ပြုသောအနာဂါမ်ဧင်း။
ဣတိ။ဤသို့။ပဉ္စဝိဓာ။ငါးပါးပြားကုန်၏။ ။ဤကားယောဇနာ။ ။
အန္တရာပရိနိဗ္ဗာယိ အနာဂါမ်ဟူရာ၌ မဟာကပ် တထောင် အ
ထက်ရှိသောအဝိဟာဘုံတွင်ဖြစ်သနေ့၌ဧင်း။ တထောင်အတွင်း
တရာအထက်၌ဧင်း။ အရဟတ္တဖိုလ်သို့ရောက်သော အနာဂါမ်
နှစ်ကပ်တို့၏အထက်၌အရဟတ္တဖိုလ်သို့ရောက်သောအနာဂါမ်။
၄ ကပ်တို့၏အထက်၌ အရဟတ္တဖိုလ်သို့ရောက်သောအနာဂါမ်
ဟူ၍ သုံးတန် ပြား၏။ အထက်ဘုံတို့၌လည်း ယထာရဟမှတ်။
ဤသုံးတန်နှင့်။ ဥပဟစ္စ။ ဥဒ္ဓံသောတ။ ဤနှစ်တန်ကိုပေါင်း၍ အ
၁ ၁ ါရနှစ်ပါးဖြင့်မြှောက်။တဆယ်။ အဆုံးဘုံ၌ဥဒ္ဓံသောတမရှိ
၍။ရှစ်တန်ပေါင်း ၄၈။အနာဂါမ်ဖြစ်၏။ ဤနည်းကိုမှတ်လေ။ ။
တနည်းကား။အနာဂါမ်သည် ဈေရအစွမ်းဖြင့် နှစ်တန်ဖြစ်၏။နှစ်
တန်ကို ဝိမောက္ခသုံးပါးဖြင့်မြှောက်။၆တန်ဖြစ်၏။၆တန်ကို ပဋိ
ပဒါလေးပါးဖြင့်မြှောက်။ ၂၄ တန်ဖြစ်၏။ ။တနည်းကား။
ကာယသက္ခိ အနာဂါမ် တယောက်ကို ဈေရနှစ်ပါးဖြင့်မြှောက်
နှစ်တန် ဖြစ်၏။ နှစ်တန်ကို ဝိမောက္ခ ၃ ပါးဖြင့်မြှောက်။ ၆ တန်
ဖြစ်၏။ ၆ တန်ကို ပဋိပဒါ ၄ ပါးဖြင့်မြှောက်။၂၄တန်ဖြစ်၏။ ။
ဤ ၂၄ တန်ကို ဈာနလာဘီမှတ်။ ။ရဟန္တာပုဂ္ဂိုလ်သည် ဥ
ဘတော ဘာဂဝိမုတ္တ ရဟန္တာ ပညာဝိမုတ္တ ရဟန္တာဟူ၍ နှစ်
တန်ပြား၏။ ။ဥဘောဟိ ဘာဂေဟိ ဝိမုတ္တော ဥဘတော
ဘာဂဝိမုတ္တောတိ။ ။ပုဂ္ဂလပညတ် အဋ္ဌကထာ၌ ဝစနတ်ပြ
ပါဠ်ကိုယူ၍။ ဥဘတော ဘာဂဝိမုတ္တပုဒ်၏ ဝစနတ္ထစဉ်ကို သိ
လင့်။ ။ဥဘောဟိဘာဂေဟိ ဝိမုတ္တော။ ဥဘတော ဘာဂဝိ
မုတ္တောဟု ဝစနတ္ထစဉ်ပြု။ ။ဥဘတော။ နှစ်ပါးကုန်သော။
ဘာဂေဟိ။ ရူပကာယ နာမ ကာယ အဘို့တို့မှ။ ဝိမုတ္တော။
လွတ်သည်၏အဖြစ်ကြောင့်။ ဥဘတော ဘာဂ ဝိမုတ္တော၊ ဥဘ

တော ဘာဂဝိမုတ္တမည်၏။ ဍုတိ။ဤသို့။ဝေဒိတဗ္ဗံ။သိအပ်၏။ ။
ဥဘောဟိ။နှစ်ပါးကုန်သော။ဘာဂေဟိ။ရူပကာယ နာမကာယ
တို့မှ။ဝိမုတ္တော။ လွတ်သော ပုဂ္ဂိုလ်တည်း။ ဥဘတောဘာဂ
ဝိမုတ္တော။အဘို့နှစ်ပါးမှလွတ်သောပုဂ္ဂိုလ်တည်း။ ။ဤကား
ယောဇနာ။ ။အရူပသမာပတ်ဖြင့် ရူပကာယမှလွတ်၏။မဂ်
ဖြင့် နာမကာမှလွတ်၏။ ဤသို့လွတ်သည်၏အဖြစ်ကိုပိုင်းခြား၍
မှတ်။ ။သမာပတ်ရှစ်ပါးကိုရသော ပုဂ္ဂိုလ်သည် ပညာကိုအ
ကြီးအမှူးပြု၍ သမထ အစွမ်းဖြင့် နှလုံးသွင်းလျက်။ တမျိုးပါး
သော အရူပသမာပတ်ကို ပဒဋ္ဌာန်ပြု၍ ဝိပဿနာကို ပွါးစေ၍
အရဟတ္တဖိုလ်သို့ရောက်အံ့။ ထိုပုဂ္ဂိုလ်သည်။သောတာပတ္တိမဂ်
ကိုရသောခဏ၌ဓမ္မာနုသာရီ မည်၏။အထက် ၆ ဌာနတို့၌ ကာ
ယသက္ခိမည်၏။ အရဟတ္တဖိုလ်သို့ရောက်သောခဏ၌ကား။ ဥဘ
တောဘာဂဝိမုတ္တမည်၏။ ။ဤကားပညာရူရ။ ။သမာပတ္တိ
လာဘီသည်၊ သဒ္ဓါကိုအကြီးအမှူးပြု၍ သမာဓိအစွမ်းဖြင့် နှလုံး
သွင်း၍၊ တပါးပါးသော အရူပ သမာပတ်ကို ပဒဋ္ဌာန်ပြု၍။ ဝိ
ပဿနာကို ပွါးစေ၍ အရဟတ္တဖိုလ်သို့ ရောက်အံ့။ ဤ ပုဂ္ဂိုလ်
သည် သောတာပတ္တိမဂ်ကို ရသောခဏ၌သဒ္ဓါနုသာရီမည်၏။အ
ထက် ၆ ဌာနတို့၌ ကာယ သက္ခိသာမည်၏။ အရဟတ္တဖိုလ်သို့
ရောက်သော်ကား၊ဥဘတောဘာဂဝိမုတ္တမည်၏။ ။ဤကား
သဒ္ဓါရှုရ။ ။ပညာဝိမုတ္တိဟူရာ၌။ ပညာယဝိမုတ္တောတိပညာ
ဝိမုတ္တော။ဟု ဝစနတ္ထပြု။ ။ယောပုဂ္ဂလော။အကြင်ပုဂ္ဂိုလ်
သည်။ပညာယ၊ပညာဖြင့်။ ဝိမုတ္တော၊ကိလေသာမှ လွတ်၏။ဍုတိ၊
ကြောင့်။သောပုဂ္ဂလော၊သည်။ပညာဝိမုတ္တော၊ပညာဝိမုတ္တမည်
၏။ ။ဤကားယောဇနာ။ ။အကြင်ပုဂ္ဂိုလ်သည်။ပညာကို
အကြီး အမှူးပြု၍ ဝိပဿနာအစွမ်းဖြင့် နှလုံးသွင်း၍ သက်သက်
သောသင်္ခါရကိုနှင်း၊ ရူပဈာန်၊ တို့တွင် တပါးပါးသော ဈာန်ကို
ဧင်း သုံးသပ်ဆင်ခြင်၍ အရဟတ္တဖိုလ်သို့ ရောက်အံ့။ ဤပုဂ္ဂိုလ်
သည်လည်းသောတာပတ္တိမဂ်ကိုရသောခဏ၌ဓမ္မာနုသာရီမည်၏။

အထက် ၆ ဌာနတို့၌ ဒိဋ္ဌိပတ္တမည်၏။ အရဟတ္တဖိုလ်သို့ရောက်
သော်ကား ပညာဝိမုတ္တမည်၏။ ။ဤကားပညာဝေဖြ။ ။
အကြင်ပုဂ္ဂိုလ်သည်၊သဒ္ဓါကို အကြီးအမှူးပြု၍ ရှေးနည်းဖြင့် အ
ရဟတ္တဖိုလ်သို့ရောက်အံ့။ဤပုဂ္ဂိုလ်သည်လည်း။ သောတာပတ္တိ
မဂ်ကိုရသော ခဏ၌ သဒ္ဓါနုသာရီမည်၏။ ။အထက် ၆ ဌာန
တို့၌ သဒ္ဓါဝိမုတ္တမည်၏။ အရဟတ္တဖိုလ်သို့ ရောက်သော်ကား။
ပညာဝိမုတ္တမည်၏။ ။ဤကားသဒ္ဓါဝေဖြ။ ။ဤပညာဝိမုတ္တ
အရာ၌ သုက္ခဝိပဿက တယောက်။ဈာန် ၄ ပါးတို့မှထ၍ အရ
ဟတ္တဖိုလ်သို့ ရောက်ကုန်သော ပုဂ္ဂိုလ် ၄ တန်။ ဤသို့ ၅ တန်
ပြား၏။ ထို ၅ တန်တို့တွင်။တယောက်သည်မျှလည်း ဝိမောက္ခ
ရှစ်ပါးကိုရသည်မဖြစ်။ အကယ်၍ ရသည်ဖြစ်အံ့။ အရူပဈာန်
၄ ပါးတို့တွင် တပါးပါးရှိသော်လည်း။ ဥဘတောဘာဂဝိမုတ္တ
သာဖြစ်၏။ ပညာဝိမုတ္တမဖြစ်။ ထိုကြောင့်ဝိမောက္ခရှစ်ပါးလုံးကို
မမှတ်အပ်။အောက် ၄ ပါးမျှကိုသာမှတ်အပ်၏။ ။သောသုက္ခ
ဝိပဿကော စတူဟိဈာနေဟိ ဝုဋ္ဌာယ အရဟတ္တပတ္တာ စတ္တာ
ရောစာတိ ပဉ္စ ဝိဓော ဟောတိ ဧတေ သု ဟိ ဧကောပိ အဋ္ဌ ဝိ
မောက္ခလာဘီနဟောတိ။ ။အရူပါဝစရဈာနေသုပနဧကသ္မိံ
ဖိသတိဥဘတောဘာဂဝိမုတ္တောယေဝနာမဟောတိ။ ။ယခင်
အဋ္ဌကထာလာသည်ကိုရှု၍သိလင့်။ ။သော။ထိုပညာဝိမုတ္တ
ပုဂ္ဂိုလ်သည်။သုက္ခဝိပဿကောစ၊သမထဈာန်ခြောက်ပါးသော
ပုဂ္ဂိုလ်တို့ရင်း။စတူဟိ။ ၄ ပါးကုန်သော။ ဈာနေဟိ။ အောက်
ဈာန်တို့မှ။ ဝုဋ္ဌာယ။ထ၍။ အရဟတ္တပတ္တာ။ အရဟတ္တဖိုလ်သို့
ရောက်ကုန်သော။စတ္တာရောစ။ ၄ တန်တို့ရင်း။ဣတိ။ဤသို့။ ပဉ္စ
ဝိဓော။ ၅ တန်ပြားသည်။ဟောတိ။ဖြစ်၏။ ဟိ။မှန်၏။ ဧတေသု။
ထို ၅ တန်တို့တွင်။ ဧကောပိ။ တယောက်သည်မျှလည်း။ အဋ္ဌ
ဝိမောက္ခလာဘီ၊ ဝိမောက္ခရှစ်ပါးလုံးကိုရသည်။ နဟောတိ။ မ
ဖြစ်။ ။ဇန။ရှစ်ပါးလုံးကိုရသည်ရှိသော်။ အရူပါဝစရဈာနေ
သု။ အရူပဈာန်တို့တွင်။ ဧကသ္မိံပိ၊ ဈာန်တပါးမျှလည်း။ သတိ။

ရှိသေ၏။ဥဘတောဘာဂ ဝိမုတ္တောယေဝနာမ။ ဥဘတောဘာဂ
ဝိမုတ္တသာမည်သည်၊ဟောတိ။၏။ ။ဤကား၊ယောဇနာ။ ။
ဤရဟန္တာ ၂ တန်ကို၊ သုညတ စသော ဝိမောက္ခ ၃ ပါးဖြင့်
မြှောက်၊ ၆ တန်ဖြစ်၏။ ၆ တန်ကို ပဋိပဒါ ၄ ပါးဖြင့်မြှောက်၊
၂၄ တန်ဖြစ်၏။ ။တနည်းကား၊ ရဟန္တာနှစ်တန်ကို ဓုရ ၂ ပါး
ဖြင့်မြှောက်၊ ၄ တန်ဖြစ်၏။ အကြွင်းရှေးနည်းမြှောက်၊ ၁၂ တန်
၄၈ တန်ဖြစ်၏။ ။တနည်းကား၊ သာမညအားဖြင့် ရဟန္တာ
တယောက်ကို၊ ဝိမောက္ခ ၃ ပါးဖြင့်မြှောက်၊ ၃ တန်ဖြစ်၏။ ၃
တန်ကို ပဋိပဒါ ၄ ပါးဖြင့် မြှောက်၊ ၁၂ တန်ဖြစ်၏။ ။
သောတာပတ္တိမဂ္ဂဋ္ဌာန်သည်၊ဓုရ ၂ နှစ်ပါးအစွမ်းဖြင့် ၂ တန်ဖြစ်
၏။ ၂ တန်ကို ဝိမောက္ခ ၃ ပါးဖြင့် မြှောက်၊ ၆ တန်ဖြစ်၏၊ ၆
တန်ကိုပဋိပဒါ ၄ပါးဖြင့်မြှောက်။နှစ်ဆဲ့လေးတန်ဖြစ်၏။အထက်
မဂ္ဂဋ္ဌာန်၃တန်တို့၌လည်းရှေးနည်းအတူ၂၄တန်စီယူ။ ။တနည်း
ကား။ထိုမဂ္ဂဋ္ဌာန် ၃တန်တို့ကို၊သဒ္ဓါဝိမုတ္တ။ဒိဋ္ဌိပတ္တ။ကာယသက္ခိ
ဟူ၍ ၃တန်စီပြု။၃ တန်ကို ဝိမောက္ခသုံးပါးဖြင့်မြှောက်။၉ တန်
ဖြစ်၏။၉ တန်ကိုပဋိပဒါ ၄ပါးဖြင့်မြှောံ၊၃၆တန်ဖြစ်၏။ ။သက
ဒါဂါမိစသောမဂ္ဂဋ္ဌာန်၃တန်တို့၌၃၆တန်စီမှတ်။ ။မဂ္ဂဋ္ဌာန်ပေါင်း
၉၆ တန်။ ။တနည်းကား။ ။၁၃၂ တန်ဖြစ်၏ဟုမှတ်၊ ။ဤကား
အရိယာပုဂ္ဂိုလ်တို့၌မှတ်ဘွယ်။ ။အတ္ထေညာဏံအတ္ထပဋိသမ္ဘိဒါ
ဓမ္မေညာဏံ ဓမ္မပဋိသမ္ဘိဒါ၊ ဓမ္မနိရုတ္တာဘိလာပေညာဏံနိရုတ္တိ
ပဋိသမ္ဘိဒါ။ ညာဏေသုညာဏံ ပဋိဘာဏပဋိသမ္ဘိဒါ။ ။ပဋိ
သမ္ဘိဒါမဂ်ပါဠိတော်။ ။ဤပါဠိတော်ဖြင့် ပဋိသမ္ဘိဒါ ၄ပါးကို
ပြတော်မူသည်။ ။အတ္ထေ။အကျိုး၌။ဝါ၊ အမှတ်မဲ့အကြောင်း
ကြောင့် ဖြစ်သော အကျိုး နိဗ္ဗာန် ဟောတော် မူအပ်သော သဒ္ဒါ၏
အနက်။ဝိပါက်၊ ကြိယာဟုဆိုအပ်သော်သဘော၌၊ ညာဏံ။သိ
သောညာဏ်သည်၊ အတ္ထပဋိသမ္ဘိဒါ၊အတ္ထပဋိသမ္ဘိဒါမည်၏။
ဓမ္မေ။အကြောင်း၌။ဝါ၊အမှတ်မဲ့သောအကြောင်း အရိယာမဂ်၊
ဘာသိတသဒ္ဒါ၊ ကုသိုလ်အကုသိုလ်တည်းဟူသော သဘော၌၊

ဉာဏံ။သိသော ဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ။ ဓမ္မပဋိသမ္ဘိဒါ
မည်၏၊ ဓမ္မနိရုတ္တာဘိလာပေ။ သဘာဝသဒ္ဒါဟု ဆိုအပ်သော
မာဂဓသဒ္ဒါကို ထုတ်၍ ပြောခြင်း၌။ ဉာဏံ။ သိသော ဉာဏ်
သည်။ နိရုတ္တိပဋိသမ္ဘိဒါ။နိရုတ္တိပဋိသမ္ဘိဒါမည်၏။ဉာဏေသု။
ရှေးဉာဏ် သုံးပါးတို့၌။ဉာဏံ။သိသောဉာဏ်သည်။ ပဋိဘာ
ဏပဋိသမ္ဘိဒါ။ပဋိဘာဏပဋိသမ္ဘိဒါမည်၏။ ။ဤကားယောဇ
နာ။ ။ဖဿောဝေဒနာ စသောသဒ္ဒါကို ကြား၍။ ဤကားသ
ဘာဝနိရုတ္တိဟူ၍သိခြင်း။ဖဿဝေဒနာစသော သဒ္ဒါကိုကြား၍
ဤကား သဘာဝနိယုတ္တိ မဟုတ်ဟူ၍ သိခြင်းသည်။ နိရုတ္တိပဋိ
သမ္ဘိဒါမည်၏။ ဖဿောကားပုလ္လိင်။ ဝေဒနာကား ဣတ္ထိလိင်။
ပုလ္လိင်အားလျော်စွာ ဩကာရန္တနှင့် ဖဿောဟုရွတ်မှ။ သဘာ
ဝနိယုတ္တိ မှန်သည်၊ ဖဿာဟု ဣတ္ထိလိင် အာကာရန္တနှင့် ရွတ်
လျှင် သဘာဝနိယုတ္တိမမှန်။ ဖောက်ပြန်သော သဒ္ဒါတည်းဟု သိ
သည်၊ ဝေဒနာ၌လည်း ဓိဓိဣတ္ထိလိင်အားလျော်စွာ ဝေဒနာဟု
ရွတ်လျှင် သဘာဝနိယုတ္တိမှန်သည်။ ဝေဒနောဟူ၍ ပုလ္လိင် ဩ
ကာရန္တနှင့် ရွတ်လျှင် သဘာဝနိယုတ္တိမမှန်။ ဖောက်ပြန်သော
သဒ္ဒါဟုသိသည်။ဤသို့စသည်ဖြင့် မာဂဓဘာသာ မှန် မမှန်ကိုသိ
သော ဉာဏ်သည်။ နိရုတ္တိပဋိသမ္ဘိဒါမည်၏ဟူ၍ အကျယ်သိ
သေ။ ။ရှေးဉာဏ်သုံးပါးတို့၌ အာရုံကိစ္စစသည်ကိုအကျယ်
အားဖြင့်သိသောဉာဏ်ကိုပဋိဘာဏပဋိသမ္ဘိဒါဟူ၍မှတ်။ ။
ကြွင်းဉာဏ်နှစ်ပါးကားထင်ရှား၏။ ။ဤပဋိသမ္ဘိဒါဉာဏ်
လေးပါးတို့ကို သေက္ခ အသေက္ခမှတပါး ပုထုဇဉ်တို့ မရကုန်။
ထိုဉာဏ်တို့၏ စင်ကြယ်သန့်ရှင်းကြောင်းတို့ကား ငါးပါးပြား
ကုန်၏။အဓိဂမ။ပရိယတ္တိသဝန။ ပရိပုစ္ဆာ။ ပုဗ္ဗယောဂ ငါးပါး
သချင်။ ။အရဟတ္တဖိုလ်သို့ ရောက်ခြင်းသည်၊အဓိဂမ မည်
၏။ ။ပိဋကတ် သုံးပုံ ဟည်းဟူသော ဘုရား စကားတော်
ကို သင်အံ ခြင်းသည် ပရိယတ္တိ မည်၏။ ။အရိုအသေ ပြု
၍ တရား နာခြင်းသည် သဝနမည်၏။ ။ပါဠိအဋ္ဌကထာ စ

သည့်တို့၌ ခဲ့ရာခဲ့စစ် ပုန်အနက် အဆုံး အဖြတ်ကို ပြုခြင်းသည် ပရိပုစ္ဆာမည်၏။ ။ရှေးဘုရားတို့၏ သာသနာ့တော်၌ ဂေါတြဘူ အနီးတိုင်အောင် အနုပဿနာကို အဘန်ဘလဲလဲအားထုတ်ဘူးခြင်းသည်၊ ပုဗ္ဗပယောဂမည်၏။ , ။တနည်းကား။ ပုဗ္ဗပယောဂ။ဗဟုသစ္စ။ဒေသဘာသာ။ အာဂမ။ ပရိပုစ္ဆာ။အဓိဂမ။ ဂရုသန္နိဿယ။မိတ္တသမ္ပတ္တိ ဤရှစ်ပါးသည် ပဋိသမ္ဘိဒါဉာဏ်စင်ကြယ်ခြင်း အကြောင်းမည်၏။ ။ပုဗ္ဗပယောဂကား ရှေးနည်း။ ။ထိုထိုကျမ်းဂန်တို့၌ရင်း။ ထိုထိုသိပ္ပတို့၌ရင်း လိမ်မာသည်၏အဖြစ်သည် ဗဟုသစ္စမည်၏။ ။ဘာသာတရာ့တပါးတို့၌ရင်း အထူးအားဖြင့် မဂဓဘာသာ၌ရင်း လိမ်မာသည်၏အဖြစ်သည် ဒေသ ဘာသာမည်၏။ ။အယုတ်သဖြင့် ဩပမ္မဝဂ်မျှသော ဘုရား စကားတော်ကို သင်အံ ခြင်းသည် အာဂမမည်၏။ ။အသုတ်သဖြင့် တဂါထာမျှ၏ အနက် အဆုံး အဖြတ်ကို မေးမြန်းခြင်းသည် ပရိပုစ္ဆာမည်၏။ သောတာပန် စသောအရိယာ အဖြစ်သို့ရောက်ရခြင်းသည် အဓိဂမ မည်၏။ ။အကြားအမြင် များကုန်သော ဆရာတို့ဘံ၌ နေခြင်းသည်။ ဂရုသန္နိဿယမည်၏။ ။ထိုသို့ လျောက်ပတ်ကုန်သော အဆွေခင်ပွန်းကောင်းတို့ကို ရခြင်းသည် မိတ္တသမ္ပတ္တိမည်၏။ ။သေက္ခာနံ ပနသေက္ခ ဖလဝိမောက္ခ န္တိ ကာ။ အသေက္ခာနံ အသေက္ခဖလဝိမောက္ခ န္တိ ကာစ။ပဋိသမ္ဘိဒါပတ္တိဟောတိ။ တထာဂတာနံ ဒသဗလ ဉာဏံ ဝိယ အရိယာနံ အရိယဖလေနေဝ ပဋိသမ္ဘိဒါ ဧတ္ထ န္တိ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဌ်။ ။ဤပါဌ်ဖြင့် ပဋိသမ္ဘိဒါနှင့်ပြည့်စုံခြင်းမည်သည် ကမ္မဋ္ဌာန်းကို အားထုတ်ရခြင်းအထူးမရှိ။ မိမိတို့၏ အရိယာ ဖိုလ်ဖြင့်သာလျှင် ပြည့်စုံ၏။ ဘုရား၏ ဒသ ဗလ ဉာဏ်တော် တို့သည် အရဟတ္တဖိုလ်၏ အာနုဘော်ဖြင့် ပြည့်စုံသကဲ့သို့ မှတ်အပ်သည်ကို ပြတော်မူသည်။ ။သေက္ခာနံ ပန။ သေက္ခတို့ အားကား။ သေက္ခဖလ ဝိမောက္ခန္တိ ကာစ။ သေက္ခ ဖိုလ်ဟုဆိုအပ်သော ဝိမောက္ခ အဆုံး ရှိခြင်းသည်ရင်း။ အသေ

ကွာနံ။ရဟန္တာတို့အား။ အသေက္ခ ဖလဝိမောက္ခန္တိကာစ။ အ
သေက္ခဖိုလ်ဟု ဆိုအပ်သော ဝိမောက္ခအဆုံး ရှိခြင်း သည်ဖြင့်။
ပဋိသမ္ဘိဒါပတ္တိ။ ပဋိသမ္ဘိဒါဉာဏ်သို့ ရောက်ကြောင်းသည်။
ဟောတိ။၏.ဟိ။မှန်၏။ တထာဂတာနံ။ ဘုရားတို့အား။ဒသဗ
လာနံ။ဉာဏ်တော်အားဆယ်ပါးတို့သည်။ဇုဿန္တိ ဝိယ။ပြည့်ရှိ
ကုန်၏သို့။အရိယာနံ။ အရိယာတို့အား။ အရိယဖလေနေဝ။ အရိ
ယဖိုလ်ဖြင့်သာလျှင်။ဇုဿန္တိ။ ပြည့်ရှိကုန်၏။ ။ဤကားယောဇ
နာ။ ။ဘုရားတို့သည်။ပုဗ္ဗပယောဂအဓိဂမ။ဤနှစ်ပါးကိုမှီ၍
ပဋိ သမ္ဘိဒါသို့ ရောက်ကုန်၏။ သာဝက တို့သည်ကား။ ထိုအ
ကြောင်း အလုံးစုံ တို့ကိုမှီ၍ ပဋိသမ္ဘိဒါသို့ ရောက်ကုန်၏ ဟူ၍
မှတ်လေ။ ။တတ္ထတိဿော ပဋိသမ္ဘိဒါ လောကိယာ အတ္ထပဋိ
သမ္ဘိဒါ။လောကိယ လောကုတ္တရမိဿကာ။ သာဟိ နိဗ္ဗာနာရမ္မ
ဏံ မဂ္ဂဖလ ဉာဏာနံ ဝသေန လောကုတ္တရာပိ ဟောတိ။ ။
ဝိဘင်းအဋ္ဌကထာပါဠိ။ ။ဤပါဠိဖြင့် ပဋိသမ္ဘိဒါ ဉာဏ်တို့
၏ဖြစ်ရာဓမ္မာနခေတ်ကိုပြတော်မူသည်။ ။တတ္ထ။ထိုပဋိသမ္ဘိ
ဒါ လေးပါးတို့တွင်။ တိဿော။ သုံးပါးကုန်သော။ ပဋိသမ္ဘိဒါ။
ပဋိသမ္ဘိဒါ တို့သည်။ လောကိယာ။ မဟာကုသိုလ် မဟာကြိ
ယာဉာဏသမ္ပယုတ်စိတ်ဟု ဆိုအပ်ကုန်သော လောကီခေတ်၌
ဖြစ်ကုန်၏။ အတ္ထပဋိသမ္ဘိဒါ။သည်။ လောကိယ လောကုတ္တရ
မိဿကာ။လောကီလောကုတ်စိတ် မိဿကခေတ်၌ ဖြစ်ကုန်၏။
ဟိ။မှန်၏။ သာ။ ထိုအတ္ထပဋိသမ္ဘိဒါသည်။ နိဗ္ဗာနာရမ္မဏာနံ။
နိဗ္ဗာန်လျှင် အာရုံ ရှိကုန်သော။ မဂ္ဂဖလဉာဏာနံ။ မဂ်ဉာဏ်
ဖိုလ်ဉာဏ်တို့၏။ ဝသေန။ အစွမ်းဖြင့်။ လောကုတ္တရာပိ။ လော
ကုတ္တရာသည်လည်း။ဟောတိ။၏။ ။ဤကားယောဇနာ။ ။
ဤကား ပဋိသမ္ဘိဒါ လေးပါးတို့၌မှတ်ဘွယ်။ ။ပဋိစ္စသမုပ္ပါဒ်
အရာ၌ သင်္ခါရသည်။အဝိဇ္ဇာပစ္စယာ သင်္ခါရလည်းတပါး။ အာ
ဂတသင်္ခါရလည်းတပါး။ ဤသို့နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့
တွင်။ အဝိဇ္ဇာပစ္စယာ သင်္ခါရသည်။ ပုညာဘိသင်္ခါရအပုညာ

ဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ။ ကာယသင်္ခါရ။ ဝစီသင်္ခါရ။ စိတ္တသင်္ခါရ အားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုခြောက်ပါးတို့တွင်။ ကာမကုသိုလ် စေတနာ ရှစ်ခု။ ရူပကုသိုလ် စေတနာ ငါးခု။ ဤဘဆဲ့သုံးပါးသော စေတနာသည်။ ပုညာဘိသင်္ခါရ မည်၏။ ။ဤပုညာဘိသင်္ခါရအရာ၌ အဘိညာဏ် စေတနာကို ဝိညာဉ်၏အကြောင်း၏အဖြစ်၌မယူအပ်။ အဝိဇ္ဇာ၏အကျိုး၏အဖြစ်၌ကား ယူအပ်၏။ ။အကုသိုလ်စေတနာ တဆဲ့နှစ်ပါးသည် အပုညာဘိသင်္ခါရမည်၏။ ဤအပုညာဘိသင်္ခါရအရာ၌ ဝိညာဏ်၏ အကြောင်းအဖြစ်၌ ဥဒ္ဓစ္စ စေတနာကို ကြဉ်အပ်၏။ အဝိဇ္ဇာ၏အကျိုးအဖြစ်၌ကား ယူအပ်၏။ ထိုကြောင့် ယခင်အဋ္ဌကထာ၌။ ။အဘိညာစေတနာပနေတ္တ ပရတော ဝိညာဏဿ ပစ္စယော န ဟောတိ တိ န ဂဟိတာ။ ယထာ စ အဘိညာ စေတနာ။ ဧဝံ ဥဒ္ဓစ္စ စေတနာပိ န ဟောတိ။ တသ္မာ သာပိ ဝိညာဏဿ ပစ္စယဘာဝေ အပနေတဗ္ဗာ။ အဝိဇ္ဇာ ပစ္စယာ ပန သဗ္ဗာပေ တာ ဟောန္တိ။ ။ဟူ၍ ဘွင့်အပ်၏။ ။ပန။ အထူးကို ဆိုဦးအံ့။ ဧတ္ထ။ ဤသင်္ခါရအရာ၌။ အဘိညာစေတနာ။ အဘိညာဏ် စေတနာသည်။ ပရတော။ နောက်ဖြစ်သော။ ဝိညာဏဿ။ ဝိညာဏ်၏။ ပစ္စယော။ အကြောင်းသည်။ န ဟောတိ။ မဖြစ်။ ဣတိ တသ္မာ။ ထိုကြောင့်။ န ဂဟိတာ။ မယူအပ်။ အဘိညာစေတနာ။ အဘိညာဏ်စေတနာသည်။ ဝိညာဏဿ။ ၏။ ပစ္စယော။ သည်။ န ဟောတိ ယထာ။ မဖြစ်၏သို့။ ဧဝံ တထာ။ ထိုအတူ။ ဥဒ္ဓစ္စစေတနာပိ။ ဥဒ္ဓစ္စစေတနာသည်လည်း။ န ဟောတိ။ မဖြစ်။ တသ္မာ။ ထိုကြောင့်။ သာပိ။ ထိုဥဒ္ဓစ္စစေတနာကိုလည်း။ ဝိညာဏဿ။ ဝိညာဏ်၏။ ပစ္စယဘာဝေ။ အကြောင်း၏အဖြစ်၌။ အပနေတဗ္ဗာ။ ပယ်အပ်၏။ ပန။ ယူအပ်သည်ကား။ အဝိဇ္ဇာပစ္စယာ။ အဝိဇ္ဇာဟူသောအကြောင်းကြောင့်။ သဗ္ဗာပိ။ အလုံးစုံလည်း ဖြစ်ကုန်သော။ ဧတာ။ ထိုစေတနာ တို့သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ ။ဤကားယောဇနာ။ ။ဤပါဠိ၌ ဥဒ္ဓစ္စစေတနာ၏ ဖြစ်ဟန်ကို ထောက်၍ အဟောသိကံဖြစ်ကုန်

သော အကုသိုလ်ကံ လဟုကံ တို့၏ ဖြစ်ဟန်ကိုလည်း ထိုနှင့် တပဲသိ။ ။အဘိညာဏ်စေတနာ၏ ဖြစ်ဟန်ကို ထောက်၍ အဟောသိကံ ဖြစ်ကုန်သော ကုသိုလ်ဂရုကံ လဟုကံ တို့၏ဖြစ်ဟန်ကိုလည်း ထိုနှင့်တပဲသိ။ ။အရူပကုသိုလ်စေတနာ လေးခုသည် အာနန္တရိယ သင်္ဂါရမည်၏။ ဤသင်္ဂါရအရာ၌လည်း အဟောသိကံအဖြစ်သို့ ရောက်သော အရူပ ဂရုကံကို ယခင်နည်းကဲ့သို့သိ။ ။ဤသင်္ဂါရ သုံးပါး၌ စေတနာတခုယုတ်သုံးဆယ် ကိုးဝင်း နှစ်ဆဲ့ရှစ်ပါးကိုးဝင်း ရအပ်၏။ ။ကာမကုသိုလ် အကုသိုလ်စေတနာ အမျှနှစ်ဆယ်သည်။ကာယသင်္ဂါရမည်၏။ ။ဝစီသင်္ဂါရလည်းနည်းတူ။ ။တခုယုတ် စေတနာ ၃၀ သည် မနောသင်္ဂါရမည်၏။ ။အာဂတသင်္ဂါရသည်။သင်္ခတသင်္ဂါရ။ အဘိသင်္ခတ သင်္ဂါရ။ အဘိသင်္ဂါရနကာသင်္ဂါရ။ ပယောဂါဘိ သင်္ဂါရ ဤသို့ လေးပါး အပြားရှိ၏။ ထိုလေးပါး တို့တွင်။ အကြောင်းတရား လေးပါး တို့ကြောင့် ဖြစ်ကုန်သော တရားတို့သည်။သင်္ခတသင်္ဂါရမည်ကုန်၏။ ။ကံကြောင့်ဖြစ်ကုန်သော တေဘူမ္မကရုပ်နာမ်တရား တို့သည်။အဘိသင်္ခတ သင်္ဂါရ မည်ကုန်၏။ ။တေဘူမ္မကကုသိုလ်အကုသိုလ်စေတနာသည်။အဘိသင်္ဂါရနကာသင်္ဂါရမည်၏။ ။ကာယိကစေတသိကဝိရိယသည်။ ပယောဂါဘိသင်္ဂါရမည်၏။ ။ဤသင်္ဂါရ လေးပါးတို့တွင်။သင်္ခတသင်္ဂါရ၌ကြွင်းသင်္ဂါရသုံးပါးတို့သည် ဝင်ကုန်၏။ ဝေနေယျတို့အစွမ်းဖြင့်သာပြား၍ ဟောတော်မူအပ်သည်။ အဘိသင်္ဂါရနကာသင်္ဂါရသည်ကား။အဝိဇ္ဇာပစ္စယာ သင်္ဂါရ၌ဝင်၏။ ကြွင်းသင်္ဂါရသုံးပါးကား မဝင်။ ထိုကြောင့် ဤသင်္ဂါရသုံးပါးကို အဝိဇ္ဇာပစ္စယာ သင်္ဂါရပုဒ်၌မလိုအပ်။ သင်္ခါရပုဒ်၏အထူး၌ ရအပြားကိုသိစေလို၍သာ ထုတ်အပ်သည်ဟုမှတ်။ ထိုကြောင့် ယခင်အဋ္ဌကထာ၌။ ။အပိစအဝိဇ္ဇာပစ္စယာသင်္ခါရာ။ သင်္ဂါရ သဒ္ဒေန အာဂတ သင်္ခါရာ စာတိ ဒုဝိဓေသင်္ခါရာ။ တတ္ထပုညာ ဖုညာနဉ္ဇာဘိ သင်္ခါရာ တယော။ ကာယဝစီ စိတ္တသင်္ခါရာ တ

ယောတိ ဉာမေဿ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ တေသဗ္ဗေပိလော
ကိယကုသလာ ကုသလစေတနာ မတ္တမေဝဟောန္တိ။ သင်္ခတ
သင်္ခါရော။အဘိ သင်္ခတ သင်္ခါရော။အဘိသင်္ခါရ နကသင်္ခါ
ရော။ပယောဂါဘိ သင်္ခါရောတိ ဉာဏမေပန စတ္တာရော သင်္ခါရ
သဒ္ဒေန အာဂတသင်္ခါရာ။ ။ဟူ၍ဘွင့်အပ်၏။ ။အပိစ။
နည်းတပါးကို။ မယာ။ ငါအဋ္ဌကထာဆရာသည်။ ဝုတ္တတော။ဆို
ဦးအံ့။သင်္ခါရာ။သင်္ခါရတို့သည်။အဝိဇ္ဇာပစ္စယာသင်္ခါရာစ။ အ
ဝိဇ္ဇာကြောင့်ဖြစ်ကုန်သောသင်္ခါရတို့ရင်း။သင်္ခါရသဒ္ဒေန။သင်္ခါ
ရသဒ္ဒါဖြင့်။ အာဂတသင်္ခါရာစ။လာကုန်သော သင်္ခါရတို့ရင်း။
ဣတိ။ဤသို့။ဒုဝိဓါ။ နှစ်ပါးအပြားရှိကုန်၏။ တတ္ထ။ ထိုနှစ်ပါးတို့
တွင်။တယော။သုံးပါးကုန်သော။ ပုညာပုညာနေဉ္ဇာဘိသင်္ခါရာ။
ပုညာဘိသင်္ခါရ၊အပုညာဘိသင်္ခါရ၊အာနေဉ္ဇာဘိသင်္ခါရတို့ရင်း၊
တယော။ သုံးပါးကုန်သော။ ကာယဝစီစိတ္တသင်္ခါရာ။ ကာယ
သင်္ခါရ၊ဝစီသင်္ခါရ၊ စိတ္တသင်္ခါရတို့ရင်း။ဣတိဣမေဆ။ ဤခြောက်
ပါးတို့သည်။အဝိဇ္ဇာပစ္စယာသင်္ခါရာ။ အဝိဇ္ဇာကြောင့် ဖြစ်ကုန်
သော သင်္ခါရတို့ မည်ကုန်၏။သဗ္ဗေပိ။ အလုံးစုံလည်း ဖြစ်ကုန်
သော။တေ။ထိုသင်္ခါရ ၆ပါးတို့သည်။ လောကိယ ကုသလာ
ကုသလ စေတနာ မတ္တမေဝ။ လောကီ ကုသိုလ် အကုသိုလ်
စေတနာတချုပ်၃၀ တို့သာလျှင်။ ဟောန္တိ။ဖြစ်ကုန်၏။ပန၊အ
ဘို့တပါးကို ဆိုဦးအံ့။ သင်္ခတသင်္ခါရော။သင်္ခတသင်္ခါရရင်း၊အ
ဘိသင်္ခတသင်္ခါရော။အဘိသင်္ခတသင်္ခါရရင်း။အဘိသင်္ခါရနက
သင်္ခါရော။ အဘိသင်္ခါရ နကသင်္ခါရရင်း။ ပယောဂါဘိ သင်္ခါ
ရော။ပယောဂါဘိသင်္ခါရရင်း၊ဣတိဣမေစတ္တာရော။ဤလေးပါး
တို့သည်။သင်္ခါရသဒ္ဒေန။ သင်္ခါရသဒ္ဒါဖြင့်။ အာဂတသင်္ခါရာ။
လာကုန်သောသင်္ခါရမည်ကုန်၏။ ။ဤအားယောဇနာ၊ ။ဒွိဒွိ
ပဋ္ဌပ္ပကာရာစ။ ပဋ္ဌဒ္ဒုဝိဓါပိ စတုဝီသတိသဗ္ဗာပိ။ တာဝဟောန္တိ
ပဋိသန္ဓိယော။ ။မူလဋီကာပါဌ်။ ပဋိသန္ဓေနှစ်ဆဲ့လေးပါးကိုပြ
သည်။ ။သဗ္ဗာပိ။အလုံးစုံလည်းဖြစ်ကုန်သော၊တာပဋိသန္ဓိယော၊

ထိုပဋိသန္ဓေ တို့သည်။ ဒွိဒွိပဉ္စပဉ္စကာရာစ။ နှစ်ပါးနှစ်ပါး ငါးပါး
အပြားအားဖြင့်ရင်း။ ပဉ္စဒွေဒုဝိဓါပိစ။ ငါးပါး ရှစ်ပါးနှစ်ပါးအပြား
အားဖြင့်ရင်း။ စတုဗ္ဗိသတိ။ နှစ်ဆဲ့လေးပါးတို့သည်။ ဟောဋ္ဌ။ ဂုန်
၏။ ။ဤကားယောဇနာ။ ။ဤဂါထာ၌ ပဌမဒွိအရကို
တခုသော ကာမသုဂတိရတိအခြားမဲ့၌။ အတိတ်ပစ္စုပ္ပန် အာရုံ
အစွမ်းဖြင့် ဒုဂ္ဂတိပဋိသန္ဓေ နှစ်ခုကိုမှတ်။ ဒုတိယဒွိအရကို ဒုဂ္ဂတိ
ရတိအခြားမဲ့၌ အတိတ်ပစ္စုပ္ပန် အာရုံအစွမ်းဖြင့် ကာမသုဂတိ
ပဋိသန္ဓေ နှစ်ခုကိုမှတ်။ ပဉ္စအရကို ကာမသုဂတိ ရတိအခြားမဲ့၌
အတိတ် ပစ္စုပ္ပန် အာရုံအစွမ်းဖြင့် ကာမသုဂတိ ပဋိသန္ဓေနှစ်ခု။
နဝတ္တဗ္ဗာရမ္မဏာ အာရုံအစွမ်းဖြင့်။ ရူပပဋိသန္ဓေတခု။ အတိတ်
နဝတ္တဗ္ဗာရမ္မဏာအာရုံအစွမ်းဖြင့် အရူပပဋိသန္ဓေနှစ်ခု။ ဤငါးခု
ကိုမှတ်။ ဒုတိယပဉ္စ၌ ရူပရတိအခြားမဲ့။ အတိတ် ပစ္စုပ္ပန် အာရုံ
အစွမ်းဖြင့် ကာမသုဂတိပဋိသန္ဓေနှစ်ခု။ နဝတ္တဗ္ဗာရမ္မဏာ အာရုံ
အစွမ်းဖြင့် ရူပပဋိသန္ဓေတခု။ အတိတ်နဝတ္တဗ္ဗာရမ္မဏာ အာရုံ
အစွမ်းဖြင့် အရူပပဋိသန္ဓေနှစ်ခု။ ဤငါးခုကိုမှတ်။ အဋ္ဌ၌ ဒုတိယာ
စတုတ္ထာရုပ္ပရတိ အခြားမဲ့၌ အတိတ်ပစ္စုပ္ပန် အာရုံအစွမ်းဖြင့်
ကာမသုဂတိပဋိသန္ဓေနှစ်ခု။ ပဌမ တတိယာရုပ္ပရတိ အခြားမဲ့
အတိတ်ပစ္စုပ္ပန်အာရုံအစွမ်းဖြင့် ကာမသုဂတိပဋိသန္ဓေနှစ်ခု။ အ
တိတ်နဝတ္တဗ္ဗာ အာရုံအစွမ်းဖြင့် အရူပပဋိသန္ဓေကိုလည်း နှစ်ခု
စီယူ၍၊ ဤရှစ်ခုကိုမှတ်။ စတုတ္ထာ ရုပ္ပ ရတိ၏ နောက်၌ကား။
နဝတ္တဗ္ဗအာရုံရှိသော ပဋိသန္ဓေကိုမရအပ်။ ။နောက်ဒုဝိဓါ၌
ဒုဂ္ဂတိ ရတိအခြားမဲ့ အတိတ် ပစ္စုပ္ပန် အာရုံ အစွမ်းဖြင့် ဒုဂ္ဂတိ
ပဋိသန္ဓေနှစ်ခုသရုပ်ကိုမှတ်။ ဤသို့ပဋိသန္ဓေနှစ်ဆဲ့လေးပါးသရုပ်
ကိုသိအပ်၏။ ။ဤကားအဓိပ္ပါယ်။ ။ဝိသုဒ္ဓိမဂ်ဋီကာ။ သင်္ခေ
ပဋီကာတို့၌လည်း။ ။ဒွေဒွေပဉ္စပဉ္စဋ္ဌဒွေ။ ဘဝါလမ္ဗဏာဘေဒ
တော။ ပုတိယာဘာဒိသာယော။ စတုဗ္ဗိသတိသန္ဓိယော။ ။ဟူ
၍လာ၏။ ။ဒွေ။ ကာမသုဂတိရတိ၏နောက်၌ အတိတ်ပစ္စုပ္ပန်
အာရုံရှိသော ဒုဂ္ဂတိ ပဋိသန္ဓေ နှစ်ခုတို့ရင်း။ ဒွေ။ ဒုဂ္ဂတိ ရတိ၏

နောက်၌ အတိတ်ပစ္စုပ္ပန်အာရုံရှိသော ကာမသုဂတိ၊ ပဋိသန္ဓေ
နှစ်ခုတို့ရင်း။ ပဥ္စ။ ကာမသုဂတိစုတိ၏နောက်၌ အတိတ်ပစ္စုပ္ပန်
အာရုံရှိသော ကာမသုဂတိ ပဋိသန္ဓေနှစ်ခု။ နဝတ္တဗ္ဗအာရုံရှိသော
ရူပပဋိသန္ဓေတခု၊ အတိတ်နဝတ္တဗ္ဗ အာရုံရှိသောအရူပပဋိသန္ဓေ
နှစ်ခုအားဖြင့် ငါးခုကုန်သော ပဋိသန္ဓေတို့ရင်း။ ပဥ္စ။ ရူပစုတိ၏
နောက်၌ အတိတ်ပစ္စုပ္ပန်အာရုံရှိသော ကာမသုဂတိပဋိသန္ဓေနှစ်
ခု။ နဝတ္တဗ္ဗအာရုံရှိသော ရူပပဋိသန္ဓေတခု။ အတိတ်နဝတ္တဗ္ဗအာ
ရုံရှိသော အရူပပဋိသန္ဓေနှစ်ခုအားဖြင့် ငါးခုကုန်သော ပဋိသန္ဓေ
တို့ရင်း။ အဋ္ဌ။ ဒုတိယ စတုတ္ထာရုပ္ပ စုတိ၏ နောက်၌ အတိတ်
ပစ္စုပ္ပန်အာရုံရှိသော ကာမသုဂတိ တိဟိတ်ပဋိသန္ဓေနှစ်ခု၊ ပဌ
မ တတိယာ ရုပ္ပစုတိ၏နောက်၌ အတိတ်ပစ္စုပ္ပန် အာရုံ ရှိသော
ကာမသုဂတိ တိဟိတ်ပဋိသန္ဓေနှစ်ခု၊ အတိတ်နဝတ္တဗ္ဗ အာရုံရှိ
သော အရူပ ပဋိသန္ဓေနှစ်ခုစီအားဖြင့် ၆စ်ခုကုန်သော ပဋိသန္ဓေ
တို့ရင်း။ ဒွေ။ ဒုဂ္ဂတိစုတိ၏နောက်၌ အတိတ်ပစ္စုပ္ပန် အာရုံရှိသော
ဒုဂ္ဂတိပဋိသန္ဓေနှစ်ခုတို့ရင်း။ ဣတိ။ ဤသို့။ အာလမ္ဗဏဘေဒတော။
အာရုံအပြားဖြင့်။ စုတိယာ။ စုတိနောက်၌။ တာဒိသာဥယဝ၊ ထို
သို့သဘောရှိသည်သာလျှင် ဖြစ်ကုန်သော။ သန္ဓိယော။ ပဋိသန္ဓေ
တို့သည်။ စတုဝီသတိ။ နှစ်ဆဲ့လေးပါးအပြားဖြင့်။ ဘဝါ။ ဖြစ်ကုန်
၏။ ။ဤကားယောဇနာ။ ။ဤကားပဋိသန္ဓေနှစ်ဆဲ့လေးပါး
သရုပ်အကျဉ်းပြတ်မှတ်ဘွယ်။ ။ဘဝေါ။ ၌။ ကမ္မဘဝ၊ ဥပပတ္တိ
ဘဝနှစ်ပါးကိုမှတ်။ ။ကမ္မဘဝဟူသည်ကို ပုညာဘိသင်္ခါရ
စေတနာစသည်နှင့်တကွ။ သမ္ပယုတ္တဓမ္မကိုမှတ်။ ထိုကြောင့် ယ
ခင် သန္ဓာကထာ၌၊ ။သဗ္ဗမ္ပိဘဝဂါမိကမ္မန္တိ စေတနာ၊ သမ္ပေပတော
ဓမ္မာ စေတနာ စေတနာသမ္ပယုတ္တာဝါ ကမ္မသင်္ခါတာ အာစယ
ဂါမိနောဓမ္မာသင့်ဟိတာ။ ။ဟူ၍မိန့်အပ်၏။ ။သဗ္ဗမ္ပိဘဝဂါ
မိကမ္မန္တိ စေတနာ။ သဗ္ဗမ္ပိဘဝဂါမိကမ္မံ ဟူသော ဤပါဌ်ဖြင့်။ သဗ္ဗေ
ပိ။ ပုညာဘိ သင်္ခါရ စသောအားဖြင့် အလုံးစုံလည်း ဖြစ်ကုန်
သော၊ စေတဓမ္မာစေတနာဝါ။ ထိုစေတနာ စေတသိက် တို့ကို

ရင်း။ စေတနာသမ္ပယုတ္တာ။ စေတနာနှင့်အညီအညွတ်။ ကောပ္ပါဒ
စသော လက္ခဏာလေးပါးတို့ဖြင့် ယှဉ်ကျန်ထသော။ ကမ္မသ ၁ံ
တာ။ ကံဟူ၍သရောအပ်ကျန်ထသော။ အာစယဂါမိနော၊ ဘဝသို့
ရောက်စေတတ်ကျန်ထသော။ ဝါ။ ဥပပတ္တိဘဝကို ဖြစ်စေတတ်
ကျန်ထသော။ ဝါ။ ဇာတိ၏အကြောင်းဖြစ်ကျန်ထသော။ ဓမ္မာဝါ။
စေတသိက်တို့ကိုရင်း။ သံင်္ဂဟိတာ၊ သင်္ဂြိုဟ်အပ်ကျန်၏။ ။ ဤ
ကားယောဇနာ။ ။ ဥပပတ္တိဘဝသည်။ ကာမဘဝ။ ရူပဘဝ။
အရူပဘဝ။ သညာဘဝ။ အသညာဘဝ။ နေဝသညာနာသညာဘ
ဝ။ ဧကဝေါကာရဘဝ။ စတုဝေါကာရဘဝ။ ပဉ္စဝေါကာရဘ
ဝ။ ဤသို့ကိုးပါးပြား၏။ ထိုကိုးပါးတို့တွင်။ ကာမဥပါဒိဏ္ဏက္ခန္ဓာ
ငါးပါးကို ကာမဘဝမှတ်။ ရူပဥပါဒိဏ္ဏက္ခန္ဓာငါးပါး တပါးကို
ရူပဘဝမှတ်။ အရူပဥပါဒိဏ္ဏ နာမက္ခန္ဓာလေးပါးကို အရူပဘဝ
မှတ်၊ သညာဘဝ၌။ ကာမသညာဘဝ။ ရူပသညာဘဝ။ အရူပ
သညာဘဝ ဟူ၍သုံးပါးမှတ်။ ကာမသညာဘဝမှာ ကာမဘဝ
နှင့်တူ၏။ ရူပသညာဘဝမှာ။ ရူပဘဝနှင့်တူ၏။ အရူပသညာ ဘ
ဝမှာ။ အောက်က အရူပဘဝ သုံးပါးနှင့်တူ၏။ အသညာဘဝ
မှာ။ ရူပဘဝ တပါးနှင့် တူ၏။ နေဝသညာ နာသညာ ဘဝမှာ။
အထက်အရူပဘဝနှင့်တူ၏။ ဧကဝေါကာရဘဝကား။ အသညာ
ဘဝနှင့်တူ၏။ အသညသတ်ဘုံ၌မှတ်။ စတုဝေါကာရဘဝကား။
အရူပဘဝနှင့်တူ၏။ ပဉ္စဝေါကာရဘဝကား၊ ကာမဘဝ ရူပဘဝ
နှစ်ပါးနှင့်တူ၏။ ။ ကာမတဏှာ အလိုရှိအပ်သောကြောင့်၊ ကာ
မဘဝ ဟူ၍ ဆိုအပ်သည်။ ရူပတဏှာသည် အလို ရှိအပ်သော
ကြောင့်၊ ရူပဘဝဟူ၍ဆိုအပ်သည်။ အရူပတဏှာသည် အလို
ရှိအပ် သောကြောင့်၊ အရူပ ဘဝဟူ၍ ဆိုအပ်သည်။ ပဋိသန္ဓေ
သညာရှိသောကြောင့်၊ သညာဘဝဟူ၍ ဆိုအပ်သည်။ ပဋိသန္ဓေ
သညာမရှိသောကြောင့်၊ အသညာဘဝဟူ၍ ဆိုအပ်သည်။ သိမ်
မွေ့သော ပဋိသန္ဓေ သညာ ရှိသောကြောင့်။ နေဝသညာ နာ
သညာဘဝဟူ၍ဆိုအပ်သည်။ ရူပက္ခန္ဓာတပါးသာရှိသည်ကို၍

၍ ဧကဝေါကာရဘဝဟူ၍ ဆိုအပ်သည်၊ နာမက္ခန္ဓာ လေးပါး ရှိသည်ကိုစွဲ၍ စတုဝေါကာရ ဘဝဟူ၍ဆိုအပ်သည်။ ခန္ဓာငါး ပါးရှိသည်ကိုစွဲ၍ ပဉ္စဝေါကာရ ဘဝဟူ၍ ဆိုအပ်သည်၊ ဘဝ နှစ်ဆဲ့လေးပါး၊ တဆဲ့နှစ်ပါး၊ ခြောက်ပါး၊ သုံးပါး၊ နှစ်ပါး၊ တပါး ဖြစ်ဟန်များကိုလည်းမှတ်။ ယခင်အဋ္ဌကထာနည်း။ ၊တနည်း ကား၊ အသညသတ္တဘဝနှင့်တကွ၊ ဘဝဆဲ့နှစ်ပါးဖြစ်စေ၍၊ ကမ္မ၊ ဥ ပပတ္တိဘဝ နှစ်ပါးဖြင့်မြှောက်။ နှစ်ဆဲ့လေးဘဝဖြစ်၏။ နှစ်ဆဲ့လေး ဘဝကို ဥပါဒါန်လေးပါးဖြင့်မြှောက်။ ကိုးဆဲ့ခြောက်ဘဝဖြစ်၏၊ ဤကား အနုသောမနည်း၊ ၊အဋ္ဌကထာ နည်း၌ အသညသတ္တ ဘဝတို့ကို အတွင်းပြု၍ ကာမရူပ အရူပဘဝ သုံးပါးကိုတည်၊ ကံဥနှစ်ပါးဖြင့် မြှောက်၊ ခြောက်ဘဝဖြစ်၏၊ ခြောက်ဘဝကို ဒါန်လေးပါးဖြင့်မြှောက်၊ နှစ်ဆဲ့လေးဘဝဖြစ်၏။ ၊ကံဥနှစ် ပါးကို တပါးတည်းပြု၍၊ ကာမရူပ အရူပဘဝသုံးပါးဖြင့်မြှော်၊ သုံးဘဝဖြစ်၏၊ သုံးကိုဥပါဒါန်လေးပါးဖြင့်မြှောက်၊ တဆဲ့နှစ်ဘဝ ဖြစ်၏၊ ၊အသညသတ္တဘဝတို့ကိုအတွင်းပြု၍၊ ကာမရူပ အရူ ပဘဝသုံးပါးကို၊ ကံဥနှစ်ပါးဖြင့်မြှောက်၊ ခြောက်ဘဝဖြစ်၏၊ ၊ သုံးပါး နည်းမှာ၊ တဆဲ့ နှစ်ပါး နည်းတွင် ပါဝင်သော သုံးပါး ဖြင့်မြှောက်၊ ရှေးနည်းအတိုင်းမှတ်၊ ၊နှစ်ပါးမှာ ကံဥနှစ်ပါးကို ပင်မှတ်၊ ၊တပါးမှာ၊ ဘဝသာမညအစွမ်းဖြင့်မှတ်၊ ၊ဘဝ ပစ္စယာ၌ ကမ္မဘဝကိုသာ အလိုရှိအပ်၏။ ၊ဥပပတ္တိဘဝကို ကား၊ ဇာတိအား၊ ကမ္မပစ္စည်း အဖြစ်ဖြင့် ကျေးဇူး မပြုတတ် သောကြောင့် အလိုမရှိအပ်၊ ဇာတိဟူသည်ကို၊ ဥပပတ္တိဘဝ၏ ဖြစ်ခြင်းသဘောကိုမှတ်၊ ဥပပတ္တိဘဝကိုမမှတ်လင့်၊ ထိုကြောင့် ယခင်အဋ္ဌကထာ၌၊ ၊ဘဝေါတိပနေတ္ထကမ္မဘဝေါဝ အ ဓိပ္ပေတော။ သောဟိ ဇာတိယာ ပစ္စယော။ နဥပပတ္တိ ဘဝေါ၊ သောစပန ကမ္မပစ္စယ ဥပ နိဿယ ပစ္စယ ဝသေန ဒွေဓါ ပစ္စ ယောဟောတိ၊ ၊ဟူ၍မိန့်အပ်၏၊ ၊ပန၊ဆက်၍ဆိုဦးအံ့၊ ဘဝေါတိဧတ္ထ၊ဘဝေါဟူသော ဤပုဒ်၌၊ ကမ္မဘဝေါဝ၊ ကမ္မဘဝ

ကိုသာလျှင်။ အဓိပ္ပေတော။ အလိုရှိအပ်၏။ ဟိသတ္တံ။ မှန်၏။ သော။
ထိုကမ္မဘဝသည်။ ဇာတိယာ။ ဇာတိ၏။ ပစ္စယော။ အကြောင်း
သည်။ ဟောတိ။ ဖြစ်၏။ ဥပပတ္တိဘဝေါ။ ဥပပတ္တိဘဝသည်။ ဇာ
တိယာ။ ဇာတိ၏။ ပစ္စယော။ အကြောင်းသည်။ န။ မဟုတ်။ ပန။
ဆက်၍ ဆိုဦးအံ့။ သောဝ။ ထိုကမ္မဘဝသည်လည်း။ ကမ္မပစ္စယ
ဥပနိဿယ ပစ္စယဝသေန။ ကမ္မပစ္စည်း ဥပနိဿယပစ္စည်းတို့
၏အစွမ်းအားဖြင့်။ ဒွေဓာ။ နှစ်ပါးအပြားအားဖြင့်။ ဇာတိယာ။ ဇာ
တိအား။ ပစ္စယော။ ကျေးဇူးပြုတတ်သည်။ ဟောတိ။ ဖြစ်၏။ ။
ဤကားယောဇနာ။ ။ ဤကား ဥပပတ္တိဘဝကိုလည်း ယူ
၏။ ။ ထိုကြောင့်၊ ဥပပတ္တိ ဘဝုပ္ပတ္တိယေဝဇာတိတိ အာဟ။
နဥပပတ္တိဘဝေါတိဇာတိဇာယမာနဿပနဇာတိတိဥပပတ္တိဘ
ဝေါပိအသတိ အဘာဝါ။ ဇာတိယာပစ္စယောတိ သမ္ဗန္ဓော။
ဇာယမာနရူပပဒဋ္ဌာနဘာပိဟိရူပဇာတိယာဝုတ္တာ။ ဥပစိတရူပ
ပဒဋ္ဌာနေ ဥပစယော။ အနုပဗန္ဓရူပပဒဋ္ဌာနာသန္တတိတို့။ ။
ဟူ၍ဘွင့်အပ်၏။ ။ဥပပတ္တိဘဝုပ္ပတ္တိယေဝ။ ဥပပတ္တိဘဝ၏ ဖြစ်
ခြင်းသည်သာလျှင်။ ဇာတိ။ ဇာတိမည်၏။ ဣတိ။ ထိုကြောင့်၊ နဥပ
ပတ္တိဘဝေါတိ။ နဥပပတ္တိဘဝေါ ဟူ၍။ အာဟ။ မိန့်ပြီ။ ပန။ အ
ဘို့ဘပါးကိုဆိုဦးအံ့။ ဇာယမာနဿ။ ဖြစ်စေသော ဥပပတ္တိ ဘ
ဝ၏။ ဇာတိ။ ဖြစ်ခြင်း သည်။ ဇာတိ။ ဇာတိ မည်၏။ ဣတိ
တသ္မာ။ ထိုကြောင့်။ ဥပပတ္တိဘဝေါပိ။ ဥပပတ္တိဘဝကိုလည်း။
တသ္မိံ။ ထိုဥပပတ္တိဘဝသည်။ အသတိ။ မရှိသော်။ ဇာတိယာ။ ဇာ
တိ၏။ အဘာဝါ။ မရှိခြင်းကြောင့်။ ပစ္စယောတိ။ ပစ္စယော ဟူ
၍။ ဝုတ္တံ။ ဆိုခြင်း၌။ သက္ကာ။ တတ်ကောင်း၏။ ဟိ။ မှန်၏။ ဝါ။
အကြင့်ကြောင့်။ ရူပဇာတိယာ။ ရူပဇာတိ၏။ ဇာယမာနရူပ ပဒ
ဋ္ဌာနတာပိ။ ဖြစ်ဆဲသော နိပ္ဖန္နရုပ်လျှင် နီးစွာသော အကြောင်း
ရှိသည်၏အဖြစ်ကိုလည်း။ ဝုတ္တာ။ ဟောဖော်မူအပ်ကုန်၏။ ဥပ
စယော။ ဥပစယရုပ်သည်။ ဥပစိတရူပ ပဒဋ္ဌာနော။ ရှေးဦးစွာ
ဖြစ်သော နိပ္ဖန္နရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။ သန္တတိ။

သန္တတိချုဝ်သည်၊ အနုပ ပဒရူပပဒဒွာနာ၊ နောက်အပေါင်းဖြစ်သော နိဗ္ဗန္နရုပ်လျှင် နီးစွာသော အကြောင်း ရှိ၏၊ ဇာတိ၊ ဤသို့၊ ဝုတ္တာ၊ဟောတော်မူအပ်၏၊ တသ္မာ၊ ထိုကြောင့်၊ ဝတ္တု၊ ဆိုခြင်းငှါ၊ သဏ္ဍာ၊ တတ်ကောင်း၏၊ ။ ဤကွာ းယောဇနာ၊ ။ ဤဒိုကာပါဠိ ဖြင့်၊ ဥပပတ္တိဘဝ၏ ဇာတိ၏အကြောင်း၏အဖြစ်ကို ပြသည်၊ သောစ ဟူသော အဋ္ဌကထာ ပါဠိ၌ စသဒ္ဒါကို သရစ္စ ယည္ဟကြီမှု၊ အဋ္ဌကထာ၏ အဓိပ္ပါယ်တတွင်ပင် ဆိုသင့်၏၊ ကမ္မဘဝေါ ဟူသော အဋ္ဌကထာပါဠိတွင် ဝေသဒ္ဒါ၌လည်း၊ သန္နိဋ္ဌာန် အနုညာတ၊ နိဝတ္တေတဗ္ဗ အနက်သုံးချက်၊ ထွက်အောင် ကြံမှ ငိုကာ သင့်မည်၊ ။ ကမ္မဘဝ၏ ကမ္မပစ္စည်း ဥပနိဿ ပစ္စည်းနှစ်ပါးကိုရခိုက်၊ ကမ္မဘဝကား သန္နိဋ္ဌာန် ဥပပတ္တိ ဘဝကား နိဝတ္တေတဗ္ဗ၊ ဥပနိဿပစ္စည်းကိုရည်၍ ဥပပတ္တိဘဝကို အနုညာတ ဟူ၍မှတ်၊ ။ ဇရာဟူရာ၌၊ ဥပါဒိန္နကက္ခန္ဓာတို့၏ရင့်ခြင်း အိုခြင်း သဘောသည် ဇရာမည်၏၊ တနည်းကား၊ ပါကဋဇရာ၊ ပဋိစ္ဆန္န ဇရာဟူ၍ နှစ်ပါးပြား၏၊ သွားကျိုးခြင်း ဆံဖြူခြင်းစသည်တို့ဖြင့် ထင်ရှားသော ဇရာသည် ပါကဋဇရာမည်၏၊ နာမ်တရားတို့၌ မထင်ရှားသော အိုခြင်းသည်၊ ပဋိစ္ဆန္န ဇရာ မည်၏၊ တနည်းကား၊ အဝီစိဇရာ၊ သဝီစိ ဇရာဟူ၍ နှစ်ပါးပြား၏၊ အကြားအကြား၌ ပတ္တမြား စသည်တို့၏၊ အဆင်းအထူးကိုသိနိုင်ခဲသကဲ့သို့ ခြားမရှိသောဇရာသည် အဝီစိ ဇရာမည်၏၊ အကြားအကြား၌ အဆင်းအထူးစသည်တို့ကို သိလွယ်သည်၏ အဖြစ်ကြောင့် ခြားရှိသောဇရာသည် သဝီစိဇရာမည်၏၊ တနည်းကား၊ မန္ဒဒသက၊ ခိဍ္ဍာဒသက၊ ဝဏ္ဏဒသက၊ ဗလဒသက၊ ပညာဒသက၊ ဟာနိဒသက၊ ပဗ္ဘာရဒသက၊ ဝင်္ကဒသက၊ မောမူဟဒသက၊ သယနဒသက၊ ဟူ၍အရွယ်ဆယ်ပါးပြား၏၊ ထိုဆယ်ပါးတို့တွင် အသက်ဘရာကို ဆယ်ပုံ ရ၍၊ ပဌမအရွယ်သည် အမြော်အမြင်နည်းသည်ဖြစ်၍ မန္ဒဒသက မည်၏၊ ဒုတိယအရွယ် အသက် နှစ်ဆယ်သည် ပျော်ရွှင်လျှပ်ပေါ် သည်ဖြစ်၍ ခိဍ္ဍာဒသကမည်၏၊ တတိ

ယ အရအသက် သုံးဆယ်သည်၊ အဆင်းသဏ္ဌာန်လှပတင့်တယ်
သည်ဖြစ်၍ ဝဏ္ဏဒသကမည်၏။ စတုတ္ထအရ အသက်လေးဆယ်
သည်။ ခွန်အားကို ဆောင်သည်ဖြစ်၍ ဗလဒသကမည်၏၊ ပဉ္စမ
အရအသက် ငါးဆယ်သည်၊ ပညာ၏အမြော် အမြင်ကို ဆောင်
သည်ဖြစ်၍ ပညာဒသကမည်၏။ ဆဋ္ဌအရအသက်ခြောက်ဆယ်
သည်။ ပညာအဆင်း သဏ္ဌာန်၏ ဆုတ်ယုတ်သည်ဖြစ်၍ ဟာနိ
ဒသကမည်၏၊ သတ္တမအရ အသက် ခုနစ်ဆယ်သည်၊ ရှေ့သို့
ကိုင်းရှိုင်းခြင်းကို ဆောင်သည်ဖြစ်၍ ပဗ္ဘာရဒသကမည်၏။ အဋ္ဌ
မအရအသက် ရှစ်ဆယ်သည်၊ တွန့်ကိုင်းကောက်ကွဲ့သို့ ကွေး
ညွတ်ကုံးကွခြင်းသို့ရောက်သည်ဖြစ်၍ ဝင်္ကဒသကမည်၏။ နဝမ
အရအသက် ကိုးဆယ်သည်။ ပညာ အမှုကိစ္စ၌ မေ့လျော့တွေ
ဝေခြင်းကို ဆောင်သည်ဖြစ်၍ မောမူဟဒသကမည်၏။ ဒသမ
အရ အသက် တရာသည်၊ အိပ်ရာနေရာမှ ထကြွခြင်းငှါ မစွမ်း
နိုင်သည်ဖြစ်၍ သယန ဒသက မည်၏၊ ဤအရွယ် ဆယ်ပါးသို့
လိုက်၍ ဇရာဆယ်ပါးပြားဟန်ကိုလည်းမှတ်၊ ၊မရဏ ဟူ
သည်၌ ဥပါဒိန္နက္ခန္ဓာတို့၏ ပျက်ခြင်း သဘော သည် မရဏ
မည်၏၊ တနည်းကား။ ခဏိကမရဏ၊ သမ္မုတိမရဏ၊ သမုစ္ဆေ
ဒ မရဏ ဟူ၍သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ပဝတ္တိ အ
ခါ၌ ရုပ်နာမ်တရားတို့၏ ဥပါဒ် ဌီ ဘင် အားဖြင့် ပျက်ခြင်းသည်
ခဏိက မရဏမည်၏။ တိဿ မည်သောသူ သေ၏။ ဖုဿမည်
သောသူ သေ၏။ ဤသို့ စသည်ဖြင့် ခေါ်ဝေါ်အပ်သော သေခြင်း
သည်၊ သမ္မုတိ မရဏ မည်၏။ ရဟန္တာ ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေ
ကင်းသောအားဖြင့် သေခြင်းသည်။ သမုစ္ဆေဒ မရဏမည်၏၊
ဤသေခြင်း သုံးပါးတို့တွင် ဤမရဏအရာ၌ သမ္မုတိ မရဏကို
သာ လိုအပ်၏။ ၊တနည်းကား၊ ဇာတိက္ခယ မရဏ ဟူ၍လည်း
ယခင်အဋ္ဌကထာ၌လာ၏၊ ပဋိသန္ဓေကျိန်၍ သေခြင်းဆိုလိုသည်၊
သမ္မုတိမရဏ၏အမည်ပင်၊ ထိုဇာတိက္ခယ မရဏသည်လည်း၊
သူတပါးတို့လုံ့လဖြင့်သေခြင်း၊ မိမိတို့၏ကိစ္စပြီးသဖြင့်သေခြင်းဟူ

၍နှစ်ပါးပြား၏၊ ကိစ္စပြီးသဖြင့် သေခြင်း သည်လည်း။ အသက်
ကုန်၍ သေခြင်း-ကံကုန်၍သေခြင်းဟူ၍ နှစ်ပါးပြား၏၊ ။ဇာ
တိက္ခယမရဏံ။ ဥပက္ကမ မရဏံ၊ သရသမရဏံ၊ အာယုက္ခယ
မရဏံ၊ ပုညက္ခယမရဏံတိပိ တသောဝနာမံ၊ ။ဤကားယခင်
သေခြင်း၏ သရုပ်ကို ပြသော ယခင်အဓိကထာပါဌ်၊ ။ဇာ
တိက္ခယမရဏံ။ ပဋိသန္ဓေကုန်သဖြင့်သေခြင်းသည်၊ ဥပက္ကမမရ
ဏံ။ သူတပါးလုံ့လဖြင့် သေ ခြင်း၊ သရသ မရဏံ၊ မိမိတို့၏ အ
သက်ကံနှစ်ပါး ကိစ္စပြီးသ ဖြင့် သေခြင်း၊ ဇာတိ၊ ဤသို့၊ ဒုဝိဓံ၊ နှစ်
ပါးအပြားရှိ၏၊ သရသမရဏံ၊ ကိစ္စပြီးသ ဖြင့် သေ ခြင်း သည်
လည်း၊ အာယုက္ခယမရဏံ။ အသက်ကုန်၍သေ ခြင်း၊ ပုညက္ခယ
မရဏံ၊ ကောင်းမှုကံကုန်၍သေခြင်း၊ ဇာတိ ဤသို့၊ ဒုဝိဓံ၊ နှစ်ပါး
အပြားရှိ၏၊ ဇာတိပိ၊ ဤသေခြင်းအပြား ငါးပါး ခြောက်ပါး လေး
ပါး နှစ်ပါး တပါး သည်သည်း၊ တသောဝ၊ ထိုသမုတိ မရဏ၏
သာလျှင်၊ နာမံ၊ အမည်တည်း၊ ဤသို့ပါဌ်သေသနှင့် တကွ ယော
ဇနာ၊ ။သမုတိမရဏမေဝဟိဇာတိက္ခယမရဏံ၊ တံပနဇာ
တိက္ခယမရဏံ၊ ဥပက္ကမ မရဏံ၊ သရသမရဏာနံ့ ဒုဝိဓံ၊ တထ္ထ
သရသမရဏံပိ အာယုက္ခယ မရဏံ ပုညက္ခယမရဏာနံ့ ဒုဝိဓံ။ ။
ဟူ၍ဘွင့်အပ်သော အနုဋီကာကို၍။ ။ဟိ၊ မှန်၏၊ သမုတိမရ
ဏမေဝ၊ သမုတိမရဏသည်လျှင်၊ ဇာတိက္ခယမရဏံ၊ ဇာတိက္ခ
ယမရဏမည်၏၊ တံပနဇာတိက္ခယမရဏံ၊ ထိုဇာတိက္ခယ မရ
ဏသည်ကား၊ ဥပက္ကမမရဏံ၊ သူတပါးတို့ လုံ့လကြောင့် သေ
ခြင်း၊ သရသမရဏံ၊ မိမိတို့၏ကိစ္စ ပြီးသ ဖြင့် သေ ခြင်း၊ ဇာတိ၊ ဤ
သို့၊ ဒုဝိဓံ၊ နှစ်ပါးပြား၏၊ တထ္ထ၊ ထိုနှစ်ပါးတို့တွင်၊ သရသမရဏံ
ပိ၊ မိမိတို့ကိစ္စပြီးသဖြင့်သေခြင်းသည်လည်း၊ အာယုက္ခယမရဏံ၊
အသက်ကုန်၍ သေခြင်း၊ ပုညက္ခယမရဏံ၊ ကောင်းမှုကံကုန်၍
သေခြင်း၊ ဇာတိ၊ ဤသို့၊ ဒုဝိဓံ၊ နှစ်ပါးပြား၏၊ ။ဤကားယော
ဇနာ၊ ။ဥပက္ကမ မရဏကို အကာလမရဏဟူ၍မှတ်။ သရသ
မရဏကို ကာလမရဏဟူ၍မှတ်၊ ထိုကြောင့် အနုဋီကာ၌၊ ၂ ။

ယဒွေဿဥပက္ကမ မရဏံ၊တံအကာလမရဏံ သရသမရဏံ၊ကာ
လမရဏံ။ ။ဟူ၍ဘွင့်အပ်၏။ ။ဝေဿ။၍သေခြင်းတို့တွင်။
ယဒွူဥပက္ကမမရဏံ။ အကြင်ဥပက္ကမ မရဏသည်။ အတ္ထိ။ ရှိ၏။
တံ။ ထိုဥပက္ကမမရဏသည်။ အကာလမရဏံ။ အချိန်မရောက်မှ
သေခြင်း မည်၏။ သရသ မရဏံ။ သရသ မရဏသည်။ ကာလ
မရဏံ၊အချိန်ရောက်မှသေခြင်းမည်၏။ ။၍ကားယောဇနာ။ ။
တနည်းကား ဆာလောင်သဖြင့် သေခြင်းမွတ်သိပ်သဖြင့် သေ
ခြင်း။မွေ့ခဲသဖြင့်သေခြင်း အဆိပ်စားသဖြင့် သေခြင်း။ မီးသင့်
သဖြင့်သေခြင်း။ရေနစ်သဖြင့်သေခြင်း။လက်နက်သင့်သဖြင့် သေ
ခြင်း။၍သေခြင်းခုနစ်ပါးတို့သည်လည်း။ ထိုသမုတိမရဏ၏ အ
ပြားပင်။ ။တနည်းကား။ လေကြောင့် သေခြင်း။သည်းခြေ
ကြောင့် သေခြင်း။ သလိပ်ကြောင့် သေခြင်း။ တြိဒေါသကြောင့်
သေခြင်း။ ဥတုဘောက်ပြန်ခြင်းကြောင့် သေခြင်း။ မညီမညွတ်
သောအာဟာရကြောင့်သေခြင်း။ သူတပါး လုံ့လကြောင့် သေ
ခြင်း။ကံ၏အကျိုးကြောင့် သေခြင်း။၍သေခြင်း ၈ပါးတို့သည်
လည်း။ထိုသမုတိမရဏ၏အပြားပင်။ ။ဇိဃစ္ဆာယပိပါသာ
ယ။ အဟိနာဒဋ္ဌောဝိသေနစ။ အဂ္ဂိဥဒကသတ္တိဟိ။ အကာလေ
တတ္ထမိယျတိ။ ။ဝါတပိတ္တေနသေမှနေ။သန္နိပါတာဥတုဟိစ။
ဝိသမေနဩပက္ကမေနဝိပါကေနစမိယျတိ။ ။၍ကား ၄လိဒ္ဒ
ပညာကျမ်း၌ လာသော သေခြင်းခုနစ်ပါး ၈ပါးကိုပြသောဂါ
ထာ။ ။တတ္ထ။ထိုကာလ အကာလအားဖြင့် သေခြင်း နှစ်ပါး
တို့တွင်။အကာလေ။အခါမရောက်မီကသေခြင်း၌။ ဇိဃစ္ဆာယ။
ဆာလောင်သဖြင့်ရင်း။ပိပါသာယ။မွတ်သိပ်သဖြင့်ရင်း။အဟိနာ။
မြွေသည်။ဒဋ္ဌော။ခဲအပ်သည်ဖြစ်၍ရင်း။ဝိသေနစ၊အဆိပ်စားသ
ဖြင့်ရင်း။အဂ္ဂိဥဒကသတ္တိဟိ။မီးသင့်ခြင်း။ရေနစ်ခြင်း။ လက်နက်
တို့ဖြင့်ရင်း။ မိယျတိ။ သေရ၏။ ဝါတ ပိတ္တေန။ လေသည်းခြေ
ကြောင့်ရင်း။ သေမှနေ။ သလိပ်ကြောင့်ရင်း။ သန္နိပါတာ။ လေ
သည်းခြေ သလိပ်တည်းဟူသော တြိဒေါသ ကြောင့်ရင်း။ ဥတု

ဟိစ၊ဘောက်ပြန်ကျန်သော ဥတုတို့ကြောင့်ဇင်း။ဝိသမေန၊မညီ
မညွှတ်သောအာဟာရကြောင့်ဇင်း။ ဥပက္ကမေန၊သူတပါးလုံ့လ
ကြောင့်ဇင်း။ ဝိပါကေနစ၊ ကံ၏ ဝိပါက်ကြောင့်ဇင်း။ ဥိယျတိ။
သေရ၏။ ။ဤကားယောဇနာ။ ။သောကဟူရာ၌ ဒေါသ
သည် သောကမည်၏၊အပြားအားဖြင့်ကား၊ ဉာတိဗျသနသော
က။ဆွေမျိုး မိဘ သားသမီးတို့ ပျက်စီးခြင်းကြောင့် စိုးရိမ်ပူဆွေး
ရခြင်း။ ဘောဂဗျသနသောက၊ စည်းစိမ်ချမ်းသာ ပျက်စီးခြင်း
ကြောင့် စိုးရိမ်ပူဆွေးရခြင်း၊ ရောဂဗျသနသောက၊ ရောဂါအ
နာနှိပ်စက်ခြင်းကြောင့် စိုးရိမ်ပူဆွေးရခြင်း၊ သီလဗျသန သော
က။ သီလအကျင့် ပျက်စီးခြင်းကြောင့် စိုးရိမ်ပူဆွေးရခြင်း။ ဒိဋ္ဌိ
ဗျသနသောက။မိစ္ဆာအယူနှိပ်စက်ခြင်းကြောင့် စိုးရိမ်ပူဆွေးရ
ခြင်း။အညတရဗျသနသောက၊အဆွေခင်ပွန်းစသည်တို့၏ ပျက်
စီးခြင်းကြောင့် စိုးရိမ် ပူဆွေးရခြင်း၊ သောက ဖြစ်ခြင်း၏ အ
ကြောင်းတို့ကြောင့် စိုးရိမ်ပူဆွေးရခြင်း၊ဤသို့ သောကခုနစ်ပါး
ပြားဟန်ကိုမှတ်။ ။ပရိဒေဝဟူရာ၌ စိတ္တဇဝိပ္ပလ္လာသ သဒ္ဒရုပ်
သည် ပရိဒေဝမည်၏၊ အပြားအားဖြင့်ကား ဉာတိဗျသန ပရိ
ဒေဝ စသည်ခုနစ်ပါးပြားဟန်ကိုမှတ်၊ ။ဒုက္ခဟူရာ၌ ဒုက္ခသ
ဟဂုတ် ကာယဝိညာဏ်နှင့်ယှဉ်သော ဒုက္ခဝေဒနာတည်း ဟူ
သော ကာယိကဒုက္ခဝေဒနာကိုယူ။ ။အပြားအားဖြင့်ကား။
ဒုက္ခဒုက္ခ၊ဝိပရိဏာမဒုက္ခ၊သင်္ခါရဒုက္ခ၊ ပဋိစ္ဆန္နဒုက္ခ၊ အပဋိစ္ဆန္န
ဒုက္ခ။ပရိယာယဒုက္ခ။နိပ္ပရိယာယဒုက္ခ။ ဤဒုက္ခ ခုနစ်ပါးတို့တွင်။
ဒုက္ခဝေဒနာတည်းဟူသော ဒုက္ခဒုက္ခတစိတ်ကိုဇင်းကဏ္ဏသုလဒ
န္တသုလစသောကာယိက အာဗာဓဟုဆိုအပ်သောပဋိစ္ဆန္နဒုက္ခတ
စိတ်ကိုဇင်း။ဒွတ္တိံသကမ္မကရဏာစသည်တို့၏အကြောင်းကြောင့်
ဖြစ်သောအနာဟုဆိုအပ်သော အပ္ပဋိစ္ဆန္နဒုက္ခကိုဇင်း၊နိပ္ပရိယာ
ယဒုက္ခကိုဇင်း၊ ဇာတိ၏အကျိုးဆက် ဒုက္ခဝေဝုစ် ပရိယာယ်စ
ကားလှယ်ဟုမှတ်၊ ။ကာယိကဒုက္ခ၊စေတသိကဒုက္ခသည်၊
ဒုက္ခဒုက္ခမည်၏၊ သုခဝေဒနာသည်၊ ဘောက်ပြန်သောအားဖြင့်

ဒုက္ခ ဖြစ်ခြင်း၏ အကြောင်းကြောင့် ဝိပရိဏာမ ဒုက္ခမည်၏။ ဥပေက္ခာဝေဒနာသည်ရင်း။ကြွင်းသော တေဘူမ္မက တရားသည်ရင်း ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် သင်္ခါရဒုက္ခမည်၏။မဂ်ဖိုလ်တို့အားသည်း။သင်္ခါရဒုက္ခရှိ၏။ ။ တထာပိဋ္ဌန်ပနမဂ္ဂဖလာနံပိအတ္ထိ။ တသ္မာဝေတေခမ္မာ။ ဒုက္ခသစ္စပရိယာပန္နတ္တေနသင်္ခါရဒုက္ခံနာမာတိဝေဒိတဗ္ဗံ။ ။ဟူ၍ ယခင်အဋ္ဌကထာ၌မိန့်အပ်သည်ကိုရှု။ ။တထာပိဋ္ဌန်ပန။ထိုသို့နှိပ်စက်ခြင်းသဘောကိုကား။မဂ္ဂဖလာနံပိ၊မဂ်ဖိုလ်တို့အားသည်း။အတ္ထိ၊ရှိ၏။တသ္မာ။ ထိုကြောင့်။ ဧတေဓမ္မာ။ ထိုမဂ်ဖိုလ်တရားတို့ကို။ ဒုက္ခ သစ္စာပရိယာပန္နတ္တေန။ ဒုက္ခသစ္စာ၌အကျုံးဝင်သောအနက်ကြောင့်။ သင်္ခါရဒုက္ခံနာမာတိ။ သင်္ခါရဒုက္ခမည်၏ဟူ၍။ ဝေဒိတဗ္ဗံ။သိအပ်ကုန်၏။ ။ဤကားယောဇနာ။ ။နားသုလာ။ သွားသုလာ။ ရာဂစသည်တို့ကြောင့် ပူပန်ခြင်းအစရှိသော။ ကာယိကအနာ၊စေတသိကအနာ စသည်မေးမြန်း၍ သိအပ်သည်၏ အဖြစ်ကြောင့်ရင်း။ လုံ့လ မထင်ရှားသည်၏ အဖြစ်ကြောင့်ရင်း။ ပဋိစ္ဆန္နဒုက္ခမည်၏။ အပါကဋ ဒုက္ခလည်းဟူ၏။ သုံးဆဲ့နှစ်ပါးသော ကမ္မ ကာရဏာ စသည်တို့ကြောင့် ဖြစ်သော အနာသည် မမေးမူ၍ရင်း။ ထင်ရှားခြင်းကြောင့်ရင်း။ အပဋိစ္ဆန္န ဒုက္ခမည်၏။ ပါကဋ ဒုက္ခလည်းဟူ၏။ ဇာတိ အစ ရှိသော တရား အပေါင်းသည်။ ဒုက္ခ၏ဝတ္ထု အဖြစ်ကြောင့် ပရိယာယ ဒုက္ခမည်၏။ ဒုက္ခဒုက္ခသည်။ မချဒုက္ခဖြစ်၍။ နိပ္ပရိယာယဒုက္ခလည်းမည်၏။ ဒေါမနဿ ဟူရာ၌။ဒေါသမူစိတ်၌ ဖြစ်သောစေတသိကဒုက္ခဟုဆိုအပ်သော ဒေါမနဿဝေဒနာကိုယူ။ ဤဝေဒနာသည်။ စေတသိက ဒုက္ခလည်း မည်၏။ ဒုက္ခဒုက္ခသို့ရင်း။ နိပ္ပရိယာယ ဒုက္ခသို့ရင်း။သင်္ခါရဒုက္ခသို့ရင်းဝင်၏ဟူ၍မှတ်။ ။ဥပါယာသဟူရာ၌။ ဒေါသမူစိတ်နှင့် ယှဉ်သော ပဋိဃစေတသိက်ကိုယူ။ အချင်းအရာအားဖြင့် ရှိုက်တငင်ငင် ပင်ပန်းခြင်း ကိုမှတ်။ အပြား အားဖြင့် ညာတိဗျသနဥပါယာသစသောခုနစ်ပါးပြားကိုလည်းမှတ်။ ။

သောကောတိဒေါသောပရိဒေဝေါတိ ဝိပ္ပလ္လာသသဒ္ဒေါ၊ ဒုက္ခန္တိ
ကာယိက ဒုက္ခဝေဒနာ၊ဒေါမနဿန္တိ စေတသိကဒုက္ခဝေဒနာ
ဥပါယာသောတိပဋိဃော၊ ။ဟူ၍ဖွင့်အပ်သော သခေ်ပဋိကာ
နှင့်အညီ၊ သောကစသည်တို့၏ တရားကိုယ်ကိုမှတ်၊ ။သော
ကောတိ၊သောကဟူသည်ကား၊ ဒေါသော၊ဒေါသတည်း၊ ပရိ
ဒေဝေါတိ၊ ပရိဒေဝ ဟူသည်ကား၊ ဝိပ္ပလ္လာသသဒ္ဒေါ၊ ဝိတ္တဇ
ဝိပ္ပလ္လာသသဒ္ဒတည်း၊ ဒုက္ခန္တိ၊ ဒုက္ခဟူသည်ကား၊ ကာယိက
ဒုက္ခဝေဒနာ၊ဒုက္ခသဟဂုတ် ကာယဝိညာဉ်နှင့် ယှဉ်သော ဒုက္ခ
ဝေဒနာတည်း၊ဒေါမနဿန္တိ၊ ဒေါမနဿဟူသည်ကား၊ စေတ
သိကဒုက္ခဝေဒနာ၊ဒေါသမူစိတ်နှင့်ယှဉ်သော ဒေါမနဿဒုက္ခဝေ
ဒနာတည်း၊ဥပါယာသောတိ၊ဥပါယာသဟူသည်ကား၊ပဋိဃော၊
ဒေါသမူစိတ်နှင့် ယှဉ်သော ဒေါသ စေတသိက်တည်း ဟူသော
ပဋိဃတည်း၊ ။ဤကားယောဇနာ၊ ။ဤပဋိစ္စသမုပ္ပါဒ်နည်း
၌ အတိတ် အကြောင်း ၅ ပါး၊ ပစ္စုပ္ပန်အကျိုး ၅ ပါး၊ ပစ္စုပ္ပန်
အကြောင်း ၅ပါး၊ အနာဂါတ်အကျိုး ၅ ပါး၊အစပ်သုံးပါး၊ အ
လွှား ၄ ပါး၊ဝဋ် ၃ပါး၊ခြင်းရာ ၂၀၊အင်္ဂါ ၁၂ ပါးတို့ကိုလည်း
အဘိဓမ္မတ္ထသင်္ဂဟကျမ်းကိုမှီ၍သိသင့်၊ ။အညာဏလက္ခဏာ
အဝိဇ္ဇာသမ္မောဟနရသာ။ဆာဒနပစ္စုပဋ္ဌာနာ၊ အာသဝပဒဋ္ဌာ
နာ၊ ။ဤကားအဝိဇ္ဇာ၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်
ကိုပြသော ယခင်အဋ္ဌကထာ၊ ။အဝိဇ္ဇာ၊အဝိဇ္ဇာသည်။အညာ
ဏလက္ခဏာ၊ မသိခြင်းလက္ခဏာရှိ၏၊ သမ္မောဟနရသာ၊ တွေ
ဝေခြင်းကိစ္စရှိ၏၊ ဆာဒနပစ္စုပဋ္ဌာနာ၊ အပြစ်ကို ဖုံးလွှမ်းခြင်း
လျှင်ရှေ့ရှုထင်သောအခြင်းအရာရှိ၏၊ အာသဝပဒဋ္ဌာနာ၊အာသ
ဝေါတရားလျှင်နီးစွာသော အကြောင်းရှိ၏၊ ။ဤကားယော
ဇနာ၊ ။အဘိသင်္ခါရနလက္ခဏာသင်္ခါရာ၊ အာယူဟနရသာ၊
စေတနာပစ္စုပဋ္ဌာနာ၊အဝိဇ္ဇာပဒဋ္ဌာနာ၊ ။ဤကားသင်္ခါရ၏
လက္ခဏာစသည်ကိုပြသော ယခင်အဋ္ဌကထာ၊ ။သင်္ခါရာ၊
သင်္ခါရ တို့သည်၊ အဘိသင်္ခါရနလက္ခဏာ။ ပြုပြင်စီရင်ခြင်း

လက္ခဏာရှိကုန်၏၊ အာယူဟနရသာ။ အားထုတ်ခြင်း ကိစ္စ ရှိ
ကုန်၏၊ စေတနာပစ္စုပဋ္ဌာနာ၊ စေ့ဆော်ခြင်းလျှင် ရှေးရှုထင်သော
အခြင်းအရာရှိကုန်၏၊ အဝိဇ္ဇာပဒဋ္ဌာနာ၊ အဝိဇ္ဇာလျှင် နီးစွာသော
အကြောင်းရှိကုန်၏။ ။ဤကားယောဇနာ။ ။ဝိဇာနနလက္ခ
ဏံ ဝိညာဏံ၊ ပုဗ္ဗင်္ဂမရသံ၊ ပဋိသန္ဓိပစ္စုပဋ္ဌာနံ၊ သင်္ခါရပဒဋ္ဌာနံ၊
ဝတ္ထာရမ္မဏပဒဋ္ဌာနံ ဝါ။ ။ဤကားဝိညာဉ်၏လက္ခဏာ စသည်
ကိုပြသော ယခင်အဋ္ဌကထာ။ ။ဝိညာဏံ၊ လောကီဝိပါက်
ဗတ္တိံသ ဝိညာဉ်သည်၊ ဝိဇာနနလက္ခဏာနံ၊ အာရုံကို သိခြင်း
လက္ခဏာရှိ၏၊ ပုဗ္ဗင်္ဂမရသံ၊ ရှေ့သွားခြင်းလျှင် ကိစ္စရှိ၏၊ ပဋိသန္ဓိ
ပစ္စုပဋ္ဌာနံ၊ ရှေ့နောက်ဖြစ်သော ဘဝအထူးကို တစပ်တည်းကဲ့
သို့စပ်ခြင်းလျှင် ရှေးရှုထင်သော အခြင်း အရာရှိ၏၊ သင်္ခါရပဒ
ဋ္ဌာနံ၊ သင်္ခါရလျှင် နီးစွာသောအကြောင်းရှိ၏၊ ဝါ၊ တနည်းကား၊
ဝတ္ထာရမ္မဏပဒဋ္ဌာနံ၊ ဝတ္ထုအာရုံလျှင်နီးစွာသောအကြောင်းရှိ၏၊
ဤကားယောဇနာ။ ။နာမနလက္ခဏံ နာမံ၊ သမ္ပယောဂရသံ၊
အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ၊ ဝိညာဏပဒဋ္ဌာနံ။ ။ဤကားနာမ်၏
လက္ခဏာစသည်ကိုပြသော ယခင်အဋ္ဌကထာ။ ။နာမံ၊ စေ
တသိက် နာမက္ခန္ဓာ သုံးပါးသည်၊ နမနလက္ခဏံ၊ ညွတ်ခြင်းလက္ခ
ဏာရှိ၏၊ သမ္ပယောဂရသံ၊ ဝိညာဏ်နှင့်တကွ ရောပြွမ်းခြင်းကိစ္စ
ရှိ၏၊ အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ၊ ဝိညာဏ်နှင့် အသီးမဝေဘန်ခြင်း
သည်လျှင် ရှေးရှုထင်သော အခြင်းအရာရှိ၏၊ ဝိညာဏပဒဋ္ဌာနံ၊
ဝိညာဏ်လျှင် နီးစွာသော အကြောင်းရှိ၏။ ။ဤကားယော
ဇနာ။ ။ရုပ္ပနလက္ခဏံ ရူပံ၊ ဝိကိရဏရသံ၊ အဗျာကတ
ပစ္စုပဋ္ဌာနံ၊ ဝိညာဏပဒဋ္ဌာနံ။ ။ဤကား ရုပ်၏အနက်လေး
ပါးကိုပြသော ယခင်အဋ္ဌကထာ။ ။ရူပံ၊ ရုပ်သည်၊ ရုပ္ပန
လက္ခဏံ၊ ဖောက်ပြန်ခြင်း လက္ခဏာရှိ၏၊ ဝိကိရဏရသံ၊ ညီ
ညွတ်ခြင်းကိုပယ်ခြင်းကိစ္စရှိ၏၊ အဗျာကတပစ္စုပဋ္ဌာနံ၊ အဗျာ
ကတအဖြစ်လျှင် ရှေးရှုထင်သော အခြင်းအရာရှိ၏၊ ဝိညာဏပ
ဒဋ္ဌာနံ၊ ဝိညာဏ်လျှင် နီးစွာသော အကြောင်းရှိ၏။ ။ဤကား

ယောဇနာ။ ။အာယတနလက္ခဏံ၊ သဠာယတနံ၊ဒဿနာဒိ
ရသံ၊ဝတ္ထုဒွါရဘာဝပစ္စုပဋ္ဌာနံ၊ နာမရူပ ပဒဋ္ဌာနံ၊ ။ဤကား
အာယတန၏ အနက်လေးပါး ယခင်အဋ္ဌကထာ၊ ။သဠာယ
တနံ၊ အာယတန ခြောက်ပါး၊ သုံးပါး၊ ဆဲ့နှစ်ပါးသည်၊ အာ
ယတနလက္ခဏံ၊မိမိတို့၏ကိစ္စဖြင့်အားထုတ်ခြင်းချဲ့ခြင်း၊သံသရာ
ဒုက္ခကိုဖြစ်စေခြင်း၊ ရဝေးရာ ဌာန အဖြစ်လျှင် လက္ခဏာ ရှိ၏၊
ဒဿနာဒိရသံ၊ ဒဿနစသော ကိစ္စရှိ၏၊ ဝတ္ထုဒွါရဘာဝ ပစ္စု
ပဋ္ဌာနံ၊ ဝတ္ထုဒွါရ အဖြစ်လျှင် ရှေးရှုထင်သော အခြင်းအရာရှိ၏၊
နာမရူပ ပဒဋ္ဌာနံ၊နာမ်ရုပ်လျှင် နီးစွာသောအကြောင်းရှိ၏၊ ။
ဤကားယောဇနာ။ ။ဖုသနလက္ခဏောဖဿော၊ သံဃဋ္ဋနရ
သော၊သင်္ဂတိပစ္စုပဋ္ဌာနော၊သဠာယတနပဒဋ္ဌာနော၊ ။ဤကား
ဖဿ၏ အနက်လေးပါး ယခင်အဋ္ဌကထာ။ ။ဖဿော၊ဖဿ
သည်၊ဖုသနလက္ခဏော၊ အာရုံကို တွေ့ခြင်းလက္ခဏာရှိ၏၊ သံ
ဃဋ္ဋနရသော၊ စိတ်အာရုံထိခိုက်ခြင်းလျှင် ကိစ္စရှိ၏၊ ဝါ၊ဝတ္ထု
အာရုံကို ထိခိုက်ခြင်းလျှင် ပြည့်စုံခြင်းရှိ၏၊ သင်္ဂတိ ပစ္စုပဋ္ဌာ
နော၊ ဝတ္ထုအာရုံဝိညာဉ်တည်းဟူသော အကြောင်းသုံးပါးပေါင်း
ဆုံမိခြင်းလျှင် ရှေးရှုထင်သော အခြင်းအရာ-ဝေဒနာကို ဖြစ်စေ
ခြင်း အကျိုးရှိ၏၊ သဠာယတန ပဒဋ္ဌာနော၊ သဠာယတနလျှင်
နီးစွာသောအကြောင်းရှိ၏၊ ။ဤကားယောဇနာ၊ ။အနုဘ
ဝနလက္ခဏာဝေဒနာ၊ ဝိသယရသသမ္ဘောဂရသာ၊ သုခဒုက္ခပစ္စု
ပဋ္ဌာနာ၊ဖဿပဒဋ္ဌာနာ၊ ။ဤကားဝေဒနာ၏အနက်လေးပါး၊
ယခင်အဋ္ဌကထာ။ ။ဝေဒနာ၊ ဝေဒနာသည်၊ အနုဘဝနလက္ခ
ဏာအာရုံကို ခံစားခြင်း လက္ခဏာရှိ၏၊ဝိသယရသ သမ္ဘောဂ
ရသာ၊ အာရုံ၏ အရသာကို ခံစားခြင်းကိစ္စရှိ၏၊ သုခဒုက္ခပစ္စု
ပဋ္ဌာနာ၊သုခဒုက္ခလျှင်ရှေးရှုထင်သောအခြင်းအရာရှိ၏၊ ဖဿပ
ဒဋ္ဌာနာ၊ဖဿလျှင်နီးစွာသောအကြောင်းရှိ၏။ ။ဤကားယော
ဇနာ။ ။ဟေတုလက္ခဏာတဏှာ၊အဘိနန္ဒနရသာ၊အတိတ္တိ
ဘာဝပစ္စုပဋ္ဌာနာ၊ ဝေဒနာပဒဋ္ဌာနာ၊ ။ဤကား တဏှာ၏အ

နက်လေးပါး။ ယခင်အဋ္ဌကထာ။ ။တဏှာ။ တဏှာသည်။ ပေါ
တ္ဘဝလက္ခဏာ။ အကြောင်း၏အဖြစ်လျှင် လက္ခဏာရှိ၏။ အဘိနန္ဒန
ရသာ။ လွန်စွာတပ်မက်ခြင်းကိစ္စရှိ၏။ အတိတ္တိဘာဝပစ္စုပဋ္ဌာနာ။
မရောင့်ရဲသည်၏အဖြစ်လျှင် ထင်ရှားသော အခြင်းအရာရှိ၏။
ဝေဒနာပဒဋ္ဌာနာ။ ဝေဒနာလျှင် နီးစွာသောအကြောင်းရှိ၏။ ။
ဤကားယောဇနာ။ ။ဂဟဏလက္ခဏံဥပါဒါနံ။ အမုဉ္စနရသံ။
တဏှာဒဠှတ္တဒိဋ္ဌိပစ္စုပဋ္ဌာနံ။ တဏှာပဒဋ္ဌာနံ။ ။ဤကားဥပါဒါန်
၏အနက်လေးပါး။ ကခင်အဋ္ဌကထာ။ ။ဥပါဒါနံ။ ဥပါဒါန်
သည်။ ဂဟဏလက္ခဏံ။ စွဲလမ်းခြင်းလက္ခဏာရှိ၏။ အမုဉ္စနရသံ။
မလွှတ်စေခြင်း ကိစ္စရှိ၏။ တဏှာဒဠှတ္တဒိဋ္ဌိပစ္စုပဋ္ဌာနံ။ တဏှာ
ဖြင့် မြဲမြံသောအယူလျှင် ထင်ရှားသော အခြင်းအရာရှိ၏။ တ
ဏှာပဒဋ္ဌာနံ။ တဏှာလျှင် နီးစွာသော အကြောင်းရှိ၏။ ။ဤ
ကားယောဇနာ။ ။ကမ္မကမ္မဖလလက္ခဏော ဘဝေါ။ ဘဝန
ဘဝနရသော ကုသလာကုသလဗျာကတ ပစ္စုပဋ္ဌာနော။ ဥပါ
ဒါနပဒဋ္ဌာနော။ ။ဤကားဘဝ၏အနက်လေးပါး။ ယခင်အဋ္ဌက
ထာ။ ။ဘဝေါ။ ဘဝသည်။ ကမ္မကမ္မဖလလက္ခဏော။ ကံ၏အဖြစ်
ကံ၏အကျိုး၏ အဖြစ်ဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ ဘဝနဘဝနရ
သော။ ပွါးစေခြင်း ဖြစ်စေခြင်း ကိစ္စရှိ၏။ ကုသလာကုသလဗျာ
ကတပစ္စုပဋ္ဌာနော။ ကုသိုလ်အကုသိုလ် အဗျာကတအဖြစ်လျှင်
ထင်ရှားသော အခြင်းအရာရှိ၏။ ဥပါဒါနပဒဋ္ဌာနော။ ဥပါဒါန်
လျှင်နီးစွာသော အကြောင်းရှိ၏။ ။ဤကားယောဇနာ။ ။
သာပနေသာတတ္ထတတ္ထဘဝေ။ ပဌမာဘိနိဗ္ဗတ္တိလက္ခဏာ။ နိယျာ
တနရသာ။ အတီတဘဝတော။ ဣဓဥမ္မုဇ္ဇနပစ္စုပဋ္ဌာနာ။ ဗလဝ
သေန ဒုက္ခဝိစိတ္တတာ ပစ္စုပဋ္ဌာနာဝါ။ ဘဝပဒဋ္ဌာနာ။ ။ဤကား
ဇာတိ၏ အနက်လေးပါး။ ယခင်အဋ္ဌကထာ။ ။သာပနေသာ
ဇာတိ။ ထိုဇာတိသည်။ တတ္ထတတ္ထဘဝေ။ ထိုထိုဘဝ၌။ ပဌမာ
ဘိနိဗ္ဗတ္တိလက္ခဏာ။ ရှေးဦးစွာဖြစ်သောခန္ဓာလျှင် လက္ခဏာရှိ၏။
နိယျာတနရသာ။ နောက်ခန္ဓာသန္တာန်ကိုဆောင်နှင်းခြင်းကိစ္စရှိ၏။

အတိတအဒ္ဓပဲဝ်တော။အတိတ်ဘဝမှ။ဆူခ။ဤပစ္စုပ္ပန်ဘဝ၌။ဥမ္မုံးပ္ပန္နပ္ပနဒ္ဓနော။ပေါ်လာခြင်းလျှင်ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ဝါ။တနည်းကား။ဖလဝသေန။ အကျိုး၏အစွမ်းဖြင့်။ ဒုက္ခဝိစိတ္တတ္တာ ပစ္စုပ္ပန္နာ။ ဆန်းကြယ်သော ဒုက္ခ ရှိသည်၏ အဖြစ်လျှင် ရှေ့ရှုထင်သောအခြင်းအရာရှိ၏။ဘဝပဒဋ္ဌာနာ။ဘဝလျှင်နီးစွာသောအကြောင်းရှိ၏။ ။ဤကား။ယောဇနာ။ ။သာပနေသာ ခန္ဓပရိပါကလက္ခဏာ။ မရဏုပနယနရသာ။ ယောပန္နဝိနာသပစ္စုပ္ပန္နာ။ဇာတိပဒဋ္ဌာနာ။ ။ဤကား ဇရာ၏အနက်လေးပါး။ယခင်အဋ္ဌကထာ။ ။သာပနေသာဇရာ။ ထိုဇရာသည်။ ခန္ဓပရိပါက လက္ခဏာ။ ခန္ဓာရင့်ခြင်း လက္ခဏာရှိ၏။ မရဏုပနယနရသာ။ သေခြင်းသို့ ဆောင်ခြင်းကိစ္စရှိ၏။ ယောပဝိနာသပစ္စုပ္ပန္နာ။အရွယ်ပျက်စီးခြင်းလျှင် ရှေ့ရှုထင်သော အခြင်းအရာရှိ၏။ဇာတိပဒဋ္ဌာနာ။ဇာတိလျှင်နီးစွာသောအကြောင်းရှိ၏။ ။ဤကားယောဇနာ။ ။တယိဒံစုတိလက္ခဏံဝိယောဂရသံ။ဝိပ္ပဝါသပစ္စုပ္ပန္နံ။ဇာတိပဒဋ္ဌာနံ။ ။ဤကား မရဏ၏အနက်လေးပါး။ယခင်အဋ္ဌကထာ။ ။တယိဒံ၊ထိုမရဏသည်၊စုတိလက္ခဏံ။ စုတေခြင်း လက္ခဏာရှိ၏။ဝိယောဂရသံ။ခွင်ခြင်းမှကင်းခြင်း ကိစ္စရှိ၏။ဝိပ္ပဝါသပစ္စုပ္ပန္နံ။ကင်း၍ဖြစ်ခြင်းလျှင်ရှေ့ရှုထင်သော အခြင်းအရာရှိ၏။ဇာတိပဒဋ္ဌာနံ။ဇာတိလျှင် နီးစွာသောအကြောင်းရှိ၏။ ။ဤကား ယောဇနာ။ ။အန္တောနိဇ္ဈာနလက္ခဏော။ သောကော စေတသော ပရိနိဇ္ဈာယနရသော။ အနုသောစနပစ္စုပ္ပန္နော။ဇာတိပဒဋ္ဌာနော။ ။ဤကားသောက၏အနက်လေးပါး။ယခင်အဋ္ဌကထာ။ ။သောကော။သောကသည်။ အန္တောနိဇ္ဈာနလက္ခဏော။ကိုယ်တွင်း၌ချောက်သွေ့စေခြင်းလက္ခဏာရှိ၏။စေတသော။စိတ်ကို။ပရိနိဇ္ဈာယနရသော။ပူပန်စေခြင်းကိစ္စရှိ၏။အနုသောစနပစ္စုပ္ပန္နော။ ဉာတိဗျသန စသည် တို့အား လျော်စွာ စိုးရိမ်ခြင်း ဂုဏ်အပြစ်သို့ လိုက်၍ စိုးရိမ် ပူဆွေးခြင်းလျှင် ရှေ့ရှု ထင်သော အခြင်း အရာရှိ၏။ ဇာတိ ပဒဋ္ဌာနော။

ဇာတိလျှင်နိုးဖွာသောအကြောင်းရှိ၏။ ။ဤကားယောဇနာ။ ။
သောလာသပ္ပနသက္ခဏော၊ ။ဂုဏဒေါသပရိကိတ္တနရသော၊ သမ္မမ
ပစ္စုပဋ္ဌာနော၊ ဇာတိပဒဋ္ဌာနော။ ။ဤကားပရိဒေဝ၏အနက်
လေးပါး၊ ယခင်အဋ္ဌကထာ။ ။သော၊ ထိုပရိဒေဝသည်၊ လာ
လပ္ပနသ က္ခဏော။ အချည်းနှီးလျှပ်ပေါ်သော အသံကို ဖြစ်စေ
ခြင်းလက္ခဏာရှိ၏၊ ဂုဏဒေါသပရိကိတ္တနရသော။ ဂုဏ်အပြစ်
တို့ကိုပြောကြားခြင်းကိစ္စရှိ၏။ သမ္ဘမပစ္စုပဋ္ဌာနော။ ပတ်ပတ်
လည်ခြင်းလျှင် ရှေးရှုထင်သော အခြင်းအရာရှိ၏။ ဇာတိပဒဋ္ဌာ
နော။ ဇာတိလျှင် နိုးဖွာသော အကြောင်းရှိ၏။ ။ဤကားယော
ဇနာ။ ။အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏံဒုက္ခံ၊ အနိဋ္ဌာကာရသံ
ဘောဂရသံ၊ ကာယိကာဗာဓပစ္စုပဋ္ဌာနံ ဇာတိပဒဋ္ဌာနံ။ ။
ဤကားဒုက္ခ၏ အနက်လေးပါး။ ဓမ္မသင်္ဂဏီအဋ္ဌကထာ။ ။
ဒုက္ခံ၊ ဒုက္ခသည်၊ အနိဋ္ဌာရမ္မဏာနုဘဝန လက္ခဏံ၊ အနိဋ္ဌာရုံကို
ခံစားခြင်းလက္ခဏာရှိ၏၊ အနိဋ္ဌာကာရသံ ဘောဂရသံ။ အနိဋ္ဌ
အခြင်းအရာအားဖြင့် ပေါင်းဘော်ခြင်းနှင့်ပြည့်စုံ၏။ ကာယိကာ
ဗာဓပစ္စုပဋ္ဌာနံ။ ကိုယ်၏ ကျင်နာခြင်းလျှင် ရှေးရှုထင်သော အ
ခြင်းအရာရှိ၏ ဇာတိပဒဋ္ဌာနံ။ ဇာတိပင်နိုးသောအကြောင်း
ရှိ၏။ ။ဤကားယောဇနာ၊ ။အနိဋ္ဌာရမ္မဏာနုဘဝနလက္ခ
ဏံဒေါမနဿံ၊ အနိဋ္ဌာကာရသံဘောဂရသံ၊ စေတသိကာဗာဓ
ပစ္စုပဋ္ဌာနံ၊ ဇာတိပဒဋ္ဌာနံ။ ။ဤကား ဒေါမနဿ၏အ
နက်လေးပါး။ ဓမ္မသင်္ဂဏီအဋ္ဌကထာ။ ။ဒေါမနဿံ၊ ဒေါမ
နဿဝေဒနာသည်၊ အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏံ၊ အနိဋ္ဌာရုံ
ကိုခံစားခြင်း လက္ခဏာရှိ၏။ အနိဋ္ဌာကာရသံဘောဂရသံ၊ အ
နိဋ္ဌ အခြင်းအရာအားဖြင့် ပေါင်းဘော်ခြင်းနှင့် ပြည့်စုံ၏။ စေတ
သိကာဗာဓပစ္စုပဋ္ဌာနံ၊ စိတ်၏ကျင်နာခြင်းလျှင် ရှေးရှုထင်သော
အခြင်းအရာရှိ၏၊ ဇာတိပဒဋ္ဌာနံ၊ ဇာတိပင်နိုးသောအကြောင်း
ရှိ၏။ ။သောပနေသဗျာသ တ္တိ သက္ခဏော၊ နိတ္ထုနနရသော၊
ဝိသာဒပစ္စုပဋ္ဌာနော၊ ဇာတိပဒဋ္ဌာနော။ ။ဤကား ဥပါယာ

M.D.

## ပဋ္ဌာနဒီပနီကျမ်း။

ဤဗျဉ်နဒီပနီ။ယခင်အဋ္ဌကထာ ။ ။ပန။အဟ္ဂိုတပ္ပါးကို သိမှီး၍ဆောင်။ထိုဥပါယာသသည်။ ဗျာ-ဂတ္တိလက္ခဏော။ပင် ပန်းခြင်းသက္ခဏာရှိ၏။နိတ္ထုနန ရသော။ ငြီးညူခြင်းကိစ္စ ရှိ၏။ ဝိသာဒပစ္စု ဋ္ဌာနော။ သာယာခြင်းမှ ကင်းခြင်းလျှင် ရှေ့ရှုထင် သောအခြင်းအရာရှိ၏ ဇာတိပဒဋ္ဌာနော။ဇာတိ လျှင်နီးစွာသော အကြောင်းရှိ၏။ ။ဤကားယောဇနာ။ ။ဤနောက် သော ကစသည်တို့၌ကား ပဒဋ္ဌာန်ကို အဋ္ဌကထာ၌ အထူးမဆိုသော် လည်း ဇာတိ၏ အကျိုးစက်ပင် ဖြစ်၍ ဇရာမရဏ တို့၌ကဲ့သို့ ပဒဋ္ဌာန်ကိုသိအပ်သည့်၏အဖြစ်ကြောင့် ပဒဋ္ဌာန်ကိုလည်း သွင်း ၍မှတ်အပ်၏။ ။ဤကား အဝိဇ္ဇာ စသည်တို့၏ လက္ခဏာ စ သော အနက်လေးပါးသရုပ်အဋ္ဌုပ္ပါန်။ပြီး၏။

ဤစာပြီးသစ်။သက္ကရာဇ်ကား။ ၁၂၃၆ ခု၊ဝါခေါင်လဆန်း ၁ ရက်။ကြာသပတေးနေ့ ၁ ချက်တီး ကျော် ၆ မောင်း ပေါ် အချိန်တွင်။ပဋ္ဌာနဒီ အမည်ရှိသော ကျမ်းကို။ ရေးကူး၍ ပြီး အောင်မြင်သည်။

ဘဝါဘဝေ သံသရန္တော။ အပါယံနဂစ္ဆာမ။ မနုဿဒေဝ သမ္ပတ္တိသာ။အနုဘဝိတွာ။ ပစ္ဆိမဘဝိကေ နိဗ္ဗာနာယ ပါပုဏာ တိ။ ။ရောက်ရပါလို၏။

ပဋ္ဌာနဒီကျမ်း။နိဋ္ဌိတံ။ပြီး၏။